www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

လမင်းမိုမို

**အာဒမ်များနှင့် နံရိုးများ**

ပထမအကြိမ်၊ ၂၀၁၃ နိုဝင်ဘာလ

**ဖြန့်ချိရေး**

မိဖုရားစာအုပ်တိုက်

ဖုန်း – ၀၉၅၀၀၁၉၈၃

**မျက်နှာဖုံး**

Lလင်း

**အုပ်ရေ**

၅၀၀

**တန်ဖိုး**

၁၀၀ ကျပ်

ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက်၊ အမှတ်(၅/ခ)၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှ ထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ အမှတ်(၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

| | |
|---|---|
| လမင်းမိုမို | ၈၉၅.၈၃ |
| အာဒမ်များနှင့်နံရိုးများ လမင်းမိုမို၊ ရန်ကုန်။ | |
| တကောင်းစာအုပ်တိုက်၊ ၂၀၁၃ | |
| ၂၁၈–စာ၊ ၅ x ၇ လက်မ။ | |
| အာဒမ်များနှင့်နံရိုးများ | |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လမင်းမိုမို

# အာဒမ်များနှင့်နံရိုးများ

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ရဲ့ဖန်ဆင်းခြင်းနဲ့ ဖြစ်တည်ခဲ့ပြီးနောက် ...
လူသားယောကျ်ား အာဒမ်ဟာ အထီးကျန်နေခဲ့တဲ့အတွက် ...
ဘုရားသခင်က ဘဝတစ်ခုရဲ့ အဖော်ဆိုတာကို ရည်ရွယ်ပြီး ...
အာဒမ်ကို အိပ်မွေ့ချလို့ နံရိုးတစ်ချောင်းကို ထုတ်ယူကာ ...
ဧဝ ဆိုတဲ့ လူသားမိန်းမတစ်ယောက် ဖန်ဆင်းပေးခဲ့ပါတယ် ...

ယောကျ်ားတို့သည် မိမိအရိုးအသားခန္ဓာကို ...
ချစ်ခင်မြတ်နိုးစောင့်ရှောက်သကဲ့သို့ မိမိအစိတ်အပိုင်းမှဖြစ်သော ...
ကြင်သူမိန်းမကို မိမိခန္ဓာအစိတ်အပိုင်းကဲ့သို့ ချစ်ခင်စောင့်ရှောက်ရန်...
မိန်းမတို့သည် သူ၏အရိုးအသားခန္ဓာကို ...
မိမိရယူကာ လူအဖြစ်သို့ရခဲ့ခြင်း ကျေးဇူးအတွက် ...
ကြင်သူယောကျ်ားကို ကြည်ညိုမြတ်နိုး လေးစားရိုသေရန် ...
ကမ္ဘာဦးအစကပင် တာဝန်ရှိခဲ့ကြပြီး ဖြစ်ပါတယ် ...

ဘုရားသခင်တားမြစ်သော အပင်မှသစ်သီးကို မစားသုံးမီအထိ ...
လူသားယောကျ်ား လူသားမိန်းမတို့ဟာ အပြစ်စင်ကြယ်ခဲ့ကြပါတယ် ...
တားမြစ်သော သစ်သီးကို စားသုံးခြင်းအားဖြင့် ...
အာဒမ်နဲ့ ဧဝတို့ဟာ မိမိတို့ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် ...
ဘဝရဲ့နာကျင်ပင်ပန်းဆင်းရဲခြင်းများကို ကိုယ်စီခွဲဝေခံယူရန် ...
ကျေကျေနပ်နပ် ပြစ်ဒဏ်ထိုက်သင့်ခြင်း ခံခဲ့ရပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

**ခင်မမစော ...။**

"မမစောကြီး"

ခင်မမစောက မှန်တံခါးတွန်းဖွင့်ပြီး ဝင်လာတဲ့ အသံလာရာဆီ စားပွဲမှ ဖျတ်ခနဲ လှမ်းကြည့်လိုက်ကာ နဂိုတည် တဲ့ မျက်နှာပေါ်က အကြောတွေအားလုံး လျော့သွားအောင် လှပ သောနှုတ်ခမ်းလွှာလေး နှစ်ခုဖွင့်ဟ ပြုံးရယ်လိုက်ရင်း ...

"ဟော ... ဖြူလေး ... ယမင်း ... မေသူ၊ မလာတာ ကြာပြီ ... ကြည့်စမ်း၊ ကိုယ့်မကြီးကို ပစ်ထားကြတယ် ပေါ့လေ၊ ကျုပ်မှာတော့ ငါ့ညီမလေးတွေကို မျှော်လိုက်ရ တာ လွမ်းလိုက်ရတာ၊ တကယ်ပဲတော့"

ပြောရင်းက စားပွဲဆီကလည်း ထ,လျှောက်လာ ခဲ့ပါသည်။ ဝင်လာတဲ့ မိန်းကလေး သုံးယောက်ဟာ ဘောင်းဘီ အတိုလေးတွေ၊ မင်နီစကတ်ကျပ်ထုတ်ကလေးတွေ၊ မျက်နှာဖြူ ဖွေးဖွေး၊ နှုတ်ခမ်းနီရောင် ဖြူဖွေးဖွေး၊ ဆံပင်ဝါတောက်တောက် တွေ ကိုယ်စီဆိုးထားကာ K.pop ကိုရီးယားမလေးတွေဒီဇိုင်းနှင့်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... တကယ်တော့ စောတို့ဆီ သူတို့လာအပ်လေ့ ချုပ်လေ့ရှိတဲ့ ဝတ်စုံတွေဟာ ပွဲတွေ လမ်းတွေမှပင် သူတို့ဝတ်တတ်ကြတာမျိုးပါ။ အမြဲတစေ ထသွား ထ,လာကတော့ စောတို့လို ဒီဇိုင်နာအထည်တွေ ဘယ်ဝတ်ကြပါမလဲ။

"ဟယ် ... မမစော"

ကောင်မလေးတွေက တအံ့တသြ အလန့်တကြား ရေရွတ်လိုက်ကြပါသည်။

"ဟယ် ... ခိ ခိ ခိ ခိ၊ မမစောကို ဒီလိုမြင်ရတာ အံ့သြသွားတာပဲ"

"ဘာလဲ ... ကောင်မလေးတွေရဲ့"

"မမစော ဘယ်နှလလဲဟင်"

"ဩော် ... ဟင်း ဟင်း ဟင်း ... ဒါလား၊ အခုယ်လေး ... မလာတာ မရောက်တာ ဘယ်လောက်တောင်ကြာလဲ သိသာလိုက်တာနော်၊ ငါးလလေ ... မေသူရဲ့"

"ဟင် ... မေသူတို့ မလာတာ မရောက်ဖြစ်တာ တစ်လကျော်လေးပဲ ရှိပါသေးတယ်နော်"

"အင်းလေ ... ဟုတ်ပါတယ်၊ မကြီးလည်း ဗိုက်ဖုံးအင်္ကျီဝတ်တာ နှစ်ပတ် သုံးပတ်ပဲ ရှိပါသေးတယ်၊ အရင်လတွေတုန်းကတော့ သိပ်မသိသာသေးဘူးဆိုတော့ ဒီလိုပဲ မသိမသာလေးပဲ နေလိုက်တာပေါ့ ... ဟင်း ဟင်း"

"ဒါကြောင့် ... မမစော ပိုလှလာတာ၊ မိန်းကလေးမွေးမှာ ထင်တယ်"





ဖွတ်ဟဲ့ ... လွှဲပါစေ ... ဖယ်ပါစေ ...။

ခင်မမစောက စိတ်ထဲကကျိတ်၍ ချေဖျက်ငြင်းဖယ်သည်။ နိမိတ်ဖတ်သလို ဖြစ်နေပါဦးမယ်။ အိမ်က ကိုယ်တော်ချောမိုးသွန်းက တစ်သားတည်းသားပြီး "သား"ပဲဆန္ဒပြုနေတာလေ။

"အေးရေ ... သူဇာရေ၊ ကားပေါ်မှာ ယမင်းတို့အထုပ်တွေ သွားချပေးပါဦး"

စောရဲ့တပည့်မအားလုံးဟာ ကိုယ်စီအလုပ်နဲ့လက်မပြတ် မအားမလပ် ဖြစ်နေကြတာမို့ ရုတ်တရက် ဘယ်သူမှထမလာ။ သူသွားနိုး ငါသွားနိုး၊ တွက်ကပ်သလို တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ စောက အတွင်းက ဝန်ထမ်းမလေးတွေဘက် ကိုယ့်ကိုလှည့်လိုက်ပါသည်။ ဒီလိုလှည့်လိုက်မှ ခေါမျက်နှာကို ကပ်စိတ်မာတွေ မမြင်ရတော့ဘူးလေ။ ခုနက ပြုံးချိုနေတဲ့ နှုတ်ခမ်းဟာ တင်းတင်းစေ့သွားပြီး မျက်လုံးတွေက စူးရှုးရဲရဲနှင့် တစ်ယောက်ချင်းကို ခပ်တင်းတင်း ကြည့်လိုက်ပါသည်။

ခုနက နည်းနည်းမာန်ထားလို့ အားလုံးဟာ သိပ်မကြည်လင် မသာယာကြဘဲ စိတ်ကောက်ချင်သလိုလို အချိုးအချိုဟဲ့နဲ့ ပေါ့ပေါ့ပါးပါး ထ,မပြေးကြတာ။ နည်းနည်းကလေးဆူမိရင် ဒီလိုပဲ။ သူတို့တွေက လုပ်သက်ရင့် ကြာလာပြီ "အတတ်စိန်တွေ" ဖြစ်လာကြပြီဆိုရင် ဒီလိုပဲ အချိုးပြောင်းကြမြဲပဲလေ။ သူတို့ထံ စောထံက ပညာတွေ တစ်နေ့တခြား ရောက်



www.burmeseclassic.com

www.burmeseclassic.com



ကာ လည်ပတ်နှံ့စပ် အရည်အချင်းလေး တောက်ပြောင်လာပြီဆိုရင် ဘယ်ဆိုင်ကိုမဆို ဒီပညာလေးနှင့် သူတို့ဝင်ဖို့ မခက်ခဲတော့ဘူးဆိုရင် အချိုးကလေးတွေက ဒီလို။

ကပ်စ်တမ်မာကို အရေးတယူမလုပ်တာ မလေးစားတာ မရို့ကျိုးတာ ဂရုမစိုက်တာလောက် စော မကြိုက်တဲ့အပြုအမူ မရှိတော့။ ဒီကပ်စ်တမ်မာတွေကြောင့်ပဲ အောင်မြင်ရ ထမင်းစားရတာ။ စော ကိုယ်တိုင်ပင်လျှင် ကိုယ့်လောက်မှ အရည်အချင်းပညာဥစ္စာ ဘာမှမရှိတဲ့ ဒီငချွတ်မလေးတွေကို ရှန်းရှန်းဝေဝေ အလိုလိုက် အကြိုက်ဆောင်နေရသေးတာပဲ။

"သူဇာ ... အေးမော် ... အထုပ်သွားသယ်လိုက်ကြဦး"

ခင်မမစော အသံကချိုသည်။ သို့သော် မျက်နှာကြောက ထန်သည်။ မျက်လုံးတွေက နောက်ကျတဲ့သူ မလွယ်ဘူးမှတ်ဆိုတဲ့ သတိပေးမှုနှင့် ပြောင်လက်နေလေရာ သူဇာနှင့် အေးအေးမော်တို့က လုပ်လက်စချကာ ထ,ထွက်ဖော်ရကြသည်။ မေသူတို့ဘက် ပြန်လှည့်လာတဲ့အခါ စော မျက်နှာက ချိုမြနေပြီ။

"ဘာသောက်ကြဦးမလဲ၊ ငါ့ညီမလေးတွေ"

"Coke သောက်ချင်တယ် မမစော၊ အေးအေးလေးရှိလားဟင်"

"ရှိရမှာပေါ့ကွယ်၊ လွင်လွင်ရေ၊ ဟိုဘက်စတိုးဆိုင်မှာ Coke ဘူးကြီးတစ်ဘူး သွားဝယ်ပေးပါ၊ အေးထားတာတွေရှိတယ်၊ အေးတာရွေးယူခဲ့"





တစ်ခန်းကျော်ဆိုင်ခန်းက မီနီမားတ်လေးမို့ အလွယ်တကူ သွားဝယ်နိုင်ပါသည်။ အလိုလိုက်ရပေမည်လေ၊ ဒီမိန်းကလေး တစ်သိုက်ဟာ တစ်ကြိမ်အပ်လျှင် တစ်ယောက်ကို ငါးစုံက ဆယ်စုံကြား။ ခုလို သုံးယောက်လာလျှင် အစုံနှစ်ဆယ်နီးပါးချုပ်ရမှာ။ ထင်တဲ့အတိုင်း သူဇာနှင့် အေးမော် ပြန်ဝင်လာလျှင် လက်ထဲ ဆွဲလာတဲ့ အိတ်နှစ်လုံးဟာ နည်းတဲ့အိတ်ကြီးတွေ မဟုတ်။

"မမစော ... သမီးက ဒက်ဒီ့ရုံးမှာ အလုပ်ဝင်ရတော့မှာ၊ ရုံးတက်ရတော့မယ်ဆိုတော့ မြန်မာဆန်ဆန် ကျက်သရေရှိရှိ ခန့်ခန့်ညားညား ဝတ်စုံလေးတွေ မထပ်အောင် ဝတ်ချင်တာ၊ အခု အိတ်ထဲမှာတော့ ဆယ့်သုံးလေးစုံစာလောက်တော့ ပိတ်စတွေပါတယ်၊ မမစောဆိုင်မှာ ဆွဲသားဇာ ပါးပါးကြည်ကြည်လေးတွေ ရောက်နေတယ်လို့ အန်တီဘောဘီဆီက သတင်းပေးထားတယ်၊ အဲဒါလေးတွေလည်း သမီးကို လုံချည်ပါတိုက်ရှာပြီး ချုပ်ပေးဦးနော်"

"စိတ်ချပါ ဖြူလေးရယ်၊ မကြီးက ညည်းတို့အမောပြေမှ ပြမလို့ပါ၊ ဟိုဘက်ခန်းထဲမှာ ဝင်ရွေးပါ"

"ဟင် ... မမစော၊ သူ့ကို ရုံးတက်ရမယ်ဆိုပြီး သူ့ဟာတွေချည်း အရင်မလုပ်ပါနဲ့၊ မေသူ သွားစရာပွဲတွေ ရှိသေးတယ်၊ နီးနေပြီ၊ မြန်မြန်လေး ချုပ်ပေးပါ"

"အင်းပါ မေသူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယမင်းကိုရောလို့ …၊ မေမေက သူ့ပိတ်စတွေ ထည့်ပေးလိုက်သေးတယ်၊ မမစော တစ်ယောက် နှစ်ထည်စီဆို နှစ်ထည်စီ အရင်ပြိုင်တူ၊ နောက်တစ်ခါ နှစ်ထည်စီ အဲလို ချုပ်နော်၊ တစ်ယောက်တည်းဟာတွေ ဦးစားပေး မချုပ်နဲ့ ဒါပဲ"

"ဟင်း … ဟင်း … ဟင်း … ဒီသူငယ်ချင်းတွေ တော်တော်ရယ်ရတယ်"

စောက တသိမ့်သိမ့် ရယ်မောရင်း သူတို့ပြေးဝင်သွားကြတဲ့ အတွင်းဘက်မှန်ခန်းထဲ လိုက်ဝင်လာခဲ့ပါသည်။ အသစ်ရောက်နေတဲ့ ဇာအထပ် ပိုးအထပ်တွေနား ကြမ်းပေါ်မှာ ကောင်မလေးတွေက ထိုင်ချလိုက်ကြပါသည်။

"ဟဲ့ … မေသူ၊ ပိတ်စပုံကြီးကို မမှီနဲ့လေ၊ အသားလေးတွေက အိအိရွဲ့ရွဲ့လေးတွေ အပုံပြိုကျတော့မယ်"

"သူ ခုထိ အမူးမပြေသေးဘူးထင်တယ် … ဟား ဟား"

"အမယ် … နင်က ပြောရရှိသေး၊ မူးတာက နင် … နင်"

ခင်မမစောက ကလေးမတွေကို ပြုံးကြည့်လိုက်ရင်း …

"ကောင်မလေးတွေနော်၊ ညက ကလပ်ဘ်သွားကြတယ် မဟုတ်လား"

"အဟီး ဟီး … ဟုတ်တယ် မမစောရဲ့၊ သမီးတို့အုပ်စုထဲက သူငယ်ချင်းကောင်လေး စင်ကာပူက ပြန်လာလို့





အပျော်သွားကြတာပါ၊ နှစ်နေရာတောင် ရွှေ့တာ၊ တစ်ခုက ပြန်တော့ အားမရသေးဘဲ နောက်တစ်နေရာ ကူးသေးတာ … ဟီး ဟီး"

"အမယ်လေးနော် … ညည်းတို့အိမ်တွေက မဆူကြဘူးလားဟယ်၊ နှစ်နေရာဆို မိုးလင်းခါတောင်နီးရောပေါ့"

"ဟုတ်တယ်၊ မနက်(၄)နာရီထိုးခါနီးထိပဲ၊ အိမ်တွေကိုတော့ သူငယ်ချင်းတစ်ယောက်အိမ်မှာ အားလုံးစုစားကြ စုအိပ်ကြမှာလို့ ပြောခဲ့ရတာပေါ့ … အဟီ"

"အမယ်လေး၊ ဟင်း … ဒါမျိုးဆို ဉာဏ်ထွက်ကြတာပေါ့လေ၊ အိမ်ကလူကြီးတွေက အဟုတ်မှတ်နေမှာ၊ လူကြီးတွေကို ခဏ ခဏတော့ မညာကြပါနဲ့အေ"

"ဟုတ်ကဲ့ပါ မမစောရဲ့၊ အဲ … နေဦး၊ ညက ကလပ်မှာ သမီးတို့ ဘယ်သူနဲ့ဆုံတယ် ထင်လဲ"

"ဘယ်သူနဲ့လဲ … ဘယ်သိမလဲ"

"အဟီ … မေ့နေတာ ကြည့်စမ်း၊ ဖြူလေးပြောမှ သတိရတယ်၊ ဟုတ်တယ်၊ နှစ်နေရာစလုံး ဆက်တိုက်သွားသွား ဆုံနေတာနော်"

"ဟီး ဟီး … ဟုတ်တယ်၊ ချိန်းထားတဲ့အတိုင်းပဲ"

"ဘယ်သူတုန်း ယမင်းရဲ့၊ ဟော … လွင်လွင်လာ၊ သမီး ဒီမှာပဲ ချလိုက်၊ ဖန်ခွက်တွေယူခဲ့၊ ကလေးတွေ သူတို့ဘာသာ ကြိုက်သလောက် ငှဲ့သောက်ပစေ"



www.burmeseclassic.com

www.burmeseclassic.com



လွင်လွင် ဝင်လာ၍ Coke ဘူးကြီးကို မေသူတို့နားပဲ ချခိုင်းလိုက်ပါသည်။ လွင်လွင်က ရေခဲသေတ္တာဆီသွား၍ ဖန်ခွက်များ သွားယူနေစဉ် ...

"ပြောပါဦး၊ ဘယ်သူနဲ့ တွေ့တာတုံး၊ ကလပ်ဘ်မှာ"

"ဟီဟိ ... ဘယ်သူရှိမလဲ၊ မမစော ချစ်ချစ်ကြီး ကိုမိုးသွန်းပေါ့"

ဟင် ...။

ခင်မမစောသည် ရင်ထဲပဲ ကျိတ်၍ ဖုံးပေါက်ကွဲသလို ဝုန်းခနဲ တုန်ဟည်းသွားကာ မျက်နှာကြောက ဆတ်ခနဲ အေးစက်စက်မာသွားပါသည်။ မိုးသွန်း ...။ ကြည့်စမ်း ... မိုးသွန်းတဲ့။ သင်း ငါ့အရှက်ကိုခွဲပြီ။

စောက ဖန်ခွက်လာချတဲ့ လွင်လွင့်ကိုကြည့်ကာ စကားတစ်ခုခု တုံ့ပြန်ဖို့ ခက်နေဆဲ။

"မမစောဘဲဘဲက မခေဘူး ... ဟား ဟား ဟား၊ အလက်ဇန္ဒြားအက သိတယ်မဟုတ်လား၊ ကတတ်လိုက်တာ ပြောင်ချော်ချော်နဲ့ ... ခစ် ခစ် ခစ်"

စောသည် နှုတ်ခမ်းကို ဆွဲဖြန့်ကာ ဖြန့်ကာ အတင်းပြုံးထားရပြီး ရင်ထဲမှာတော့ ဆတ်ဆတ်တုန်ကာ ဒေါသအမျက်ချောင်းချောင်းထွက်နေပါသည်။

"ဟဲ့ ... ယမင်း၊ သွား ... နင့်အိုင်ပက် ကားပေါ်ကျန်ခဲ့တယ် သွားယူလေ၊ ဓာတ်ပုံတွေတောင် ရိုက်ထားသေးတယ်၊ ဟီ ဟိ ... မမစောကို ပြလိုက်"





"ဟဲ့ ... မေသူ၊ နင်တော့ ပြဿနာရှာနေပြီ၊ နင်လုပ်လို့ မမစောတို့ ရန်ဖြစ်နေရပါဦးမယ်ဟယ်"

မေသူက လျှာလေးထွက် ဇက်လေးပုသွားလျှင် ...

"အို ... ဟင်း ဟင်း ဟင်း ... ဟင်း ဟင်း၊ ရန်ဖြစ်စရာလား ယမင်းရယ်၊ ယောကျာ်းတွေဆိုတာ ဒါမျိုးတွေ ဒီလောက်တော့ ရှိကြတာပဲဟာ၊ အေးဆေးပါ မကြီးက၊ ပြစမ်း ကြည့်ကြည့်ရအောင်၊ ဘယ်လောက်တောင် အရှက်မရှိ ကနေလဲလို့ ... ဟင်း ဟင်း"

စောသည် နင်နေတဲ့အလုံးတွေကို မျိုမျိုချကာ ရင်ထဲအောင့်နေလျက်က အပြုံးအရယ်မပျက် ပြောရပါသည်။ ယမင်းက အပြင်ထွက်ကာ ကားဆီ အိုင်ပက် သွားယူစဉ် ...

"မနေ့က မိုဒယ်လ်မင်းသမီး '………' လည်း ရောက်လာတယ်လေ မမစောရဲ့၊ ပွဲကြီးပွဲကောင်းပေါ့၊ သူတို့နဲ့ ကလိုက်ကြတာဆိုတာ ... ဟီ၊ ညက ကိုမိုးသွန်းကြီး ဘယ်အချိန် ပြန်ရောက်လဲ"

"အဲ ... အင်း ... ညည်းတို့လို အချိန်မျိုးပဲ နေမှာပေါ့အေ၊ အိမ်က တစ်ယောက်ယောက် တံခါးဖွင့်ပေးမှာပေါ့၊ မမစောတော့ သူ ဘယ်အချိန် ပြန်ရောက်မှန်းတောင် သတိမထားမိပါဘူးကွယ်၊ ဘယ်သူတွေနဲ့သွားမှန်းတောင် မမေးမိပါဘူး"

တကယ်တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



အင်း … တကယ်တော့ စောသိထားသည်မှာ မနေ့ညနေက မိုးသွန်းနဲ့ မိုးသစ် ညီအစ်ကို နှစ်ယောက်သား နေပြည်တော်ကို သွားကြတယ်လို့လေ။ အလုပ်ကိစ္စတဲ့လေ။ ဒီနေ့မနက် ရုံးကိစ္စပြီးလျှင်တော့ မွန်းလွဲပြန်ထွက်လာ၊ ညနေ ရောက်မတဲ့။ ဒီနေ့ ရုံးကိစ္စမပြတ်ခဲ့ရင်တော့ နက်ဖြန်မှ ပြန်လာကြမယ်တဲ့လေ။

ညီအစ်ကိုနှစ်ကောင် ပိပိရိရိ လိမ်ထွက်ကြတာပေါ့။ ကဲလို့မဝသေးရင် ထပ်အခွင့်အရေးရအောင် နောက်တစ်ညအတွက်ပါ ကြိုတင်စကားပစ် စီစဉ်ထားသေးတာပါလား။ စောသည် ဒေါသတွေ တလိပ်လိပ်နှင့် လူတစ်ကိုယ်လုံး ပူထူနေတဲ့ကြားက ဒီကောင်မလေးတွေ လူများမှားသလားလို့တောင် ထင်နေပါသေးသည်။

"ဘယ်သူနဲ့ရှိမလဲ၊ ဟိုလူကြီးလေ 'ကက်ပတိန် ဗညားရင်'၊ နာမည်ကြီးကြီးပဲဟာ၊ အပွေးကြီး"

"ဗညားရင် ! "

"ဟုတ်တယ် မမစောရဲ့၊ ဟိုး … ကြာပါပြီ တစ်ခါတုန်းကလည်း ကိုမိုးသွန်းကို အဲဒီကက်ပတိန် ဗညားရင်နဲ့ပဲ တွဲပြီး ကာရာအိုကေမှာ တွေ့သေးတယ်ရော"

စောသည် အံကိုတဂျိဂျိ ကြိတ်မိကာ …

"လွင်လွင်"

"ရှင်"





"နင် ပြီးရင် အလုပ်သွားလုပ်လေ၊ ဘာလုပ်နေတာလဲ အခန်းထဲမှာ"

"ဒီမှာ ပိတ်စပုံတွေ ပြိုကျနေလို့လေ၊ ပြန်စီနေတာလေ မမစောရဲ့"

စောက တင်းသွားတဲ့ မျက်နှာကြောကို ပြန်လျှော့လိုက်ကာ …

"နောက်မှ စီလေ၊ သွား … သွား၊ ရှေ့ကဟာ ပြီးအောင် အရင်လုပ်လိုက်"

"ဟုတ်"

လွင်လွင် ထွက်သွားကာ ယမင်းက အိုင်ပက်ကိုင် လျက် ပြုံးစိစိ ဝင်လာပါသည်။

"မမစောကြီး အိမ်ကျ ချစ်ချစ်ကို ကြွတ်တနာ မရှာရဘူးနော်"

"အေးပါဟယ် … ဒါလေးများ"

"တနားပါတယ် တီရား၊ တစ်ခါတလေတော့ ကရှာပါစေ အဟိဟိ"

စောသည် ယမင်း လာထိုးပြတဲ့ အိုင်ပက်ထဲက ဓာတ်ပုံပေါင်းများစွာကို လက်ညှိုးလေးနှင့်ပွတ်၍ တစ်ပုံချင်း သေချာကြည့်လိုက်ပါသည်။ အမယ်လေးနော် … အမယ်လေး။ ရွတ်ပြုံးထားတဲ့ ပါးတွေတောင် ဒေါသရှိန်နဲ့ တဆတ်ဆတ်တုန်ပါရဲ့။ အိမ်ကကောင် မိုးသွန်းတစ်ယောက် ဖင်ကိုကောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုမြှောက်ကာ ကနေတာ … ကနေတာ။ နေပြည်တော်မှာ အလုပ်ကိစ္စနဲ့ ကနေတယ်ပေါ့ … အဟက်ဟက်။ ဒီကတော့ ချစ်သောခင်ပွန်းသည်ကလေး အလုပ်ကြိုးစားရှာတယ် အလုပ်ပင်ပန်းရှာတယ်နဲ့ပေါ့။

နိုက်ကလပ် သွားချင်တယ်ဆိုရင် အမှန်တိုင်းပြောသွားပေါ့။ လွတ်တာ မလွတ်တာ သဘောတူတာ မတူတာက တစ်ပိုင်းပေါ့။ နေပြည်တော် သွားတယ်ဆိုပြီးများ နိုက်ကလပ်သွားရတယ်လို့။ ဒီက ဟာမကြီးကတော့ နေပြည်တော် အမြန်လမ်းမှာ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ညက ဘုရားမှာ ဆုတွေတောင်းလိုက်ရတာ။ ဗိုက်ကြီးတစ်လုံး ခံနေတဲ့ကြားက ကုန်းကာ ကုန်းကာ ဦးတွေချလိုက်ရသာ။

"ကိုမိုးသွန်းက မမစောထက် ဘယ်နနှစ် ငယ်တာလဲဟင်"

"အင် … နှစ်နှစ် သုံးနှစ် ငယ်တာပါ"

"ဒါဆို သူက သုံးဆယ်တောင် မပြည့်သေးဘူးပေါ့နော်"

"အို … သုံးဆယ်ထဲ ဝင်ပါပြီလေ၊ ဒီတစ်ခါ ပြည့်မှာလေ၊ ဒါပေမဲ့ သူက ဒီလိုပဲ၊ ကလေးလိုပဲ နေတတ်တာ"

"ဒါကိုပဲ မမစောကြီးက ချစ်နေတာ မဟုတ်လား … အဟီး ဟီး"

ခင်မမစောက ရှက်စနိုးယောင်ယောင် ပြုံးရပါသည်။ အတွင်းမှာတော့ အံကိုကြိတ်ထားတာ ဘယ်သူသိမှာတုန်း။ အဲဒါ





ကြောင့် စိတ်ထဲ တစ်မျိုးတော့ ဖြစ်သား။ သူတို့ညီအစ်ကို နေပြည်တော် နှစ်ယောက်ပူး နှစ်ယောက်ပူး သွားနေတာ တစ်လ နှစ်ကြိမ်လောက် ဖြစ်နေတာ။ အရင်က ဒီလောက်လည်း အကြိမ်မစိတ်၊ တခြားလူလွှတ်တဲ့အခါလွှတ်၊ တစ်ယောက်တည်းသွားတဲ့အခါသွား။ ခုနောက်ပိုင်း ထူးပါတယ် ထင်နေတာ၊ လက်စသတ်တော့ …။

တောက် …။

❂ ○ ❂



www.burmeseclassic.com

www.burmeseclassic.com

မိုးသွန်း …။

"တူတူ … တူတူ … တူတူ"

မိုးသွန်းက အားလျားမှောက်ရက်ကြီး အိပ်နေရာမှ ခေါင်းအုံးဘေးကဖုန်းကို လှမ်းစမ်းကာ အဝင်ကောလ်ကို ပိတ်ချလိုက်ပါသည်။ အား … အိပ်ရေးမဝသေးပါဘူး။

"တူတူ … တူတူ … တူတူ"

ဟား …၊ ဒီဖုန်းတော့ …။

မိုးသွန်းက ဖုန်းကိုလှမ်းယူကာ မဖွင့်ချင်သော မျက်ခွံများကို အတင်းဖြဲဖွင့်ပြီး ကြည့်လိုက်ပါသည်။

"အား …"

အလန့်တကြား အော်ကာ မျက်လုံးလည်း အော်တိုမက်တစ်ပွင့်၊ လူလည်း လူးလဲပြီး မွေ့ရာပေါ် ချက်ချင်းထထိုင်မိသွားသည်။ မမစောရဲ့ဖုန်း။ မကိုင်မိလျှင် ကမ္ဘာပျက်မည့်ဖုန်း။ ကမန်းကတန်း Answer ခလုတ်နှိပ်ကာ …

"ဟဲလို … မမစော"





"မိုးသွန်း … နင် အခု ဘယ်မှာလဲ"

"အာ … မမစောကလည်း၊ စောစောစီးစီး ဆူတော့မယ်၊ ဆူဖို့များဆို နာမည်နဲ့လိုက်အောင် သူများထက်ကိုစောတယ်"

"ဘာစောစောစီးစီးလဲ၊ နာရီကိုကြည့်၊ မွန်းလွဲနေပြီဟဲ့"

"ဟုတ်လား … မောင် ညက အိပ်မှမအိပ်ရတာ၊ စာရင်းဇယားတွေ ထိုင်လုပ်နေရတာ ညလုံးပေါက်လေ"

"နင် ဘယ်မှာလဲလို့ မေးနေတာ ဖြေဦး"

"ဟာ … ဘာနင်လဲ … ဘာနင်လဲ၊ မမစောကလည်းဗျာ"

"မိုးသွန်း"

ခင်မမစော အသံက ကျားဟိန်းသံထက် ပြင်းထန်ကျယ်လောင်သည်။

"နင် အပိုတွေ လျှောက်ပြောမနေနဲ့၊ ခု ဘယ်မှာလဲ ချက်ချင်းပြော"

"ကျွတ် … နေပြည်တော်မှာလေ"

"ဩော် … နေပြည်တော်မှာပေါ့ … ဟုတ်လား၊ နေပါဦး အခု နေပြည်တော်မှာ နေပူနေလား မိုးရွာနေလား"

"ဗျာ … ဟို … မိုးမရွာပါဘူး၊ ဟို … မပူမအေးလေးပဲ"

"နေပြည်တော်ရဲ့ ဘယ်နားမှာလဲ"

"ဟိုတယ်မှာလေ"

"ဘာဟိုတယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဒင်းလေ ... မောင့်ထိပလဲဆင့်မှာ"

"သေချာလား မိုးသွန်း"

"ဟာ ... ဘာလို့ မသေချာရမှာလဲ၊ ကိုယ်တည်းနေတဲ့ ဟိုတယ်ကို"

"နင် ငါ့ကိုညာပြောရင် မိုးကြိုးပစ်သေပါစေ၊ မြွေကိုက်သေပါစေ၊ ကားတိုက် သေပါစေ၊ ဓာတ်လိုက်သေပါစေ၊ အထပ်နှစ်ဆယ်က ပြုတ်ကျသေပါစေ၊ ကင်ဆာဖြစ် သေပါစေ"

"ဟာ ... ဟာ ... ဟာ ... ဖွ ... ဖွ ... အိုဖွ ... လွဲပါစေ ဖယ်ပါစေ၊ ခင်ဗျား အဲသလိုပဲ ရက်ရက်ရက်စက် ကျိန်ရသလား ကိုယ့်ယောကျ်ားကို"

"ငါ မကျိန်ရသေးပါဘူး၊ ငါ့ကိုညာပြောရင် အဲသလိုသေခြင်းမျိုးစုံ အနည်းနည်း အဖုံဖုံနဲ့ သေပါစေလို့ နင် ကျိန်ရဲသလားလို့ မေးတာပါ မိုးသွန်းရယ်၊ ပြောစမ်းပါ"

"မကျိန်ပါဘူး၊ ဘာလို့ ကျိန်ရမှာလဲဗျ၊ ကျိန်တာ အောက်တန်းကျတယ်"

"လိမ်တာကရော အောက်တန်းမကျဘူးလား"

"........."

"ပြောလေ"

"ကျတော့ ကျတာပေါ့"





"ဒါဖြင့် နင်က အခု လိမ်ပြီးအောက်တန်းကျနေပြီပဲ၊ ကျိန်ဖို့ ဝန်လေးမနေနဲ့တော့လေ လူလိမ်ရဲ့"

"မမစော ... ဘာတွေပြောနေတာလဲဗျာ၊ မောင် ခေါင်းတွေ တောင် ကိုက်လာပြီ"

"မိုးသွန်း ... နင် အခု နေပြည်တော်မှာ မဟုတ်ဘူး၊ ရန်ကုန်မှာပဲဆိုတာ ငါ သိတယ်"

"ဟင် ... ဘယ်လိုလုပ်သိလဲ၊ အဲလေ ... ဟိုဒင်း ... ဘယ်သူပြောလဲ ပေါက်ကရတွေ"

"ညက '......'ကလပ်ဘ်မှာ နင် ကမြင်းကြောထပြီး ကနေတဲ့ပုံတွေ အားလုံး ငါ့ကွန်ပျူတာထဲ ငါသိမ်းထားပြီးပြီ၊ နင့်အစ်ကို မိုးသစ်လည်း မင်းသမီးနဲ့တွဲကနေတာ ဓာတ်ပုံထဲမှာ ရှင်းရှင်းကြီး၊ ငါ့မှာ အကုန် သက်သေတွေရှိတယ်"

"ဗျာ"

"ဗျာမနေနဲ့၊ နင် ရန်ကုန်မှာပဲ တစ်နေရာမှာ ရှိတယ်ဆိုတာ ငါ သိတယ်၊ ဘယ်နေရာမှန်းသာ ငါအခုမသိသေးတာ နားလည်လား၊ ဒါလည်း စုံစမ်းလိုက်ရင် ခနပဲ ချက်ချင်း သိနိုင်တာပဲ၊ နင်ကိုယ်တိုင် ပြောမလား၊ ငါစုံစမ်းရမလားပြော၊ ငါ့ဘာသာ စုံစမ်းပြီး သိရလို့ကတော့လေ..."

"မမစော ... ပလိစ် ... ပလိစ်၊ စိတ်လျှော့ပါဗျာ ... နော်၊ ဒေါသလေးနည်းနည်းလျှော့လိုက်နော်၊ Calm down honey နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဟန်နီလဲ၊ နင့်ရဲ့ အောက်တန်းကျတဲ့ ပါးစပ်က ငါ့ကို ပလီပလာနဲ့ ဟန်နီလို့ မခေါ်နဲ့၊ ရှိနေတဲ့ နေရာမှာ နင့်ဘာသာနင် ပွဲချင်းပြီး လဲသေလိုက် ... ကြားလား"

"မမစော ... မမစော"

မိုးသွန်းသည် ညကသောက်ထားတဲ့ အမူးရှိန်လေးလည်းပျောက်၊ အပျော်ရှိန်လည်းပျောက်၊ အိပ်ရာထဲက အပြေးထကာ အိပ်ခန်းထဲ တစ်ခန်းဝင် တစ်ခန်းထွက်နှင့် အဖော်တွေကို လိုက်ရှာသည်။ ဘယ်သူမှ မရှိကြတော့ပါလား။ ဘယ်ရောက်ကုန်ကြပါလိမ့်။ သူ ဘာဆက်လုပ်ရပါ့။

ဆရာသမားနှစ်ယောက်လုံး မရှိကြတော့၊ ဒီပြဿနာကို ဘယ်သို့ဘယ်ပုံ ဖြေရှင်းရမည်ဆိုတာ သူ မစဉ်းစားတတ်တော့။ ပြောချင်ရာ ပြောချလိုက်လို့လည်း မဖြစ်။ စကားတွေလည်း ကိုက်ရဦးမယ်လေ။ ဘုရားကယ်ပါ။ ဒီမိန်းမ လူလည်မကြီး ဘယ်ကများ သိသွားပါလိမ့်ကွာ။

မိုးသွန်း တစ်ယောက် ကွန်ဒိုခန်းကြီးထဲ ဟိုပြေး ဒီပြေး။ ဖုန်းကို နားမှာကပ်လျက်နှင့် အခန်းထဲပြန်ဝင်။ အင်္ကျီဘောင်းဘီ သပ်သပ်ရပ်ရပ် လဲဝတ်ခြင်းကို ဖုန်းတစ်ဖက်နှင့်ပဲ ပြေးကာလွှားကာ ကမန်းကတန်းလုပ်။ ရေချိုးခန်းထဲပြေး၊ ပါးစပ်ကို ပလုပ်ကျင်း၊ မျက်နှာရေဆွတ်နှင့် ဒီအခန်းထဲက အမြန်ဆုံး ပြေးထွက်ဖို့အရေး လုပ်မိလုပ်ရာတွေ တရစပ် လုပ်နေပါသည်။

"မိုး ... သွန်း ..."





"အား ... မမစော နားကန်းပါပြီဗျာ"

မမစော အော်လိုက်သံက မိုးခြိမ်းသံထက် ကျယ်လောင်ထစ်ချုန်းလှ၍ နားထဲ စူးကာအောင့်သွားတဲ့ထိပ်ပင်။

"နင် ဘယ်မှာလဲ ဆိုတာ ပြောမလား၊ မပြောဘူးလား"

"ဟိုလေ ... ဟို ... ဟို"

"ဘယ်ဟိုတယ်မှာလဲ၊ ညက နင် ဘယ်ဟိုတယ်မှာ ဘယ်သူနဲ့ တက်အိပ်နေလဲဟင်"

"ဟာ ... ဟိုတယ်မှာ မအိပ်ပါဘူး၊ မမစောကလည်း၊ ဘယ်ဟိုတယ်မှ မအိပ်ဘူး၊ မြွေကိုက် ... ခွေးကိုက် ... ဘုရားကိုက် ... ကျိန်ရဲပါတယ်ဗျာ"

"ဩော် ဟော ဟော ... ကျိန်တောင် ကျိန်ရဲလာပြီကိုး"

"တကယ်ပြောတာပါ မမစောရာ"

မိုးသွန်းသည် သူ့ပစ္စည်း-ပိုက်ဆံအိတ်၊ ဖုန်းအပိုလက်တော့ပ်ပြားလေး၊ ကားသော့ စသဖြင့် တစ်ခုပြီးတစ်ခု ကောက်ယူကာ ကွန်ဒိုခန်းကြီးထဲမှ အမြန်ဆုံး တံခါးဖွင့်ထွက်လိုက်ပါသည်။ တံခါးက "ဂျပ်"ခနဲ ဆွဲပိတ်လိုက်တာနှင့် သော့ကျပြီးသား။ ကောက်ရစ်ဒါတစ်လျှောက်ပြေးကာ ဓာတ်လှေကားရှေ့မှာ အောက်ဆင်းဖို့ ခလုတ်ကို အကြိမ်ကြိမ်နှိပ်ရင်း လူကရှုံ့မဲ့ခုန်ဆွနေပါသည်။

"မိုးသွန်း ... နင် ငါ့အပေါ် လုပ်ရက်တယ်နော်၊ တော်တော်ရက်စက်တာပဲနော်၊ နင်တို့ညီအစ်ကိုတွေ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ယုတ်ကြပါလား၊ နင့်အစ်ကိုလည်း အတူတူပဲ၊ သူ့မိန်းမကို နေပြည်တော်သွားတယ် လိမ်ခဲ့တာပဲ၊ နင် ... နင်တို့ အိမ်ပြန်ညမအိပ်ဘဲ ဟိုတယ်တက်ပြီး မကောင်းမှုတွေနဲ့ ပျော်ပါးနေကြတာပေါ့လေ"

စောရဲ့အသံလေးက ဝမ်းနည်းပက်လက် တုန်ခတ်ကာ ရှိုက်သံလေးပင် စွက်သွားပါသည်။

"ဟာ ... ဟာ ... အဲလိုမဟုတ်ဘူး မမစော၊ ဟိုတယ်လည်း တက်မအိပ်ဘူး၊ မကောင်းတာတွေလည်း ဘာမှမလုပ်ပါဘူးဗျာ၊ တကယ်ပါ၊ ဘုရားစူးပါစေ့ဗျာ"

"ဒါဖြင့် နင် ဘယ်မှာအိပ်နေတာလဲ အခု၊ ဟင် ... မေးနေတာကို ကောင်းကောင်းဖြေမလား မဖြေဘူးလား"

မိုးသွန်းက ရှုံ့မဲ့ကာပွင့်လာတဲ့ ခတ်လေ့ကားထဲခြေနှစ်ဖက်ဆောင့် ခုန်ပေါက်ရင်းဝင်လိုက်ပါသည်။ ဘယ်မှာလဲ ပြောလို့မရတဲ့ ဟာကို။ ဒီကွန်ဒိုဟာ "ကိုရင့်"ရဲ့ လျှို့ဝှက်နေရာလေးလေ။ ကိုရင့်မှာ ဒီကွန်ဒိုရှိမှန်း သူ့မိန်းမတောင် မသိတဲ့ဟာကို။ မိုးသွန်းက ပြောပြလိုက်လို့ မမစော သိသွားပြီး တခြားသူတွေ တစ်ဆင့် တစ်ဆင့် သိကုန်ရင် ကိုရင် တအားဒေါကန်မှာ။

မိုးသွန်းလည်း ယောကျ်ားချင်း သစ္စာဖောက်အဖြစ် ရစရာမရှိ ဖြစ်သွားမှာပေါ့။ ဒီနေရာကို ဘယ်သူ့မှ ပြောခွင့်မရှိတာပါ။





"ဘယ်မှာလဲ ဆိုတာကလေ ပြောလို့ မရလို့ပါဗျာ၊ တကယ်ပြောလို့ မဖြစ်လို့ပါ"

"ဘာ ..."

"ကျွတ် ... စိတ်ညစ်လိုက်တာဗျာ"

"အဲလို စိတ်ညစ်ရအောင် ဘယ်သူလုပ်တာလဲ၊ နင် အခု စိတ်ညစ်ရတာက ငါ စိတ်ညစ်ရသလောက် ရှိနိုင်ဦးမှာလား ... ဟင်"

"မမစောက ဘာစိတ်ညစ်စရာရှိလဲဗျ၊ မောင်က အလိမ်ပေါ်သွားလို့ စိတ်ညစ်နေတဲ့ဟာကို"

"နင်က နင့်မိုက်ပြစ်နဲ့နင် စိတ်ညစ်တာလေ၊ ငါက ဘာမှလဲ အပြစ်မရှိဘဲ စိတ်ညစ်ရတာ၊ မိုက်ကြီးသည်မိန်းမကိုတောင် လိမ်ညာလှည့်စားရက်တဲ့ယောကျ်ား၊ သစ္စာမရှိတဲ့ယောကျ်ား၊ မိန်းမကို အလုပ်ကိစ္စနဲ့ညာပြီး အပြင်ထွက်နိုက်ကလပ်မှာ ကမြင်းကြောထ, ကြုံရာအရပ် ကြုံရာလူနဲ့အိပ်နေတဲ့ ယောကျ်ား၊ သစ္စာဖောက်လောက်ကောင်၊ လူယုတ်မာ"

"မမစောကို မောင် လိမ်မိတာ ဟုတ်ပေမယ့် အဲဒီလောက်တော့ မယုတ်မာသေးဘူးဗျ"

မိုးသွန်းက စိတ်ညစ်ညစ်နှင့် ညစ်ကန်ကွန်ကာ ပြန်အော်မိပြီးလျှင် အောက်ထပ်ကားပေါ့ကင်ရောက်လာတာကြောင့် ကားကို တံခါးဖွင့်ကာ တက်အပြီး၌ ကားတံခါးကိုပါ ဒုန်းခနဲနေအောင် ဆောင့်ပိတ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ … နင်ကပဲ လေသံမာရတယ်ရှိသေး၊ ကား တံခါးတောင် ဆောင့်ပိတ်လိုက်သေးတယ်၊ နင်ကားပေါ် ရောက်နေပြီပေါ့ … ဟုတ်လား"

"ဟုတ်တယ်၊ ကားပေါ်ရောက်တာ အပြစ်လား"

"အောင်မာ … အောင်မာ၊ နင်ကများ ငါ့ကို"

"ဟုတ်တယ်၊ မမစော အဲလို ရစ်လွန်းလို့ ဂျစ်လွန်းလို့ လူကညစ်လွန်းလို့ တစ်ခါတလေ ထွက်ပေါက်ရှာမိတာ ရှင်းပလား"

"ဘာ … ရာရာစစ နင့်အပြစ်လုံးလုံးကို ငါ့ကြောင့်ဆိုပြီး ငါ့အပေါ် ပုံချလိုက်သေးတယ်၊ နင်ဟာ အကျင့်ယုတ်တယ် ဆိုလေ ပိုယုတ်လေ၊ ညီရော အစ်ကိုရော အကျင့်ကိုမ ကောင်းတာ၊ အံ့ဩပါရဲ့"

"မမစော … ကိုယ်နဲ့ဆိုင်တဲ့ ကျွန်တော့်ကိုပဲပြော၊ ကိုကို့ ကို ပြောစရာမလိုဘူး"

"ပြောတော့ ဘာဖြစ်လဲ၊ နင့်အစ်ကို ကောင်းလို့လား၊ သူ့ မိန်းမလည်း သိဦးမှာ မဟုတ်ဘူး၊ ငါ ခုချက်ချင်း သက်လျှာအေးကို ဖုန်းဆက်ပြောပြဦးမယ်"

"မမစော သူများလင်မယားကြား ဝင်မရှုပ်ပါနဲ့"

"ရှုပ်တော့ ဘာဖြစ်လဲ၊ နင့်အစ်ကို မိုးသစ်လည်း ငါတို့ လင်မယားကြား ပြဿနာတက်အောင် လုပ်တာပဲ၊ ကမြင်း ချင်တာ ကိုယ့်ဟာကိုယ် သွားမကမြင်းဘူး၊ ညီကိုပါ





သူခိုးသေဖော်ညှိ ခေါ်သွားသေးတယ်လေ၊ အဲဒါ ကောင်း လား၊ သူခေါ်လို့ နင်ပါတာ၊ သူ့မိန်းမကို တိုင်ရမှာပဲ"

"မမစောနော် … ပြောနေတာ မရဘူးလား"

"အောင်မာ … အောင်မာ၊ ငါ့ကို အော်တယ်ပေါ့လေ၊ အေး … ငါ အခု နင့်အစ်ကို မိုးသစ်ရဲ့မိန်းမ သက်လျှာအေးကို ဖုန်းဆက်မယ်၊ ပြီးရင် နင်တို့ရဲ့ဆရာကြီး ဗညားရင်ရဲ့ မိန်းမ ဆရာဝန်မကိုလည်း ဆက်မယ် … ရှင်းလား၊ ပုံတွေ ပါ ပြမယ်၊ သုံးယောက်သား နန့်နေတာ ရွှနေတာတွေ အားလုံးပြမယ်"

"တောက် … မမစော၊ မမစော အဲလိုလုပ်ရင် ကျွန်တော်လုံးဝ ခွင့်မလွှတ်ဘူးနော်၊ ခင်ဗျားနဲ့မဆိုင်တာတွေ ဝင်မပါပါနဲ့"

ကိုယ်ညံ့လို့ ကိုယ်လုပ်တာ လူမိမိန်းမသိသွားတာ ထားတော့၊ ကိုယ့်ဆီကတစ်ဆင့် သူများမိန်းမတွေပါ သိကုန် ရှုပ်ကုန် ပွက်လောရိုက်ကုန်မှာကိုဖြင့် ယောကျ်ားပီပီ မိုးသွန်းက သိက္ခာကျတယ်ထင်ကာ မဖြစ်စေချင်ပါ။ နောက်ဆုံးတစ်နေ့ အစ်ကိုရင်းဖြစ်တဲ့ မိုးသစ်ကို ထားလိုက်ဦး၊ ကိုရင်နှင့် ကိုရင့်မိန်းမ ကိုတော့ ဤပြဿနာ မရိုက်ခတ်စေလို။

ကိုရင့်မိန်းမနဲ့ဆို သူနဲ့တောင် သိပ်ရင်းနှီးလှတာ မဟုတ်။ မမစောနဲ့ ဆိုလည်း ဆုံဖူးကြ မြင်ဖူးကြ နှုတ်ဆက်ဖူး ကြတာလောက်ထက်မပို။ ဒါကို ဒီလိုပြဿနာကြီး သွားဖွင့်ချ မယ်ဆိုတော့ ကောင်းနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"အေး … နင် အဲသလောက် မလုပ်စေချင်လေ၊ ငါက ဝမ်းသာအားရ ပိုလုပ်လေပဲ မိုးသွန်းရေ၊ နဂိုကတည်းကို က နင်တို့ အဲဒီလူနဲ့ ပေါင်းနေတာကို ငါမကြိုက်ခဲ့တာ၊ သူ့အဆင့်နဲ့သူမို့ ဘာမှမပြောချင်လို့ ကြည့်နေတာ၊ ရုပ်ကိုက လူလည်လူရှုပ်ရုပ်၊ မိန်းမကျမ်းကြေတဲ့ရုပ်၊ မုန်းစရာကောင်းတဲ့ရုပ်ကြီး၊ ငါ အဲသလိုသွားပြောလို့ မိုးသွန်းမိန်းမ မိုက်ရိုင်းတယ်ဆိုပြီး ဒေါကန်ကြရင်လည်း ပိုတောင်ကောင်းသေးတာ၊ နင့်ပါရောပြီး မပေါင်းတော့ဘဲ ခွာလိုက်ကြရင် ဒီထက်ကို ကောင်းသေးတာ၊ ပြောဖြစ်အောင်ကို ပြောမှာ"

"မမစောကို တောင်းပန်နေတာနော်၊ ခင်ဗျားသွားပြောလို့ ကတော့ ကျွန်တော် လုံးဝခွင့်မလွှတ်ဘူး"

"အမယ်လေး … ဟား ဟား … နင်က ခွင့်မလွှတ်ဘူး ဟုတ်လား၊ အေး … ငါကလည်း နင့်ကို ခွင့်မလွှတ်ပါဘူး မိုးသွန်းရဲ့၊ နင်အခု ကားပေါ်မှာ ကားမောင်းပြီး ဘယ်သွားနေတာလဲ၊ အိမ်ပြန်နေတာလား … ဟုတ်လား၊ တစ်ခွန်းတည်း ရှင်းရှင်းပြောလိုက်မယ်၊ နင် အိမ်ပေါ်လုံးဝပြန်တက် မလာနဲ့၊ နင် ညက အိပ်တဲ့နေရာမှာပဲ တစ်သက်လုံးအိပ် လိုက်တော့၊ ပြန်လာတာနဲ့ သေဖို့ပြင် …

နင် ငါ့ကို ရီးတီးယားတား မမှတ်နဲ့နော်၊ ပြန်ရဲပြန် လာကြည့်၊ ငါက အိမ်ဝကနေ ဓားနဲ့စောင့်နေမှာ၊ နင် ဖွတ်ဝင်လာတာနဲ့ခုတ်မှာ၊ တကယ် မလုပ်ဘူး မထင်လေ





နဲ့၊ မလုပ်ရဲဘူး ထင်ရင်တော့ လာကြည့်လေ၊ အရှက်မရှိရင် အိမ်ပေါ်တက်ကြည့်လေ၊ ငါ့မျက်စိရှေ့အောက် နင် ရောက်တာနဲ့ နင် သေဖို့ပြင် မိုးသွန်း"

"တောက်"

မိုးသွန်းက တောက်တစ်ချက်ခေါက်ကာ ဖုန်းကို ဘေးခုံပေါ် ပစ်ပေါက်တင်လိုက်ပါသည်။ ခေါင်းတွေ ထိုးကိုက်လာသည်။ ဘာတွေ ဖြစ်ကုန်တာလဲကွာ။ လိမ်တော့ လိမ်မိပေမယ့် ဘာမှလဲ ဆိုးဆိုးရွားရွား မဟုတ်တရုတ် မလုပ်ရဘဲနဲ့ …တောက်။ စိတ်လည်းတို၊ ဝမ်းလည်းနည်း၊ ငိုတောင် ငိုချင်လာကာ မိုးသွန်းက ဖုန်းကို ပြန်ကောက်ယူပြီး နံပါတ်တစ်ခုနှိပ်ကာ ခေါ်လိုက်ပါသည်။

ခေါင်းတွေမူး စိတ်တွေရှုပ် ဘာဆက်လုပ်ရမှန်းကို မသိတော့တာ။



www.burmeseclassic.com

www.burmeseclassic.com

မိုးသစ် …။

"ဒက်ဒီ … ဒီနေ့ညရော ဟိုးအဝေးကြီး ခရီးသွားရမှာလား"

"မသွားရဘူးကွ သားရ၊ အခု ဒက်ဒီ ပြန်ရောက်လာတာလေ"

မိုးသစ်က ခေါင်းတွေကိုက်ကာ နားထင်ကို လက်မတစ်ဖက်နှင့် နှိပ်ရင်း နှိပ်ရင်းက ကားမောင်းနေလျက်သားကြီး စကားကို ဖြေသည်။ မနေ့ညကသောက်တာ တအားများသွား၍ လူက အတော်ထိနေသည်။ အိပ်ရာနိုးကတည်းက လူက နေထိုင်မကောင်း။ မပေါ့ပါး မလန်းဆန်း။ ဒီလိုအချိန်မှာ ကိုယ့်အိမ်က ကိုယ့်အိပ်ရာဆီပဲ ကိုယ်ပြန်ချင်ကာ ဇနီးသည်လုပ်ပေးမည့် စွပ်ပြုတ်ပူပူတစ်ခွက်သောက်ပြီး တစ်ရေးနှပ်လိုက်ချင်စိတ်သာ ကြီးစိုးနေသည်။

အရင်စိတ်ကူးကတော့ ဒီတစ်ညပါ ထွက်ပျော်ဖြစ်ကြဦးမည်ဆိုလျှင် နေပြည်တော်က ပြန်လို့မရသေးဘူးလို့ အိမ်က





မိန်းမကို ဖုန်းဆက်အကြောင်းကြားကာ နောက်တစ်ည ဆက်ထွက်ဦးဖို့ အစီအစဉ်ပင်။ ဒါပေမဲ့ လူက အတော် မအီမသာဖြစ်နေ၍ ဒီညလည်း အိပ်ရေးပျက်ခံ မထွက်ချင် မသောက်ချင်တော့။

ကိုရင်က ပြန်သွားပုံရပြီမို့ မိုးသစ်က ရေမိုးချိုးပြီး မနိုးသေးတဲ့ မိုးသွန်း အခန်းထဲကမှန်မှာ စာကပ်ခဲ့ပြီး ကိုရင့်ကွန်ဒိုခန်းက ပြန်လာခဲ့တာဖြစ်သည်။ လမ်းကနေပဲ သက်လျှာထံ ဖုန်းဆက်လိုက်ပါသည်။

"သက်လျှာရေ … ကိုယ် ပြန်လာနေပြီ သိလား၊ သားကြီးကိုပါ သူ့ကျောင်းက ဝင်ကြိုခဲ့မယ်၊ ကျောင်းကားကို အပ်မိအောင် သွားကြိုလိုက်မယ်"

"ဟုတ်လား ကိုကို၊ အလုပ်ကိစ္စတွေ ပြတ်ပြီလား"

"ပြတ်ပြီဆိုပါတော့၊ ထပ်သွားဖို့လိုရင် နောက်တစ်ပတ်မှ ပြန်ပြီးထပ်သွားတော့မယ်၊ လူက အရမ်းပင်ပန်းပြီး ဖလက်ပြနေပြီ၊ ကိုယ့်ဖို့ ဆု(ပ်)လေး တစ်ခုခု စီစဉ်ပေးထားပါ သက်လျှာရယ်၊ ပြန်ရောက်တာနဲ့ ဆု(ပ်)လေးသောက်ပြီး ကိုယ် ခဏ အိပ်တော့မယ်"

"ဟုတ်ကဲ့ ကိုကို၊ လုပ်ထားလိုက်မယ်"

ဒါကြောင့် မိုးသစ်က သားကြီးကို သူ့မူကြိုက ဝင်ကြိုလာခဲ့ပါသည်။ များသောအားဖြင့်တော့ မူကြိုကျောင်းက စီစဉ်ပေးတဲ့ ပရိုက်ဗိတ်ကျောင်းကြိုယာဉ်နှင့် သားကြီးလိုက်ပါတာ



www.burmeseclassic.com

www.burmeseclassic.com



များပေမယ့် ရဲဖန်ရဲခါဆိုသလို နေ့လယ်နှစ်နာရီ ဆင်းချိန်တွေမှာ မိုးသစ်က အားလျှင်အားသလို သားကြီးကို သွားကြိုသည်။ ခုလည်းပဲ အိမ်ပြန် အနားယူချင်လှပြီပေမယ့် မနေ့ညက မိန်းမကို လှည့်စားထားတဲ့ ကိုယ်သာသိတဲ့ အပြစ်အတွက် ထေမိလိုထေမြား ကိုယ့်အတွေးနဲ့ ကိုယ့်ဘာသာကိုယ် နှစ်သိမ့်ရင်း သားကို ဝင်ကြိုခဲ့တာ ဖြစ်ပါသည်။

"ဒက်ဒီ ... သားကို ခရေယွန် ဝယ်ပေးပါ"

"ခရေယွန်"

"ပုံဆွဲဖို့လေ ဒက်ဒီရဲ့ ရောင်စုံခရေယွန်တွေလေ၊ အခုဝယ်ပေးပါလား"

"အခုတော့ ဒက်ဒီ ပင်ပန်းလာတယ်ကွာ၊ ညကျမှ စစ်တီးမှာတ်သွားပြီး ဒက်ဒီ ဝယ်ပေးမယ်နော်"

"တကယ်နော် ... ညကျရင်"

"အေး ... အေးပါကွာ"

"အများကြီးပါတာ ဝယ်ပေးနော်၊ နောင်နောင့်လို ဘူးသေးသေးလေး မလိုချင်ဘူး၊ ဂျက်ဆီဟာလို အကြီးကြီးလိုချင်တယ် ဒက်ဒီ"

"အေး ... အေး ... အကြီးကြီး ဝယ်ပေးမယ်"

"တူတူ ... တူတူ ... တူတူ ..."

"ဒက်ဒီ ဖုန်းလာနေတယ်"





"အေး ... အေး"

မိုးသစ်က ကားရှေ့ဒက်ရှ်ဘုတ် တစ်နေရာမှာ ချိတ်ဆွဲထားသည့် ဖုန်းထည့်ခွက်ကလေးထဲမှ ဖုန်းကို လမ်းယူကြည့်လိုက်သည်။ ဟိုကောင် မိုးသွန်း။ နိုးပြီပေါ့။

"ဟယ်လို ... ဟော့ကောင်"

မိုးသစ်က ထူးလိုက်ပါသည်။

"ကိုကို ... သွားပြီ ... သွားပြီ ... ပြဿနာတက်ပြီ"

"ဟော့ကောင် ... ဘာဖြစ်တာလဲ"

"အကြီးအကျယ် ပြဿနာတက်ပြီဗျ"

"ဘာပြဿနာလဲ၊ မင်း ဘယ်မှာလဲ၊ ခုမှ နိုးတာလား"

"အခု လမ်းပေါ်ရောက်နေပြီ၊ ကိုကို ဘယ်မှာလဲ"

"ငါ ဖြိုးကို ဝင်ကြိုပြီး အိမ်ပြန်နေပြီ"

"အိမ်ပြန်နေပြီ ! ၊ ကိုကိုက ကြိုလည်းမပြောဘူး၊ ဒီညဆက်ထွက်မယ် အိမ်ပြန်မယ် တစ်ခုခုတော့ ကျွန်တော့်ကိုနှိုးပြီး ပြောသွားပါဦးလား၊ အစိမ်းလိုက်ကြီး မပြောမဆိုပစ်ထားခဲ့ပြီး အိမ်ပြန်တယ်ပေါ့ ... ဟုတ်လား ... ကျွတ်"

"ဟော့ကောင် ... မင်းကိုနှိုးဖို့ ... ဟုတ်လား၊ မင်း အိပ်နေတာလား သေနေတာလားတောင် မနည်းကြည့်ရတယ်၊ တုတ်တုတ်မှ မလှုပ်တဲ့ဟာကို၊ မင်းအခန်းမှန်မှာ စာကပ်ထားတယ်လေ၊ ငါ အိမ်ပြန်ပြီ၊ မင်းလည်းပြန်တော့ဆိုတာ၊ မင်း မျက်နှာသစ်ပြီး မှန်ကြည့်ရင် တွေ့မှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မှန်ကြည့်ဖြစ်ဖို့ နေနေသာသာ ... ကျွတ်၊ သေတောင် သေချင်တယ်၊ တကယ့်ကို သေချင်တာ"

"ဘာဖြစ်လို့လဲ ဟေ့ကောင်"

"မမစော သိသွားပြီဗျ"

"ဘာ ...၊ ဘာသိသွားတာလဲ"

"ကျွန်တော်တို့ မနေ့က နေပြည်တော်လည်း မသွားဘူး၊ ရန်ကုန်မှာပဲ ရှိတယ်ဆိုတာ"

"ဟာ ... သူက ဘယ်လိုသိရတာလဲ၊ မင်း ဘယ်လိုတွေ ပြောလိုက်လို့လဲ"

"ကျွန်တော်က ဘာပြောရမှာလဲ၊ သူ့ဆီက ဖုန်းလာတာ၊ ဖုန်းကိုင်တာနဲ့ ပွဲက ဟိုမှာကြမ်းနေပြီ၊ ဘယ်လိုသိသွားလဲ မသိဘူး၊ '……'ကလပ်ဘ်သွားတာတောင် သိနေတယ်၊ ဓာတ်ပုံတွေတောင် ရထားတယ်တဲ့"

"ဘာ ..."

"အဲဒီမှာ တစ်ယောက်ယောက်က တွေ့သွားလို့ နေမှာပေါ့"

"ဟာ ... တောက် ... ဘယ်ကောင်က ဓာတ်ပုံပါရိုက်ပြီး သွားချွန်တာလဲ၊ သောက်ပြဿနာပဲ"

"ဒက်ဒီ ..."

"………"





"သောက်ပြဿနာ ဆိုတာ ဆဲတာမဟုတ်လား၊ မဆဲရဘူးလို့ ဒက်ဒီနဲ့ မာမိပဲ ပြောထားတယ်လေ ဒက်ဒီ"

"သားကြီး ... နေစမ်း၊ ပါးစပ်ပိတ်ထား၊ ဒက်ဒီ အရေးကြီးနေတယ်"

"ဘယ်ကောင်ချွန်လဲက အရေးမကြီးဘူး၊အခု မမစော သိသွားတာက အရေးကြီးတာ ကိုကိုရ၊ ဘယ်လိုလုပ်ကြမလဲ"

"ဟ ... သူ အတိအကျသိနေတာ သေချာရင်တော့ ဘာတတ်နိုင်မှာလဲ၊ မင်း ဖင်ထောင်ပြီး တောင်းပန်လိုက်တော့ပေါ့၊ ဒါပဲ ရှိတာပဲ"

"မရတော့ဘူးဗျ၊ ပြဿနာက ကြီးနေပြီ၊ ကျွန်တော်က သူ မေးကာစက ပိပိရိရိ မှင်သေသေ ဆက်လိမ်နေသေးတာ၊ သူ အရမ်းတင်းနေပြီ"

"တင်းနေလည်း ဘာတတ်နိုင်တော့မှာလဲ၊ ငါ့ဆီ အဲဒါဖုန်းဆက်ပြောတော့ ငါလည်း ဘာတတ်နိုင်မှာလဲ၊ မင်းဘာသာကြည့်ကျက် ကောင်းပန် ဖြေရှင်းတော့ပေါ့ကွ"

"မရတော့ဘူးဗျ"

"မရဘူးဆိုတာ ရှိလားကွာ၊ လင်နဲ့မယားပဲ၊ ရအောင်ပြောပေါ့၊ သူ ကျေနပ်အောင် ချော့ပေါ့၊ အဲဒါပြောတာပေါ့၊ မင်းလေဒီက ပန်ကာပေါ်က ဝက်အူမကြီးပါလို့ ငါမပြောဘူးလား အစောကြီးကတည်းက၊ ဒါကြီးကိုပဲ အဖန်နန်းခံ



www.burmeseclassic.com

www.burmeseclassic.com



အပေါက်ခံပြီး မင်းသွားကြိုက်တာ၊ သူ့အဆူခံ အဆဲခံပြီး မင်း လက်ထပ်ယူတာ၊ ပြီးမှ ချုပ်ချယ်လုပါချည်ရဲ့ ကျဉ်းကျပ်လုပါချည်ရဲ့နဲ့ လစ်ထွက်ချင် ခိုးထွက်ချင်ရတာ မင်းအပြင် နှစ်ယောက်မရှိဘူး၊ ငါ သတိပေးတယ်နော် ဟော့ကောင်၊ မင်း အိမ်မပိုင်ရင် ဂေါ်လီမလုပ်နဲ့လို့၊ မင်းပဲ ပိုင်ပါတယ်လေး ဘာလေးနဲ့၊ ငါနဲ့ ကိုရင်နဲ့ ဘာလုပ်လုပ် ပိပိရိရိ ဘာသံမှမထွက်တာ၊ မင်း ငါတို့နဲ့ကပ်ပါတာ ငါး ခါမပြည့်သေးဘူး၊ မင်းကြောင့် သောက်ပြဿနာက တက်ပြီ"

"ဒက်ဒီ ... မဆဲရဘူးလို့ဆိုနေ ..."

"အေးပါကွာ ... သားကြီးရာ၊ ငါ့ဘေးမှာ ဘုရားဒကာလေးက ပါသေးတယ်၊ မင်း အခုဘာလုပ်မှာလဲ မိုးသွန်း"

"ကိုကို့ဆီ လာမလို့"

"ဟာ ... ငါ့ဆီ ဘာလာလုပ်မှာလဲ မလာနဲ့လေ၊ မင်း ပြဿနာကို ငါ့အိမ် သယ်မလာနဲ့ ဟော့ကောင်၊ ကိုယ့်ပြဿနာကိုယ်ရှင်း၊ ကိုယ်ဖြစ်ကိုယ်ခံ"

"ဒါဖြင့် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"မင်းမိန်းမအိမ် မင်းပြန်ပြီး ဒူးဖက်တောင်းပန်ပေါ့ကွ၊ ငါ့လခွေးတဲ့ပဲ"

"ဒက်ဒီ ... ..."





"ဟော့ကောင် သားကြီး၊ မင်းက တစ်မျိုး၊ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်နေစမ်းပါကွာ၊ ဒက်ဒီ စိတ်တိုနေတယ်နော် ... သားကြီး တိတ်တိတ်နေ"

"အိမ်ပြန်လို့ မရဘူး၊ မမစောက အိမ်ပြန်မလာနဲ့တဲ့၊ အိမ်ပေါ်က နှင်ချလိုက်ပြီ၊ ဖွတ်တက်လာရင် ဓားနဲ့ဆီးခုတ်မယ်တဲ့"

"ကျွတ် ... ဟော့ကောင်၊ သူလား ဓားနဲ့ခုတ်ရဲမှာ၊ ခုတ်ရင် သူ့ ထောင်ကျမယ့်ကိစ္စကို ခင်မမစောလို မိန်းမလည်ကြီးက လုပ်ပါ့မလား၊ မခုတ်ပါဘူးကွာ၊ ကိုယ့်အိမ်ကိုယ်ပြန်စမ်းပါ"

"မပြန်ဘူးဗျာ၊ ကိုကို့ဆီ လာမရရင် ကိုရင့်ဆီ သော့သွားပြန်တောင်းပြီး ဟိုအခန်းပဲ ပြန်နေတော့မယ်၊ ကိုကို ပိုက်ဆံချေး"

"ဟော့ကောင် ... မင်းက သေးတဲ့အမှု ကြီးအောင်လုပ်ပြန်ပြီ၊ မင်း တကယ် ကိုရင့်အိမ် သွားတက်နေရင် ခင်မမစော ပိုဒေါကန်မှာပေါ့၊ တကယ်ဆင်းလို့ ဘယ်ဖြစ်မလဲ"

"ဟာ ... ကိုကိုကလည်း၊ ကိုကို ဆိုရင်ရော ကိုယ့်မိန်းမက နှစ်ပြားမတန်ပြောပြီး ပြန်မလာနဲ့ပြောရင် အရှက်မရှိ မျက်နှာပြောင်နဲ့ အတင်းတောင်းပန်မလား စဉ်းစားပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသွန်းစကားကြောင့် မိုးသစ်က ခဏတော့တွေဝေသည်။ ဟုတ်တော့ ဟုတ်တယ်၊ သို့သော် ...။

"ဒီမှာ မိုးသွန်း၊ ငါက ငါ့မိန်းမကို ဘယ်တုန်းကမှ ငုံ့ခံတဲ့ကောင်မဟုတ်လို့၊ အောက်စည်းကနေတဲ့ကောင် မဟုတ်လို့၊ ငါ ဘယ်လိုဖြေရှင်းမယ်ဆိုတာကို မင်းက အတုခိုးလို့မရဘူး၊ မင်းက တစ်ချိန်လုံး အောက်စည်းကကောင်လေ၊ တစ်သက်လုံး ငုံ့ခံပြီးမှ ခုမှ မာနတွေ ထားမနေပါနဲ့"

"မရဘူးဗျာ၊ ကျွန်တော်လည်း ဒေါသရှိတာပဲ၊ တင်းတတ်တာပဲ၊ ဘာလို့ မာနမထားရမှာလဲ၊ ကျွန်တော့်ကို ပိုးစိုးပက်စက် ပြောထားတာ၊ ပြီးတော့ ကျွန်တော် သူ့ကို အရမ်းဒေါသဖြစ်နေတယ်"

"ဟော့ကောင် ... ခေါင်းအေးအေးလည်းထားဦး၊ ဒေါသဖြစ်ရမှာက သူကွ၊ ဒီအဖြစ်အပျက်မှာ မင်းက သူ့ကို ဘာကိစ္စနဲ့ ဒေါသထွက်စရာ ရှိလို့လဲ"

"သူက အခု ခြိမ်းခြောက်ပြီး ပတ်ရမ်းတော့မှာလေ"

"ဘယ်လိုပတ်ရမ်းမှာလဲ"

"သက်လျာအေးဆီလည်း သူ လှမ်းပြောမှာတဲ့၊ ကိုရင့်မိန်းမကိုလည်း ... ဟို ... ..."

"ဘာ ..."

"........."





"ဘာ ...၊ ဟော့ကောင် ... ပြန်ပြောစမ်း၊ မင်းမိန်းမ ဘာလုပ်မယ်"

"သက်လျာကို လှမ်းပြောမယ်တဲ့"

"ဟာ ... မင်းတို့ချင်းပြဿနာ မင်းတို့ကြားထဲတက်ပေါ့၊ သက်လျာကို ဘာလို့လှမ်းပြောရမှာလဲ၊ ခင်မမစောတော်တော်အကျင့်ယုတ်ပါလား၊ သူများ လင်မယားကြားထဲကတုန်းကတိုက် ဝင်သွေးခွဲဦးမယ်၊ အကြံပက်စက်လှချည်လား"

"အဲဒါကြောင့် ပြောနေတာပေါ့ဗျ၊ ကိုကို့ကိုရော·ကိုရင့်ကိုရော သူက ပြဿနာတက်အောင် မွှေမှာ၊ မမစောကတကယ်လုပ်မှာဗျ၊ ကျွန်တော် အဲဒါကို အရမ်းဒေါကန်နေတာ ကိုကိုသိရဲ့လား၊ ကိုကို အခု အိမ်ပြန်ရောက်ရင်လည်း အိမ်ကနေ သက်လျာအေးက ပြဿနာနဲ့ စောင့်ကြိုနေမှာပဲ"

"တောက်"

မိုးသစ်သည် စိတ်အရှုပ်ကြီး ရှုပ်သွားပြီး ...

"အဲဒါကြောင့် မင်းကို မခေါ်ချင်တာပေါ့၊ မင်း အလကားကောင်ပဲ၊ မင်း ပါလာလို့ ဒီပြဿနာတက်တာ"

"ကျွန်တော် ဘာမှ လုပ်တာမှ မဟုတ်တာ၊ တွေ့တဲ့သူက"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ...၊ ဘယ်သူ တွေ့ပါတယ်ပြောပြော၊ မင်း မျက်စိမှိတ်ပြီး စုံကန်ငြင်းပါလား၊ အခု မင်းက ဝန်ခံလိုက်တော့ ငါကရော အိမ်ကျ ဘယ်လို လိမ့်ရတော့မလဲ၊ တောက် ... မင်းကွာ၊ သောက်သုံးကို မကျဘူး၊ သောက်ဖျင်းကွာ"

"ဒက်ဒီ ... ဒက်ဒီ"

"မင်းနည်းနည်းမှ အသုံးမကျဘူး၊ နေပြည်တော် မသွားပါဘူးဆိုတာ မင်းက အခိုင်အမာ ဝန်ခံလိုက်ပြီဆိုတော့ ငါက ဘာဆက်ပြောလို့ ရတော့မှာလဲ၊ ဟာကွာ၊ ဒေါသဖြစ်လာပြီ တကယ်ပဲ၊ ဒီမှာ ဟေ့ကောင်၊ မင်းဘာသာမင်းညက ကြုံရာလူနဲ့ ကလပ်ဘ်သွားတယ်ပဲ၊ ငါမပါဘူးကြားလား၊ ငါက နေပြည်တော် တကယ်သွားတာ၊ မင်းက မင်းဘာသာ ကဲချင်လို့သွားတာကို ငါ ခရီးသွားတာနဲ့ ရောချပြောတာ၊ ဒါပဲ ... အဲဒီအတိုင်းပြော၊ မင်းအညံ့မင်းခံ၊ ငါ့ဆွဲမထည့်နဲ့ ... ကြားလား"

"မရဘူးဗျ ... ကိုကိုရ"

"ဘာလို့ မရရမှာလဲ"

"မမစော ရထားတဲ့ ဓာတ်ပုံတွေထဲမှာ ကိုကို့ပုံရော၊ ကိုရင့်ပုံရော ပါတယ်၊ ကိုကိုဆိုရင် မင်းသမီး'……'နဲ့ တွဲကနေတဲ့ပုံတောင် ပါတယ်တဲ့၊ ကိုကို ဘယ်လိုလုပ် မျက်စိမှိတ် ငြင်းမှာလဲ"





"ဟား ... သေစမ်းကွာ ... သေစမ်းကွာ"

မိုးသစ်သည် တကယ်ကို သေချင်စော်နံသွားရပါသည်။ သူက မိုးသွန်းလို မိန်းမကို ကြောက်နေရတဲ့သူ မဟုတ်။ ကိုယ့်အဟန့်ကလေးနဲ့ ကိုယ်နေတာလေ။ သက်လျာအေးကလည်း ခင်မမစောလို ဘောလောဂျမ်းဒေါ်မ မဟုတ်ဘူးလေ။ ကိုယ်က မီးခပ်သေသေ ထားနိုင်လွန်းလို့ သဝန်တိုချင်တတ်လွန်းတဲ့ သက်လျာအေး ဘာမှ သိပ်ပြဿနာမရှာရဲတာ။ ကိုယ်ကလည်း မိုးသွန်းလိုမဟုတ်၊ ကိုယ့်မှင်ကလေးနဲ့ ကိုယ်နေတာ။

ခုနထိတောင် ဖုန်းထဲကနေ မိန်းမကို စွပ်ပြုတ်ပြုတ်ထားဖို့ လှမ်းမှာနေလိုက်သေးသည်မှာ အထက်စီးစီးလေးက။ ယောက်ျား အလုပ်ပင်ပန်းလာတယ်ပေါ့လေ။ မိနစ်ပိုင်းအတွင်း ဟိုမိန်းမ ခင်မမစော ကုန်းတိုက်မှုကြောင့် ကိုယ့်အနေအထားက အောက်စည်းရောက်သွားတော့မှာ ... တောက်။

သက်လျာအေးက ခင်မမစောလို မဟုတ်။ အိမ်ထောင်တစ်ခုမှာ သူက လွှမ်းမိုးအုပ်ချုပ်လိုမှုမျိုး တစိက်လေးမှမရှိ။ နာခံသူ ပါရမီဖြည့်ဖက်လေးလိုသာ နေတတ်သူပါ။ သို့ပေမဲ့ ခင်မမစောထက် အဆတစ်ရာ သာသည့်အချက်က မိန်းကလေးကိစ္စနှင့် ပတ်သက်လျှင် ပူပူပြင်းပြင်း သဝန်တိုတတ်တာ။



www.burmeseclassic.com

www.burmeseclassic.com

သက်လျှာအေး ...။

"ကိုကိုက နေပြည်တော် သွားတာပါ မမစောရဲ့"

"အြော် ... စိတ်များညစ်ပါဘိ သက်လျှာရယ်၊ ဒီလောက် တရှည်တလျား ပြောပြလာပြီးမှ နေပြည်တော်သွားတယ် ပဲ ခံပြင်းနေတုန်းကိုး၊ သူတို့ညီအစ်ကို ဒီနေ့တောင် ပြန် လာချင်မှ ပြန်လာဦးမှာပါဆို"

"မဟုတ်ဘူး ... မမစောရဲ့"

သက်လျှာက မီးဖိုပေါ်က ဆု(ပ်)အိုးကို တစ်ချက် မွှေလိုက်ရင်း ...

"သေသေချာချာ ဆူပွက်လာရင် မီးပိတ်ထားလိုက်တော့ မဝင်းရေ၊ ကိုကို ပြန်ရောက်မှ ပူအောင်တစ်ချက် ပြန်နွေး မယ်"

သူ့ယောကျ်ားရဲ့အလိမ်ဇာတ်လမ်းကို ပြောပြနေပါ တယ်ဆိုမှ ယောကျ်ားပြန်လာရင် သောက်ဖို့ ဆု(ပ်)ကို စီမံနေသေးတဲ့ သက်လျှာကို ခင်မမစောက စိတ်ကမရှည်နိုင်အောင် ဖြစ်လာရပါ သည်။





"မနေ့ညက သူတို့ တော်တော်ပင်ပန်းတယ် ပြောတယ် မမစော၊ အလုပ်ကိစ္စတွေနဲ့ စားကြသောက်ကြတာရော၊ အလုပ်တွေ လုပ်ရတာရော အိပ်ရေးပျက်တယ်တဲ့"

"အဲဒီ အိပ်ရေးပျက်တာကိုပဲ ပြောနေတာ၊ ဘယ်ကအလုပ် တွေ လုပ်နေရမှာလဲ၊ စားတာသောက်တာကတော့ ဟုတ် မှာပေါ့၊ မူးရူးနေကြမှာ သေချာတယ်"

"အြော် ... မမစောရယ်၊ တစ်ခါတလေတော့လည်း သူ တို့သောက်ကြရတိုင်း အပျော်သောက်တာတော့ မဟုတ်ဘူး မမစောရဲ့၊ အလုပ်ကိစ္စအတွက်နဲ့ မသောက်ချင်ဘဲလည်း သောက်ရတာ ရှိတာပဲ"

"အဲဒါ ရှင့်ယောကျ်ား ကိုမိုးသစ်ရဲ့စကားပဲ မဟုတ်လား သက်လျှာ"

"သူ ပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တကယ်လည်း ဟုတ်တယ်လေ၊ တစ်ခါတလေများ ကိုကိုက အိမ်ရောက် ရင် သောက်လာတာတွေ လက်ထိုးအန်ပစ်တာ"

"အရင်ကဟာတွေကို မမ ဘာမှ မပြောလိုတော့ဘူး သက်လျှာ၊ အခုက ညကကိစ္စတစ်ခုကိုပဲ ပြောနေတာ၊ သူတို့ နေပြည်တော်ကို မသွားတာ၊ ရန်ကုန်မှာပဲရှိတာ၊ နိုက်ကလပ်ဘ်နှစ်ခုတောင် ကူးကြတာ"

"ဟုတ်လို့လား မမစောရယ်၊ မှားနေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမှားပါဘူးဆို၊ ဒီညတောင် ပြန်ချင်မှ ပြန်ကြဖို့ စီစဉ်ထားကြတာ၊ ဆက်ကဲချင်သေးရင် သူတို့က နေပြည်တော်မှာ အလုပ်ကိစ္စမပြီးဘူးလို့ လုပ်ကြဦးမှာ"

"မဟုတ်ပါဘူး၊ ကိုကိုက အလုပ်ပြီးလို့ ပြန်လာပြီလို့တောင် ဖုန်းဆက်ပြီးပါပြီ မမစောရဲ့"

"ဟင် ... ဘယ်တုန်းကလဲ"

"ခုနပဲလေ၊ ဖြိုးကိုတောင် ဝင်ကြိုလာမယ်တဲ့၊ ခုဆိုကြိုပြီး ရောပေါ့"

"ဩော် ... သူက ပြန်တောင်လာနေပြီလား"

"ဟုတ်တယ် မမစောရဲ့၊ မမစောကို ဘယ်သူပြောတာလဲ၊ နောက်တာလား၊ တမင်တကာ လင်မယား ရန်ဖြစ်အောင်တော့ မနောက်သင့်ပါဘူး၊ ပြောတဲ့သူကလည်း"

"ပြောတဲ့လူရဲ့စကားပဲ မဟုတ်ဘူး သက်လျှာ၊ မိုးသွန်းကို မမ ဖုန်းဆက်ကောပြီးပြီ၊ သူကလည်း ဝန်မခံလို့ မရတော့ ဝန်ခံပြီးပြီ၊ ဝန်သာခံလိုက်ရတယ် ရှက်ရမ်း,ရမ်းသွားသေးတာ၊ သေချာပါတယ် သက်လျှာရယ်"

"ဟင် ... ကိုမိုးသွန်းက ဝန်ခံတယ်"

"ဟုတ်ပါတယ်ဆိုနေမှ၊ သူတို့ညီအစ်ကို ခုတလော နေပြည်တော် အသွားစိတ်နေသမျှက အခေါက်တိုင်း နေပြည်တော်ကို အစစ်သွားတာ မဟုတ်ဘူး၊ ခုလိုပဲ ကမြင်းကြောထဖို့ လစ်ထွက်နေကြတာဖြစ်မှာ"





"ကိုမိုးသွန်းကလည်း ဒုက္ခပါပဲ၊ ဒါဆို ကိုမိုးသွန်းက ကိုကိုနဲ့ နေပြည်တော်ကို တကယ်ပါမသွားဘူးပေါ့"

"ကျွတ်"

စိတ်များနှယ် ညစ်ရလေခြင်း။ လင်ကို မျက်စိမှိတ် ယုံချင်လွန်းလှတဲ့ သက်လျှာအေးကြောင့်လည်း ခက်ပါသေးသည်။ ဟိုလူကလည်း ဘယ်လောက်တောင်များ ပိပိရိရိ အပြောကောင်းသလဲ မသိပါ။ မိုးသွန်းသာ လိမ်ထွက်ချင်ထွက်၊ သူ့ယောက်ျားကတော့ တကယ် နေပြည်တော်သွားတာလို့ပဲ စိတ်ချနေတော့ ခက်လှသည်။

"ဘယ်သူမှကို နေပြည်တော် မသွားတာ၊ ကဲ ... သက်လျှာကလည်း သိပ်ပြောရခက်တာပဲ၊ မမက အလကားနေရင်း သက်လျှာတို့လင်မယားကြား မဟုတ်ဘဲ ကုန်းတိုက်ပါ့မလား၊ ဟုတ်လို့ မှန်လို့ မခံချင်လွန်းလို့ သက်လျှာလည်း ကိုယ်အလိမ်ခံနေရတာဆိုတာ သိသင့်တယ်ထင်လို့ လှမ်းပြောတာ၊ လုံးဝသေချာတယ်၊ မိုးသွန်းကိုဆို အိမ်ပေါ်ပြန်တက်မလာနဲ့လို့ကို နှင်ချပစ်လိုက်ပြီ"

"ဟင် ... နေပါဦး မမစောရဲ့၊ ကိုမိုးသွန်း တကယ်လိမ်ထွက်တယ် ထားပါဦး၊ ကိုကိုက တကယ်မသွားဘူးလို့ မမစော ဘယ်လိုသေချာလဲ"

"တွေ့တဲ့သူက တွေ့ခဲ့ပြီ"

"တွေ့တဲ့သူက သေချာလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သက်လျာ၊ ရှင့်ဖုန်းမှာ Viber ဖွင့်ထားတယ် မဟုတ်လား၊ ခုချက်ချင်း ဓာတ်ပုံတစ်ပုံ ပို့လိုက်မယ်၊ စိတ်ဝင်စားမှပဲ ဖုန်းပြန်ခေါ်တော့ ... ဒါပဲ၊ ဆက်မပြောတော့ဘူး တော်ပြီ"

ခင်မမစောက ဖုန်းကိုချပစ်လိုက်ပြီး သူ့ဖုန်းထဲကိုပါ သွင်းယူထားပြီးဖြစ်တဲ့ ပုံတချို့ထဲက မိုးသစ်တစ်ယောက် မင်းသမီး အနုအငယ်လေး'.......'နှင့် မျက်နှာချင်းဆိုင် တွဲကနေတဲ့ ဓာတ်ပုံကိုရွေးကာ သက်လျာအေး ဖုန်းထဲသို့ Viber မှတစ်ဆင့်ပို့လွှတ်လိုက်ပါသည်။

ပြီးရော ... ကဲ။ ယုံတာ မယုံတာ နင့်သဘော သက်လျာရေ။ ယောကျ်ားကို ယုံတာလည်း ကြည့်ယုံပေါ့။ ပြောသမျှ နလပိန်းတုံးလို လိမ့်ယုံနေရင်တော့လည်း သူ့ထိုက်နှင့် သူ့ကံလို့သာ။

"တူတူ ... တူတူ"

ချက်ချင်းမြည်လာတဲ့ သက်လျာထံက အဝင်ဖုန်းကို ခင်မမစောကလည်း ချက်ချင်းပဲ ဖွင့်နားထောင်လိုက်ပါသည်။

"မမစော"

"ပြော"

"အဲ ... အဲဒါ ... အဲဒါ ... ဟို ... မင်းသမီးမော်ဒယ်လ် မဟုတ်လား"

"ဟုတ်တယ်လေ"





"ဟင် ... ဒီ ... ဒီ ... ဒီပုံ ဘယ်ကရတာလဲ၊ ဘယ်တုန်းကပုံလဲ"

"ရော် ... ခုထိ ဘယ်တုန်းကပုံလဲတဲ့၊ ညက ... ညက၊ ညက ရိုက်လာတဲ့သူ တစ်ယောက်ဆီက ယူထားတာ သိပြီလား၊ အဲဒါ'.......'ကလပ်ဘ်မှာ"

သက်လျာအေးအသံဟာ ပထမပိုင်းတုန်းကနှင့်မတူ ဆတ်ဆတ်တုန် လှိုက်လှိုက်ခါနေသည်။ ကတုန်ကယင်နှင့် ဒေါသရှယ် ဝမ်းနည်းမှု မခံချင်မှုတွေရယ်ပါ ပေါင်းစပ် ပူလောင်နေသည်။

"တ ... တကယ်ပေါ့နော်"

"တကယ်ပြောနေတာ၊ သူတို့သုံးယောက်ကို လူတိုင်းမြင်တယ်"

"နောက်တစ်ယောက်က ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ၊ ဟို ... ကိုရင် ... ကိုရင် ... ဆိုတဲ့ ဗညားရင်ပေါ့"

"ဒါ ... ဒါဖြင့် သူတို့ ညက အိမ်ပြန်မအိပ်ဘဲ ဘယ်မှာ အိပ်ကြတာလဲ"

"အဲဒါတော့ ကိုယ့်ယောကျ်ားကိုယ် မေးကြည့်တော့ပေါ့ သက်လျာရယ်၊ တို့က ဒီလောက်ထိအောင်တောင် သတင်းပေးပြီးပြီပဲဟာ၊ မိုးသွန်းကိုတော့ မေးနေတာ ဘူးခံငြင်းပြီး လုံးဝမပြောဘူးလေ၊ ဘယ်သွားအိပ်ကြမှန်းကို မသိတာ"



www.burmeseclassic.com

www.burmeseclassic.com



မသောက်သင့်၊ သောက်ဖို့အခွင့်အရေး ယူသင့်မယူသင့်တော့ ကိုယ့်ဘာသာ စဉ်းစားပေါ့ ကိုကိုရယ်"

"ကျွတ် ... ဘာတွေလဲကွ၊ မင်းဟာက"

ထိုအချိန်ခိုက်မှာပင် ...

"ဝူး ... ကျွိ ... ဒုံး"

ကားတစ်စင်း ပြင်းပြင်းဝင်လာသံ ဘရိတ်အုပ်ရပ်လိုက်သံ၊ ကားတံခါးကို ပြင်းပြင်းဆောင့်ပိတ်လိုက်သံတို့နှင့်အတူ...

"ကိုကို ... ကိုကို"

အိမ်ထဲပြေးလွှားဝင်လာသူကား မိုးသွန်း။ မိုးသစ်မျက်နှာက ရှုံ့မဲ့သွားကာ ...

"ဟေ့ကောင် ... မင်းက ငါ့ဆီ ဘာကိစ္စလဲ၊ ဘာလာလုပ်တာလဲ ငါ့အိမ်"

"ကိုကို့ဆီပဲ လာရတာပေါ့၊ ညစ်ပြီး သေချင်နေပြီဟာ"

မိုးသွန်းက သူ့ခြေထောက်က ဟာ့ဖ်ရှူးလေးကို ဖနောင့်ချင်းတိုက် ဖြုတ်ချွတ်ရင်း ဝင်လာကာ သက်လျာအေးကို အမြင်တွင် ခြေလှမ်းတွေက တိခနဲ ဒက်စဟော့ပ် အုပ်လိုက်သလို တုံ့သွားပါသည်။

"မသက်လျာ"

"ဩော် ... ကိုမိုးသွန်း ... အဟင်းဟင်း၊ ညီအစ်ကိုနှစ်ယောက် ပင်ပန်းလာကြပြီ ထင်တယ်"

"မသက်လျာ ... ခင်ဗျားဆီ မမစော ဖုန်းဆက်သေးလား"





ဘလိုင်းကြီး စစ်မြေပြင်ထဲ ပြေးဝင်နေတဲ့ မိုးသွန်းကို မိုးသစ်က စိတ်တိုတိုနှင့်ကြည့်ကာ ...

"ဟေ့ကောင် ... မင်းပါးစပ် ပိတ်ထားစမ်း၊ မင်း ဘာတွေလာပြောနေတာလဲ၊ အပိုစကားတွေ ပြောမနေနဲ့၊ ပြဿနာကောင်၊ တိတ်တိတ်နေစမ်း"

"ဟာ ... ကိုကိုကလည်း၊ မမစောက ..."

"ဟေ့ကောင် ... မင်းပါးစပ် ပိတ်ထားလို့ ပြောနေတာ"

"အဟင်းဟင်း ... ကိုမိုးသွန်း၊ တော်တော်သွေးပျက်နေပုံရတယ်၊ မမစောက ဖုန်းဆက်ပြီးပါပြီ၊ ရှင့်အစ်ကို အတုကိုခိုးပြီး သွေးအေးအေး ထားစမ်းပါ ကိုမိုးသွန်းရယ်၊ ရှင့်အစ်ကို ကြည့်ပါဦး၊ ဘာပဲလုပ်ထား လုပ်ထား၊ ဘာပဲဖြစ်ထား ဖြစ်ထား အနေအထားကို မပျက်ဘူး... ဟင်းဟင်း"

ရိနေပြီ။ ရိနေပြီ။ မိုးသစ်က လက်ထဲက သားရဲ့အိတ်တွေ ခြင်းတွေကို မလှမ်းမကမ်းက ဆိုဖာတွေဆီ ပစ်တင်လိုက်ရာ ခြင်းက ဖရိုဖရဲလဲပြီး ရေဘူးလေးက ကြမ်းပေါ်လိမ့်ကျကာ ကလိန် ... ကလိန် မြည်၍ လိမ့်နေလေသည်။ ဤသို့သော ကြမ်းတမ်းတဲ့ အပြုအမူမျိုးကို သက်လျာ မုန်းသည်။ ကိုယ်က မှားလို့ သူကကြမ်းလျှင် ရှိစေတော့။ သူကပဲ မကောင်းတာလုပ်၊ သူကပဲမှားပြီး သူကပဲ ကြမ်းပြနေတာကိုတော့ အတော်မုန်းတီးကာ ရင်ကလေး နိမ့်ချည်မြင့်ချည်ထအောင် ဒေါသလှိုင်းထန်လျက် မျက်ရည်ကပါ အော်တိုမက်တစ် လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာလို့ ရှုပ်ပ်လေသံမာပြီး ဝုန်းဒိုန်းကြဲနေရတာလဲ၊ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ၊ ငါ ပင်ပန်းလာတာလေ"

"အဲဒီ ပင်ပန်းလာရက်နဲ့ပဲ လမ်းက ဖုန်းဆက်တုန်းက အကောင်းလေ"

"အင်းလေ ... အခုတော့ မင်းက ဘာမှန်းမသိ အိမ်ဝက ဆီးပြီး ရိုသွဲ့သွဲ့ လုပ်နေတာကိုး၊ ဒီကောင်ကလည်း ဘာမှန်းမသိ ပြဿနာမီးလာမွှေးနေတယ်"

"အဲဒါ ပုလင်းတူဘူးဆို့၊ ကိုကို့ညီအရင်းကြီးလေ"

"ညီအရင်းလည်း ဒေါသဖြစ်အောင် လာလုပ်ရင် ဖြစ်မှာပဲ"

"ဘာကိုဒေါသဖြစ်နေတာလဲ၊ မမစော ဖုန်းဆက်လို့လား၊ မမစော ဖုန်းဆက်တာနဲ့ ကိုမိုးသွန်းကို ဒေါသဖြစ်စရာလား၊ အတူတူနဲ့ အနူနူ နှစ်ကိုယ့်တစ်စိတ် လုပ်ပြီးမှ သူ့ကိုပဲ ဒေါသဖြစ်ပြနေလို့ ရသလား"

"ကဲ ... သက်လျှာအေး၊ ပြောစရာရှိတာပြော ဝေ့မနေနဲ့၊ မင်း ပြောပြီးရင် ငါလည်း နားတော့မယ်"

"သက်လျှာ"လို့ မခေါ်ဘဲ "သက်လျှာအေး"လို့ နာမည်ပြည့် ခေါ်လိုက်တာ၊ မင်းနဲ့ငါ သုံးလိုက်တာဟာ စစ်ကြေညာလိုက်တာပင်။ သက်လျှာက ရင်ထဲ တရိရိ တနုံ့နုံ့နှင့် ဝမ်းနည်းဒေါသ တိုးကြွလာပါသည်။





"ဒါဆိုလည်း တည့်တည့်ပဲပြောမယ်၊ ကိုကို မနေ့ကဘယ်သွားတာလဲ၊ ကိုကို ညာတယ်၊ တစ်ညလုံး ပြန်မလာဘဲ ခုမှ ဘာလို့ ပြန်လာတာလဲ၊ ဘယ်သွားအိပ်နေလဲ"

မိုးသစ်က မိုးသွန်းကို ခပ်တင်းတင်း ကြည့်လိုက်၍ မိုးသွန်းက နှုတ်ကိုပိတ်ပြီး ဆက်တီတစ်ခုမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါသည်။

"ငါ ဘယ်သွားလဲ မင်းကို ပြောပြီးပြီလေ၊ မင်းက ဘာထင်နေလို့လဲ"

"ကိုကို နေပြည်တော်မှ ဘာကယ်မသွားတာ၊ တစ်ညလုံး ထွက်ကဲနေကြတာလေ၊ မမစော အားလုံး ပြောပြီးပြီ၊ ကိုမိုးသွန်းလည်း ဝန်ခံပြီးပြီ"

"သူဝန်ခံတာက သူ့ကိစ္စလေ၊ ငါ့ကို ဘာလို့ဆွဲထည့်နေရတာလဲ"

သက်လျှာသည် တဆတ်ဆတ်တုန်ကာ ဒေါသထွက်လွန်းအားကြီး၍ မျက်ရည်ပါ ပိုးပိုးပေါက်ပေါက် ကျလာသည်။ မခံမရပ်နိုင်လွန်း၍ ရင်ထဲလည်း တဆစ်ဆစ် နာကျင်လာသည်။

"ဘာဖြစ်လို့ လိမ်နေတာလဲ"

"ဘာလိမ်တာလဲ"

"ရှင် ... ရှင် တော်တော်ပိပိရိရိ မျက်နှာပြောင်တဲ့သူ၊ ကိုယ်ကလည်း မဟုတ်တာ လုပ်သေးတယ်၊ မိန်းမကိုညာ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ဝန်မခံဘဲ သူကပဲ တစ်ပြန်စီး ဒေါသထွက်ပြတယ်၊ ရှင် နေပြည်တော် မသွားဘူး၊ ကလပ်ဘ်မှာ မူးရူးသောင်းကျန်းနေတာသိတယ်၊ ဘာမှညာပြောမနေနဲ့၊ ရှင် မော်ဒယ်မင်းသမီးနဲ့ တွဲကနေတာတောင် ဓာတ်ပုံမြင်ပြီးပြီ"

"တောက်"

မိုးသစ်က ဒေါသအကြီးအကျယ် ထွက်သွားကာ မိုးသွန်းရှေ့ လျှောက်သွားရင်း ...

"မင်းမိန်းမကို မင်းကြည့်ထိန်းရင်ထိန်း၊ မထိန်းရင် ငါနဲ့တွေ့တော့မယ် ... တောက်၊ ပြဿနာမ ... ငါကွာ"

"မမစောကို ဘာမှပြောမနေနဲ့၊ သူက အမှန်တွေပြောတာပဲ၊ သူ ပြောပြတာကိုပဲ ကျေးဇူးတင်ရမှာ၊ မမစောသာ ပြောမပြရင် ကျွန်မ ဘယ်အချိန်ထိ ရှင့်အလိမ်ကို ခံနေရမလဲ မသိဘူး၊ ယုံတောင် မယုံဘူး၊ ငြင်းနေသေးတာ၊ အံ့ဩဖို့တောင် ကောင်းတယ်၊ သစ္စာမရှိတဲ့လူ"

"ဟေ့ ... ဒီကိစ္စနဲ့ သစ္စာမရှိတာနဲ့ ဘယ်လိုပတ်သက်နေလဲ ပြော"

"တွေ့ကရာမိန်းမနဲ့ တွဲက တွဲအိပ်ခဲ့တာလေ"

"ဘာမှတွဲမအိပ်ဘူး၊ ဒီမှာ သက်လျာအေး၊ ငါ တစ်ခွန်းပဲ ပြောမယ်၊ ဟုတ်တယ် ... ငါတို့ မင်းတို့မသိအောင် ခိုးလုပ်တယ်၊ ပျော်ချင်လို့ ထွက်တယ်၊ အဲဒါ ဘာဖြစ်လဲ"





မိုးသစ် ဝန်ခံလိုက်၍ သက်လျာက ဒေါသအမျက်ချောင်းချောင်းထွက်ရင်း ...

"ဘာလို့ လိမ်သေးလဲ၊ ဘာလို့ နေပြည်တော်လို့လိမ်လဲ"

"အေး ... လိမ်ရတာပေါ့၊ လိမ်မှရတဲ့ မိန်းမတွေကိုး ယောကျ်ားတွေမှာ စိတ်ပြေလက်ပျောက် စိတ်အပန်းပြေ ရိုးရိုးသားသား ပျော်ချင်တာ လွတ်လပ်ချင်တာမျိုး ရှိတယ်၊ ဒါကို ဖွင့်ပြောခွင့်တောင်းတော့ မင်းတို့မိန်းမတွေက ခွင့်ပြုလို့လား၊ နိုက်ကလပ်ဘ်သွားတယ်၊ ကိုယ့်ဟာကိုယ် သောက်ပြီး ပျော်လို့ကတယ်၊ ဘယ်သူရယ် ဘာရယ်လို့ စွဲစွဲလမ်းလမ်း ဒိတ်လုပ်ပြီး ခေါ်ကနေတာလဲ မဟုတ်ဘူး၊ ပြီးရင် ပြန်လာမယ် ...

ဒါကို မင်း ခွင့်ပြုလား၊ ပုကျူ ပုကျူ ပြောမယ်၊ သူငယ်ချင်းတွေနဲ့ အပြင်မှာ အရက်ထွက်သောက်ပါမယ်ဆိုမှ သားကို တန်းလန်းထည့်လွှတ်တယ်၊ မရမက ရန်လုပ်စကားနာထိုးပြီး သားပါထိုးထည့်လွှတ်တယ်၊ ဟိုရောက်တော့ အဟားခံရတယ်၊ ဖွတ်မခေါ်ဘူး လုပ်တော့လည်း တစ်ခါထွက် တစ်ခါစကားများရတယ်၊ ကိုယ့်ဟာကိုယ်မှ စိတ်ပင်ပန်းလို့ စိတ်ပေါ့ပါးအောင် ထွက်ပါတယ်ဆိုမှ စကားထပ်များနေရသေးတော့ ဘယ်သူပျော်မလဲ ...

ညထွက်ဖို့ တစ်ခါပြောရတိုင်း စိတ်ရှုပ် စိတ်တိုရလွန်းလို့ ကြည်ကြည်ဖြူဖြူ ခွင့်ပြုတာ ရကိုမရလို့ ညာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်တယ် လိမ်ထွက်တယ်ဆိုတာ ဖြစ်လာတာ နားလည်လား၊ နားအေးပြီးရောဆိုပြီး လိမ်တယ်ကွာ၊ ဘာဖြစ်လဲ၊ မကျေနပ်ရင် လဲသေကွာ"

"ဘာ ..."

သက်လျာ ကိုယ်လေးက ဆတ်ဆတ်တုန်နေသည်။

ပြောတတ်လိုက်တာ။ အိမ်ထောင်သည် ကလေးအဖေဖြစ်နေမှ ညထွက်ပျော်ချင် မူးချင် ကချင်တာကို မကြည်ဖြူတဲ့သူ အပြစ်ပေါ့။ အေးအေးဆေးဆေး မနေနိုင်တဲ့ သူတို့အပြစ်မဟုတ်ဘူးပေါ့။ ယောကျ်ားတွေ ဘာလုပ်ချင်ချင် မိန်းမတွေက မဖြစ်မနေ ခွင့်ပြုပေါ့ ... ဟုတ်လား။ ဟုတ်ပါသလား။

ဒီလိုထွက်ပေါက်မျိုး ဘယ်မိန်းမတွေ ရှာလို့လဲ။ မိန်းမတွေရော စိတ်ပင်ပန်း လူပင်ပန်းဆိုတာ မရှိတော့ဘူးလား။ ဒီလိုပဲ မိသားစုနဲ့ပဲ ပျော်မွေ့ကြတာ မဟုတ်ဘူးလား။

"မင်းတို့လို မိန်းမမျိုးတွေက အပြင်မှာ မင်းတို့မသိအောင် ကီပင်ထား၊ အငယ်ထား၊ မကောင်းမှုမျိုးစုံ လုပ်နေတဲ့ ယောကျ်ားမျိုးနဲ့မှ တန်တာ၊ အဲလိုယောကျ်ားမျိုး ရသင့်တာ၊ ကောင်းကောင်းမွန်မွန် သစ္စာရှိရှိပေါင်းပြီး ရံဖန်ရံခါလေး တစ်လတစ်ကြိမ် နှစ်ကြိမ်လောက် Night out လုပ်ချင်တဲ့ ယောကျ်ားမျိုးကို အကောင်းမထင် ပြဿနာရှာတယ်၊ တစ်ခါတလေ လွှတ်လပ်ခွင့်ပေးဦးပေါ့၊ ယောကျ်ားတွေကွ၊ မိန်းမကြီးတွေ မဟုတ်ဘူး၊ ယောကျ်ားလိုပဲ နေတတ်တယ်"





ကြည့်စမ်း။ လိမ်ညာထွက်သူက သူ။ ဒေါသတကြီးပေါက်ကွဲနေတာကလည်း သူ။ မတရားတဲ့ယောကျ်ား။ ခြိမ်းကခြောက်လိုက်သေးသည်။ အခွင့်အရေးပေးရင်ပေး မပေးရင် ခိုးယူမယ်ဆိုတဲ့ သူ့မူဝါဒကသာ မှန်တယ်ပေါ့။

"ရှင်တို့လို မဟုတ်ဘဲ ကိုယ့်အိမ် ကိုယ့်မိသားစုဆီမှာပဲ အေးအေးချမ်းချမ်း ပျော်မွေ့တဲ့ ယောကျ်ားတွေ တစ်ပုံကြီး သိရဲ့လား"

"အဲဒီတစ်ပုံကြီးကို မင်း ဘာလို့မယူလဲ"

"ဘာ ..."

"ကိုကိုကလည်းဗျာ၊ ပြဿနာပိုကြီးအောင် ပြောမနေပါနဲ့၊ စိတ်ညစ်ရတဲ့ကြားထဲ ပြေပြေလည်လည် ပြောကြစမ်းပါ"

"ဟောကောင် ... မင်းမိန်းမမွေးတဲ့ မီးလေ၊ မင်းရော မင်းမိန်းမနဲ့ ပြေပြေလည်လည် ပြောနိုင်လို့လား"

"ဒါပေမဲ့ဗျာ၊ မသက်လျာကို ရှင်းပြလို့ ရပါတယ်"

"ရှင်းပြလာတာ ကောင်းကောင်းခွင့်တောင်းကြည့်လာတာ၊ ငါးနှစ်ကျော် ခြောက်နှစ် ရှိသွားပြီလေ၊ ရလို့လား၊ တော်စမ်းပါကွာ၊ မင်းကိုယ်တိုင်လည်း မင်းမိန်းမ မပိုင်ဘဲ ငါ့လာပြောမနေနဲ့၊ မင်းမိန်းမ ပိုဆိုးတယ်၊ လုပ်သမျှ ဒေါက်ထောက်ကြည့်ပြီး အပြစ်ရှာနေတာ၊ အပြန်နောက်ကျရင် အလီဘိုင်ပြရတာနဲ့၊ ဟိုမှာဆိုရင် ဟုတ်ရဲ့လား၊ ဟိုကိုလိုက်ဖုန်းဆက်၊ ဒီမှာဆိုရင် ဟုတ်ရဲ့လား ဒီကိုလိုက် ဖုန်းဆက်၊ သိက္ခာချ အရှက်ခွဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က မိန်းမစိတ်ပူလို့ သဝန်တိုလို့ ချုပ်ချယ်တာတွေကို နာလုံးပေါက်နေခဲ့တာကိုး၊ ရှင်လုပ်နေတာတွေက အားလုံး ကောင်းတယ်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်လေ... မကောင်းတာ ဘာလုပ်လို့လဲ၊ သောက်တယ်၊ ပျော်တယ်၊ က,တယ်၊ အဲဒါဘာဖြစ်လဲ၊ ညတိုင်းဆိုရင် ငါ့အပြစ်၊ တစ်လတစ်ကြိမ် တစ်လနှစ်ကြိမ်ကို မင်းတို့ဖြစ်နေတာ၊ ဒီကောင့်ကို ခင်မမစော ချုပ်ချယ်နေတာကိုကြည့်ပြီး အားကျမနေနဲ့၊ ငါကငါ ဒီကောင်က ဒီကောင်"

"ရှင့်မှာ မိသားစုရှိတယ်၊ အိမ်ရှိတယ်၊ အိမ်တောင်ပြန်မအိပ်ဘဲ ကြုံရာအိပ်စရာလား၊ လူဆိုတာ မိသားစုစည်းကမ်း အိမ်စည်းကမ်း လိုက်နာရမှာပဲ၊ ဒီအိမ်မှာလည်း ဒီအိမ်စည်းကမ်း ရှိတာပဲ၊ အဲဒီအတိုင်း နေရမှာပဲ"

"ဘာလုပ်လုပ် ခွင့်မပြုဘူး၊ နားလည်မှုမရှိဘူးဆိုတဲ့ စည်းကမ်းက ဒီအိမ်စည်းကမ်းဆိုရင် မနေဘူးကွာ"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ၊ စီးပွားရှာတယ်၊ မတောင့်မတ မကြောင့်မကြ ပြည့်စုံအောင်ထားတယ်၊ မင်းကို ချစ်တယ်၊ သစ္စာရှိတယ်၊ မင်းခွင့်မပြုတဲ့ မကြိုက်တဲ့ အပြစ်မရှိဘူး ငါထင်တဲ့ အလုပ်မျိုးကို မင်းခွင့်ပြုချက် မယူဘဲ လုပ်တယ်၊ အေး ... အဲဒါ ... မိုးသစ်ပဲ၊ ဒါကို မင်းလက်မခံဘူး မဟုတ်လား ... ရတယ်"





မိုးသစ်က အိမ်ထဲက ခြေလှမ်းပြင်းပြင်းနှင့် ထွက်ခွာလေရာ သက်လျာအေးသည် ကြက်သေသေ စိုက်ကြည့်နေမိပြီး မိုးသွန်းကတော့ "ကိုကို ... ကိုကို" နှင့် နောက်ကထ,ပြေးလိုက်ရလေသည်။

❂ ○ ❂



www.burmeseclassic.com

www.burmeseclassic.com

**ဗညားရင် ...**

**ခင်သုတ ...॥**

ဗညားရင်က အိမ်အဝင်ဝ ကျောက်ပြားအကွက်ခင်း အခန်းကန့်ငယ်ထောင့် နံရံရှိ ဖိနပ်ဗီရိုလေးကို လှမ်းကြည့်လိုက်ပါသည်။ ဖိနပ်ထည့်ဖို့ စင်တစ်ဝက် ဗီရိုတစ်ဝက်ပါသော ဒီဇိုင်းလှလှ ဗီရိုလေးရှေ့ ဖိနပ်တချို့ ရှိနေသည်။ ဗီရိုထဲမှာရော စင်ပေါ်မှာရော ရှေ့ကျောက်ပြားပေါ်ရော။ ကျောက်ပြားခင်းပေါ်က ဖိနပ်နှစ်ရန်ကို သူကြည့်ရင်း မနေ့က ခင်သုတ စီးလာတဲ့ဖိနပ်ပါသလား သူတွေးနေမိသည်။

သူ မမှတ်မိတော့ပါ။ မူးလည်းမူးနေတာလေ။ အမူးပြေသွားရလောက်အောင် သူ လန့်ဖျပ်အံ့သြခဲ့ပေမယ့် ခင်သုတ အနီရင့်ရောင်ဝတ်ထားတာလောက်ကိုသာ မှတ်မိခဲ့ပြီး ဖိနပ်အထိတော့ သူ မမှတ်မိ။ ဖိနပ်ချွတ်ရင်း လေးပင်သောခြေလှမ်းနှင့် ခြင်ဆန်ကာတံခါးကို တွန်းဖွင့်ဝင်လိုက်ပါသည်။

တံခါးသံကြောင့် ဒေါ်ပု ပြေးထွက်လာသည်။





"ဟော ... မောင်ရင် ပြန်လာပြီလား"

လှမ်းမေးတဲ့အပြင် အနားကပ်လာကာ သူ့လက်ထဲမှ ပွေ့လာတဲ့ အပေါ်ဝတ်ဂျာကင် အလုံးအထွေးကို လက်လွှဲယူလိုက်ပါသည်။ ကားသော့ကိုပါ လက်ထဲက ဖြုတ်ယူရင်း မျက်လုံးနီကြောင်ကြောင် ဆံပင်ဖရိုဖရဲနှင့် သူ့ကို စိတ်မသက်မသာကြည့်လျက် ...

"နေကောင်းရဲ့လား မောင်ရင်"

ဒေါ်ပုဟာ ဗညားရင်ကို သူငါးနှစ်သားကတည်းက ရင်ခွင်ထဲပိုက်ပြီး ထိန်းကျောင်းစောင့်ရှောက်ခဲ့သူဖြစ်၍ သားရင်းမှာ ချစ်ခင်တွယ်တာလှသည်။ ဒါကြောင့်လည်း မေမေနေတဲ့ ဆီပင် မနေဘဲ သူအိမ်ထောင်ကျပြီးကတည်းက သူ့အိမ်လိုက်နေပြီး ရွေးချယ်ခဲ့တာ။

"ခင်သုတ ပြန်ရောက်ပြီလား"

"ရောက်ပြီပေါ့ သားရဲ့"

"မနက်မှ ရောက်တာလား၊ ညက ရောက်တာလား"

ဒေါ်ပုက မျက်ခုံးပင့်ရင်း ...

"သူ အပြင်ထွက်တာ သိလို့လား၊ ညကတွေ့ကြလို့လား"

"အင်း"

"ညကတည်းက ရောက်တာပါ သားရယ်၊ နှစ်နာရီလောက်တော့ ရှိရော့မယ် ထင်တယ်၊ မနက်ထိ မဖြစ်ပါဘူး၊ ကဲ ... ကဲ ... သားလေး မောင်ရင် ရေမိုးလေးချိုးလိုက်မလား၊ ဘာစားချင်လဲ၊ အရီးပု ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီဘလက်ခ်ပဲ"

"အေး ... အေး၊ သွားနှင့်၊ အခန်းထဲ လာပို့ပေးမယ်"

ဗညားရင်က လေးတိလေးကန်နှင့်ပင် ကျွန်းလှေကားထစ်ကြီးများမှ ဖြည်းဖြည်းတက်လာခဲ့သည်။ တစ်အိမ်လုံးကတိတ်ဆိတ်နေသည်။ တကယ်တော့ ဒီနေ့မှ မဟုတ်ပါဘူး။ အမြဲလိုလိုပဲ တစ်အိမ်လုံးက တိတ်ဆိတ်ခြောက်ကပ်နေတတ်တာပါ။ အိမ်တစ်အိမ် မိသားတစ်စုဆိုတာရဲ့ အဓိပ္ပာယ်ပြည့်ဝတဲ့ သာယာချမ်းမြေ့မှုသရုပ်ကို ဒီအိမ်မှာ မတွေ့ရနိုင်။

ဗညားရင်က သူတို့ဇနီးမောင်နှံရဲ့ အိပ်ခန်းတံခါးကို ဖွင့်၍ဝင်လိုက်သည်။ အခန်းဝမှာပင် သူ့ခြေလှမ်းများ ရပ်တန့်သွားပါသည်။ အခန်းထဲမှာ ဘယ်သူမှ ရှိမနေပါ။ သူတို့ရဲ့ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်မှာ အပေါ်ကဖုံးထားတဲ့ အိပ်ရာဖုံးကိုပင်လျှင် ဖယ်ထား လှန်ထားတာ မရှိတာမို့ ညက ခင်သုတ ဒီအိပ်ရာကို မဝင်ဘူးဆိုတာ သိသာသည်။

သူတို့အိပ်ခန်းမှ ပြန်ထွက်လာသော ဗညားရင်က ဟိုဘက်က အခန်းဖို့ရဲ့တံခါးကို လက်ကိုင်ဘု ဖြည်းညင်းစွာလှည့်၍ ဖွင့်လိုက်ပါသည်။ အဲကွန်းနှင့် စိမ့်စိမ့်လေးအေးနေတဲ့ ဒီအခန်းထောင့်မှာ ခုတင်မပါဘဲ ချထားတဲ့ ကိုးလက်မ ဒန်းလော့ပ်မွေ့ရာတုံး အိပ်ရာပေါ်မှာ ပန်းနုရောင်ဂွမ်းစောင်ကိုခြုံ၍ ခင်သုတက အိပ်မောကျနေသည်။





ပန်းနုရောင် ခေါင်းအုံးရဲ့ ဘေးတစ်ဖက်မှာခွေကာနွယ်ကာ အပုံလိုက်ကျနေတဲ့ ညိုနက်ရောင်ဆံပင်လှိုင်းနွယ်တွေအနားကွပ်ထားတဲ့ မျက်နှာဝါဝါဝင်းဝင်းကလေးနှင့် ပါးပြင်အထက်အောက်မျက်ခမ်းသားအပေါ် ဖုံးအုပ်နေတဲ့ မျက်တောင်ကော့စင်းစင်း ရှည်ရှည်များကို ဗညားရင်က ခေတ္တငေးကြည့်နေမိပါသည်။

အိပ်ပျော်နေတာလား အိပ်မပျော်နေဘူးလား။ အိပ်ချင်ယောင်ဆောင်တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်တယ်လို့ ဗညားရင် သတ်မှတ်ထားတဲ့ ခင်သုတက အသက်မှန်မှန်ရှူကာ တုတ်တုတ်မလှုပ် ငြိမ်သက်နေလျှင် ဒီတစ်ကြိမ်လည်းပဲ သူ အိပ်ပျော်နေတယ် ထင်ပါရဲ့လို့ ယုံစားမိသည်။

"ရှင့်ကို အခန်းတံခါးခေါက်ဖို့ ပြောထားတယ်လေ"

ကျွတ် ...။

လူက တုတ်တုတ်မလှုပ်။ မျက်တောင်လေးပင်တစ်ချက်မခတ်။ မျက်စိစုံမှိတ်လျက်သားမှ နှုတ်ခမ်းလွှာပဲလှုပ်ရှားလာပြီး သူမက တစ်ခွန်း လှမ်းပြောလိုက်ပါသည်။ အိပ်ပျော်မနေဘဲ နိုးနေမှန်း သိလိုက်တော့ ခုနက သူမ အိပ်ပျော်နေတယ်ထင်ပြီး ငေးကြည့်ရင်း တစ်ခဏ ညှို့သက်ပျော့ပျောင်းနေသောဗညားရင် စိတ်တို့က ဆူပွက်အုံကြွလာလေသည်။

"မင်း အိပ်ပျော်နေမယ် ထင်လို့ပေါ့၊ ညက ညဉ့်နက်သန်းကောင်မှ ပြန်တယ်ဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဘယ်အခန်းထဲပဲဖြစ်ဖြစ် တစ်ယောက်ရှိနေရင် နောက်တစ်ယောက်က တံခါးခေါက်ပြီး ဝင်ခွင့်တောင်းရမယ်ဆိုတာ ရှင်စခဲ့တဲ့ စည်းကမ်းပါ"

"စာကျက်တာလည်း မဟုတ်ဘဲနဲ့ ဘာကိစ္စ ဒီအခန်းထဲလာအိပ်နေတာလဲ"

ဒီအခန်းက တကယ်တော့ ခင်သုတ စာကျက်ဖို့ အပိုင်စီးထားတဲ့ အခန်းပင်။ သူမ ဆေးပညာဘွဲ့လွန် ဆက်တက်ဆက်ဖြေဖို့ စာတွေ ကြိုးစားပမ်းစား ကျက်ဖတ်နေတဲ့ ကာလဖြစ်၍ အိပ်ခန်းထဲက စာကြည့်စားပွဲမှာ အချိန်လွန်အောင် မီးမထွန်းလိုတဲ့ အကြောင်းပြချက်နှင့် ခင်သုတက အခန်းတစ်ခန်းကို စာကျက်ခန်း လုပ်လိုက်သည်။ ကုလားထိုင်နဲ့ထိုင်တဲ့ စာရေးစားပွဲကတစ်စုံ။ ကြမ်းပေါ်ထိုင်ကာ စာလုပ်ချင် လုပ်နိုင်အောင် စားပွဲလေးတောင် ပြန့်ပြန့်ပုပုကတစ်ခု။ စာအုပ်စင်နှင့်တွဲလျက် ဗီရိုလေးကတစ်လုံး၊ နှစ်ယောက်ထိုင် ဆိုဖာကတစ်လုံး။ စာကျက်ရင်း ကျောဆန့် ခါးဆန့် လဲလျောင်းအနားယူနိုင်ဖို့ အကြောင်းပြချက်နှင့် မွေ့ရာတုံးပါ ဝယ်ယူဖြည့်ဆည်းထားလိုက်တဲ့အခါ ထိုအခန်းလေးက တသီးတသန့် နေလို့ရတဲ့ အခန်းလေးတစ်ခု ဖြစ်သွားပါသည်။

ဒီအခန်းထဲ မွေ့ရာတုံးဘည့်ထားလိုက်တာကိုတော့ ဗညားရင် မနှစ်သက်ဆုံးပင်။ အိမ်သာရေချိုးခန်းတွဲလျက် အခန်းတွေချည်းဖြစ်၍ ဒီအခန်းလေးက သူမအတွက် ပြီးပြည့်စုံစွာ





နားခိုနိုင်စရာ သီးသန့်နေရာကလေး ဖြစ်သွားတာကို သူ လုံးဝ မကျေနပ်ခဲ့ပါ။

"ဟိုဘက်မှာ မအိပ်ချင်လို့ပေါ့"

"ဘာဖြစ်လို့လဲ၊ ကိုယ် မရှိလို့လား"

ဗညားရင်က တမင်တကာပင် ရိသဲ့သဲ့မေးသည်။

ခင်သုတက ဖျာခနဲ မျက်လုံးဖွင့်ကြည့်ကာ ကိုယ်ကိုလူးလွန့်နေရာပြင်ရင်း ...

"ရှင် အဲဒီအိပ်ခန်းကို ပြန်မအိပ်ဘဲ တခြားနေရာမှာ အိပ်တဲ့အခါ ကျွန်မလည်း တခြားတစ်နေရာမှာ အိပ်မယ်လို့ ဆုံးဖြတ်ထားပေမယ့် နတိ တခြားတစ်နေရာကောင်းကောင်း ရှာမတွေ့သေးလို့ ဒီအခန်းကို ယာယီအသုံးပြုတဲ့သဘောပါ"

"အဟားဟား"

ဗညားရင်က ခေါင်းမော့၍ တစ်ချက် ဟန်လုပ်ရယ်လိုက်ပေမယ့် ရင်ထဲမှာ ဒေါသနှင့် အောင့်သက်ခံပြင်းလာသည်။ ခင်သုတက နေရာပြင်ကာ သူ့ဘက် ကျောခိုင်းဆက်အိပ်နေပြီ။ ဗညားရင်က နှစ်ယောက်ထိုင် ဆိုဖာဆီ လျှောက်လာကာ ထိုင်ချလိုက်ရင်း ...

"မင်းက တခြားတစ်နေရာရာတောင် ရှာနေသေးတာလား"

"ကျွန်မ ခဏပြန်အိပ်လိုက်ဦးမယ် ကိုဗညားရင်၊ အိပ်ရေးမဝသေးဘူး"

"မအိပ်နဲ့၊ အချိန်လည်း ကြည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်က ဘာအရေးလဲ၊ ရှင် အိပ်ရေးဝနေပေမယ့် ကျွန်မမှ မဝသေးတာ"

"ညက နှစ်နာရီလောက် ပြန်ရောက်တယ်ဆို၊ တန်းအိပ်ရင် အိပ်ရေးဝလောက်နေပြီ၊ ဘာလဲ ... ဘာတွေစဉ်းစားနေပြီး အိပ်မပျော်နိုင်လို့လဲ"

"........"

"နေရာတစ်နေရာရှာဖို့ စဉ်းစားနေတာလား၊ ကိုယ့်ကို ဘယ်လို ကသိကအောက်လုပ်ရမလဲ အကြံထုတ်နေရလို့လား၊ ဒါမှမဟုတ် ..."

ဗညားရင်သည် ပြောရင်းက သူ့စိတ်ထဲမှာပါ ကတုန်ကယင် လှုပ်ရှားလာတဲ့အတွက် သူ့ရဲ့ဘောင်းဘီအိတ်ထဲက စီးကရက်ဘူးကိုထုတ်ကာ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိရှိုက်ဖွာလိုက်ပါသည်။ ဇစ်ပိုမီးခြစ်ဖွင့်သံ ဖျောက်ခနဲ ကြားလိုက်သည်နှင့် ခင်သုတက ရုတ်ခြည်း လှည့်ကြည့်လာပါသည်။

"ကိုဗညားရင် ... ဒီအခန်းထဲမှာ ကျေးဇူးပြုပြီး ဆေးလိပ်မသောက်ပါနဲ့"

ဗညားရင်က ပခုံးတစ်ချက် တွန့်လိုက်ပါသည်။ သူ စီးကရက်သောက်တာကို ဆရာဝန်တစ်ယောက်ပီပီ ခင်သုတ သိပ်မနှစ်မြို့တာ သူသိပြီးသားပါပင်။ သို့ပေမဲ့ သူ့စိတ်မှာကိုက ခင်သုတ မကြိုက်ဘူးထင်လျှင် ပိုပြီးလုပ်ချင်မိတာ။ အဲဒီအကျင့်က စွဲတောင် စွဲနေပြီ။ အိမ်ထောင်သက် နှစ်နှစ်အတွင်း သူဟာ





ခင်သုတ မကြိုက်ဘူးထင်တယ်ဆိုရင် ပိုပြီးတော့ လုပ်ဖြစ်ခဲ့တာချည်းပင်။

အဲဒါ ဘာကြောင့်လဲဆိုတော့ အပြန်အလှန်လို့ပဲ ဆိုရမလား။ အဲဒီအကျင့်ဟာ ခင်သုတထံမှာလည်း ရှိနေလို့တည်း။ သူ မကြိုက်တာကိုမှ ကိုယ်က ပိုလုပ်မိတယ်ဆိုတဲ့ အဖြစ်ဟာ သူကစလေသလား ... သူမက စလေသလားပင် ပြန်လည်အစရှာမရနိုင်တော့ပါ။ သူကစပြီး ခင်သုတက မခံချင်ကာ ထပ်တူညီတုံ့ပြန်တာလား၊ ခင်သုတက စခဲ့ပြီး သူ့ဘက်က မခံချိမခံသာနှင့် တစ်ပုံစံတည်း တုံ့ပြန်ဖြစ်ရင်းကလား ဆိုတာဟာ ကြက်ဥနှင့် ကြက်မ ဘယ်ဟာအစ ပြောရခက်သကဲ့သို့ပင်။

ဗညားရင်က သူမ တားမြစ်စကားကို အလေးတယူထားဘဲ မကြားယောင်ပြုကာ ဂရုမစိုက် ဆက်သောက်နေလိုက်သည်။ မကြိုက်တာကိုမှ တမင်တကာ ပြုမူလိုက်တဲ့အခါ ခင်သုတဘက်က တုံ့ပြန်လာမည့် အပြုအမူကိုလည်း သူက အမြဲပဲစိတ်ဝင်တစား ရှိပါသည်။ အမြဲ တိတ်တဆိတ် စောင့်ကြည့်မျှော်လင့်မိပါသည်။

ခင်သုတက စောင်ကိုဖယ်ကာ အိပ်ရာမှ ထ,လိုက်ပါသည်။ အိပ်ရာထဲက ထထွက်လိုက်ရင်း သူမဝတ်ထားတဲ့ ခရမ်းဖျော့ရောင် ပိုးသားညဝတ်အင်္ကျီရဲ့ခါးကြိုးကိုလည်း ခပ်တင်းတင်း ပြင်စည်းလိုက်သေးသည်။ အလိပ်အနွယ် အခွေများနှင့် ခါးတစ်ဝက်ကျော်အထိ ရှည်လျားတဲ့ ခင်သုတရဲ့ဆံနွယ်ညိုကြ



www.burmeseclassic.com

www.burmeseclassic.com



တို့ကလည်း ခင်သုတကို ဆရာဝန်မတစ်ယောက်ထက် မော်ဒယ်လ် တစ်ယောက်နဲ့တောင်မှ ပိုပြီးဆင်တူစေသည်။

အမြဲတမ်း အချိန်တိုင်း ရင်ကိုတသိမ့်သိမ့်တုန်အောင် ယစ်မူးစေသော သူ့ရဲ့အသက်ရှူခြင်းနှင့် နှလုံးသွေးလည်ပတ်မှု တို့ကို ထာဝစဉ် ကသောင်းကနင်း ဖြစ်စေသော တောက်ပဝင့်ကြွား သည့် အလှအပမျိုးကို ခင်သုတက ပိုင်ဆိုင်သည်။ ဗညားရင်က ခင်သုတ လျှောက်လာတာကို မျက်စိကျွတ်ကျမတတ် စိုက်ကြည့် နေသည်။

ခင်သုတက သူ့အနားရောက်လျှင် သူ အမှတ်တမဲ့ ဆိုဖာပေါ် တင်ထားလိုက်တဲ့ စီးကရက်ဘူးနှင့် မီးခြစ်ကိုကောက် ယူကာ စီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာလိုက်ပါသည်။ အံ့သြလွန်း၍ ဗညားရင်က ရုတ်တရက် ဘာစကားမှ မဆိုနိုင်။

"အဟွတ် ... အဟွတ် ... အဟင်း"

ခင်သုတထံမှ မီးခိုးသီးသော ချောင်းဆိုးသံ ထွက် လာသည်။

"မင်း ဘာလုပ်တာလဲ"

"ဒီလိုပါပဲ၊ မြည်းစမ်းကြည့်တာပါ၊ ရှင်တောင်မှ နှစ်ခြိုက် နေသေးတာပဲ၊ အခြေအနေတစ်ခုကို ကိုယ်ကတားဆီးလို့ မရနိုင်ဘူးဆိုရင် လိုက်လျောညီထွေ တစ်သားတည်းဖြစ် သွားအောင် ကျွန်မလည်း သဏ္ဍာန်တူနေလိုက်ဖို့ပဲ ရှိတာ မဟုတ်လား"





"မင်း ရူးနေလား"

"ဒါ ရူးတာမှ မဟုတ်တာ ကိုဗညားရင်ရဲ့၊ ရှင့်ကိုအတုခိုး ပြီး ရှင်နေသလိုနေ ရှင်လုပ်သလိုလုပ်တာဟာ ရှင့်ကိုဂုဏ် ပြုရာရောက်သေးတာ မဟုတ်လား၊ လူတစ်ယောက်ကို ကိုယ်က စိတ်ကြိုက်မပြုပြင်နိုင်ဘူးဆိုရင် သူ ပြုပြင်တာကို ကိုယ်ကခံလိုက်၊ သူ့ပုံစံအတိုင်းနေလိုက်၊ ဒါပြဿနာ အနည်းဆုံးနည်းလမ်း မဟုတ်လား"

ဗညားရင်က အသံမထွက်ဘဲ ခေါင်းမော့ရယ်လိုက် ပါသည်။ ခင်သုတကလည်း စီးကရက်လက်ကြားညှပ်လျက်သား နှင့် အသံမထွက်ဘဲ တသိမ့်သိမ့် ရယ်မောပါသည်။

"မင်း အဲသလိုလုပ်နေရင် ကိုယ်နာကျင်မယ် ထင်လို့လား၊ မင်းထိုက်နဲ့ မင်းကံနော် ခင်သုတ၊ မင်း ဆေးလိပ်စွဲသွား ရင်လည်း ကိုယ်ကတော့ ဘာမှဖြစ်မှာမဟုတ်ဘူး၊ မင်းည ကလို ကိုယ် နိုက်ကလပ်ဘ်သွားလို့ မင်းလည်းသွားတယ် ဆိုတာမျိုးလုပ်ရင် ဖြစ်လာမယ့် နောက်ဆက်တွဲပြဿနာက မင်းအကြောင်းနဲ့မင်းပဲ"

"ကျွန်မ သိတာပေါ့ ကိုဗညားရင်ရယ်၊ ဒါတွေအားလုံး နားလည်ပြီးသားပါ၊ ရှင် နာကျင်အောင်လုပ်တာလည်း မဟုတ်ပါဘူး၊ ရှင်မနာကျင်လောက်မှန်းလည်း သိပါတယ်၊ ရှင့်ကို ကျွန်မ နာကျင်အောင် တကယ်လုပ်ပြီဆိုရင်လည်း ရှင် တကယ့်ကို နာကျင်ရမှာ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ ပြောမနေနဲ့"

ဗညားရင်က ဆေးလိပ်ခွက်မရှိတဲ့ အခန်းထဲမှာ တိုသွားတဲ့ စီးကရက်ကို ငြိမ်းသတ်ဖို့ ရေချိုးခန်းထဲ လှမ်းဝင်သွားပါသည်။ ဗေစင်မှာ ရေဖွင့်ပြီး မီးသတ်ပြီး စီးကရက်တိုကို ကြွေခွက်ထဲ ဒီတိုင်းထားရစ်ခဲ့သည်။ သူထွက်လာချိန်မှာ ခင်သုတက ရေချိုးခန်းထဲ လှမ်းဝင်လိုက်ပြီး သူ့လိုပဲမီးသတ်ကာ စီးကရက်တိုနှစ်ခုကိုယူ၍ အိမ်သာခွက်ထဲ ပစ်ထည့် ရေဆွဲချလိုက်သည်။

ထို့နောက် ရေချိုးခန်းတံခါးကို ပိတ်ရန်ပြင်လျှင် ဗညားရင်က ရေချိုးခန်းတံခါးကို ဆွဲပိတ်လို့မရအောင် လှမ်းဆွဲထားလိုက်ပါသည်။

"မင်း ဘာဖြစ်လို့ အဲဒီနေရာကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာခဲ့တာလဲ၊ မင်းမှာ တခြားသွားစရာနေရာ မရှိတော့ဘူးလား၊ သွားစရာ ကလပ်ဘ် ရှားသလား၊ မင်း အဲလိုသွားမှန်း ငါမသိမှာစိုးလို့ တမင်တကာ အဲဒီနေရာကိုမှ ရွေးပြီးလိုက်လာတာလား"

ခင်သုတက ပြုံးလိုက်ပါသည်။ မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ငုတ်စိငုတ်တိုနှင့် ဆံပင်တွေ ဖွာလန်ကြဲကာ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ခပ်ကြမ်းကြမ်းအသွင်ကို ဆောင်နေသော ဗညားရင်ကို စိုက်ကြည့်ရင်း ...

"တမင်လိုက်လာတာ မဟုတ်ရိုး အမှန်ပါ ကိုဗညားရင်ရယ်၊ တိုက်ဆိုင်သွားတာ သက်သက်ပါ"





"မင်းဘေးကဟာ ဘယ်ကဟာတွေလဲ"

"ကျွန်မ ကျောင်းတုန်းက သူငယ်ချင်းတွေပါ၊ တစ်ယောက်က အင်္ဂလန်က ပြန်လာတာ၊ နောက်တစ်ယောက်က အမေရိကကပြန်လာတာ၊ ရှင်သိထားဖို့က နှစ်ယောက်လုံး မိကောင်းဖခင်သမီးတွေ၊ အပေါစားတစ်ယောက်မှမပါဘူး၊ အောက်တန်းစားလည်း တစ်ယောက်မှမပါဘူး၊ သူတို့ဟိုနိုင်ငံတွေမှာ နှစ်ရှည်လများ နေခဲ့ကြတော့ တစ်ခါတစ်ရံလောက်တော့ နိုက်ကလပ်ဘ် သွားဖူးကြမှာပေါ့၊ အခုရောက်လာကြတော့ ဒီမှာလည်း ကလပ်ဘ်တွေ အတော်များများရှိလာဝ.၁ အံ့ဩနေကြပြီး သွားကြည့်ကြရအောင် ဆိုတာနဲ့ ကြားဖူးနားဝရှိတဲ့ နေရာတစ်ခုကို ထွက်လာလိုက်ကြတာပါ၊ အဲဒါပါပဲ"

"မင်းနဲ့လာတဲ့ အဖော်တွေထဲ အပေါစားအောက်တန်းစား မပါဘူးဆိုတော့ ကိုယ်နဲ့အတူလာတဲ့ အဖော်တွေထဲကျတော့ အောက်တန်းစားပါတယ်လို့ ပြောချင်တာလား"

"ဟင့်အင်း ... မပြောပါဘူး၊ ရှင် ဘယ်သူနဲ့လာမှန်းတောင် ကျွန်မ မသိပါဘူး"

"ငါ သွားတာ မိုးသစ်နဲ့ မိုးသွန်း ညီအစ်ကိုနဲ့သွားတာ"

"ဪ ..."

"ဘာ ... ဪလဲ"

"ယောက်ျားချည်း သုံးယောက်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားချင်း မသွားလို့ ဘယ်သူနဲ့ သွားရမှာလဲ"

"သွားချင်တဲ့သူနဲ့ သွားလို့ရပါတယ်၊ ရှင်တို့ ဘယ်သူတွေ အတူလာလဲသာ သေချာမသိပေမယ့် ကိုမိုးသစ်က မော်ဒယ်လ်ကောင်မလေးတစ်ယောက်နဲ့ တွဲကနေတာလည်း မြင်ပါတယ်၊ ရှင်တို့ အဲဒီကထွက်သွားတော့ ရှင်တို့တွဲပြီး ထွက်မသွားပေမယ့် ရှင်တို့နောက်က ကောင်မလေး ငယ်ငယ်တွေ အုပ်စုလိုက်ထွက်သွားတာလည်း တွေ့ပါတယ်"

"ဘယ်သူတွေလဲ"

"ကျွန်မ ဘယ်သိပါ့မလဲ၊ ရှင်ပဲ အသိဆုံးပေါ့"

"ဒါတို့လူးယောက်ပဲ လာတာလို့ ပြောပြီးပြီလေ၊ ဟိုတွဲကတဲ့ တစ်ယောက်ကလည်း အဲဒီထဲကျမှ စ,ကတော့မှ [illegible] ထဲကျမှ မျက်နှာချင်းဆိုင်ဖြစ်ပြီး အလျဉ်းသင့်သလို ကဖြစ်သွားတာ"

"ပြီးတာပဲလေ"

"ဘာပြီးတာပဲလဲ၊ ကိုယ်တို့နဲ့အတူ ဘယ်မိန်းမ၊ ဘယ်ကောင်မလေး တစ်ယောက်မှ မပါဘူး"

ခင်သုဘာက ပြုံးနေလိုက်ပါသည်။

"မင်း အဲလိုပြုံးမနေနဲ့၊ နောက်က လိုက်ထွက်ကြတယ်ဆိုတဲ့ ဟာတွေ ကိုယ်သိလည်းမသိဘူး၊ သတိလည်းမပြုမိဘူး၊ သူတို့ဟာသူတို့ ထွက်တဲ့အချိန်ချင်း တိုက်ဆိုင်သွားတာနေမှာပေါ့၊ အခုက စကားနာထိုးရမှာ မင်းလား ကိုယ်လား ခင်သုဘာ"





"ကျွန်မတော့ စကားနာမထိုးပါဘူး၊ ရှင် စကားနာထိုးချင် လည်းထိုးပေါ့"

ဗညားရင် မျက်နှာက တင်းမာလာပါသည်။ သူ့မှတ်ဆိတ် ငုတ်စိတို့ကို အသာအယာ ပွတ်နေရင်းက ...

"မင်းက ငါ့ကို ကလပ်ဘ်သွားရင် မိန်းမဖော်တွေ့ပါမယ် ထင်နေတာ၊ မင်းရဲ့သံသယက သိပ်အတ္တကြီးတာ၊ မဟုတ်ဘဲနဲ့ စွပ်စွပ်စွဲစွဲ သံသယဝင်တာ၊ တကယ်တမ်း လွန်လွန်းအားကြီးတာက မင်း၊ ငါသွားတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် လိုက်လာတယ်၊ အကောင်တစ်ကောင်လည်း ခေါ်တွဲလာသေးတယ်"

"ရှင့်အပြစ်ကျေအောင် ကျွန်မကို မဟုတ်တရုတ် စွပ်စွဲမနေနဲ့၊ အဲဒီ လင်းဇော်က ကေသီနွယ့်ရည်းစား၊ ချစ်သူ၊ သူ့ချစ်သူ သူခေါ်လာတာ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ကေသီနွယ့် ရည်းစားက ဘယ်လိုလုပ်ပြီး မင်းဘေးရောက်နေရတာလဲ"

"ဒါက သူ့ဟာသူ အလျဉ်းသင့်သလို ထိုင်ဖြစ်သွားတာလေ၊ ထိုင်ခုံက စက်ဝိုင်းခြမ်းဖြစ်နေတော့ ကေသီက အရင်ဝင်၊ လင်းဇော်က နောက်က၊ သူ့နောက်က ကျွန်မဝင်မိတာကိုး၊ ထိုင်တော့ ယှဉ်လျက်ဖြစ်နေမှာပေါ့၊ ကျွန်မနောက်ကမှ မဉ္ဇူကဝင်တာ၊ ဒီတော့ လင်းဇော်ရဲ့တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှာ ကေသီနဲ့ ကျွန်မ ဖြစ်နေမှာပေါ့၊ အပယင်း ... တော်ပါ ကိုဗညားရင်ရယ်၊ ရှင်က တစ်ပြန်စီး မကျေနပ် သယောင်ယောင်၊ သဝန်ပဲ တိုချင်ယောင်ယောင် ဆောင်ပြ မနေပါနဲ့၊ ရှင့်ရုပ်ကလည်း ပိပိရိရိ မရှိပါဘူး၊ ကဲပါ ... ရှင် ဒီတံခါးကို ပိတ်ခွင့်မပေးတော့ဘူးလား"

ဗညားရင်က သူ့စိတ်ထဲ တရိရိ တငွေ့ငွေ့ တနုံ့နုံ့ ဖြစ်နေသောကိစ္စကို ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်လှသလို ပုံသဏ္ဍာန် ဖမ်းထားတဲ့ ခင်သုတကို ရင်ထဲတစစ်စစ်နှင့် ခပ်စိမ်းစိမ်း စူးစူးကြည့်နေလိုက်ရင်းက ...

"မင်းဟာမင်း လုပ်စရာရှိတာ လုပ်ပေါ့၊ မင်းနဲ့ ငါလင် မယား မဟုတ်ဘူးလား"

"ကျွတ် ... အဲသလို သက်သက်မဲ့ ကပ်ဖိုးကပ်ဖဲ့ ရစ်နေတာမျိုးတွေကို မိန်းမတွေ ဘယ်လောက်မုန်းတယ်ဆိုတာ ရှင် မသိဘူးလား၊ ကြားဖူးခဲ့တုန်းက မိန်းမတွေ ဝိုင်းဝိုင်းလည် ကျရတဲ့ ဗညားရင်ဆို၊ ဘယ်လို တော်ငါးဝ တော်ခြောက်ဝ တွေများ ရှင့်သည်းညည်း ရှင့်ဆိုးမျိုးကိုခံပြီး ချစ်နိုင်သလဲ ဆိုတာ စဉ်းစားလို့တောင် မရဘူး"

ခင်သုတသည် စိတ်တိုတိုနှင့် ရေချိုးခန်းထဲကပြန်ထွက်လာပါသည်။ ဒေါသနှင့် အသည်းယားနေ၍ ဗညားရင်ပခုံးကို ပွတ်တိုက်ဆောင့်ထွက်ခဲ့မိသည်။ အိမ်သာခုံပေါ်ထိုင်မယ့်ဟာကို





လင်မယားမို့ဆိုပြီး တံခါးဖွင့်ကြီးနှင့် ထိုင်ရမှာလား။ တမင်လိုက်ရစ်နေတာသိလို့ကို မုန်းတာ။ တခြားရေချိုးခန်း သွားရတော့မည်။

ပထမဦးဆုံး ဒီလူတစ်ယောက်ရဲ့မျက်နှာကို စ,မြင်ဖူးစဉ်က ရင်တွေပရမ်းပတာခုန်ကာ ပူနွေးခဲ့တဲ့ ခံစားချက်ကို အော့အန်ပစ်လိုက်ချင်တော့သည်။ ဘာကြောင့်များ ငါ့ကို သူလက်ထပ်ခဲ့ပါလိမ့်လို့ တွေးမရနိုင်လွန်းလို့ ရူးတော့မည်။ သူလိုလူစားအဖို့က မိန်းမတစ်ယောက်နှင့် အတည်တကျ ထိမ်းမြားလက်ထပ်မပြုလေ လွတ်လပ်လေ မဟုတ်ဘူးလား။

လူကို လက်ထပ်ယူထားပြီး ဟန်တစ်ခွဲသား မာနတစ်ခွဲသားနဲ့ ပြန်ပြောပြဖို့ တော်တော်ခက်သော သေးသေးကွေးကွေးလေးတွေ ရစ်တာ ပြဿနာရှာတာ ရိသဲ့တာ ထေ့ငေါ့တာ လှောင်ပြောင်တာတွေဟာ နှစ်ချီလာတော့ ခံနိုင်ရည်ကို လှဲဖြိုကာ မုန်းတီးနာကျင်မှုကို အစားထိုး ထူထောင်သလို ဖြစ်လာသည်။

"နေဦး ..."

ဆတ်ခနဲ သူ တုံ့ဆွဲထားလိုက်တဲ့ လက်မောင်းတစ်ဖက်ဟာ သူ့လက်ချောင်းများအားထဲမှာ တင်းကျပ်ညှပ်ပြီး တကယ်နာကျင်ပါသည်။ ဆောင့်ဆွဲလိုက်ရုံတင်မကဘဲ ရေခဲပြင်စကိတ်ကတဲ့ စုံတွဲတွေရဲ့ ကကွက်ဆန်းလို တစ်ပတ်လှည့် တုံ့ဆွဲလိုက်ပြီး သူ့ရင်ခွင်အနား ဆွဲကပ်ပစ်လိုက်တာကြောင့် လူက မျက်နှာပေါ် ဆံပင်နွယ် ဖရိုဖရဲနှင့် မူးနောက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဘာဖြစ်နေတာလဲ"

"... ... ..."

"ရှင့်ဟာရှင် လုပ်ချင်ရာလုပ် ပျော်သလိုနေလာပြီး အိမ်မှာ ပြဿနာပြန်မရှာနဲ့"

"ဘာ ... ပျော်သလို နေလာတယ် !၊ ပျော်သလိုနေလာတာက ဘယ်သူလဲ၊ မင်းလား ငါလား"

ခင်သုတက ဗညားရင်ကို စိမ်းစိမ်းကားကားနာနာကျင်ကျင် စိုက်ကြည့်မိသည်။ ရင်နာသည်။ အထက်တန်းကျောင်းသူဘဝကစပြီး တက္ကသိုလ်သက်တမ်းတစ်လျှောက်လုံးမှာပါ၊ ဆေးတက္ကသိုလ်ရဲ့အလှဘုရင်မအဲဖြစ် ယောကျာ်းတကာအပေါ် ဝင့်နိုင်မော်နိုင် မာကျောနိုင်ခဲ့တဲ့ သူမလိုမိန်းမတစ်ယောက်ဟာ ကိုယ့်ကိုတန်ဖိုးမထားတဲ့ ယောကျာ်းတစ်ယောက်ရဲ့ဇနီး ဖြစ်ရတာ လုံးလုံးမတန်ပေ။

"အင်း ... ဟုတ်တယ် ... ကျွန်မ၊ ကျွန်မ ပျော်သလိုနေလာတာ၊ ရပြီလား ဒါဆို"

"တောက် ... အေး ... အဲဒါ ငါသိပြီးသား"

"သိရင်ပြီးရော။ ရှင်လည်း ပျော်သလိုနေနိုင်တယ်၊ ရှင်လုပ်ချင်ရာလုပ်၊ ကျွန်မ ဘာတစ်ခွန်းပြောခဲ့သလဲ၊ တစ်ချက်တားဖူးသလား ကိုဗညားရင်၊ ဒါနဲ့မှ မပျော်နိုင်သေးဘူးဆိုရင် ကျွန်မလည်း အကြံမပေးတတ်တော့ဘူး၊ အခုတော့ ကျွန်မ နာနေတာကို လွှတ်ပါ"





ဗညားရင်က တင်းကျပ်အောင် ညှပ်ကိုင်ထားသော ခင်သုတ လက်မောင်းကို လွှတ်လိုက်တာနှင့် တစ်ပြိုင်နက် တွန်း ည်းတွန်းလိုက်ပါသည်။ နီရဲသွားတဲ့ လက်မောင်းကို လှန်ကြည့် ဘာ ပြုံးမြမြ ဟန်မပျက်တဲ့ ခင်သုတကို ခေါင်းတညိတ်ညိတ် ညိတ်ကြည့်ရင်း ...

"ငါ တကယ်ပျော်သလို နေတဲ့အခါ မင်း အထိမနာနဲ့ ခင်သုတ"

❂ ○ ❂



www.burmeseclassic.com

www.burmeseclassic.com



မိုးသွန်းက အောက်နှုတ်ခမ်းကို ရှေ့ထော်ထားတဲ့ ပုံစံနှင့် ဆိုဖာရှည်ကြီးတစ်ခုပေါ် ပစ်လှဲချလိုက်သည်။ မျက်နှာက စူကောက်ကောက်လိုလို၊ ငိုပဲငိုချင်နေသလိုလို။ မိုးသွန်းဟာ မိုးသစ်ထက် နည်းနည်းပဲ ငယ်သော်လည်း အများကြီးငယ်သကဲ့သို့ပင်၊ ငယ်ငယ်ကတည်းက အိမ်မှာ ညီအငယ်ဖြစ်တာ တစ်ကြောင်း၊ မိန်းမရတော့လည်း သူ့ထက်အသက်ကြီးတဲ့မိန်းမနှင့် ရတာတစ်ကြောင်းမို့ ထင်သည်။ သူ့ရဲ့ပုံစံ အပြုအမူတို့ဟာ ကလေးဆန်သလိုလို ရှိတတ်သည်။

"ဒီကောင်လေး ဘာဖြစ်လို့လဲ"

"သူ့မိန်းမ ကန်ချလိုက်လို့"

"ဟစ် ... ဟစ် ... ဟစ်"

ကိုရင်က အံ့သြသွားပြီး တကယ့်ကို သဘောကျသလို ပခုံးတလှုပ်လှုပ် ရယ်မောနေပါတော့သည်။ မိုးသွန်းက ကိုရင့်ကို ကလေးဆန်ဆန် မျက်စောင်းရွယ်ရင်း ...

"ဒါ ရယ်စရာလားဗျ၊ ဟာသမြောက်နေလို့လား"

"ဟင် ... တကယ်ပြောနေတာလား၊ ငါက နောက်နေတာလားလို့"

"ကိုရင်ကဗျာ ...ညစ်နေရတဲ့ကြားထဲ၊ အဲဒါ ဒီအခန်းမှာ ကိုရင် ကျွန်တော့်ကို ခဏပေးနေမလားလို့ သော့တောင်းတာ"

"ဩော် ... နေပါကွာ၊ ရတာပေါ့၊ ကြိုက်သလောက်နေ"





ဗညားရင်က တစ်ကလေး အချိန်မဆိုင်းဘဲ အကျိုးအကြောင်းလည်း သေချာမေးမြန်းမနေဘဲ ရှောရှောရှူရှူ အလွယ်တကူပဲ ခွင့်ပြုလိုက်ပါသည်။ မိုးသစ်က လက်ထဲက ဂျာကင်အလုံးအထွေးကို ဆိုဖာတစ်ခုပေါ် ပစ်ပေါက်ချလိုက်ရင်း ...

"ကျွန်တော်ရောပဲ"

"ဟင် ... မင်းကိုလည်း သက်လျာအေးက ..."

"ကိုရင် ...၊ ဒီမှာ မျက်နှာကြည့်ထားလေဗျာ၊ လူချင်းတူလား၊ မိန်းမကန်ချတာ ခံမယ့်ကောင်လား ဆိုတာ၊ ကျွန်တော်က ဆင်းလာတာ တခြားစီပဲလေ၊ လုံးဝကွဲလွဲတယ်၊ ကျွန်တော်က မင်း အဲသလောက် ဖြစ်နေရင် မနေဘူးဆိုပြီး ရာဇသံပေးပြီး ဆင်းလာတာလေ"

"မင်းတို့ညီအစ်ကိုပဲ ပေါက်ပေါက်ရှာရှာကွာ၊ တစ်နေ့တည်း တစ်ရက်တည်းပြိုင်တူ အိမ်ပေါ်က ဆင်းရတယ်လို့"

"ပြိုင်တူဆို ညကကိစ္စကြောင့်ပဲလေ၊ နှစ်ယောက်တူတူလုပ်တာကိုး"

"အိမ်က သိသွားကြတယ်ပေါ့"

"သိဆို ဒီကောင့်မိန်းမ ခင်မမစောပေါ့၊ သူ့ဟာသူ တခြားကသိတာ ကိုယ့်ယောက်ျားပြသနာ ကိုယ်မရှင်းဘူး၊ အိမ်က သက်လျာအေးကိုပါ ဖုန်းဆက်အတိုအထောင်လုပ်လိုက်တာကိုး၊ အိမ်က တစ်ယောက်ကလည်း ဆီးပြီးပွဲကြမ်းတော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မသက်လျာက ဒီလောက်လည်း မကြမ်းပါဘူး၊ ကိုကိုက ကြမ်းနေတာပါ၊ ကိုကို တစ်ခွန်း တောင်းပန်လိုက်ရင် မသက်လျာက အေးသွားမှာ ငြိမ်သွားမှာကို၊ အလကား ပြဿနာကြီးအောင် တုံ့ပြန်တယ်၊ ဟိုက ဒီလောက်ကို မဟုတ်ဘူး ကိုရင်"

"ဟော့ကောင် ... မင်းမိန်းမကို မင်းတောင်းပန်ပါလား၊ ငါ့ပြောနေရအောင်"

"တောင်းပန်လို့မှ မရတာ၊ ရရင် တောင်းပန်ပြီး အတင်းပြန်တက်မှာပေါ့"

"ဟား ... မင်းအလကားကောင်ပဲ၊ ယောကျ်ားမာနမရှိဘူးလား၊ ငါ့ကိုတော့ အဲလိုလာလုပ်လို့ မရဘူးဆိုတာ သိအောင်ပြရမှာပဲ၊ ဒါကို ငြိမ်ခံတောင်းပန်လိုက်ရင် နောင်တစ်သက်လုံး ဘယ်လိုသွားနေမလဲ"

"အပိုးကျိုးကျိုး နေပေးလိုက်ပေါ့ဗျ"

"တောက် ... ငါကန်လိုက်ရ၊ ယောကျ်ား ဈေးပျက်တယ်၊ အလကားကောင်၊ မိန်းမလည်း မပိုင်ဘဲနဲ့ ငါသွားလေရာ လိုက်မြူးချင်သေးတယ်"

"ကိုကိုတောင် မြူးချင်သေးတာပဲ"

"ငါက ငါ့ဟာငါ ပိရိတယ်၊ မင်းသာ မပိမရိ အူကြောင်ကျိုးကျဲ၊ ဘာလဲ ... မင်းက ရှိခိုးတောင်းပန်ပြီး အိမ်ပေါ်ပြန်တက်ချင်တဲ့ကောင်လား ... သွား ... ဟော့ကောင်၊ ဒီမှာ လာမနေနဲ့"





မိုးသစ်က မိုးသွန်းကို ထ,ကန်ဟန်ပြင်သဖြင့် မိုးသွန်း ဆိုဖာပေါ်မှ ခေါင်းအုံးကြီးနှင့် ကာလိုက်ရင်း ...

"ဒါ ကိုရင့်အခန်း၊ နေတော့ ဘာဖြစ်လဲ"

"ဟော့ ... ကိုရင်ကိုက ငါ့သူငယ်ချင်း"

"ဟား ... ကိုကိုက တစ်ကိုယ်ကောင်းကို ဆန်တယ်၊ ခုချိန်များ သူငယ်ချင်းဦးနေသေးတယ်၊ ကိုကိုနဲ့ စပေါင်းပေမယ့် ကျွန်တော်နဲ့လည်း တစ်ဆက်တည်း ခင်နေပေါင်းနေတာ ကြာပြီပဲဟာကို၊ ကျွန်တော်က ရှိခိုးပြီး ပြန်တက်ချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ကျွန်တော်လည်း ဒေါသထွက်နေတာပဲ၊ ကျွန်တော်က တောင်းပန်တာတောင် မရလို့ အိမ်မပြန်ရဲတာလေ၊ ကိုကိုက နည်းနည်းစိတ်လျှော့လိုက်ရင် ပြေလည်နိုင်တာကို သူကပဲ တစ်ပြန်စီး ပြန်တင်းလိုက်သေးတယ်၊ မှားတာက ကိုယ့်ဘက်တွေ မှားတာပဲဟာ"

"ဟော့ကောင် ... ဘာမှားတာလဲ၊ ပြောရင်းဆိုရင်း ... ပြောရင်းဆိုရင်း"

မိုးသစ်က မိုးသွန်း ကာထားတဲ့ ခေါင်းအုံးကြီးဆွဲကာ မိုးသွန်းကို တဖုံးဖုံး ရိုက်လေသည်။

"ငါတို့ ပျော်တာလေး တစ်ခုကလွဲရင် မဟုတ်တာ ဘာလုပ်လဲ၊ မိန်းမရှုပ်သလား၊ သစ္စာဖောက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"လိမ်ထွက်တာလေ"

"ဒါ သူတို့ခွင့်မပြုလို့ လိမ်ထွက်ရတာပေါ့"

ဗညားရင်က ပြုံးစိစိ ရပ်နားထောင်နေရင်း ပြဿနာကို ခြုံငုံနားလည်ကာ ပြတင်းပေါက်နား ပြန်လျှောက်လာပါသည်။ သာယာလှပတဲ့ ဟိုးအဝေးရှုခင်းကို ငေးမောရင်း ရင်ထဲမှာ တနစ်နစ် တစ်စစ်စစ် ဖြစ်လာသည်။ သူနဲ့တော့ တစ်မျိုးတစ်ဘာသာစီ။ သူကတော့ ဒီကလပ်ဘ်ကို မိန်းမရောက်လာတာမြင်ရတဲ့အတွက် ဒေါပွနာကျင်ရတဲ့သူ။

ခင်သုတကို မီးရောင်မှိန်မှိန် ထောင့်ချိုးတစ်ခုက စားပွဲတစ်ခုမှာ လှမ်းတွေ့လိုက်ရတော့ သူ အရိုက်ကိုထိုးခံရသလို ဟိုက်ခနဲ ခံစားလိုက်ရသည်။ ခင်သုတကို မိုးသစ်နှင့် မိုးသွန်း မြင်တွေ့သွားမှာကိုလည်း သူ စိုးရွံ့ရှက်နိုးမိသည်။ သူတို့မိန်းမတွေတောင်မှ ယောကျ်ားနိုက်ကလပ်ဘ် ခိုးသွားတာ မကြိုက်ကြတဲ့ဟာကို၊ သူ့အဖို့ရာကော မိန်းမက နိုက်ကလပ်ရောက်လာတာကို နှစ်သက်နိုင်ပါ့မလား။ ဘေးမှာလည်း ကေသီရည်းစားပြောပြော ဘာပြောပြော ယောကျ်ားတစ်ယောက် ပါသေးသည်။

ဆေးတက္ကသိုလ်တက်တုန်းရော ဆရာဝန်ဘွဲ့ရပြီးမှရော ခင်သုတဟာ ယောကျ်ားတကာတို့ရဲ့ နှလုံးသားကို ဘယ်လိုညှို့ယူဖမ်းစားနိုင်ခဲ့တာ။ သူ့အတွက်ကျကြရတဲ့ ယောကျ်ားတကာတို့ မျက်ရည်တွေကိုသာစုထားလျှင် ခြံထဲက သူ့ပန်းပင် ပန်းအိုးတွေကို တစ်နှစ်ပတ်လုံး ရေလောင်းဖို့တောင် လုံလောက်နိုင်တာ၊





ဗညားရင်နှင့် ခင်သုတ မင်္ဂလာဆောင်တော့ ဘဝပျက်မတတ် ခံစားကြတဲ့ ယောကျ်ားတွေ မနည်းမနော ရှိခဲ့တာ၊ ဒါတွေသိထားတဲ့သူမို့ ခင်သုတကို ရခဲ့တာအတွက် သူ ထာဝစဉ် ဂုဏ်ယူခဲ့ပါသည်။

သို့ပေမယ့် သူမကိုတော့ မသိစေခဲ့ဘူးပေါ့။

ခင်သုတရဲ့ မာန်မာနကိုလည်း သူ တောက်လျှောက်မြင်တွေ့ခံစား သိနားလည်ခဲ့ပါသည်။ ခင်မမစောတို့ သက်လျာအေးတို့လို နိုက်ကလပ်ဘ် သွားရကောင်းလားလို့ သူ့ကိုဘယ်သောအခါမှ ရန်လုပ်မယ့် မိန်းမမျိုး မဟုတ်တာ၊ အဲဒီအစား သူကိုယ်တိုင်ပါ ဗညားရင် အနေအထိုင်မျိုး ပြုမူနေထိုင်လိုက်ဖို့ မထိတရီ ဝန်မလေးစတမ်း သဘောထားရှိတာ။

"ကိုရင် ... ကိုရင်"

"အင်း ..."

"ဗိုလ်ဆာတယ်ဗျ"

"မင်းကလည်း ကလေးကျနေတာပဲ၊ ဖုန်းဘေးမှာ ကတ်ပြားလေးတွေ့လား၊ အဲဒါ အောက်ဆုံးထပ်က ရက်စ်တော့ရင့် ဖုန်းနံပါတ်ရော၊ တခြား ဒီနားက စားသောက်ဆိုင် စတိုးဆိုင် ဗျူးတီးဆလွန်း ရှိရှိသမျှ ဆိုင်တွေရဲ့ဖုန်းတွေပဲ၊ မင်း စားချင်တာ ဖုန်းဆက်မှာလိုက်၊ လာပို့လိမ့်မယ်"

မိုးသွန်းက မျက်နှာမှုန်တေတေနှင့် ဖုန်းသွားဆက်နေပါသည်။ အင်း ... မိုးသွန်းမိန်းမ ခင်မမစောလို မိုးသစ်မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



သက်လျှာအေးလို့ သူ့ကို ခင်သူတက နိုက်ကလပ်ဘ်သွားရကောင်း၊ လားလို့ ရန်တွေ့ငိုယိုလျှင် ဘယ်လောက်များ ကောင်းလိုက်လေ မလဲ။

"ကိုရင် စားပြီးပြီလား၊ ဘာစားမှာလဲ"

"ထမင်းပေါင်း မှာပေးကွာ"

"ငါ့ဖို့ ကြေးအိုးဆီချက်"

မိုးသွန်းက မှာပြီး ဖုန်းပြန်ချလိုက်ကာ ...

"ကိုရင်က မနက်က ပြန်သွားတာ မဟုတ်လား၊ ဘာဖြစ်လို့ ခုဒီကို ပြန်ရောက်နေရတာလဲ"

"ဒီလိုပါပဲ"

"ဘာလဲ ... ကိုရင်ရော ကိုရင့်မိန်းမနဲ့ ပြဿနာတက်လာလား"

"အဟာစ်ဟာစ် ... ပြဿနာ မတက်ပါဘူး၊ ငါကတောင် သူ ငါ့ကို ပြဿနာရှာစေချင်တာ"

"ဟား ... ကိုရင်ကလည်း မဖြစ်နိုင်တာ ပြောပြီ၊ ပြဿနာ ရှာစေချင်တယ်ရယ်လို့ပဲ၊ ပြဿနာမရှာတဲ့မိန်းမ ရထားတာ ဒီလောက် ကံထူးတာ၊ ဆရာဝန်မဆိုတော့ ခေတ်မီတဲ့ သဘောထင်တယ်၊ အိမ်က မမစောကတော့ ခေတ်နောက် ပြန်ဆွဲကြီး၊ ကိုကို့မသက်လျှာကျတော့ သဝန်တိုဒေဝီ"

"အဲဒီ သဝန်တိုဒေဝီကို သွားအစထောင်တာ မင်းရဲ့ချွန် တွန်းဇကရီလေ"





သူတို့ညီအစ်ကိုနှစ်ယောက် ပြန်အဖွဲ့ကျကာ ကဟာစ် ဟာစ် သံပြိုင်ရယ်နေပြန်ပြီ။ ရေထဲနေရတာများသည့် ဗညားရင် မှာ ကုန်းပေါ်ရောက်ရင် မရှင်သန်တတ်တဲ့ ငါးလိုပင်။ လည်စရာ ဗတ်စရာ အိမ်ရယ်လို့လည်း သိပ်မရှိ။ အပေါင်းအသင်းတွေက လည်း သင်္ဘောသားတွေပဲများရာ ကိုယ်ကုန်းပေါ် သူတို့ရေထဲ အမြဲအချိန်လွဲနေတာမျိုး။ ဒီညီအစ်ကိုနှစ်ယောက်နဲ့တော့ ဟိုးလွန် ခဲ့တဲ့ နှစ်များကတည်းက မမျှော်လင့်ဘဲ ' ...... 'ဟိုတယ်ရဲ့ဂျင်မ် တစ်ခုမှာ မဲင်ဘာဝင်ကြရာက ရင်းနှီးခင်မင်ပြီး စိတ်ချင်းသဘော ချင်း နီးစပ်တဲ့အတွက် စွဲစွဲမြဲမြဲ ပေါင်းဖြစ်တဲ့ သူငယ်ချင်းတွေလို ဖြစ်လာတာပင်။

တကယ်တော့ ဗညားရင်ထက် ငယ်သည့် ဒီညီ အစ်ကိုဟာ ခင်ဖို့လည်းကောင်း၊ အိမ်ကနေ ကွိကျိ ကွိကျိ ပွစိ ပွစိလုပ်မည့် ဇနီးသည်ကိုယ်စီနှင့်မို့ အာရုံနှောက်ဖို့လည်းပဲကောင်း တဲ့ အပေါင်းအသင်းတွေ။

"ဒါဆိုရင် ကိုရင့် မစ်စစ်စ် မခင်သုတကရော"

ဗညားရင်က တစ်ချက်ပြုံးပြုံး ပခုံးတွန့်ရင်း ...

"သူကတော့ ဥပက္ခာလေဒီကွ"

"ဟား ဟား ဟား ... ဟား ဟား"

သုံးယောက်သား သဘောတကျ အော်ရယ်နေမိကြ ပါသည်။ ယောက်ျားချင်း မတိမ်းမယိမ်း ခင်မင်ပေါင်းသင်းတာ



www.burmeseclassic.com

www.burmeseclassic.com



အတူအပြင်ထွက် လည်ပတ်ရင်းနီး စကားပြောဆိုရခြင်းရဲ့ စိတ်ထွက်ပေါက်ဟာ သူတို့တစ်တွေကို ကျန်းမာရေးကောင်းစေတယ်ဆိုတာ မိန်းမတွေ ဘာလို့မသိကြပါလိမ့်။ အိမ်မှာ စလောင်းတွေ အချပ်ချပ် အိပ်ချ်ဒီတီဗီကြီးတွေ တဖျပ်ဖျပ်နဲ့ ဘောလုံးပွဲကို ဘယ်လိုပဲ အားပါးတရ ကြည့်နိုင် ကြည့်နိုင် ခုလို အပေါင်းအသင်းမျိုးတွေနှင့် ဟိုတယ်တစ်ခုမှာ အခန်းတစ်ခု ငှားလိုက်ပြီး ဘီယာလေး ဝီစကီလေးနှင့် စုရုံးကြည့်ရတာမျိုးကို သူတို့သာယာကြောင်း ဘာကြောင့် နားမလည်ကြပါလိမ့်။

အောက်ထပ်က စားသောက်ဖွယ်ရာတွေ လာပို့သွားလျှင် သူတို့ထမင်းစားပွဲမှာ စုထိုင်မိကြပါသည်။ မနက်ကတည်းက ဟုတ်တိပတ်တိ ဗိုက်ထဲဘာမှမရှိကြ၍ အားပါးတရ စားရင်းသောက်ရင်း ရောက်တတ်ရာရာ ရယ်ရင်းမောရင်း ...

"တစ်သက်လုံး ဒီလိုနေလို့ရရင် ကောင်းမှာ၊ မျက်စိလည် လမ်းမှားပြီး မိန်းမယူမိတယ်ဗျာ"

"အောင်မာ ... ငါ ကန်လိုက်ပါဦးမယ်၊ သူကပဲ ပြောရှာတယ်၊ ချွန်တွန်းဇေရီကြီးက ပြန်မကြိုက်လို့ မှုးကွဲနေတာ ဘယ်ကောင်လဲ၊ ဗညားရင်နဲ့တွဲတာ မကြိုက်ဘူးဆိုလို့ ကိုရင့်ကို ပတ်ပြေးပြီး ပုန်းရှောင်နေတာ ဘယ်ကောင်လဲ"

"ကျွန်တော်လေ၊ ဒါကြောင့် မျက်စိလည် လမ်းမှားတယ် ပြောတာပေါ့"





"တကယ်တမ်းကတော့ မိန်းမယူတာမှာ တစ်လပေါင်းလိုက် တစ်လကွဲလိုက် အလှည့်ကျ ရိုတိတ်စနစ်နဲ့ ယူလို့ရရင် အကောင်းဆုံးပဲ"

"ဟက် ... ဟက် ... မင်းပဲ ပေါက်ကရပြောတယ် မိုးသစ်ရာ"

"ဟုတ်တယ်၊ မယူဘဲတော့လည်း မကောင်းပါဘူး၊ သူတို့ကို ယူလိုက်တာ သူတို့နဲ့ ပူးတွဲချည်ထားသလို ဖြစ်သွားရတာလည်း ဆိုးတာပဲ"

"ကိုရင်ကရော ..."

မိုးသွန်းက မေးသည်။

"အင်း ... လောလောဆယ်တော့ ငါက ခင်သုတကို သူ့မိဘဆီ လျော်ကြေးအလိုက်ပေးပြီး ပြန်အမ်းချင်တယ်"

"ဟင် ... တကယ်ကြီး ပြောနေတာလား"

"အင်း ..."

"ဟာ ... ဘာမှ မပြောတဲ့ မိန်းမကို ကိုရင်ရာ"

"အဲဒီ ဘာမှမပြောတာက ဆိုးတာလေ၊ မကျေနပ်တယ်၊ စိတ်ဆိုးတယ်၊ ရန်ဖြစ်တယ်၊ ခွင့်လွှတ်တယ် ဆိုတာတွေက အိမ်ထောင်တစ်ခု လင်မယားနှစ်ယောက်ကြားက အနှစ်သာရပဲလေ၊ ဒါတွေ ဘာမှမရှိရင် ငါ တစ်ယောက်တည်း နေတာနဲ့ ဘာထူးလို့လဲ၊ ကဲပါ ... မင်းတို့နှစ်ယောက် ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူးလေ၊ ကြာရင်လည်း ကြာမှာပဲ၊ ကိုရင် ဘာလုပ်မလို့လဲ"

"ဒါဆိုလည်း ဒီသော့ မင်းတို့ပဲ အပ်ခဲ့မယ်၊ ငါတော့ အေးရာအေးကြောင်း နှစ်ရက် သုံးရက် ခရီးထွက်လိုက်ဦးမယ်"

"ဘယ်ကိုလဲ ကိုရင်"

"နီးနီးနားနားပေါ့၊ ဗန်ကောက်လောက်ပေါ့၊ အပျင်းပြေလောက်ပါ၊ ပျင်းလွန်းလို့ပါကွာ"

"ဟာ ... ဒါဆို ကျွန်တော်တို့လည်း လိုက်မှာပေါ့၊ ဒီမှာနေနေလည်း အိမ်ထဲထိုင်နေတာပဲ ရှိမှာပဲ၊ နော် ... ကိုကို"

"အာ ... မင်းတို့အလုပ်တွေက ပစ်ခဲ့လို့ ရလို့လား"

"ရတာပေါ့၊ မှာခဲ့ လွှဲခဲ့မှပေါ့"

"နိုက်ကလပ်ဘ် သွားတာတောင် ပြဿနာတက်နေတာ ဗန်ကောက်ထိ ရောက်သွားတာသိရင် အပြီးကွဲနေပါဦးမယ် ဟော့ကောင်တွေရာ"

"ကွဲ ... ကွဲဗျာ၊ ဆင်းလာမှတော့ မထူးဘူး၊ စိတ်ကြီးတယ်၊ လျှော့ဘက်ဒိုးမှာပဲ"

"ပြီးရင် ဗညားရင် မ,သွားတယ်ဆိုပြီး ဗညားရင်ခေါင်းပေါ်ပဲ ကျဦးမှာကွာ၊ ဗညားရင် ဆိုတဲ့ကောင်က သူတို့ယောက်ျားတွေကို ဖျက်ဆီးနေတဲ့ကောင်ကို ဖြစ်လို့ ..."

ဗညားရင် အသံက အောင့်သက်သက်။





"ဒီမှာ ဟိတ်ကောင်တွေ၊ မင်းတို့ တကယ်အိမ်မပြန်ဘူး၊ ငါနဲ့လည်းလိုက်ဖို့ စိတ်ကူးတယ်ဆိုရင် ခုကစပြီး မင်းတို့ ဖုန်းတွေကိုပိတ်၊ ဘာအကြောင်းကြောင့်မှ မဖွင့်နဲ့၊ အိမ်က လိုင်းဖုန်းကိုပဲသုံး"

ဗညားရင်က ခပ်ပြတ်ပြတ် အဆုံးသတ်လိုက်ပါသည်။

◌ ○ ◌



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်နားက ခင်မမစောရဲ့ ဝန်ထမ်းလေးများက အချင်းချင်း မေးငေါ့ကြ ရှုံ့မဲ့ကြပါသည်။ သူ တကယ်နားအေး မအေးတော့ မသိ။ သူတို့ဝန်ထမ်းတစ်တွေတော့ အကြီးအကျယ် နားမအေးရတာ အမှန်ပင်။ သူတို့ကို အဆူပူအငေါက်ငမ်း စိပ်လာသည်လေ။ ခင်မမစောက သူတို့ကို အရေးလုပ်ပြီး ဘာမှပြောမနေပေမယ့် ဒီရက်တွေအတွင်း အပြင်က ဖုန်းလာတာတွေ ဒီက ဖုန်းဆက်တာတွေ အကြိမ်ရေစိပ်ကာ နားစွန်နားဖျားကြားရရုံနှင့် ခင်မမစောဟာ သူ့ယောကျ်ားနှင့် မပြေမလည်ပြဿနာတစ်ခု ရှိနေပြီဆိုတာ အလိုအလျောက် ရိပ်မိကြသည်။

ပြဿနာကလည်း သေးပုံမရ။ သင်းတို့မရှိတော့ နားတောင်အေးသေး ဆိုကတည်းက ကြည့်ရတာ ယောကျ်ားအိမ်မှာမရှိဘူးထင်သည်။ ရန်ဖြစ်ပြီးများ အိမ်ပေါ်ကဆင်းသွားသလား တွေးမိကြပါသည်။ နဂိုကတည်းကပင် အကြိမ်းအမောင်းသန်လှတဲ့ သူတို့ မမစောကို အောင့်အည်းသည်းခံကြရတဲ့သူတွေမို့ ခုလို ရိပ်မိကြတော့ "တစ်နေ့ ဒီတိုင်းပဲ ဖြစ်မှာပေါ့"ရယ်လို့ တွေးမိကြပါသည်။

"နားအေးနေလို့ ပြီးမလား မမစောရဲ့၊ နားအေးတယ်ဆိုတာက တစ်ခဏ အပေါ်ယံလေ၊ သူတို့ အပြင်မှာ ကြားနေလေ ပြဿနာကိစ္စဝိစ္စက များလေဖြစ်မှာ၊ ဘယ်လောက်လွတ်နေကြမလဲ တွေးကြည့်ပါဦး၊ သက်လျာ ရင်တွေပူလှပြီ၊ အိမ်မှာ ကလေးနှစ်ယောက်ကလည်း တစ်ချိန်လုံးမေးနေပြီ၊ ဘယ်လိုဖြေရမှန်းလဲမသိဘူး၊ လွှတ်ထားရင် အကျင့်ပါသွားမှာပေါ့ မမစောရဲ့"

"အဲဒါဆိုလည်း ရှင့်ယောကျ်ားဆီ ရှင်ဖုန်းဆက်ပါလား သက်လျာရဲ့"

"ဆက်တာပေါ့ မမစောရဲ့၊ ဖုန်းပိတ်ပိတ်ထားတာနဲ့ချည်းပဲကြုံနေတာလေ၊ အဲဒါကြောင့် ပိုစိတ်ပူလာတာပေါ့၊ မမစောကိုမိုးသွန်းဆီ ဆက်ကြည့်ပါဦး"

"မဆက်နိုင်ပါဘူးတော်၊ ခခယယနဲ့ ဖုန်းဆက်ခေါ်တယ်ဆိုပြီး ရွှေဘဝင် အလုံးဆို့နေပါဦးမယ်"

"ဒါဆို ဒီတိုင်း ပစ်ထားတော့မှာလား မမစောရဲ့"

သက်လျာအသံ အိညောင်ညက်မှာ စိတ်မရှည်သလို ဟဲ့မြီးတိုသံ ထွက်လာပါသည်။ ခင်မမစောက သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

"မမထင်တာတော့ ရှိတယ်"

"ဘာလဲဟင်"

"သူတို့ကို ကိုဗညားရင်ပဲ မြှောက်ပေးထားမှာပဲ"

"အင် ... ဟုတ်လား"

"သိပ်ဟုတ် သိပ်သေချာပေါ့ သက်လျာရယ်၊ မိုးသွန်းတို့ ညီအစ်ကိုက မဟုတ်တာလေးဆို အိမ်ကမိန်းမတွေ မသိအောင် ခိုးလုပ်ရဲတဲ့သတ္တိလောက်ပဲရှိတာ၊ ဝမ်းတွင်းဆိုးတွေ မဟုတ်ဘူး၊ ဟိုလူက အိမ်ကမိန်းမဆိုတာကို အရုပ်လောက်







www.burmeseclassic.com

www.burmeseclassic.com



သဘောထားတဲ့သူ၊ တစ်စက်ကလေးမှ ဂရုစိုက်တာမဟုတ်ဘူး၊ သူတို့ညီအစ်ကို အိမ်ကဆင်းတယ်ဆိုရင် ဖျောင်းဖျောင်ဖျဖျနဲ့ ချော့မော့ပြီး နားချအိမ်ပြန်လွှတ်မယ့်သူမျိုး မဟုတ်ဘူး၊ မြှောက်ပေးမယ့်သူမျိုး"

"သက်လျာလည်း အဲလိုထင်တာပဲ"

"ထင်မနေနဲ့ အမှန်ပဲ၊ လင်မယားဆိုတာ ကတောက်ကဆ ဖြစ်နေကျ၊ ရန်ဖြစ်နေကျ၊ ပြဿနာတက်နေကျပဲလေ၊ ဒီညီအစ်ကို ဘယ်တုန်းက အိမ်ပေါ်က ဆင်းသွားဖူးလို့လဲ သူမြှောက်မပေးဘဲ ခုလိုနေမယ့်သူမျိုးတွေ ထင်လို့လား"

"အဲဒါဆို ဘယ်လို လုပ်ကြမလဲ၊ စဉ်းစားပါဦး မမစောရဲ့"

"အို ... မစဉ်းစားပါဘူး၊ အလုပ်တွေ ရှုပ်ပါတယ်ဆိုမှ သက်လျာ ဘာသာ လုပ်ချင်သလိုလုပ်၊ မမကတော့ မိုးသွန်း ပြန်မလာလည်း အေးတယ် သဘောထားတယ်"

"အို ... မမစောကလည်း၊ တကယ်မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့၊ မမစောဆိုရင် အခု မပေါ့မပါးကြီးနဲ့လေ ကွဲသွားလို့ ဖြစ်ပါ့မလား၊ ပြန်မလာလို့ ဘယ်ဖြစ်ပါ့မလဲ သက်လျာက ဘာမှမ မလုပ်တတ်တာကို၊ မမစော လုပ်တတ်ကိုင်တတ်မှုလို့ မမစောကို အားကိုးတကြီးပြောနေတဲ့ဟာကို"

ခင်မမစောက မျက်တောင်ကလေး ခပ်မှေးမှေးစင်းရင်း တခဏ စဉ်းစားလိုက်ပါသည်။ သူကိုယ်တိုင်ကတော့ အိမ်





ကထွက်သွားတဲ့ မိုးသွန်းကို မခေယနိုင် ချော့မခေါ်နိုင်ပေမယ့် တခြားသူ ကူညီလို့ ဝိုင်းဝန်းလို့ ပြန်ရောက်လာမှာကိုတော့ လိုလားသားပဲ မဟုတ်လား။

"သက်လျာက ကိုမိုးသစ်ဆီလည်း ဖုန်းဆက်လို့ မရဘူးဆိုတော့ အဲဒီလူကြီး ဗညားရင်ဆီကိုပဲ ဖုန်းဆက်စုံစမ်းဖို့ရှိတော့တာပေါ့ သက်လျာရဲ့"

"ဩော် ... ဒါများ မတွေးမိဘဲ ရှိပါ့မလား၊ ကိုကို့ဖုန်းဆက်မရတော့ ကိုမိုးသွန်းဖုန်းကို ဆက်တယ်၊ အတူတူပဲ ဒီတိုင်းပဲ၊ ဖုန်းပိတ်ထားတာချည်းပဲ၊ အမြဲတမ်း၊ အဲဒါနဲ့ ကက်ပတိန်ဗညားရင် ဖုန်းကို ဆက်ပြီးပြီ၊ သူလည်းပဲ ဖုန်းကိုမဖွင့်တာ၊ သုံးယောက်စလုံး ဖုန်းကိုပိတ်ကိုထားတာ"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် မမစောရဲ့၊ အဲဒါကြောင့် ပြောနေတာပေါ့၊ ဖုန်းတွေပိတ်ပြီး ယောကျ်ားသုံးယောက် စုမိနေပြီဆိုရင် အခြေအနေက အသားအလာ မကောင်းဘူးလေ မမစော၊ ဗညားရင်နဲ့သာ ဖုန်းပြောလို့ရရင် သက်လျာက ကိုကိုတို့ကို ချော့မော့နားချပြီး အိမ်ပြန်ဖို့ ဖျောင်းဖျလွှတ်လိုက်ပါလို့ တောင်းတောင်းပန်ပန် ပြောဖို့ စိတ်ကူးထားပြီးသား"

"ဘာလဲ ... ဗညားရင်ပါ သူ့အိမ်မှာမရှိဘဲ အိမ်ပေါ်က ဆင်းတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရင်လည်း ဖြစ်မှာပဲ၊ သူ့အိမ်သူ နေမြဲတိုင်းရှိရင် ဖုန်းကို ဘာလို့ ပိတ်ထားမလဲ"

အင်း ...။ သက်လျာရဲ့အတွေးလည်း မဆိုးပါ။ နဂိုကတည်းက ဒေါသရော စိတ်ပူတာပါ ရောပြွမ်းသမနေသည့် ခင်မမစိတ်တွင်း ပူပန်မှုက အင်အားသာလာပါသည်။ ဗညားရင်ဆိုသူနှင့် မိုးသစ်ရော မိုးသွန်းပါ အလွန်ခင်မင်ကြပေမယ့် အိမ်ကို တစ်ကြိမ်မှ အလည်ပါမလာတတ်တဲ့ ဗညားရင်နှင့် လင်စုံမယားဖက် တက်ကြတဲ့ ပွဲလမ်းတချို့၌သာ ခဏတဖြုတ် ဆုံဖူးပြီး ခင်မမစောရော သက်လျာအေးပါ မရင်းနှီးကြပါ။

မရင်းနှီးကြသော်လည်း တစ်ခေတ်တစ်ခါတည်းသော နှစ်မကွာတဲ့ တက္ကသိုလ်အသိုင်းအဝန်း အပေါင်းအသင်းများထံမှာတော့ ဗညားရင်အကြောင်းကို အထပ်ထပ် အခါခါ နားမဆံ့အောင် ကြားဖူးသည်။ သူတို့သိသလောက် ဗညားရင်သည် ဆယ်တန်းသာ အောင်သော်လည်း တက္ကသိုလ်သချ္ချာမတက်ဖြစ်။ ငယ်ငယ်ရွယ်ရွယ်နှင့် သင်္ဘောတက်သွားခဲ့တဲ့သူ ဖြစ်ပေမယ့် တက္ကသိုလ်ပေါင်းစုံက နာမည်ကြီး အချောအလှ စာရင်းဝင်တို့တွင် သူနှင့်မတွဲဖူးတဲ့သူ ခပ်ရှားရှားပေ။

အင်မတန်မှ မိန်းမစွဲလှတဲ့သူ။ မိန်းမတွေကျတဲ့သူ။ သူဌေးသားလည်း သူဌေးသား။ ငယ်ငယ်နှင့်လည်း သင်္ဘောမှာ အရာရှိရာထူးရကာ ငွေကိုလည်း သောက်သောက်လဲ ဖြုန်းနိုင်တဲ့





သူဖြစ်၍ နေရာတကာ ကျော်ကြားလှဝင်ဆန့်နေသည်။ အပေါင်းအသင်း အရင်းအချာတော့ နည်းတယ်လို့ သိထားရတဲ့ ဗညားရင်ဟာ မိုးသစ် မိုးသွန်းတို့နှင့်တော့ တော်တော်ကြီး တွဲသည်။

ဘာကြောင့်မှန်း သေချာအကြောင်းရင်း မဖော်ပြတတ်ဘဲ ခင်မမစောရော သက်လျာအေးပါ ကိုယ့်ယောက်ျားတွေ ဗညားရင်နှင့် တန်းတန်းစွဲ တွဲနေကြတာကိုတော့ သိပ်ပြီးသဘောကျသလို အလိုအလျောက် ခံစားကြရပါသည်။

"သူ့မိန်းမရော"

"ဘာဖြစ်လဲ ... သူ့မိန်းမက"

"သူ့ဆီ ဆက်မကြည့်ဘူးလား သက်လျာရဲ့"

"သူ့ဟဲန်းဒ်ဖုန်းမှ မသိတာ၊ အိမ်ဖုန်းတော့ ဘယ်နှစ်ခါလဲ ဆက်ပြီးပြီ၊ အိမ်က အဖော်အလှော်တွေချည်း လာလာကိုင်တယ်၊ အခုဆက်တာ ဘယ်သူပါလဲလို့တော့ အမြဲမေးတယ်၊ မမလေးကတော့ မရှိပါဘူး အပြင်သွားတယ်ချည်းပဲ"

"ဒါဆို သေချာတယ်၊ သူ ဖုန်းမပြောချင်တာပဲ၊ ဒါဆို သူ့ယောက်ျားပါ အိမ်မှာမရှိဖို့ သေချာသလောက်ပဲ"

"အဲဒါကြောင့်ပေါ့၊ ဘာမှကို ဆက်လုပ်လို့ မရဘူးလေ၊ အဲဒါကြောင့် မမစောကို နည်းနည်းပါးပါး လှုပ်ရှားပါဦးလို့ ပြောနေတာပါ၊ သက်လျာပဲ လိုက်ကြိုးပမ်းနေရတယ်၊ မမကတော့ အေးရာအေးကြောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုတော့ မပြောပါနဲ့ဟယ်၊ သက်လျာက တို့ထက်စာ ရင် ယဉ်ကျေးပျူငှာတယ်၊ စကားပြော ချေငံတယ်၊ တို့နဲ့ မဖြစ်ပါဘူးဟယ်"

"ဒီလိုကြီးပဲ ခေါင်းရှောင်နေလို့ ပြီးမလား မမစောရဲ့ ယဉ်ကျေးတာ ချေငံတာနဲ့ ဘာမှမဆိုင်ဘူး၊ နည်းနည်းပါးပါး တော့ သူတို့ ပြန်ရောက်လာဖို့ ကြိုးစားမှပေါ့၊ တာဝန်ခွဲယူ ဦးမှပေါ့"

"အမယ်လေး ... မမက မိုးသွန်း မလာလည်း နားအေး လေလို့ ပြောပြီးပြီရော"

"ဒီလိုချည်းပဲ ပြောပြီး ခေါင်းရှောင်မနေပါနဲ့ဆိုမှ၊ ကိုမိုးသွန်း က လူငယ်လေးလိုပဲ ရှိသေးတာနော်၊ ကိုကိုနဲ့ အသက်သာ သိပ်မကွာတယ်၊ သူ့ကိုကြည့်ရင် လူအိုပုံကို မပေါက်တာ မသိတဲ့သူမေးရင် လူပျိုပဲ ထင်ကြမှာ၊ မမစော နောက်မှ ဒူးနဲ့မျက်ရည် သုတ်နေရမယ်၊ သိလား ... ဟွန်း"

"ဟဲ့ ... ဖွဖွ၊ လွဲပါစေ ဖယ်ပါစေတော်"

"တွေ့လား ... သူလည်း နမြောတသနေပြီးတော့များ"

"ဟဲ့ ... လွဲပါစေဆိုတာ ဒူးနဲ့မျက်ရည် သုတ်ရမယ့် အဖြစ်က လွဲပါစေ ပြောတာ၊ မိုးသွန်းတော့ ဘာမှမ နမြောဘူး"

"လုပ်မနေပါနဲ့ မမစောရယ်၊ ကိုယ့်ယောကျ်ား အိမ်ပြန်လာ အောင် ကြိုးစားရတာ ဘာရှက်စရာ ဂုဏ်ငယ်စရာ ရှိလဲ"





"အို ... တို့က တကယ်ကို စိတ်ကုန်တာ"

သက်လျာအေးသည် စိတ်မရှည်တော့ပေ။

"တကယ်လား၊ တကယ် ပြောနေတာလား၊ ဒါဆိုလည်း ပြီးရော"

"ဘာပြီးရောလဲ"

"နှစ်ယောက်ပေါင်း အကြံထုတ်မလားလို့ ကမ်းလှမ်းတာ လေ၊ ဒီလောက် စိတ်ကုန်နေရင်လည်း နေတော့ပေါ့၊ သက်လျာကတော့ ကိုကို တစ်ယောက်တည်း ပြန်ရောက် လာဖို့ပဲ ကြိုးစားတော့မယ်၊ ကိုမိုးသွန်းကိစ္စ ထည့်ကိုမ စဉ်းစားတော့ဘူး၊ ပြီးတာပဲ၊ မမစောဘာသာ အေးရာအေး ကြောင်းနေလည်း နေတော့၊ တကယ်ပြတ်ရင် ပြီးတာပဲ၊ မမစော ဗိုက်ထဲက ကလေးအပြင်ထွက်လာရင် အဖေခေါ် စရာ မရှိလည်း အရေးမကြီးဘူးဆိုရင် ပြီးရော"

"သက်လျာနော်၊ ဘယ်လိုပြောလိုက်တာလဲ၊ ကလေးထည့် ပြောစရာလား၊ ဗိုက်ထဲကတောင် ထွက်မလာသေးတဲ့ လောကကြီးထဲ မရောက်သေးတဲ့ တို့ကလေး အဖူးအညွန့် အထွက်အမြွတ်ကို ဒီလို နိမိတ်မကောင်းတဲ့စကား မပြော နဲ့"

"မမစော ပြန်မပေါင်းဘဲ နေနိုင်ရင် ကလေးမှာ ဘယ်က အဖေ ရှိမလဲ၊ သက်လျာ ပြောတာ မဟုတ်လို့လား"

www.burmeseclassic.com



"ရှင်ဟာလေ၊ လူပုံကြည့်တော့ အေးပုံအေးလက် အိသွက်ညက်နဲ့၊ ပြောလိုက်ရင် တစ်လုံးတခဲနဲ့ ပီသသာလေးနဲ့ ဘေးပစ်။ ပိကျလိ ပိကျလိနဲ့ အဲလိုလိုက်လိုက် နားပူနေလို့ ကိုမိုးသစ် စိတ်မရှည်တာ ဖြစ်မှာပဲ"

"မမစောနော်၊ အဲလိုပုတ်ခတ် မပြောနဲ့၊ သက်လျာက ဘယ်လောက် နားပူပူ ကိုကို့ကိုချစ်တဲ့စိတ် အပြည့်အဝရှိတယ်၊ နားပူနားဆာတိုက်တာလည်း ချစ်လို့တိုက်တာချည်းပဲ၊ မမစောလိုလည်း အသည်းမမာဘူး၊ ပြတ်လည်းမပြတ်နိုင်ဘူး၊ သားနှစ်ယောက်ကိုလည်း မိမဲ့ ဘမဲ့ အဖြစ်မခံဘူး"

"ပြောပြန်ပြီ၊ ကလေးတွေကို နမိတ်မရှိ နမာမရှိ"

"နမိတ်ရှိတယ်၊ အဖြစ်မခံဘူးလို့ပြောတာ၊ နမိတ်ကောင်းနဲ့ ပြောနေတာ၊ မမစောသာ ..."

"အို ... ကဲ ... တော်ပါတော့၊ တကယ်ပါပဲ၊ မပြီးနိုင် မစီးနိုင် သိပ်ရစ်တာပဲ၊ ယောကျ်ားကိုလည်း သူ ဒီလိုပဲ ရစ်နေမှာ၊ ဒါကြောင့် မိုးသွန်း ပြောတာ ကြည့်ပါလား"

"အမယ်လေး ... တစ်မူးပိုရှုနေပြန်ပါပြီ မမစောရယ်၊ မမစောကကျတော့ အိညက်ညက်နဲ့ ရစ်မနေဘူး၊ ဝုန်းဆိုဒိုင်းပဲ၊ ကိုမိုးသွန်းကို တစ်ချိန်လုံး အထက်စီးချည်းပဲ ဟောက်နေတာကျတော့ရော၊ ယောကျ်ားတစ်ယောက် ဘယ်လိုမှကို ငုံ့မခံနိုင်လောက်အောင် ဖိထားတာ ပိပြားနေ





တာ၊ အဲလို ဖိလို့ ကိုမိုးသွန်း ကြွတာပေါ့၊ ချုပ်ချယ်လွန်းအားကြီးတော့ ဟိုက ညစ်ကန်ကန်တာပေါ့၊ ဘယ်လောက်တောင် ကျဉ်းကျပ်နေလည်း စဉ်းစားကြည့်၊ ပြန်မလာနဲ့ တစ်ခွန်းပြောတာနဲ့ ကျောကော့ပြီး လစ်တာ"

"ကဲ ... ဒေါ်သက်လျာအေး၊ ဘာဖြစ်ချင်တာလဲ၊ ရန်ဖြစ်ချင်တာလား၊ ရန်လိုက်စနေသလိုပဲ၊ တကယ်ပါပဲ အာရုံတွေနှောက်လာပြီ"

"ကဲပါ ... သေချာလား၊ တစ်သက်လုံး ပြန်မပေါင်းတော့ဘူးဆိုတာ"

"သူ့ဟာသူ ပြန်တက်လာရင်တော့ ဒီတစ်ကြိမ်တစ်ခါ ကတိတောင်းပြီး ခွင့်လွှတ်သင့် လွှတ်ရမှာပေါ့၊ တို့ကတော့ လိုက်ချော့မခေါ်ပါဘူး"

"မမစောရယ်၊ သူ့ဟာသူ တက်လာရင် ခွင့်လွှတ်ဖို့စိတ်ကူးရှိပြီးသားပဲ မဟုတ်လား၊ အဲလိုတက်လာဖို့ အချိန်တွေဆွဲနေလို့ မရဘူးလေ၊ အဲဒါကို ပြောနေတာ၊ သုံး,လေးရက်ကြာပြီး ပြန်တက်လာတာနဲ့ တစ်လလောက်ကြာမှ ပြန်တက်လာတာ၊ ဘာကိုလိုချင်တာလဲ သေချာလည်းတွေးဦး၊ ဘယ်ဟာက ပိုကောင်းလဲ၊ ကြာလေ သူတို့စိတ်တွေလွှက်လေ၊ အပြင်မှာ ထင်သလိုနေတဲ့ အကျင့်ကြီးကို ပိုသာသာလေ၊ ပြဿနာတွေ ပိုရှုပ်လေ ဖြစ်တော့မှာမဟုတ်လား၊ ဒါလေးတောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ... အင်းပါ၊ ကဲ ... ကဲ ... ကဲ၊ အခုဘာလုပ်စေချင်တာလဲ"

"ကိုဗညားရင် သူ့အိမ်မှာရှိ၊မရှိ၊ သူတို့လင်မယားအခြေအနေ၊ ဒါတွေသိရဖို့ လိုအပ်တာပေါ့"

"သူ့အိမ်ဖုန်းကို အိမ်က အဖော်လော့်တွေ ကိုင်တုန်းက မမေးဘူးလား"

"မေးတာပေါ့၊ အပြင်သွားပါတယ်ချည်းပဲ"

"ဒါဆိုလည်း သင်းမိန်းမကလွဲရင် တခြားမေးစရာ စုံစမ်းစရာမှ မရှိတာ"

"အဲဒီဆရာဝန်မက အင်မတန်မှ ဖင်ကြီးခေါင်းကျယ်လို့ ကြားဖူးတာပဲ၊ ကိုကို ခဏ ခဏ ပြောဖူးတယ်၊ သူတို့နဲ့လည်း မခင်ဘူး၊ ကိန်းကြီးခန်းကြီးနဲ့ မာန်တက်နေတာတဲ့"

"ဘာတွေ မာန်တက်နေတာလဲ"

"မသိဘူးလေ၊ ယောကျ်ားနဲ့လည်း ဘယ်တော့မှ ဟက်ဟက်ပက်ပက် နွေးနွေးထွေးထွေး မရှိတဲ့ မိန်းမမျိုးတဲ့၊ ကိုမိုးသွန်း မပြောဖူးဘူးလား"

"အင်း ... နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဗညားရင်အကြောင်းကတစ်ဆင့် စုံစမ်းမေးမြန်းချင်ရင်တော့ ဒီမိန်းမနဲ့ စကားပြောဖို့ တစ်ခုပဲ လုပ်စရာရှိတာပဲလေ"

"ဖုန်းလည်း မသိတာကို၊ ဘယ်လိုလုပ် စကားပြောမလဲ"





"ဒေါ်သက်လျာ ... နှစ်ကွက်လောက်တော့ ကျော်မြင်လိုက် တကယ်ပဲ"

"မမြင်ဘူး၊ မမစောပဲပြော၊ အဲလို တိုင်ပင်ချင် အကြံဉာဏ် လိုချင်လို့ မမစောကို ဆက်နေတာပေါ့၊ သက်လျာ အားအားယားယား ပျင်းလို့ ဆက်နေတာ မဟုတ်ဘူး"

ဒီသက်လျာအေးဆိုတဲ့ အမျိုးသမီးဟာ စိတ်မရှည်ချင်စရာ တကယ်ကောင်းတာပဲ။ စိတ်ရင်းလေးတော့ ကောင်းပါရဲ့။ စိတ်ရင်းမဆိုးလို့လည်းပဲ ခင်မမစောနှင့် ခင်လို့ မင်လို့ရတာဖြစ်သည်။ ခင်မမစောက တော်ရုံတန်ရုံ ဘယ်သူ့ကိုမှ စိတ်ရှည်တာမဟုတ်။ သက်လျာလိုလည်း ယောကျ်ားကို အီညက်ပိညက်နှင့် တရှည်တလျား နားပူနားဆူ လုပ်နေတတ်တဲ့သူ မဟုတ်။ ဒါလုပ်နဲ့ဆို မလုပ်နဲ့။ ဒါ မကြိုက်ဘူးဆို မကြိုက်ဘူး။ သူ့အမိန့်သူ့စကား ယောကျ်ားလုပ်သူက နားထောင်လိုက်နာမှ ကျေနပ်သူ။ များများမပြော၊ တစ်ခွန်းပြတ်ပြတ်သာ။

"ကဲလေ ... ပြောလေ ... ဘယ်လိုလုပ်ရမယ်ဆိုတာ"

"ကျွတ်၊ သူက ဆရာဝန်လေ၊ ဆရာဝန်ကို ဖမ်းမိဖို့ဆိုတာ ဆေးရုံ ဆေးခန်းကိုပဲ လိုက်ရမှာပေါ့ ဒေါ်သက်လျာအေးရဲ့ ..."

○○○



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ကိုရင် ... ကားငှားမလို့လား ကားမငှားနဲ့တော့၊ ကျွန်တော့် သူငယ်ချင်းတစ်ယောက် ရှိတယ်၊ လာကြိုခိုင်းလိုက်မယ်"

"အာ ... ဘာကိစ္စ တခြားလူ အကူညီတောင်းနေရမှာလဲ ကွာ၊ ဘာမှခက်ခဲတဲ့ကိစ္စလည်း မဟုတ်ဘဲနဲ့၊ အကူအညီ ဆိုတာ မဖြစ်မနေ လိုအပ်မှတောင်းတာ ကောင်းတယ်လေ ကွာ၊ တက္ကစီတွေ ဒီလောက်ပေါနေတာ၊ တက်စီးသွားလိုက် ရင် ဟိုတယ်ရောက်သွားမယ့်ကိစ္စကို ဘာမှဆက်မနေနဲ့"

ဗညားရင် မိုးသစ်နှင့် မိုးသွန်းတို့ သုံးယောက်သား ဝန်စည်စလယ် အနည်းငယ်မျှစီသာ သယ်ဆောင်လျက် သုဝဏ္ဏဘူမိ လေဆိပ်ထဲက ထွက်လာကြပါသည်။

"ဟား ... ကိုဗညားရင်"

လူတစ်ယောက်က လှမ်းနှုတ်ဆက်လိုက်၍ ဗညား ရင်က လှည့်ကြည့်သည်။





"ဩော် ... ကိုစိုး"

"သင်္ဘောပြန်တက်ပြီလား"

"မတက်သေးပါဘူး ... ဒီလိုပဲ အလည်သက်သက် ခဏ တဖြုတ်ပါ"

"မစ်စစ်စ် မပါဘူးလား"

"မပါဘူးဗျ၊ သူငယ်ချင်းတွေနဲ့ပါ"

"အား ... မိုက်တယ်ဗျာ၊ ကဲမယ်ပေါ့"

"မကဲပါဘူးဗျာ မဟုတ်ရပါဘူး၊ သူငယ်ချင်းတွေလည်း အားတဲ့ရက် စိတ်အညောင်းပြေ သဘောပါဗျာ"

"ဟား ... ဟား ..? နောက်တာပါဗျာ၊ ကဲ ... နောက်မှ တွေ့ကြတာပေါ့၊ ခင်ဗျား ရန်ကုန်ပြန်ရောက်မှ ချိန်းလိုက် ဦးမယ်လေ"

"အိုကေ ... အိုကေ"

တက္ကစီစတဲန်းနေရာကို ကိုရင်ကပဲ ဦးဆောင်သွား တာ အလှည့်ကျတဲ့ တက္ကစီတစ်စင်းပေါ် သူတို့တက်လိုက်ကြပါ သည်။

ရန်ကုန်မှာကတည်းက သူတို့ကြိုတင်၍ ဟိုတယ်လ် ဘွတ်ကင်လုပ်ပြီးသား။ အိမ်က မိန်းမတွေကို ဒေါက်ကန်ရှိန်တွေ နှင့် ဇန်ကောက်ထွက်၊ ဟိုတယ်အကောင်းစားကြီးတက်တည်း၊ ပျော်ပါးမြူးတူးကြမယ်ရယ်လို့ မိုးသွန်းတို့ ညီအစ်ကို ကြုံးဝါးကာ ဟိုတယ်ကောင်းကောင်းကို ဘွတ်ကင်လုပ်ဖို့ စဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင် ... St. Regis မှာ တည်းမယ်ဗျာ"
"ဘာလုပ်ဖို့လဲ မိုးသွန်း"
"အရမ်းကောင်းတယ်လေ"
"ဘာကောင်းတာလဲ၊ ကောင်းတော့ ဘာလုပ်ရမှာလဲ၊ မင်းတို့ကတော့ကွာ၊ ပိုက်ဆံထွက်ဖြုန်းမှာ ကျနေတာပဲ၊ နှစ်ယောက်ခန်း တစ်ရက် ဒေါ်လာ ၄၀၀ ကျော်တည်းချင်ရင် မင်းတို့ညီအစ်ကို သတ်သတ်ခွဲတည်း၊ ငါမတည်းဘူး"
"ကိုရင် ဘယ်မှာတည်းမှာလဲ၊ ခွဲတည်းလို့တော့ ဘယ်ဖြစ်မလဲဗျ"
"ငါ Siam @ Siam မှာပဲ တည်းဖို့စဉ်းစားထားတယ်၊ အဲဒီမှာ Spa ကောင်းကောင်းရှိတယ်၊ ဈေးလည်း ဒေါ်လာ ၁၇၀ လောက်ပဲ၊ တော်ပြီပေါ့"
"Spa ကောင်းကောင်းရှိတယ် ဟုတ်လား၊ ဒါဆို မိုက်တယ်၊ ကောင်းတယ် ကောင်းတယ်၊ Spa လုပ်မယ်၊ Massage လုပ်မယ်၊ jacuzzi Sauna ဒါတွေအကုန် စိမ်ခံမယ်"
"မင်းက ကလေးကြီး ကျနေတာပဲ မိုးသွန်းရာ၊ စိတ်နာနာနဲ့ကို ကြုံးဝါးနေတဲ့ပုံကြီးနဲ့၊ ငါက စိတ်အေးလက်အေး ခေါင်းရှင်းချင်တာ သက်သက်နော်"
"အင်းပါဗျာ ... ကိုရင်ကလည်း"

တက္ကစီကားကလေးက ဟိုတယ်ရှိရာ ဦးတည်မောင်းလာပါသည်။ မိုးသွန်းက ရှေ့ခန်းမှာ၊ ကိုရင်နှင့် မိုးသစ်က နောက်ခန်းမှာ၊ မိုးသွန်းသည် ငြိမ်သက်စွာပါလာရင်း မမစောကို





သတိရနေပါသည်။ ဒီကိုမလာခင်လည်း ဖုန်းတွေပိတ်ထားသဖြင့် မမစော သူ့ဆီ ဖုန်းဆက်လေမလား မဆက်လေမလား မသိ။

ဆက်မယ်လို့တော့ တယ်မထင်ပါ။ မမစောရဲ့တင်းမာတဲ့စိတ်ထားကို သူ သိသည်။ ဟိုတစ်နေ့က လိမ်ထွက်တာကို တောင် မမစော ဒီလောက် စိတ်ဆိုးတာ ခုလို ဇန်ကောက်ထိ ထွက်သွားတာ သိလျှင် ပိုပြီးတော့တောင် ပေါက်ကွဲတော့မှာပဲ ထင်ပါရဲ့။ တွေးရင်း တွေးရင်းက စိတ်ထဲ တစ်ချက်မသက်မသာ ခိုးဆင့်မိသည်။

အို ... ဘာပဲဖြစ်ဖြစ်။ ဘာပဲဖြစ်ဖြစ်ကွာ။ ထွက်လာပြီးမှတော့ နောက်ဆံတင်းပြီး ငင်မနေတော့ပါဘူး။ နောက်ခန်းဘက် မသိမသာ လှမ်းအကဲခတ်လိုက်တော့ အစ်ကိုဖြစ်တဲ့ မိုးသစ်က ခေါင်းကိုမော့မှီကာ မျက်လုံးအစုံကို မှိတ်လျက်သား ငြိမ်ကာ ပါလာသည်။ သက်လျှာအေးနှင့် သားနှစ်ယောက်ကိုများ လွမ်းဆွတ်နေလေပြီလား မသိပါ။

ဗညားရင်ကတော့ အပြင်ဘက် ငေးမောငြိမ်သက်နေရာမှ သူ့ဘေးမှန်ကို လျှောချလိုက်ကာ စီးကရက်တစ်လိပ် ထုတ်၍ မီးညှိလိုက်ပါသည်။

"ဂါရုနာ ... ယာဆုဘူရိ"

ကားသမားက နောက်ကြည့်မှန်မှကြည့်ကာ လှမ်းပြောလိုက်၍ ...

"အိုကေ ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ဗညားရင်က လက်ထဲက မီးညှိပြီးသား စီးကရက်ကို ဘာဆက်လုပ်ရမလဲ ကြည့်နေစဉ် ကားသမားက ကားပြတင်းပေါက်မှ ပစ်မည်စိုး၍ အလွှင့်ပစ်မခံဘဲ သူ လက်တစ်ဖက်နှင့် နောက်ပြန်လှမ်းယူကာ သူ့ရှေ့ဘက်က ဆေးလိပ်မီးသတ်တဲ့ အံကလေးထဲ ထည့်ပိတ် မီးသတ်လိုက်ပါသည်။

ဗန်ကောက်ကိုတော့ အိမ်ဦးနှင့်ကြမ်းပြင် မကြာမကြာ ရောက်နေရုံမက တစ်ခါတစ်ရံ ဒီကနေ သင်္ဘောစောင့် တက်ရတဲ့မျိုး၊ ကြိုထွက်လာရတာ၊ ခဏတဖြုတ်နေဖြစ်တာ အကြိမ်ပေါင်းများစွာမို့ ဗညားရင်က သာမန်စကားလေးတွေ လောက်တော့ ကိုယ်မပြောတတ်ရင်သာနေမည်။ အနည်းအကျဉ်းတော့ နားလည်နေပြီ။

အင်း … ဗန်ကောက်။ တကယ်တော့ ဒီမြေပေါ်မှာ သူ့ရဲ့ဟန်းနီးမွန်းခရီး ငါးရက်ကို ကုန်လွန်ခဲ့ဖူးပါသေးသည်။ အဲဒီ ငါးရက်လေးရဲ့အစပိုင်း သုံးရက်မှာတော့ သူ ခင်သုတနှင့် ပျော်ရွှင်ကြည်နူးခဲ့ရပါရဲ့။ မပြန်ခင်နှစ်ရက် စတုတ္ထရက်မှာတော့ ဘယ်လိုအကုသိုလ်ဂြိုဟ်ဆိုးက ဝင်တယ်မသိဘဲ တစ်ချိန်ကတွဲခဲ့ဖူးတဲ့ သူ့ရဲ့နောက်ဆုံးရည်းစားဟောင်းနှင့် တစ်ဟိုတယ်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် လာဆုံတော့တာ။

အဲဒီ မိန်းကလေးအုပ်စုက ဈေးဝယ်သက်သက်ထွက်လာတဲ့အုပ်စု။ အလှတွေ စွတ်ပြင်ကာ အလကားနေ တဟီးဟီး တဟားဟား ပျော်ရွှင်မြူးထူးနေကြကာ ဗညားရင်ကို ဒီမှာမမျှော်





လင့်ဘဲ လာဆုံတော့ သူတို့အတွက် မကြေပွဲကြီး နွှဲစရာလို ဖြစ်သွားခဲ့တာပါ။

နီလာညို။ တွဲခဲ့တုန်းကလည်း စိတ်တူကိုယ်တူ၊ ကွဲခဲ့တုန်းကလည်း စိတ်တူကိုယ်တူပါ။ ဒါပေမဲ့ ဗညားရင်လို တစ်သက်လုံး မိန်းမအတည်တကျယူမယ် မထင်ရတဲ့သူက ခင်သုတကို တန်ဖိုးထား လက်ထပ်ယူပြီး ဟန်းနီးမွန်းထွက်လာတဲ့ ခရီးမှန်းလည်း သိနေရာ သူမဘက်က ရှောင်သလို ဖယ်သလို ဖီလင်အောက်သလို အဖြစ်မခံဘဲ သူငယ်ချင်းအုပ်စုတောင့်တောင့်နှင့် ပေါင်းကာ ဗညားရင်တို့ကို စ,လိုက်လှောင်ပြောင်လိုက် တကူးတကကို အာရုံစိုက်ပြီး စိတ်အနှောင့်အယှက် ပြုနေတော့တာ။

အရှိထက်ပိုတဲ့ အထင်လွဲမှားမှုမျိုးကို ခင်သုတထံမှ သူ ရခဲ့ပါသည်။ အဲသလိုဖြစ်အောင်လည်း နီလာညိုဘက်က ညှိရွယ်ခဲ့တယ်ပဲလား မသိတော့ပါ။ မပြန်ခင်နှစ်ရက်မှာ သူနဲ့ ခင်သုတရဲ့ ရင်းနှီးပူနွေးစပြုတဲ့ ဆက်ဆံရေးဟာ ရုတ်ခြည်းအေးစက်ကျဲတောက်သွားခဲ့ရတော့တာ။

ခင်သုက … ခင်သုတ။

ဖြစ်ချင်တာကို ဖွင့်မပြော၊ သိချင်တာကို ဖွင့်မမေးတဲ့ မှိုသိပ်ကြိတ်မှိတ်တတ်သော စရိုက်နှင့် ယောကျ်ားတစ်ယောက်အတွက် ပူလောင်ရ ရှူးသွပ်ရမှာကို ရှက်စရာ သိမ်ငယ်စရာ ဂုဏ်ချက်စရာ သိက္ခာကျစရာလို အထင်အမြင် မှားယွင်းနေတဲ့ အမျိုးသမီး။ သူ့ရဲ့အဲဒီစရိုက်ကြောင့် သူတို့ကြား ဝေးကွာဟမှုက



www.burmeseclassic.com

www.burmeseclassic.com



အရှိန်အဟုန်ကြီးခဲ့တာ သိပ်သည်း နှစ်ဝင်မှုက နက်ရှိုင်းခဲ့တာလို့ သူ ထင်ပါသည်။

ဟိုတယ်ရောက်တဲ့အခါ ချက်ကအင်လုပ်ပြီး ကြိုတင်ဘွတ်ကင်လုပ်ထားတဲ့ အခန်းဆီ သူတို့တက်ခဲ့ကြသည်။ အခန်းခွဲမနေဘဲ အတူနေကြဖို့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း နှစ်ယောက်ခန်းထဲမှာ Extra bed ထိုးကာ သူတို့သုံးယောက်လုံး အတူတကွ။ အခန်းထဲရောက်တာနှင့် မိုးသစ်နှင့် မိုးသွန်းက နှစ်ယောက်အိပ်ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုးလှဲလိုက်ကြသည်။

ဗညားရင်ကတော့ သူ့ လက်ပ်တော့ကို ဖွင့်ကာ ဟိုတယ်က ဖရီးဝိုင်ဖိုင်နှင့် face book ဝင်လိုက်ပါသည်။ သူတို့ မိန်းမတွေသုံးယောက်လုံးဟာ face book ကို စွဲစွဲမြဲမြဲ သုံးကြတဲ့ သူတွေပင်။ သူ့ Friend list ထဲလည်း သုံးယောက်လုံး ရှိနေတာမို့ အားလုံးကို ဝင်ကြည့်နိုင်သည်။ ခုနေမှာ သူတို့မိန်းမတွေဘက်က တစ်စုံတစ်ရာသော လှုပ်ရှားမှု ခံစားမှုတို့ကို သိခွင့်ရဖို့က ဒီနေရာတစ်ခုပဲ ရှိတာလေ။

ခင်သုတရဲ့ wall ကို ဖွင့်ကြည့်လိုက်တဲ့ ဗညားရင်က ဒီမနက်ခင်း ခပ်စောစောအချိန်က ခင်သုတ တင်ထားတဲ့ ...

"Very Beautiful Saturday" ဆိုတဲ့ status စာတန်းကိုကြည့်၍ ပြုံးမိပါသည်။ ဒီလိုပဲ တင်မယ်ဆိုတာ သူသိပြီးသားပါ။ အောက်က လှပသော ပန်းခြင်းလေးတစ်ခုပုံပင် ပါလိုက်သေးသည်။ သူတို့တွေ ဒါပဲ။ မနက်ဆို Good morning





တို့၊ Beautiful day တို့တင်။ ညဆို Good night တင်။ ဘာမှတင်စရာမရှိရင် ဒါတွေပဲတင်ကာ တစ်နေရာရာသွားလျှင် တစ်ခုခုစားလျှင် အဲဒါနဲ့ ပတ်သက်တာတွေတင်။ ဒါပဲ သူတို့အလုပ်။

သက်လျှာအေးရဲ့ wall ကို ဖွင့်ကြည့်လိုက်ပြန်သောအခါ တခြားတစ်နေရာက Share လုပ်ပြီး တင်ထားတဲ့ Post တစ်ခုကို တွေ့ရသည်။

"လှေ ... သင်္ဘောတွေ မရှိခဲ့ရင်
မြစ်တစ်စင်းရဲ့ အနှစ်သာရဟာ အလကားပဲ ...
အပွင့် အသီးတွေ မရှိခဲ့ရင်
သစ်ပင်တစ်ပင်ရဲ့အနှစ်သာရဟာ အလကားပဲ ...
ပျံသန်းဖို့တောင်ပံမပါရင်
ငှက်တစ်ကောင်ရဲ့အနှစ်သာရဟာ အလကားပဲ ...
ခိုင်မာတဲ့ သစ္စာတရားမပါရင်
အချစ်တစ်ခုရဲ့ အနှစ်သာရဟာ အလကားပဲ ..."
"အဟတ် ဟတ်"

ဗညားရင်က ခပ်တိုးတိုး ရယ်မောမိသည်။ ဘယ်ကကလေးတစ်ယောက်ဆီကနေ သွား Share ယူလာတယ်မသိ။ တကယ်တော့ သက်လျှာအေးရဲ့စိတ်နှလုံးဟာ ကလေးသာသာပင်။ ဘာပဲဖြစ်ဖြစ် ကလေးဆန်တဲ့ စိတ်ကလေးဆိုတော့ ဖြူစင်တယ်ရယ်လို့လည်း သဘောပိုက်လို့ ရပါသည်။ ဗညားရင်က ခင်မမစောဆီ သွားကြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"... သူငယ်ချင်းတစ်ယောက်က ပြောတယ်

သူ့ကို နာကျင်အောင်လုပ်ခဲ့ရင် ခွင့်လွှတ်နိုင်တယ်

ဒါပေမဲ့ မေ့တော့ မမေ့ပျောက်နိုင်ဘူးတဲ့ ...

ကျွန်မကတော့ သူနဲ့မတူဘူး

နာကျင်အောင်လုပ်ခဲ့ရင် မေ့လည်းမမေ့ဘူး ...

ခွင့်လည်းမလွှတ်ဘူး ...

ဖြေလည်းမတွေးနိုင်ဘူး၊ လျှော့လည်းမပေးနိုင်ဘူး ...

ကျွန်မကို နာကျင်အောင် လုပ်တော့မယ်ဆိုရင်

ဘယ်တော့မှ နောင်တမရမိဖို့သာ အဆင်သင့်ပြင်ထား"

"ကြောက်နေရပါလား"

ဗားရင်က ပြုံးစိစိ ရေရွတ်မိပြန်သည်။ မိန်းမတွေ မိန်းမတွေ။ တစ်ယောက်တစ်မျိုး။ ဘာပဲဖြစ်ဖြစ် မိန်းမကတော့ မိန်းမပါပဲ။ ခင်မမစောကတော့ ကြိမ်းမောင်းခြိမ်းခြောက်သည်။ သက်လျာအေးကတော့ သတိပေးသလိုလေးနှင့် သူ့ဆန္ဒကို ထုတ်ဖော်သည်။ ခင်သုတာကတော့ အရေးမစိုက်တဲ့ မမှုတဲ့သဘော။

"ကိုရင် ဘာတွေလုပ်နေလဲ"

"အဟက်ဟက် ... စိတ်ဝင်စားစရာလေးတွေ ကြည့်နေတာပါ"

"ဘာလေးတွေလဲ၊ ကိုရင်ကတော့ မလွယ်ဘူး၊ ဘယ်နေရာက ဘာတွေအသစ် ရှာတွေ့နေပြန်ပြီလဲ"





"ဘာမှအသစ် မဟုတ်ဘူး၊ အဟောင်းကြီးတွေပါကွာ ... ဟား ဟား"

မိုးသွန်းက ဗလာကာ ကိုရင့်နောက်ကရပ်၍ ကြည့်သည်။ ဗညားရင်က ခင်မမစော Wall ကို ပြန်ဖွင့်ပြလိုက်၍ ဖတ်ပြီး ခေါင်းတယမ်းယမ်း ရှုံ့မဲ့နေလေသည်။

"မလွယ်ဘူးနော် ဟော့ကောင်၊ မင်းမိန်းမ ချွန်တွန်းဇကရိက ခင်ဒေါသလည်း ဖြစ်သေးတယ်၊ နလောက်ဆို သူတော်တော်ရှူးရှူးရှားရှား ဖြစ်နေမယ်၊ မင်း တောင်းပန်ချင်လည်း လှမ်းတောင်းပန်ထားနော်၊ ငါနဲ့ မင်းအစ်ကိုနဲ့ကြည့်ပြီး မင်းရှူးကြောင်မှုးကြောင် လုပ်မနေနဲ့၊ လူဆိုတာ ကိုယ့်အခြေအနေနဲ့ကိုယ်၊ သမိုင်းကြောင်းက တူတာမဟုတ်ဘူး"

"ကျွတ် ... ကိုရင်က ဒါတော့ ကျွန်တော့်ကို သက်သက်မဲ့ သိက္ခာချတာပဲ"

"သိက္ခာမချပါဘူး မိုးသွန်းရာ၊ ကိုယ့်အနေအထားလေးနဲ့ ကိုယ်၊ ဘယ်လိုလုပ်ရင် ပိုအဆင်ပြေမလဲ၊ ဘယ်လိုဆိုရင် ပြဿနာပိုကြီးမလဲ ကိုယ့်ဘာသာဆုံးဖြတ်ရမှာ၊ တစ်ယောက် ဒါလုပ်လို့ နောက်တစ်ယောက်က ဒီတိုင်းလိုက်လုပ်နေလို့ မဖြစ်ဘူးလေ၊ စော်ကြာ ခင်မမစော မိုးမီးလောင်ပြီး ဖြေရှင်း မလွယ်တော့မှာစိုးလို့ ငါက စေတနာနဲ့ပြောတာပါ"

"ထားလိုက်စမ်းပါဗျာ၊ သူလည်းပဲ နောင်တမရမိအောင် အဆင်သင့်ပြင်ထား"



www.burmeseclassic.com

www.burmeseclassic.com



မိုးသွန်း မျက်နှာက ခပ်တင်းတင်း။ ခင်မမစော တင်ထားတဲ့ status ကို နှစ်ကြိမ် သုံးကြိမ် ပြန်ဖတ်ရင်း စိတ်က မိုတိုလာသည်။

"ကိုရင်"

"အင်း ..."

"သက်လျှာအေးရော ဘာတင်သေးလဲ"

မိုးသစ်က ခုတင်ပေါ်မှ လှမ်းမေးတာဖြစ်သည်။ ဗညားရင်က သက်လျှာအေး တင်ထားတဲ့ စာသားကို သံနေသံထားနှင့် ရွတ်ဖတ်ပြလိုက်ပါသည်။ ဖတ်တာဆုံးလျှင် ...

"အရူးမ"

မိုးသစ်က ချီးမွမ်းထောပနာ လိုက်လေသည်။

"မခင်သုတကရော"

မိုးသွန်းက မေးလိုက်ပါသည်။

"မင်းတို့မိန်းမတွေကမှ သူတို့ခံစားချက်ကို တစ်ယောက် တစ်မျိုး တစ်ဘာသာ ဖွင့်ထုတ်နေကြသေးတယ်၊ ခင်သုတကတော့ Very beautiful Saturday တဲ့ သဘောကတော့ သူ အေးဆေးပဲပေါ့ကွာ"

"ကိ ... ကိ"

"သူက အေးဆေးပဲဆိုတော့ ငါကလည်း အေးဆေးပဲပေါ့ကွာ"





ဗညားရင်က ပြောပြောဆိုဆိုနှင့် ခင်သုတရဲ့ post ကို like လုပ်လိုက်ပါသည်။ မိုးသွန်းက ဗညားရင် လုပ်ပုံကို သဘောကျကာ ဗညားရင်ကို လက်ဝါးချင်းရိုက်လိုက်သေးသည်။

"ကဲ ... မင်းတို့ ဘာအစီအစဉ်ရှိလဲ၊ ထမင်းစားရင် ဟိုတယ်မှာပဲ စားမလား၊ အပြင်ထွက်စားမလား၊ တခြားရော ဘယ်သွားချင်သေးလဲ၊ ဈေးဝယ်တွေ ဘာတွေဆိုရင်တော့ ငါ့ကို မခေါ်နဲ့နော်၊ ငါနေခဲ့မယ်"

"ကိုရင်ကလည်း ဖုန်းကတ်လေး ဘာလေးတော့ ထွက်ဝယ်ဦးမှပေါ့"

"ဟာ ... မလိုပါဘူးကွာ၊ တစ်ယောက်မှာရှိရင် ပြီးတာပဲ၊ ရန်ကုန်ကိုလည်း ငါတို့ လှမ်းဆက်မှာမှ မဟုတ်တာ"

"ဒါဆို ဟိုတယ်ခန်းထဲမှာပဲ ကိုရင် ဘာလုပ်နေမှာလဲ"

"ငါ့ဟာငါ စာဖတ်နေမယ်၊ အိပ်နေမယ်၊ ရုပ်ရှင်ကြည့်နေမယ်ပေါ့ကွ၊ ငါက နေနေကျနေရာ မဟုတ်တဲ့ ခပ်လှမ်းလှမ်း တစ်နေရာကို ထွက်လာတယ်ဆိုတဲ့ သဘောပဲလို့ အစကတည်းက ပြောသားပဲ၊ ဘာမှ မလုပ်ချင်တာ"

"အာ ... ကိုရင်ကလည်း Massage လေး ဘာလေးတော့ သွားဦးမှာပေါ့ဗျ"

"မင်းကလည်း ... ဒါပဲ၊ တစ်ခါမှ အနှိပ်မခံဘူးတာ ကျ နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မတူဘူးလေ၊ ခုဟာက အမြတ်ကတ်ကတ်နဲ့ကို အနိုပ်ခံမှာ"

မိုးသွန်းစကားကြောင့် ဗညားရင်က သဘောတကျ တဟက်ဟက်ရယ်မောနေဆဲ၊ မိုးသစ်ကတော့ မွေ့ရာပေါ်အားလျား မှောက်ကြီးသာ ငြိမ်သက်နေသည်။



(၄)

"ရှင်ပဲ ဝင်သွားစမ်းပါ သက်လျှာရယ်"

"အာ ... မမစောကလည်း၊ မမစောပါ လိုက်ခဲ့"

"မလိုက်ချင်ပါဘူး"

"မလိုက်ချင်လည်း ဘယ်ရမလဲ၊ ဒါ သက်လျှာတို့ မိန်းမ သုံးယောက်လုံးနဲ့ သက်ဆိုင်နေတဲ့ကိစ္စပဲ၊ မမစောကရှောင် ပြီး ချန်နေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ လာပါဆိုမှ"

"ဒီမိန်းမက ကျုပ်တို့ကို ခြေလိမ့်မယ်ဟဲ့"

"ခြေခြေလေ၊ သူခြေ ကိုယ်ခြေပေါ့၊ ခြေလည်း သူကတစ် ယောက်တည်း သက်လျှာတို့က နှစ်ယောက်ပဲဟာ၊ ဘာ ဖြစ်လဲ၊ ဘာကြောက်ရမှာလဲ"

"ဟဲ့ ... ကြောက်လို့မှ မဟုတ်တာ၊ သူခြေတာ မခံချင်လို့ ပေါ့၊ အလကား ဒေါသဖြစ်ရဦးမယ်၊ အကုသိုလ်များလိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com



"မမစောက သက်လျာထက် အကြီးပါ၊ ဒီလိုကြီးတော့ ခေါင်းရှောင်ပြီး မကျန်ခဲ့ပါနဲ့ မမစောကလည်း"

"ခေါင်းရှောင်တာ မဟုတ်ဘူးလေ၊ ခုလို သူ့ဆီ လာစုံစမ်းရတာကိုပဲ တို့ကဖီလင်အောက်နေတာ၊ သူကကော တို့ကို ရှာဖွေစုံစမ်းလို့လား၊ အခြေအနေချင်း အတူတူ၊ သူက အေးအေးဆေးဆေး နေနေတာ၊ တို့နှစ်ယောက်က ပူလောင်ပျာယာခတ်နေသလိုပဲ အောက်တာပေါ့၊ ယောက်ျားပြန်မလာမှာ မနေနိုင် မထိုင်နိုင် ပူလောင်နေကြသလို ဖြစ်နေမှာ"

"အမယ်လေး … မမစောရယ်၊ သူကရော အေးဆေးနေလိမ့်မယ်လို့ ဘယ်သူပြောလဲ၊ ဘယ်မိန်းမ မဆို ကိုယ့်ယောက်ျား အိမ်ကထွက်သွားရင် ပူလောင်နေမှာချည်းပဲ၊ အေးဆေးနေမယ့် မိန်းမရှိရင် အဲဒါ ရူးနေလို့ပဲ၊ သူလည်း ပူလောင်နေလောက်ပါပြီ၊ ဘာမှ မတတ်နိုင်လို့ ကျိတ်ပြီး ကြေခြဲဆယ်ထားတာပဲ ဖြစ်မှာပေါ့"

"………"

ခင်မမစောသည် မျက်နှာပြင်များ တကယ် ပူမှုထူထူဖြစ်ကာ မျက်ခုံးကြီးရှုံ့၍ တွန့်ဆုတ်နေပါသည်။ အဖြစ်အပျက်ကို လုံးဝမကျေနပ်။ တွေးလေ … မိုးသွန်းကို ဒေါသပိုမိုထွက်လာကာ သတ်ချင်ဖြတ်ချင်လေပင်။ မိန်းမကို မြောင်းထဲတွန်းချတဲ့ယောက်ျားမျိုး။ ကိုယ့်ဟန် ကိုယ့်မာန် ကိုယ့်ဌာန်နဲ့ ကိုယ်နေနေတဲ့ သူလို မိန်းမကို ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်ရက်တဲ့ လင်ယောက်ျား။





ပြန်မလာ အေးရောရယ်လို့ တကယ်ပင် ပစ်ထားနိုင်ချင်တာ။ သို့ပေမဲ့ တကယ်တမ်း လူကြီးစိတ်မွေး သွေးအေးအေးနှင့် တွေးရင်တော့ ဒီတစ်ကြိမ်နှင့် အပြီးအပြတ် ဖြစ်သွားရတဲ့အထိတော့ မဖြစ်သင့်ပေဘူးပေါ့။ ပြီးတော့ ကိုယ့်ရဲ့ဗိုက်ရှုပုံ့ပုံ့ထဲမှာလည်း ပြီးလို့ ပြတ်လို့ မရတဲ့ အစိုင်အခဲ အကောင်အထည်က ရှိနေပြီကိုး။

"လာပါဆို မမစောကလည်း"

"အင်းပါ သက်လျာရယ် … အင်းပါဟဲ့၊ အခန်းထဲက တစ်ယောက်မှ ထွက်မလာသေးတဲ့ဟာကို၊ ထွက်လာတော့မှ ဝင်လို့ရမှာလေ၊ ညည်းကလည်း တကယ်ပါပဲအေ"

"ဒီတစ်ယောက် ထွက်လာရင် ဝင်ရုံပဲ၊ လူကုန်နေပြီ၊ တမင် နောက်ဆုံးမှ ဝင်မယ်ပြောထားတာ"

ဆေးခန်းလာပြီး ကိုယ့်အလှည့်ကျ မဝင်ဘဲ အားလုံးပြီးမှ ဝင်ပါမယ် ပြောထားတဲ့ သူတို့နှစ်ယောက်ကို ဆေးခန်းကနာ့စ်က အံ့သြသလို အကဲခတ်နေပါသည်။ ပြီးတော့ M.Sc ကလေးအထူးကု ဆရာဝန်မထံ ကလေးတစ်ယောက်မှ ပါမလာဘဲ ဗိုက်ကြီးသည်တစ်ယောက် အပါအဝင် လာပြတာမို့ ဘာများလဲဟု ဆွေးနေပုံမျိုးပါ။ အခန်းထဲရှိနေတဲ့ နောက်ဆုံးတစ်ယောက်ထွက်လာလျှင်တော့ သက်လျာတို့ကို …

"ဝင်လို့ရပါပြီ အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"လာ ... မမစော"

ခင်မမစောက မှုန်တေတေ စိတ်ရှုပ်ရှုပ်နှင့်ပင် သက်လျာ နောက်က ပါလာပါသည်။ အခန်းထဲ သူတို့ရောက်လျှင် ခင်သုတာက သူတို့ဘက်က ကျောခိုင်းကာ ဗေဇင်မှာလက်ဆေးနေရာက မလှည့်တလှည့်လေး ငဲ့ကာ ...

"ကဲ ... ဘာဖြစ်သလဲ"

လူနာကို ကြိုလှမ်းမေးနှင့်သည်။ ဘာဖြေရမှန်းမသိ၍ နှစ်ယောက်သားလုံး မဖြေကြဘဲ ရှိနေတဲ့ ကုလားထိုင်နှစ်လုံးမှာသာ တိတ်တိတ်ဆိတ်ဆိတ် ပင်ထိုင်လိုက်ကြပါသည်။ ခင်သုတာက လက်သုတ်ရင်း ဒီဘက်လှည့်လာကာ သူတို့နှစ်ယောက်ကို ဖျတ်ခနဲ ခပ်ရှမ်းရှမ်းကြည့်ပြီးကာမှ မှတ်မိသတိပြုမိသွားကာ သေချာပြန်ကြည့်ရင်း ...

"ဩော် ..."

"........."

"ကျွန်မက လူနာထင်နေတာ"

ဘာမှမပြောကြဘဲ ခေါင်းတွေ ငဲ့ငဲ့ငုံ့ငုံ့ ဖယ်ဖယ်နှင့် အရုပ်ကြီးတွေလို မျက်နှာခပ်ပျက်ပျက် ငြိမ်သက်နေတဲ့ သက်လျာအားနှင့် ခင်မမစောကို တစ်လှည့်စီကြည့်ရင်း ခင်သုတာကပဲစကားစ,လိုက်ရပါသည်။ သက်လျာအားက လုံးဝ မလှုပ်မယှက်နှင့် မျက်နှာကြီး တစ်ဖက်လှည့်ထားတာကို ခင်မမစောက စိတ်တိုတိုနှင့် မျက်စောင်းထိုးရင်း ခင်သုတာကို မအီမသာ ပြုံးပြလိုက်ရပါသည်။





သူပဲ ဇွတ်ခေါ်လာပြီး အထဲရောက်တော့ သူက အေးရာအေးကြောင်း သူနဲ့မဆိုင်သလိုပုံ လုပ်နေသည်။ ကိုယ်ကတော့ လူကြီးလိုသဘောဖြစ်နေ၍ သက်လျာအေးရဲ့ ဟန်ပန်လိုစူမလို မူမလို ငို့မလို ကလေးဆိုးပုံ လုပ်နေလို့ မတင့်တယ်ဘူးလေ။ ဘာကစပြောရမည် မသိ၍ ဆံပင်သပ်လိုက် လုံချည်ပြင်လိုက် လျှောက်လုပ်နေမိသည်။

"မမစော နေကောင်းတယ်နော်၊ ဘယ်နှလရှိပြီလဲ"

ခင်သုတာက လေသံခပ်အေးအေးနှင့်မို့ ခင်မမစောကလည်း ဣန္ဒြေဆည်ရင်း ...

"ငါးလကျော်ပါ၊ နေကောင်းပါတယ်"

"မသက်လျာရော ... ကလေးတွေ နေကောင်းကြတယ် မဟုတ်လား"

"ဟုတ် ... ကောင်းပါတယ် မခင်သုတာ"

"ကလေးလည်းမပါတော့ ဆရာဝန်ပြဖို့တော့မဟုတ်လောက်ပါဘူးနော်၊ ဘာကိစ္စများရှိကြလို့လဲဟင် မသက်လျာ"

"ဟို ... ဟိုဟာပါ၊ မမစော ... မမစောက မခင်သုတာဆီကို သွားကြမယ်ဆိုပြီး ..."

"ဟဲ့ ..."

ခင်မမစောက သက်လျာကို တကယ်စိတ်တိုကာ ခေါင်ပေါ်ကို ဖြန်းခနဲနေအောင် ရိုက်ချပစ်လိုက်တော့သည်။ အကယ်နာစပ်သွားဟန်နှင့် သက်လျာက ရှုံ့မဲ့ပွတ်သပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မမစောကလည်း"

"ညည်း လာချင်တယ်ဆိုလို့ လိုက်ခဲ့ဆိုလို့ ကျုပ်လိုက်လာတာလေ၊ ဗလောင်းဗလဲနဲ့ တကယ်ပဲ"

"ဟိုလေ ... မမစောက မခင်သုတ ဆေးခန်းလိုက်သွားတွေ့ဖို့ပဲ ရှိတယ်ဆိုပြီး ..."

"အို ... အဲဒါက ညည်းပဲ ဆက်သွယ်မရဘူးဆိုလို့၊ စိတ်ပျက်ဖို့ကောင်းတယ်၊ ခုတစ်မျိုး တော်ကြာတစ်မျိုး"

ခင်သုတက သဘောပေါက် နားလည်စွာ ပြုံးလိုက်မိပါသည်။ တစ်ယောက်ကိုတစ်ယောက် လွဲချနေပုံထောက်တော့ ဘယ်သူမှကို လိုလိုချင်ချင် လာချင်လွန်းလို့ လာခဲ့ကြပုံမရ။ မဖြစ်လို့သာ ရောက်လာရပြီး ကိုယ်က လာချင်တာလို့လည်း အမည်ခံချင်ပုံ မရကြ။

"ကဲပါ ... ဒါဆိုရင် ကျန်းမာရေးကိစ္စ နေမကောင်းတာမျိုးတော့ မဟုတ်ဘူးမှလား၊ ဒါဆိုရင် ဆေးခန်းကထွက်ကြစို့၊ ဟိုးဘက်တစ်လမ်းမှာ ကော်ဖီရှော့ပ်လေးတစ်ခုရှိတယ်၊ အဲဒီကို သွားကြမလား၊ စကားပြောချင်တာရှိလို့ပဲထင်ပါရဲ့"

"ဟုတ်ပါတယ် မခင်သုတ၊ ကော်ဖီဆိုင်သွားရင် ပိုကောင်းပါတယ်"

"ဒါဆို ... လာလေ၊ သွားကြစို့၊ ကားပါတယ် မဟုတ်လား၊ ကျွန်မကားနောက်က လိုက်ခဲ့ကြပေါ့"





ခင်သုတက သူ့အိတ်ဆွဲကာ ထထွက်လိုက်ပြီးမှ ခင်မမစောနှင့် သက်လျာပါ ထလိုက်ကြသည်။ အပြင်ထွက်လာကြလျှင် ခင်သုတထံက ပရက်ရှာကာ့ဖ်နှင့် အိတ်တို့ကို ဝန်ထမ်းမိန်းကလေးတစ်ယောက်က လာယူသယ်ဆောင်ပေးရင်း နောက်ထပ်အောင်တာမှ ကောင်မလေးတစ်ယောက်က စာအိတ်ကလေးနှင့် နေ့အတွက် စမ်းသပ်ခဖြစ်ပုံရသည်ကို အိတ်သယ်တဲ့ မိန်းကလေးဆီ လာကမ်းပေးလိုက်ပါသည်။

အပြင်ရောက်တော့ ခင်သုတကားက ဆရာဝန်များအားပါကင်မှာဖြစ်၍ ခင်သုတက သူ့ကားဆီ အရင်လှမ်းတက်ရင်း ...

"ဒီအောက်ဘက်ကပတ်ပြီး ဟိုဘက် လမ်းထဲဘက်သာမောင်းလိုက်လာခဲ့ပါနော်၊ ကျွန်မ ဆိုင်ရှေ့မှာ စောင့်နှင့်မယ်"

ခင်မမစောနှင့် သက်လျာအအေးက ကိုယ့်ကားရှိရာအဆေးတမျှော်တခေါ်ဆီ လျှောက်လာကြပြီးမှ ခင်သုတ လမ်းညွှန်သလို မောင်း၍လိုက်ပါလာကြပါသည်။ ကားပေါ်မှာ ခင်မမစောက သက်လျာအေးကို မျက်စောင်းထပ်၍ယ်ရင်း ...

"သူပဲ လာချင်တာ ပျာနေပြီး ဒီကျတော့ သူ မဟုတ်သလိုနဲ့ ဒီဘက်လွှဲချနေတယ်"

"အွန် ... မမစောကလည်း၊ မမစောလည်းပဲ သူနဲ့တွေ့ချင်တာပဲ ဥစ္စာကို၊ တွေ့မှလည်း ဖြစ်မှာကို၊ မမစောက အကြီး ပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြီးလဲ၊ ညည်းလေးဟာ မုန်းဖို့ကောင်းလိုက်တာ ဘာမှန်းမသိဘူး၊ ခုတစ်မျိုး နောက်တစ်မျိုး၊ ယောကျ်ား ကိုလည်း သူ ဒီတိုင်းပဲလုပ်နေတာ အကျင့်ပါနေတာ မှာ၊ ဒါကြောင့် ရှင့်ယောကျ်ား ရှင့်ကို စိတ်မရှည်တာ ဖြစ် မှာပေါ့"

"မမစောနော်၊ အဲဒါမျိုးတော့ မပြောပါနဲ့"

"ဟွန်း ..."

"ဟိုမှာ ... ရှေ့မှာ သူ့ကားရပ်နေပြီ၊ မမစောပဲ ပြောနော် သက်လျာက စကားသိပ်ပြောတတ်တာ မဟုတ်ဘူး"

"ဟဲ့ ... ကျုပ်က ဘာပြောရမှာလဲ၊ ကိုယ်ပြောချင်တာ ကိုယ့်ဘာသာပြောပေါ့၊ မေးပေါ့"

သက်လျာအေးကို အမြင်တွေ ကတ်လှ၍ ညီမတွေ သက်လျာတွေ မမတွေ မသုံးနှုန်းနိုင်တော့ပေ။ ရှင်တစ်လှည့် ညည်းတစ်လှည့်နှင့် ဘုသာမှတ်ချင်ပါသည်။

"သက်လျာ သိချင်တာနဲ့ မမစော သိချင်မှာ အတူတူပဲ လေ၊ ဖြစ်စေချင်တာလည်း အတူတူပဲဟာ၊ လုပ်ပါ မမစောပဲ ပြောလိုက်ပါနော် ... နော်"

"ကျွတ် ... နောက်တစ်ခါဆို ဘယ်မှမလိုက်တော့ဘူး"

"ကဲပါ ... မမစောကလည်း၊ တစ်ခုပြောဦးမယ်၊ သူက သိပ်အေးအေးဆေးဆေးပါလား၊ ကိုဗညားရင်က ဘာ ပြဿနာမှ မရှိဘဲ အိမ်မှာပဲများလားဟင်"





"ညည်းဟာညည်းပဲ မေးကြည့်လိုက်"

ခင်မမစောက ဘုတောသည်။ အင်း ... သူ့ယောကျ်ား ညားရင်က သူ့အိမ်မှာပဲ သူ ပြေပြေလည်လည် နေမြဲတိုင်းဆို င်တော့ ကိုယ့်အရှက်အိုးသာ ကိုယ်တစ်ဖက်သတ် လာခွဲပြသလို ဖြစ်တော့မှာပဲ။ ခုမှတော့လည်း ကော်ဖီဆိုင်မထိုင်ဘဲ လစ်ပြေးလို့ ဖြစ်တော့။ တောက် ... ဒီလိုသိက္ခာကျရသမျှ သင်းကြောင့် ... သင်းကြောင့်။ သင်းတော့လား ... မိုးသွန်း။ စိတ်ရှိတိုင်းသာဆို ပြန်ကို တစ်သက် တက်မလာနဲ့တော့"လို့သာ ပြောချပစ်လိုက် ချင်တာ။

စိတ်ပုပ်လို့တော့ မဟုတ်ပေမယ့် ခင်သုတ ယောကျ်ား ညားရင်လည်းပဲ အိမ်မှာမရှိပါစေနဲ့၊ အိမ်ကဆင်းသွားခဲ့တာပဲ ဖြစ်နေပါစေလို့ ကျိတ်ဆုတောင်းမိတာပင်။ ဒါမှသာ ကိုယ်တွေ အားလုံး ဘဝတူမိန်းမတွေအဖြစ် ထူးပြီးသိက္ခာမကျဘူးပေါ့။ သူ့ယောကျ်ားက အိမ်မှာ အေးဆေးဆိုရင် ကိုယ်တွေက ကိုယ့် ယောကျ်ားပျောက်ကို သူ့ထံ လာတိုင်ရသလိုဖြစ်ပြီး သူ့ကို င်ဆါစင်အောက်ဘဝနှင့် အောက်သီးအောက်သက် ဆက်ဆံရ တော့မည်။

ခင်သုတက ဦးဆောင်ဝင်သွားပြီး နံရံဘက်ကျကျ အနီရောင်အကန့်ကလေး ခတ်ထားတဲ့ စားပွဲလေးတစ်ခုဆီ ရွေး ချယ်ဝင်ထိုင်လိုက်ပါသည်။ သူ့ဟန်ပန်က လာဖူးနေကျပုံစံ။ အလိုလိုနေရင်း အနေအထားက သူက ဦးဆောင်သူ ဆရာမကြီး၊ ခင်မမစောတို့နှစ်ယောက်က နောက်လိုက်တွေလို ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ကပယ်ချီနို တစ်ခွက်၊ ဆင်းဒဝစ်ချ်တစ်ပွဲ ဘာသောက်ကြမလဲဟင်"

ခင်သုတက သူ့အတွက်မှာရင်း သူတို့ထံ လှည့်မေး လိုက်သည်။ ခင်မမစောကတော့ သူ့အဖြစ်သူ စိတ်ပျက်လျ သော မသက်မသာရုပ်နှင့် ...

"အတူတူပဲပေး"

"မသက်လျာရော"

"ကပယ်ချီနိုပဲ သောက်ပါမယ်"

"သုံးခွက်နဲ့ ဆင်းဒဝစ်ချ်တစ်ပွဲ မြန်မြန်လေး ယူခဲ့ နော်"

ခင်မမစောက တုန်လှုပ်မှု ညစ်ညူးမှု ပူဆွေး စိတ်အနှောင့်အယှက်ဖြစ်မှု တစ်စုံတစ်ရာမှ မမြင်ရသည့် ခင်သု မျက်နှာကို လက်ပိုက်၍ စေ့စေ့ကြည့်နေမိသည်။ ခင်သုတက ခင်မမစောနှင့် သက်လျာအေးကို တစ်လှည့်စီကြည့်ရင်း ...

"ဘာကိစ္စများလဲဟင်"

သက်လျာက မမစောကို ငဲ့ကြည့်လိုက်သည်။ သူ့ စိတ်တိုနေတဲ့ မမစောရဲ့ မကြည်မလင် မကျေမချမ်းမှုတွေကြော စကားတွေ ဆိုးဆတ်ပြတ်တောက်ဖြစ်ပြီး ခင်သုတ စိတ်ကွက်သွ မည်ကို မလိုလားသည်ဖြစ်၍ လည်ချောင်းရှင်းကာ သူကပဲ လိုက်သည်။





"ဟိုလေ ... မခင်သုတ၊ ကို ... ကိုဗညားရင် အိမ်မှာရှိလား လို့ပါ"

ခင်သုတ မျက်နှာက တစ်မျိုးဖြစ်သွားကာ ချက်ချင်း ပြုံးလိုက်ရင်း ...

"အဲဒါကို ဘာဖြစ်လို့ မေးတာပါလိမ့်"

"ဒီလိုပါ၊ သက်လျာရဲ့အမျိုးသား ကိုမိုးသစ်ရော၊ မမစော အမျိုးသား ကိုမိုးသွန်းရော အိမ်မှာမရှိကြလို့ပါ"

ခင်မမစောက စိတ်ပျက်တဲ့ မျက်နှာကိုမော့ကာ မျက်လုံးကို အပေါ်ဘက် ထောင့်ကပ်ကြည့်၍ အားလုံးထံမှ အကြည့်လွှဲထားလိုက်သည်။ ခင်သုတက မိန်းမနှစ်ယောက်ရဲ့ ခတ္တညီတဲ့ မျက်နှာထားနှစ်ခုကို ဖျတ်ခနဲ ဖျတ်ခနဲ အကဲခတ်မိသည်။ သက်လျာအေးကတော့ သူ့ယောကျ်ား အိမ်မှာမရှိတဲ့ အတွက် စိတ်ပူပန် ညစ်ညူးနေဟန်ရ၍ ခင်မမစောကတော့ ဒေါသဖြစ်နေပုံပင်။

"ဩော် ... နှစ်ယောက်လုံး မရှိတာလား၊ ဘယ်လိုမရှိတာ မျိုးလဲ"

"ကိုကိုက အိမ်ပေါ်က ဆင်း ... ဆင်းသွားတာမျိုးလား မသိဘူး၊ ကိုမိုးသွန်းကိုတော့ မမစောက ပြန်မလာနဲ့လို့ နှင်ချလိုက်တာမျိုးပါ"

"ဩော် ..."

ခင်မမစောက စိတ်မပါ လက်မပါနှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ၊ သူတို့ညီအစ်ကိုနှစ်ယောက် တို့တွေမကြိုက်တဲ့ အပြုအမူကို လုပ်ကြတယ်၊ ရှင်းရှင်းပြောရရင် လိမ်ကြတယ်၊ လိမ်ပြီး တစ်နေရာသွားကြတယ်၊ အဲဒီကို ကိုဗညားရင်လည်း ပါတယ်"

"ဪ ... ဟိုးတစ်ညက နိုက်ကလပ်ဘ် သွားကြတာကို များ ပြောတာလား"

"ဟုတ်တယ်၊ အင်းလေ ... ခင်သုတလည်း ဒီအချိန်မှာ သိနှင့်ပြီး ဖြစ်နေမှာပါ"

"ကျွန်မက အဲဒီညကတည်းက သိတာပါ၊ သိတယ်ဆို ကျွန်မလည်း အဲဒီမှာ ရှိနေလို့ပါ"

ခင်မမစောက မျက်ခုံးပင့် မျက်လုံးကျယ်သွားရလျက် ...

"ဟင် ... ခင်သုတတို့က လင်မယားနှစ်ယောက်လုံး သွားတာလား"

"ဟုတ်ကဲ့၊ ဟုတ်တယ်ဆိုပေမယ့် သက်သတ်စီပါ၊ သူတို့သုံးယောက်က သူတို့ဘာသာသွားကြတာ၊ တခြား ဘယ်သူပါသေးလဲတော့ ကျွန်မလည်း သေချာမသိဘူးလေ"

ခင်သုတက ခပ်အေးအေးပင် ပြောကာ ရောက်လာတဲ့ ကော်ဖီခွက်ကို သူ့ရှေ့တစ်ခွက် ဆွဲယူရင်း ...

"မုန့်စားပါဦး"





"ခင်သုတ ပြောတာက သူတို့နဲ့အတူ တခြားသူတွေလည်း ပါသေးတာလား၊ မိန်းကလေးတွေ များလား"

"အဲဒါတော့ ကျွန်မလည်း တကယ်သေချာ မသိပါဘူး၊ မသေချာပါဘူး၊ သူတို့ ထွက်သွားကြတော့ မိန်းကလေး တချို့လည်း မရှေးမနှောင်း ထွက်သွားကြတာရှိတယ်၊ ဒီတော့ သူတို့ အတူတူများလားလို့ ကျွန်မ တွေးမိတာ၊ ဒါပေမဲ့ ကျွန်မ မသေချာပါဘူး"

"မသေချာဘူးဆို ... မခင်သုတက ကိုဗညားရင်ကို သေချာအောင် မမေးဘူးလား"

"ဟင့်အင်း ... ကျွန်မ မမေးပါဘူး မသက်လျှာအေး၊ ဒါပေမဲ့ သူကတော့ သူတို့သုံးယောက်ပဲ သွားတာလို့ သူ့ဟာသူ ပြောတာပဲ"

"သေချာပါ့မလား"

"ကျွန်မလည်း မသိဘူး မမစော၊ အခု သူလည်း အိမ်မှာ မရှိပါဘူး"

ခင်မမစောက စိတ်မရှည်သလို ...

"ကဲ ... ဒါဆို ကိုဗညားရင်က မိုးသွန်းတို့နဲ့အတူတူ အိမ်က ထွက်သွားတာမျိုးလား"

ခင်သုတက နဖူးလေးတစ်ချက်ကုတ်ရင်း ပြုံးရယ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မမစော စကားက ငေါ့သလိုလိုဖြစ်၍ ခင်သုတက ပြုံးစိစိလုပ်ရင်း ...

"ကျွန်မက ဆေးခန်းပြီးချိန် ဒီအချိန်ဆို ဗိုက်အရမ်းဆာပြီလေ"

သက်လျာအေးပင် ခင်သုတကို အသည်းယားလာဟန်ရှိပြီး ...

"မခင်သုတက နည်းနည်းကလေးမှ စိတ်မပူဘူးလားဟင်"

"ဘာကိုလဲဟင်၊ ကိုဗညားရင်ကိုလား၊ စိတ်ပူစရာမှ မရှိတာ၊ သူက လပေါင်းများစွာ အိမ်မှာမရှိဘဲ ခရီးသွားရနေကျမို့ ထင်တယ်၊ ကျွန်မက သူ အိမ်မှာမရှိတာကို ရိုးနေပါပြီ"

"အခုဟာက သင်္ဘောတက်သွားတာမှ မဟုတ်တာပဲ"

"ဘာအန္တရာယ်မှ မရှိနိုင်ဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ လူကြီးတွေပဲဟာ"

"အို ... မခင်သုတကလည်း၊ အန္တရာယ်ဆိုတာ သူများအနိုင်ကျင့်တာ ခံရမှာမျိုး၊ ကလေးကို ပူပင်ရမယ့် အန္တရာယ်မျိုးမှ မဟုတ်တာကို၊ ယောကျ်ားတစ်ယောက်အိမ်က ထွက်သွားရင် အပြင်မှာ လုပ်ချင်တာလုပ် ဖြစ်ချင်တိုင်း ဖြစ်နိုင်တဲ့ အန္တရာယ်ရှိတယ်လေ၊ အင်မတန်ကြီးတဲ့ အန္တရာယ်လေ မခင်သုတ၊ ယောကျ်ားတစ်ယောက် အိမ်ပေါ်ကဆင်း





သွားတယ်ဆိုတာ အင်မတန်မကောင်းတဲ့ အလားအလာ၊ အခု သုံးယောက်လုံးဆင်းသွားပြီး ပေါင်းမိနေတာ၊ ဘယ်ရောက်နေမှန်းတောင် မသိဘူး၊ ဆက်သွယ်လို့တောင်မရတာ"

"ဘယ်ရောက်နေလဲ ဆိုတာကတော့ ကျွန်မ မှန်းလို့ရပါတယ်"

"ဟင် ... ဘယ်မှာလဲ၊ ဘယ်မှာလို့ ထင်တာလဲ၊ သူတို့ဘယ်ရောက်နေကြတာလဲ"

"အတိအကျတော့ ပြောတာ မဟုတ်ပါဘူး မသက်လျာ၊ ဖြစ်နိုင်ချေရှိတယ် ထင်တာပါ"

"အဲဒါ ဘယ်မှာလဲ"

ခင်သုတက မျက်တောင်လေး စင်းချကာ သက်ပြင်းရှိုက်ရင်း ...

"ကိုဗညားရင်မှာ ကွန်ဒိုအခန်း တစ်ခန်းရှိတယ်၊ သူ အဲဒီအခန်းဝယ်ထားတာ ကျွန်မကိုတောင် သူ မပြောပါဘူး၊ လျှို့ဝှက်ထားတာ၊ ကျွန်မက ကျွန်မဘာသာ မထင်မှတ်ဘဲ အလိုအလျောက် သိလိုက်ရတာ၊ သိထားတာ၊ ကျွန်မထင်ပါတယ်၊ သူတို့သုံးယောက်ပေါင်း တခြားမှာ သွားနေကြမှာ မဟုတ်ပါဘူး၊ အဲဒီအခန်းမှာပဲ နေနေကြပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီးနေ၊ စားချိန်ကျ ထွက်စား၊ ဟိုတယ်ပြန်၊ ပျင်းစရာကြီးနဲ့ဗျာ၊ စိတ်တွေ မွန်းကျပ်ပါတယ်ဆိုမှ ဒီကိုလာပြီး ဟိုတယ်ထဲ မွန်းကျပ်နေတယ်"

"မွန်းကျပ်ရင် သွားပါဆိုတော့လည်း၊ ကဲ ... ကဲ ... မင်းသွားဖို့ ငါပဲ နေရာရှာပေးမယ်၊ အပျင်းပြေဆိုတော့ မင်း လေဒီဘွိုင်းရှိုးတွေ ကြည့်မလား"

"ဟာ ... မကြည့်ချင်ပါဘူး၊ စိတ်ရှုပ်စရာကြီးဗျာ"

"ပတ်ပုန်းလို နေရာမျိုးကလည်း အခေါက်တစ်ရာလောက် ရောက်ဖူးပြီးသားကြီးဟာ၊ ဒါဆိုလည်း မင်း တစ်နေရာ သွားကြည့်လိုက်၊ မာဆတ်ချ်တော့ ကောင်းကောင်းရမယ်၊ မိနစ်ကိုးဆယ် တစ်ဆက်ရှင်ဆို ဘတ် ၂၀၀၀ နဲ့ ၂၅၀၀ ကြားတော့ ပေးရမယ်၊ ခုလို မိုးတွင်းဆို စပါယ်ရှယ်ဒစ်စ်ကောင့်ဈေး ရှိသေးတယ်၊ တစ်ယောက်နဲ့နှိပ်ရင် နှစ်ထောင်လောက်၊ နှစ်ယောက်နဲ့နှိပ်ရင် လေးထောင်လောက် ကျမှာပေါ့ကွာ"

မိုးသွန်းက မိုးသစ်ကို လှည့်ကြည့်လိုက်၍ မိုးသစ်က ကျစ်ခနဲ စုတ်သတ်ရင်း ...

"မင်းဟာမင်း သွားစမ်းပါကွာ"

မိုးသစ်သည် အိမ်နဲ့ စခွဲအိပ်တဲ့ ညကစ၍ သားနှစ်ယောက်ကို အိပ်မက်လိုက်၊ မိန်းမကို အိပ်မက်လိုက် တစ်လှည့်စီ အိပ်မက်နေကာ မနေ့ညကတော့ အိပ်မက်ကအနိုးမှာ အတော်





အလွမ်းဝေးတဲ့နေရာ ရောက်နေလို့ထင်သည်။ လွမ်းလွမ်းဆွတ်ဆွတ်ကြီး ခံစားရကာ ပြန်အိပ်မပျော်တော့ပေ။ လူကညစ်နေသည်။

"သွားမှာလား မိုးသွန်း၊ Sukhumvit မှာ ... Eden Club တဲ့၊ ငါ လိပ်စာမေးပေးမယ်၊ မင်း ဘွတ်ကင်လုပ်ချင်လည်း ဟိုတယ်ကနေ ဖုန်းဆက်နိုင်ပြီး လုပ်လို့ရတယ်၊ နောက်တစ်ခု ရှိသေးတယ်၊ Annies Massage ဆိုတာ၊ သူက နှစ်နာရီမှ နှစ်ထောင့်ငါးရာလောက်ကျမှာ"

"အာ ... ကိုရင်၊ ဒီကောင့်ကို သိပ်မချွန်နဲ့လေ၊ Annies က ကြားဖူးတယ်လေ၊ ကြမ်းတယ် ထင်တယ်နော်၊ Soapy bath တွေ ဘာတွေလဲ ရတာမဟုတ်လား"

"အဲဒါတော့ သေချာ မသိဘူးလေ"

"ကိုရစ်ချတ်ဆီက ပြောသံကြားဖူးတယ်လေ ကိုရင်ရဲ့၊ ဒီကောင့်ကို သိပ်မမြှောက်ပေးစမ်းပါနဲ့"

"မင်းရဲ့ညီက ပျင်းတယ် ပျင်းတယ် ဆိုလို့လေ"

"ဟုတ်တာပဲလေ ဘယ်လောက်ပျင်းဖို့ ကောင်းလဲ၊ ကိုရင်နဲ့ ကိုကိုက မလိုက်ပါဘူး၊ မူသလိုလို ထူသလိုလို လုပ်နေတယ်၊ မလိုက်ရင်လည်းနေကြ၊ ကိုယ့်ဟာကိုယ် လျှောက်သွားမယ်၊ ဆိုင်နာမည်သိရင် မေးသွားလို့ရတယ်၊ ဘာမှ မခက်ဘူး"

ပြောရင်း ဆိုရင်း မိုးသွန်းက ထိုင်ရာက ထလိုက်၍...

"ဟေ့ကောင် ... ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ခြင်းလက်သွားမလို့ပါဗျ၊ အဲဒီက ပြန်ထွက်လာရင်တော့ ဒိုးပြီ၊ စားထားတာတွေ ခင်ဗျားတို့ပဲ ရှင်းလိုက်တော့ဗျာ"

ဆိုင်တွင်းဘက် ဝင်သွားတဲ့ မိုးသွန်းကို လှည့်ကြည့်ရင်း ...

"ကိုရင် သွားမလုပ်နဲ့နော်၊ သူ့ဘွားဒေါ်ကြီးနဲ့ ရေလည်ပြဿနာတက်သွားလိမ့်မယ်နော်၊ အမှုတွဲထဲပါ ကိုယ်ညပ်ပါမယ်နော်၊ ဘာမဟုတ်တဲ့ အပျက်အပျက်နဲ့ ပြဿနာကြီးကျယ်ပြီး တကယ် ကွဲကုန်လိမ့်မယ်"

မိုးသစ် စကားထဲက အဓိက အနှစ်သာရ အချက်ကို ဗညားရင် သတိပြုမိသည်။ အပျက်အပျက်နဲ့ ပြဿနာကြီးကျယ်ပြီး တကယ်ကွဲကုန်လိမ့်မယ် ... တဲ့။ ဆိုလိုရင်းက အခုအခြေအနေက တကယ်ကွဲဖို့ မဟုတ်တဲ့ အခြေအနေ။ အင်း ...မှန်တယ်လေ။ လင်မယား ပြဿနာတက်တာ တကယ်ကွဲစရာလား။ ပြဿနာတက်တိုင်း ကွဲရမယ်ဆိုရင်ဖြင့် "မိသားစု"ဆိုတဲ့ တန်ဖိုးရှိအဖွဲ့အစည်း အသိုက်အမြုံလေးတွေ ဘယ်ရှိပါတော့မလဲ။

"မင်းညီက ဗရုတ်ဗရက် ဖြစ်နေတာလေ၊ ဇွတ်မှဇွတ်နေတာ"

"မိုးသွန်းက ကျွန်တော်နဲ့ အသက်သာ နှစ်နှစ်ကျော်ကွာတာ၊ ငယ်ငယ်က မေမေထားခဲ့တဲ့ ပုံစံအတိုင်း ကလေးအရမ်းဆန်တာက ဆယ်နှစ်လောက်ကို ရင့်ကျက်မှုကကွာတာ ကိုရင်ရဲ၊ ဒါကြောင့်လည်း သူ အသက်ကြီးတဲ့မိန်းမနဲ့





ရတာ၊ ခင်မမစောကြီးက အမြင်ကတ်ဖို့ ကောင်းပေမယ့် သူ အဲလောက်နိုင်ထားမှလည်း ဒီကောင် အထိန်းအကွပ်ရှိမှာလည်း အမှန်ဗျ ကိုရင်ရ၊ အခုက သူ့စိတ်ထဲမှာ သူ့ကိုနှင်ချတယ်၊ နှင်မိတာမှားပြီ ဖြစ်ရမယ်ဆိုပြီး အရွဲ့တိုက်ချင်စိတ်က များနေတာ ...

ကျွန်တော်တို့ အတွင်းစိတ် ဗီဇစိတ်နဲ့ နေထိုင်ကြီးပြင်းလာရတဲ့ပုံစံ၊ ကိုယ်ဆောက်တည်ထားတဲ့ ကိုယ့်သိက္ခာတွေကြောင့် စည်းလွတ် ဝါးလွတ်ကြီး မဖြစ်လောက်တာတော့ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ဘာမှမဟုတ်ဘူးထား၊ ဒီ Soapy bath လို နေရာမျိုး ဒီအချိန် ရောက်သွားခဲ့တယ်ဆိုရင်တော့ ဘယ်မိန်းမက ခွင့်လွှတ်ချင်မှာလဲဗျာ၊ မဖြစ်သေးပါဘူး"

ဗညားရင်က တိုက်ဂါးဘီယာခွက်ကို အပြီးမော့လိုက်ရင်း ...

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲကွ"

"မတတ်နိုင်တော့ဘူး၊ ကိုရင် ဆိုင်နာမည်တွေ ပြောလိုက်ပြီ၊ ဒီကောင်နဲ့ လိုက်သွားဖို့ပဲ ရှိတော့တယ်၊ ဟိုကျအခြေအနေမြင်တော့ ဒီကောင်လည်း တကယ့်တကယ် ဘာမှလုပ်ဖြစ်မယ် မထင်ပါဘူး၊ တစ်ယောက်တည်း လွှတ်လိုက်ရင် ဟိုက ဝိုင်းဆွဲထားလိုက်တာနဲ့ ငါးပါးမှောက်လိမ့်မယ်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ငါ အပြင် လျှောက်မသွားချင်ပါဘူး ဆို
ကွာ"

"လာပါဗျာ ... ကိုရင်ကလည်း၊ လိုက်မှကိုဖြစ်မှာ၊ လုပ်ပါ
စားတာတွေ ကျွန်တော် ရှင်းလိုက်မယ်"

"မင်းဘိုးအေ၊ ဘာလုပ်ရမှာလဲ မင်းရှင်းတော့ ... ကျစ်

နောက်ခန်းက ပြန်ထွက်လာတဲ့ မိုးသွန်းကို မြင်လျှ
မိုးသစ်က ထိုင်ရာမှ ထလိုက်သလို ဗညားရင်လည်း စိတ်လေလေ
ပေစောင်းစောင်းနှင့်ပင် လေးတိလေးကန် ထလိုက်ရပါတော့သည်
မိုးသစ် ပြောတာလည်း ဟုတ်ရဲ့။ တစ်ယောက်တည်း လွှတ်လိုက
လို့ ဒီကောင်လေး တစ်ယောက်တည်း လျှောက်ကဲနေရင် ကိုယ့
ခေါင်းပေါ် အပြစ်ပုံကျမှာကို ကြောက်လို့တော့ မဟုတ်ပါ။

ထိန်းသင့်တာ ထိန်းရမှာပေါ့။ ဟုတ်တာပေါ့
ကိုယ်တွေဟာ ဟော့ရမ်းတဲ့ စည်းပျက်တဲ့ ယောကျ်ားတွေ
မဟုတ်တာ။ ကိုယ့်စိတ်အနှောင့်အယှက် ကိုယ့်စိတ်အလေနဲ့ကိုယ
တစ်ခါတလေ မိန်းမတွေအပေါ် စိတ်ပျက်မှု သည်းညည်းမခံလို
စိတ်ဒုက္ခပေးလိုက်ချင်လောက်အောင် အမြင်ကတ်မှုတွေ ရှိတော
ရှိတာပေါ့။ ဒါပေမဲ့ ဒါက ဒါသတ်သတ်လေ။

"ဟော့ကောင် ... ငါတို့လည်း လိုက်မယ်"

မိုးသွန်း မျက်နှာက ရွှင်ပျသွားပါသည်။ ဗညားရ
က တက္ကစီပေါ်မှာ ဖေ့စ်ဘွတ်ထဲ ကြည့်ဖြစ်အောင် ဝင်ကြည့်သေ





သည်။ ခင်သုတ ဘာရေးသေးလဲလို့။ ထုံးစံအတိုင်း သူ့သူငယ်
ချင်းနဲ့ ထွက်စားတဲ့ နေ့လယ်စာကို လွှန်ခဲ့တဲ့ နာရီဝက်က ပုံတင်
ထားပြန်သည်။

ကဲကွာ ... Like ...။

❂ ○ ❂

"တွေ့တယ် မဟုတ်လား၊ မရှိပါဘူးဆို၊ သက်လျာဆို
မနက်တစ်ခေါက် နေ့လယ်တစ်ခေါက် အခုတစ်ခေါက်
သုံးခေါက်တောင်ရှိပြီ ... ရောက်တာ"

သက်လျာက ပြောလို့သာ လိုက်လာရသည်။ ခင်
မစော လိုက်ချင်လှတယ် မဟုတ်။ မတော်တဆ သူတို့စတ်သိုက်
ရှိနေလျှင် ရှိတဲ့နေရာ အိမ်တိုင်ရာရောက် လိုက်ရှာခေါ်ရတဲ့ဘဝ
ရောက်ချင်ပေ။ သို့ပေမဲ့ သူတို့ လုံးဝမရှိကြဘူးလို့ သက်လျာက
အထပ်ထပ် ပြော၍သာ လိုက်ပါလာခဲ့မိပါသည်။ မရှိကြဘူးဆို
တော့ ခင်သုတ ပြောတဲ့ ဒီအခန်းမှာ သူတို့မနေကြလို့လား
ကိုယ်တိုင်ကိုယ်ကျ စုံစမ်းသိချင်တာရယ်၊ ဒီအခန်းဆိုတာကကော
ဘယ်လိုပတ်ဝန်းကျင်မျိုးလည်း မျက်မြင်တွေ့ သိချင်တာရယ်
မရှိကြဘူးဆိုတဲ့အဖြစ်ကို စိတ်ထဲလည်း ပူပန်တာရယ်ကြောင့်
လိုက်လာမိပါသည်။

www.burmeseclassic.com



ဈေးနှုန်းကြီးမြင့်တဲ့ နာမည်ကျော် ကွန်ဒိုကြီးတစ်ခု ဖြစ်သည်။ မြေညီထပ်လော့ဘီကအစ ဟိုတယ်တစ်ခုလို ခမ်းနား ထည်ဝါသည်။ ဓာတ်လှေကားတွေက စတီးရောင် ပြောင်လက်၍ သစ်လွင်နေဆဲ။ ဆောက်ပြီးတာတောင် မကြာမြင့်လှသေးတဲ့ ကွန်ဒိုမီနီယမ် တစ်ခုပဲလေ။

တစ်ထပ်စီရဲ့ ကော်ရစ်ဒါတွေက ကျယ်ပြန့်၍ ဒက်ကရေးရှင်းတွေနှင့် နိုင်ငံခြားဆန်ဆန် လုပနေရာ ဒီနေရာဟာ ကြည်နူးသာယာ စိတ်ကူးယဉ်ချင်စရာ ဖြစ်နေသည်။ အခန်းတွေက ကျယ်ဝန်းကြောင်းလည်း ရောင်းဖို့ကြော်ငြာကတည်းက သိထားရသည်။ အခန်းတွင်း ဒက်ကရေးရှင်းတွေလည်း ခေတ်မီလှပနေမှာ သေချာသည်။

သက်လျှာက အခန်းဘဲလ်ကို နှိပ်လိုက်သည်။

"ဟဲ့ … ဩော် … ဘဲလ်မတီးနဲ့လေ"

"မရှိပါဘူးဆိုမှ မမစောကလည်း တွေ့လား၊ ဘယ်သူမှ မလာတာ"

"မတော်တဆ ရှိနေလို့ ထွက်လာရင် မိန်းမတွေ အတင်းလိုက်ခေါ်တယ်ဆိုပြီး မာန်တက်နေဦးမယ်"

"မမစောကလည်းလေ၊ ကိုမိုးသွန်းကို ပြန်မလာစေချင်တာ ကျနေတာပဲ၊ လိုက်ခေါ်တော့လည်း ဘာဖြစ်လဲ၊ မာနကြီးမနေပါနဲ့၊ အဓိက,က ကိုယ့်အိမ်ထောင်ရေး အဆင်ပြေဖို့ သာယာဖို့ မဟုတ်ဘူးလား"





"ဟဲ့ … အဆင်မပြေအောင် သူ့ကို လုပ်တာလေ၊ သူတို့ မဟုတ်တာ လုပ်တာလား၊ အိမ်ထောင်တစ်ခု အဆင်ပြေဖို့ သာယာဖို့က မိန်းမတွေပဲ အောက်ကျနောက်ကျ လိုက်ကြိုးပမ်းနေလို့ ရမလား နှင်းဦးနဲ့ဖက် တာဝန်ပဲဟာ၊ ပြန်မလာစေချင်တာ မဟုတ်ဘူး ဝန်ခံတယ်၊ ဒါပေမဲ့ သင်းတို့ အပြစ် သင်းတို့သိပြီး တောင်းပန်ပြီး ပြန်တက်လာတာကိုပဲ လိုချင်တာလေ"

နှစ်ယောက်သား ခေတ်ဟောင်းစကားနှင့် ပြန်ဆင်းလာခဲ့ကြပါသည်။

"ယောက်ျားဆိုတာ ဒီ ဘင်ကို မကောင်းတဲ့ဟာတွေ၊ ဒီလောက်ကောင်းတဲ့ ကွန်ဒိုခန်းကြီး ဝယ်ထားတာကို မိန်းမကို အသိမပေးဘဲ ဖွက်ထားတယ် ကြည့်စမ်း၊ ဘယ်လောက် အကျင့်မကောင်းသလဲ"

"အဟက်ဟက် … မမစောရယ် သူ့ကို စာတ်နဲ့ သူတို့လေ၊ မခင်သုတကလည်း ကိုဘညာဏ်ရင် မသိအောင် မေမြို့ဘက်မှာ ခြံဝယ်ထားတာပဲ … ဟီး ဟီး"

"ဟင် … ဟုတ်လား၊ ဘယ်လိုလဲ သိလဲ"

"အစကတည်းက သိတာ၊ သက်လျှာ အဒေါ် တစ်ယောက်က သူဝယ်တဲ့ အကွက်ဘေးမှာ လက်ပံတိမ်ဘညာဏ်ရင်မိန်းမ မခင်သုတရဲ့အကွက် ရှိတယ်ဆိုတာ ပြောဖူးတာ ကြာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကမှ ဖုန်းပြောရင်း ထင်လို့အစ်မေးကြည့်လိုက်တာ ကိုဗညားရင်က သူဝယ်တဲ့အခန်း မခင်သုတကို မတိုင်ပင် သလို မခင်သုတရဲ့ မေမြို့ကမြေကွက်ရော ကိုဗညားရင် သိရဲ့လားလို့၊ မခင်သုတက ပြောတယ်၊ သူတောင်မှမတိုင် ပင်တာ ကိုယ်လည်း မတိုင်ပင်ပါဘူးတဲ့၊ သူဟာသူ သိရင် သိ မသိရင်နေ ကိုယ်ကတော့ မပြောပါဘူးတဲ့၊ သူတို့ လင်မယားက တမင်ဖုံးဖိ လျှို့ဝှက်ထားတာထက် ကိုယ် လုပ်ချင်တာ ကိုယ်လုပ်တာ၊ နောက်တစ်ယောက်ကို တိုင် ပင်မနေပါဘူးဆိုတဲ့ အမျိုးမျိုးလေ၊ အတ္တကိုယ်စီ မာန်ကိုယ် စီနဲ့"

ခင်မမစောက သက်ပြင်းတစ်ချက်ချရင်း ဓာတ်လှေကားထဲက ထွက်လိုက်သည်။ သုံးခါလာတာတောင် မရှိဘူးဆိုတော့ ဒီမှာမနေကြလို့လား သိချင်သည်။ မသိရဘဲ မပြန်ချင်တာမို့ မလှမ်းမကမ်းက ယူနီဖောင်းနှင့် လုံခြုံရေးတာဝန်ခံဆီ တန်းရှ လျှောက်သွားလိုက်ပါသည်။

"တစ်ခုလောက် စုံစမ်းချင်လို့ပါရှင်"

"ဟုတ်ကဲ့ အစ်မ၊ ဘာများ ကူညီရမလဲ"

"ကိုးထပ်ကအခန်း(...)က ကက်ပ်တိန်ဗညားရင်အခန်း ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ခင်ဗျ၊ ကက်ပတိန်ဗညားရင် အခန်းပါ"





"သူ အခု ဒီမှာမနေဘူးလား"

"ဆရာဗညားရင်က တစ်ခါတစ်ရံမှ ဒီမှာနေတာပါ ခင်ဗျာ၊ အမြဲမနေပါဘူး"

"အင်း ... တစ်ခါတစ်ရံမှ နေတာလည်း သိပါတယ်၊ အခုက ဒီမှာနေနေတာကြားလို့ ကိစ္စလေးတစ်ခုရှိလို့ လာတာပါ၊ အခုပုံစံကြည့်ရတာ မရှိဘူးထင်တယ်နော်၊ ခုတလော ဒီမှာ လာမနေတာလား"

"ဪ ... ဆရာက ခရီးထွက်သွားပါတယ်ခင်ဗျ"

"ဟင် ... ခရီးထွက်သွားတယ် ! ၊ သေချာရဲ့လား"

"ဟုတ်ကဲ့ ခင်ဗျ၊ ခရီးထွက်သွားပါတယ်၊ သေချာပါတယ်၊ သူ ခရီးသွားတုန်း Room service ဝင်ထားဖို့တောင်မှာသွားပါတယ်"

"Room service ... ? "

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ကွန်ဒိုမှာ Room service တို့ Laundry တို့ ဆားဗစ်စ်ပေးပါတယ်။ ဆရာဗညားရင်က သူဒီမှာ မရှိခိုက်တွေဆို အချိန်မှန် အပတ်စဉ် အိပ်ခန်း သန့်ရှင်းရေး ဝင်ခိုင်းပါတယ်၊ ဒီမနက်တောင် ဝင်ပေးရပါသေးတယ်"

"ဒါဆို သူက ဘယ်သွားတာလဲ သိပါသလားရှင်"

"သဘောများ ပြန်ထွက်တာလား မသိဘူးခင်ဗျ၊ ဘယ်ကိုလဲတော့ ကျွန်တော်တို့ မမေးမိပါဘူး၊ လပ်ဂေ့ချ်တွေနဲ့ ထွက်သွားတာပါ၊ မိတ်ဆွေတွေလည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မမစောနှင့် သက်လျာအေး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။ မိတ်ဆွေတွေလည်းပါ တယ် ! ။ သူတို့သုံးယောက်လုံး တစ်နေရာသွားကြတဲ့သဘော ပေါ့။ ဘယ်ကိုလဲ။

နှစ်ယောက်သား အဆောက်အအုံထဲက ပြန်ထွက် လာပြီးနောက် ခင်မမစောက ကားတံခါးဖွင့် မောင်းသူဘက် ဝင်ထိုင်ရင်း ...

"ဗိုန်းဆက်စမ်းပါ သက်လျာ"

"ဘယ်ကိုလဲ မမစော"

"ဘယ်ကိုရမလဲ ... ခင်သုတဆီပေါ့၊ ဒီမှာ မရှိဘူး တစ်နေရာသွားကြတယ်ဆိုတာ ပြောပြလိုက်၊ ဘယ်ကိုသွားတာ ဖြစ်နိုင်မလဲလို့၊ ဒီမိန်းမက သိနိုင်တယ်"

သက်လျာက ဖုန်းခေါ်ကာ ခင်မမစောက ကားမောင်း ထွက်လာပါသည်။ အတန်ကြာတဲ့ထိ သက်လျာထံက စကားသံ ထွက်မလာ။

"ခေါ်မရဘူးလား"

"ဖုန်းမအားသေးဘူး မမစော"

"ခေါ်မနေနဲ့တော့၊ သူ့ဆေးခန်းနား နီးလာပြီ၊ ဝင်သာတွေ့ လိုက်တာအေးရော၊ ဆေးခန်းထိုင်နေတဲ့ အချိန်ကို ဘာလို့ ဖုန်းက မအားရတာလဲ၊ ကျွတ် ... ချက်ချင်းစကားပြော ချင်တဲ့အချိန်မှာ ဆက်သွယ်မရ။ အသည်းယားလိုက်တာ တကယ်ပဲ"





"မမစော ဒီကအပြန် ဆေးခန်းဝင်ပြရဦးမယ်ဆို၊ အိုဂျီဆီ၊ ခါးထဲက နည်းနည်းနာသလို ကိုက်သလို ဖြစ်နေတယ်ဆို"

"အို ... ဘွတ်ကင်ဖျက်လိုက်လည်း ဘာမှအရေးမကြီးဘူး၊ သန်ဘက်ခါကျမှ ပြန်ပြတော့မယ်၊ အချိန်မှန်ပြရတာပဲ ရှိတာ ဘာမှ အရေးကြီးတာမှ မဟုတ်တာ"

ခင်မမစောသည် ကိုယ့်ဘက်က မရှာချင် မဖွေချင် ဆက်သွယ်ချင် ဆိုပေမယ့် ခုလို ဘယ်ရှိမှန်း အလွယ်တကူမသိ ရတဲ့ အထစ်အငေါ့ အခက်အခဲ တစ်စုံတစ်ရာ ကြုံလာချိန်မှာ တော့ စိတ်မြန်တတ်တဲ့သူပီပီ စိတ်တွေလှုပ်ရှား ဝုန်းဒိုင်းကြလာ ပြီ၊ "ပြန်လာရဲ လာကြည့်"လို့ ပြောမိတာနဲ့ပဲ ဒီလောက်ထိ နှုန်ကုန်မြို့က ခွာသွားရတဲ့အထိကို လုပ်စရာလား။'

နေပါဦး ... ကိုယ်ပြောလိုက်မိတာက တော်တော်ပဲ လွန်ကဲသွားလို့လား။ နေပြည်တော် သွားပါတယ်လိမ်ပြီး အိမ်ပြန် အောင် နိုက်ကလပ်ဘ်သွားကဲနေတဲ့ အပြစ်ထက်ပဲ ကြီးသွားသတဲ့ လား။ တောက် ...။ ဒေါသတွေ ထွက်လိုက်တာနော်။ ဒေါသထဲ မှာပဲ ပူပန်ခြင်းတွေကပါ တစ်သားတည်း ရောကပ်ပါလာသည်။ သူတို့ ဘယ်မှာလဲ။ မိုးတွင်းကြီး ချောင်းသာ ငွေဆောင်တွေတော့ သွားမှာ မဟုတ်ဘူး ထင်ပါရဲ့။ ဒါဖြင့် ဘယ်ကိုလဲ။ ဘယ်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

(၆)

"ကော်ဖီ မိုင်လို အိုဗာတင်းလို အညိုရောင်အရည် မတိုက်ပါနဲ့ဦးနော်၊ ဝမ်းသွားရင်လည်း အရောင်တစ်ချက်ကြည့်ပါ၊ ကျွန်မပေးတဲ့ဆေးသာ ဝင်အောင်တိုက်ပေးပါ၊ သန်ဘက်ခါလောက်တော့ တစ်ခေါက်လောက် ပြန်ကြည့်ချင်ပါတယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျေးဇူးပါနော်၊ ခွင့်ပြုပါဦး"

ရှေ့က လူနာသားအမိ ထွက်သွားပြီးတဲ့အခါ ခင်သုတက လည်ပင်းမှာ ချိတ်တင်ထားမိဆဲ နားကြပ်ကိုဖြုတ်၍ စားပွဲပေါ် ချလိုက်ရင်း ...

"မေအေးရေ ... လူနာကုန်ပြီမို့လား"

"ဟုတ်ကဲ့ ... လူနာကုန်ပါပြီ မမ"

"တို့ကို ကော်ဖီလေးတစ်ခွက်လောက် မှာပေးပါလား"

"ဟုတ်ကဲ့ မမ"





ဆရာမလေး ထွက်သွားလျှင် ခင်သုတက မျက်နှာပြင်ကို လက်ဖဝါးနှစ်ဖက်နှင့် တစ်ပြင်လုံး ပွတ်သပ်လိုက်မိကာ လက်ဖဝါးနှင့် မျက်နှာအပ်ထားလျက်သား ပုံစံနှင့်ပဲ စားပွဲပေါ် အတောင်ဆစ်ထောက်၊ ငြိမ်သက်နေလိုက်မိပါသည်။ ခုနက လူနာကြည့်ရင်း ဝင်လာခဲ့တဲ့ ဖုန်းထဲက မသီဂီရဲ့စကားကို ပြန်ကြားယောင်စဉ်းစားနေမိပါသည်။

တကယ်တော့ မသီဂီက ဗညားရင်ရဲ့သဘော်မိတ်ဆွေ ကိုအောင်စိုးရဲ့ဇနီးပါ။ ဗညားရင်ရဲ့မိတ်ဆွေ အသိုင်းအဝိုင်းနှင့် ခင်သုတက ရင်းနှီးခင်မင်ရတာ ရှားသော်လည်း သူတို့ကလေးကျန်းမာရေးကိစ္စလည်း ခင်သုတ ကူညီကုသပေးဖူးသလို သူ့ရဲ့အခြားမိတ်ဆွေတွေရဲ့ ကလေးတွေ နေမကောင်းတဲ့ အခါလည်း ဆေးခန်း ခေါ်လာဖူးရာက ခင်သုတနဲ့ ခင်ခင်မင်မင် ရှိလာသည်။

ခုနကလည်း အသစ်ထိုင်တဲ့ မြို့လယ်ဆေးခန်းမှာ ခင်သုတ ဘယ်ရက် ဘယ်အချိန် ရှိတတ်တာလည်း လှမ်းစုံစမ်းမေးမြန်းတာပါ။ မေးရင်းက "ဗန်ကောက်လိုက်မသွားဘူးလား" လို့ မသီဂီက အမှုမဲ့ အမှတ်မဲ့ မေးလိုက်တော့ ခင်သုတ ရှော့ခ်ရသွားသလိုပင်။ သူ ဗန်ကောက်သွားတာ ကျွန်မ မသိပါဘူးလို့ ဘယ်လိုဖြေရမလဲ။

စကားမများအောင် ဝေ့လည်ချောင်ပတ်တွေ ပြောလိုက်ရပါသည်။

ကိုဗညားရင် ... ရှင် အတော်အံ့သြဖို့ ကောင်းတဲ့ သူပါလား။ သူ့ကိုလည်း ကိုယ်က မယ်မယ်ရရ ဘာပြဿနာမျှ



www.burmeseclassic.com

www.burmeseclassic.com



မရှာရပါဘဲနှင့် ပြဿနာကို မကြီးလွှား ကြီးထွားအောင် ရှေ့တိုး ချဲ့ထွင်နေတော့တာပါလား။ သင်မယား မကြည်မသာ အဖုအထစ် ဖြစ်ပြီဆိုရင် (ကြည်သာချိန်ကလည်း နည်းပါရဲ့)အိမ်မှာ ပြန်မအိပ်ဘဲ နှစ်ရက် သုံးရက် စိတ်ကောက်သလို ထွက်သွားတတ်တဲ့ ယောကျ်ား။

ခင်သုတကလည်း လိုက်လည်းမရှာ ဆက်လည်းမသွယ် ပြန်လည်းမခေါ်ပါ။ သူ့ဟာသူ ပြန်ရောက်လာလျှင်လည်း ရှောင်ဖယ်ဖယ်သာနေရင် နေလိုက်မည်။ ပြစ်တင်မောင်းမဲ ရန်ဖြစ်မခံပါ။

အဲဒါကပဲ မှားနေသလား။ ယောကျ်ားကို "ရှင် ... အလေနတော် ဘယ်တွေလျှောက်သွားနေတာလဲ"လို့ ရန်ဖြစ်မှ သဘာဝကျတာလား။ ခင်သုတ တကယ်နားမလည်။ သူမစိတ်၌ ပြဿနာလုပ်လိုစိတ် မရှိ၊ အပြန်အလှန် ငြေးငြေးငွေးငွေး ချစ်မြတ်နိုးမှု ပျောက်ဆုံးနေတဲ့ အိမ်ထောင်ရေးမှာ ရန်ပါဖြစ်နေရင် ပိုဆိုးတော့မပေါ့ဆိုပြီး ရန်ကိုမဖြစ်ချင်လို့ ပြဿနာမရှာ၊ ရန်ရှောင်ခဲ့တာပါ။

"ဒေါက် ... ဒေါက်"

"လာလေ ... မေအေး"

တံခါးခေါက်သံကြောင့် ခင်သုတက အသံပြန်ပေးလိုက်ကာ တံခါးဖွင့်ဝင်လာတဲ့သူကို စားပွဲမှာထိုင်ရင်းကပဲ လှမ်းမော့ကြည့်လိုက်ပါသည်။

ဟင် ...။ သူတို့နှစ်ယောက်။





အရင်တစ်ခေါက်က အေးတိအေးစက်လိုလို စိတ်ဝမပါသလိုလို နည်းနည်းအိုက်တင်များနေခဲ့တဲ့ ခင်မမစောက ဦးဆောင်ဝင်လာသည်။ မျက်နှာက အရေးတကြီးစိတ်လှုပ်ရှားလျက်သား။ ကိုယ့်ဟာနဲ့ကိုယ်မှ စိတ်ရှုပ်ရတဲ့အထဲ သူတို့ရောက်လာတဲ့အတွက် ပိုပြီး စိတ်တွေလေးလံ ပင်ပန်းသွားသော်လည်း ဖြေတွေးရပါသည်။

ဩော် ... သူတို့လည်း ပူလောင်ဗျာများနေကြမှာ။ ကိုယ့်လိုတောင် မကြာ မကြာ အိမ်ကထွက်ထွက်သွားတဲ့ နေချင်သလိုနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အမူအကျင့်ကို ရိုးနေတဲ့ သူမျိုးတွေ မဟုတ်။ သူတို့ယောကျ်ားတွေက ဒါပထမဆုံးအကြိမ် အိမ်က ထွက်သွားဖူးတာ ဆိုတော့ သူတို့ ကိုယ့်ထက်တောင် ရှက်ကလဲဆန်ပျာ ဖြစ်မည်။ တစ်ယောက်က ကလေး၄ယ်နှစ်ယောက်နှင့် တစ်ယောက်က ဗိုက်နှင့်။

အင်း ... ကိုယ့်ထက် အခြေအနေ ဆိုးကြတဲ့သူတွေပဲလေ။

"ဩော် ... မမစော ... လာပါ ... ထိုင်ပါ။ မသက်လျာ... ထိုင်ပါ"

"ဆေးခန်းပြီးပြီလား မခင်သုတ၊ အပြင်သွားမလား"

"သွားရင်လည်း ရပါတယ် မမစော၊ ဒါပေမဲ့ ဒီအခန်းက အခု တစ်နာရီကျော်ကျော်တော့ အားနေဦးမှာမို့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ကော်ဖီလေးတစ်ခွက်လောက် အေးအေးဆေးဆေး သောက်မလို့ပါ၊ မမစောတို့ဖို့ ကော်ဖီထပ်မှာလိုက်ရင်လည်း ရပါတယ်"

"အို ... ကော်ဖီက အရေးမကြီးပါဘူး မခင်သုတရယ် ဒီမှာ စကားပြောလို့ရလည်း ကောင်းတာပဲ၊ အပြင်ထွက် နေတာက အချိန်ပိုကုန်သေးတယ်"

"မမစော ... ကျွန်မကို ခင်သုတလို့ပဲ ခေါ်ပါ၊ ရပါတယ်"

"အင်း ... အင်း ... အဲဒါက အရေးမကြီးပါဘူးလေ"

ဘာအရေးကြီးလာလဲ သိနှင့်ပြီးသော ခင်သုတက ငြိမ်၍ပဲ နားထောင်နေလိုက်သည်။

"မတို့ ... ဟိုကွန်ဒိုဆီ ရောက်ခဲ့ပြီ သိလား၊ သူတို့မရှိဘူး သက်လျာက တစ်နေကုန် အခေါက်ခေါက်သွားနေတာ လုံးဝမရှိဘူးဆိုတော့ အခု နောက်ဆုံးအကြိမ်မှာ မက အဲဒီက လုံခြုံရေးဆီ စုံစမ်းလိုက်တယ်လေ"

"ဟုတ်ကဲ့"

"သူတို့ တကယ်မရှိတာ၊ ခရီးထွက်သွားတာ၊ လပ်ဂေ့ချ် တွေနဲ့ ထွက်သွားကြတာတဲ့ သိလား၊ လုံခြုံရေးဝန်ထမ်းက သဘော်ပြန်တက်သွားတယ်တောင် ထင်နေတာ၊ အဲဒါ ဒီ တိုက်ခန်းကိုလည်း ခင်သုတကပဲ သိထားတာဆိုတော့ အခုရော ဘယ်ကိုထွက်သွားကြတာလဲဆိုတာ ခင်သုတများ





သိနိုင်မလားလို့လေ၊ သင်းတို့က နည်းနည်းတော့ တရား လွန်လာပြီလေ ခင်သုတ၊ အိမ်ပေါ်ကဆင်းကြပြီး ရန်ကုန်မြို့ မှာပဲ တစ်နေရာရာမှာ ရှိနေတယ်ဆိုရင်·ဒါ အိမ်ပေါ်ကဆင်း သွားတယ်ဆိုတာမှာတင် ရပ်သွားတာ ...

အခုက ရှိမယ်ထင်ရတဲ့နေရာမှာ မရှိတော့ဘဲ တစ် ဆင့်ထပ်ပြီးတောင် ခရီးထွက်သွားကြသေးတာ၊ သူတို့ကိုယ် သူတို့ မဟာလွတ်လပ်ရေးပွဲတော်ကြီး ဆင်နွှဲနေရတယ် ထင်နေတဲ့ အချိုးလား၊ ပျော်ပျော်ပဲဆိုပြီး လုပ်ပြနေတာ လား၊ မ ... အရမ်း ဒေါတွေ ထွက်နေပြီ ခင်သုတရယ်"

ခင်မမစောက ရုတ်တရက်ပင် ခင်သုတနှင့် တရင်း တနှီး ရှိလာသလို ဖြစ်လာပါသည်။ စကားကိုလည်း ခပ်စိမ်းစိမ်း ပြောမိတော့။ ငယ်ပေါင်းရင်းချာလိုပင် စိတ်ထဲရှိတဲ့အတိုင်း တရင်းတနှီး ပြောဆိုမိသည်။

နာ့စ်လေး မေအေး ဝင်လာ၍ ခင်သုတက ကော်ဖီ နှစ်ခွက် အရင်ထပ်မှာလိုက်ပါသည်။ အရင်ဆုံးရောက်နှင့်တဲ့ တစ်ခွက်တည်းသော ကော်ဖီကို အကြီးဆုံးဖြစ်တဲ့ ခင်မမစော ရှေ့အချ ခင်မမစောက ကမူးရှူးထိုးပင် ဆွဲယူကောက်မော့လိုက် ပါသည်။ သက်လျာကတော့ မျက်နှာလေး ညှိုးမှိုင်စုတ်ပြတ်ကာ ချက်ရည်တလည်လည်နှင့်တည်း။

"သူကတော့ ဝမ်းနည်းဖို့ ငိုဖို့ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သက်လျာက ကိုကိုနဲ့အကွဲမခံနိုင်ဘူး မမစောရဲ့၊ သက်လျာ မှာ ကလေးနှစ်ယောက်နဲ့၊ မမစောတို့လိုလည်း စီးပွားရေး လုပ်စားတတ်တာ မဟုတ်ဘူး၊ မခင်သုတတို့လိုလည်း ပညာတတ်ပြီး ကိုယ်ပိုင်ဝင်ငွေရှိတာ မဟုတ်ဘူး"

"ဘယ်သူကကော ဘာပြောနေလို့လဲ ဘယ်သူကကော အကွဲခံနိုင်လို့လဲ၊ တို့လည်း ဒီဗိုက်တစ်လုံးထဲမှာ လောက ထဲတောင် ရောက်မလာသေးတဲ့ ကလေးလေးနဲ့လေ၊ အကွဲ မခံနိုင်တာကတစ်ပိုင်း၊ သူတို့ထင်သလို လုပ်နေတာကို ခွင့်မလွှတ်နိုင်တာတော့ တစ်ပိုင်းပဲလေ"

"ခွင့်မလွှတ်နိုင်ရင် ဘာလုပ်မှာလဲ၊ သက်လျာကတော့ အခု ကိုကိုရှိတဲ့နေရာသိ အခုပြေးခေါ်မှာပဲ၊ ဒူးပဲဖက် ဖက်ရ"

"ညည်းဟာညည်း ဒူးဖက်တာ ပေါင်ဖက်တာက ညည်းတစ် ယောက်တည်းဆို ဟုတ်တာပေါ့ သက်လျာရဲ့၊ ဓနီးမယား ချင်းတူတူ သုံးယောက်မှာ ညည်းက ဒူးဖက်တောင်းပန် ပြန်ခေါ်တော့ ကျန်တဲ့ တို့နှစ်ယောက်က အဲလိုမှ လိုက် လုပ်ရင် တစ်မျိုးအမြင်ကတ်ခံရဦးမယ်၊ ညည်းက ဒူးပြေ ဖက်လို့ ကိုမိုးသစ်က ပြန်ပါလာပါပြီတဲ့၊ ငါတို့ကမှ ဒူး မဖက်နိုင်တာ၊ ဒါဆို ဟိုနှစ်ယောက်က ဆက်ပြီးဆန္ဒပြနေ ရင် ဘယ်လိုလုပ်မလဲ"





"မမစောက အလကားနေ မာနကြီးနေတာ၊ မမစောသာ ကိုမိုးသွန်းကို နှင်မချရင် ကိုမိုးသွန်း သက်လျာတို့အိမ် ရောက်ကိုမလာဘူးဆိုရင် ကိုကိုလည်း အိမ်ပေါ်ကဆင်း သွားမှာ မဟုတ်ဘူး"

"ဟဲ့ ...၊ မာနကြီးသင့် ကြီးရမှာပေါ့၊ မိန်းမဆိုတာ မာန လေးမှမရှိရင် ဘယ်လိုလူလုပ်ရမှာလဲ၊ ပြီးတော့ တို့က မိုးသွန်းထက်အကြီး၊ ဒူးဖက်စရာလား"

ခင်သုတက အပူသောကကိုယ်စီနှင့် ပေါက်ကွဲဖို့ အသင့်ဖြစ်နေသော ခင်မမစောနှင့် သက်လျာကို ပြုံးကြည့်မိကာ...

"ကျွန်မလည်း ကိုဇည်းရင်ထက် ငယ်ပါတယ်၊ ဒါပေမဲ့ ဒူးဖက်ပြီးတော့တော့ မခေါ်နိုင်ဘူး မသက်လျာ၊ ဖက်စရာ အကြောင်းမရှိဘူး၊ ခုထိ သူတို့သာ လုပ်ချင်ရာလုပ်နေတာ၊ သူတို့စိတ် သူတို့ကိုယ်၊ မိန်းမကို အရေးလုည့်မစိုက်ဘဲ လုပ်ချင်ရာလုပ်နေတဲ့ ယောကျ်ားတွေကို ကိုယ်ကလိုက် ဒူးဖက်တောင်းပန်ခေါ်ရမယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး"

"ဟုတ်တယ်"

ခင်မမစောက ကျေနပ်သွားကာ သက်လျာကတော့ မျက်လုံးကလယ်ကလယ် ဖြစ်သွားရပါသည်။

"အဲဒီတော့ အခု မ,က ခင်သုတကို တခြားဖြစ်နိုင်ချေရှိ တဲ့ နေရာများ သိသေးလားလို့ လာမေးမိပေမယ့် တကယ် လို့များ ခင်သုတ သိခဲ့ရင် သူ့ရှေ့မှာ မပြောပါနဲ့၊ သူ့ကို ပေးမသိနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမစောနော်"

"ဟုတ်တယ်လေ … ညည်းကြောင့် ကျုပ်တို့မှာ အပြစ်မရှိ ဘဲနဲ့ အငြိုငြင်ခံရမှာကို၊ ညည်းက ချက်ချင်းပြေးပြီး ရှိခိုး ဦးတင်ခေါ်မှာ"

သက်လျာအေးက မျက်ရည်တွေ လည်လာပြီးလျှင် …

"သက်လျာက သက်လျာတစ်ယောက်တည်းအတွက် လင် စိတ်မွန်ပြီး ပြေးခေါ်မှာ မဟုတ်ဘူး မမစောရဲ့၊ သက်လျာ မှာ သားလေးတွေ ရှိသေးတယ်၊ နေ့စဉ်နဲ့အမျှ ဒက်ဒီရော… ဒက်ဒီရော မေးမေးနေကြတဲ့ဒဏ်ကို မမစော ခံရလို့လား၊ မခင်သုတ ခံရလို့လား၊ ဘာပြန်ဖြေရမလဲမသိ လှည့်ပတ် လိမ်ရ ညာရ နှစ်သိမ့်ရ၊ အငယ်လေးက သူ့အဖေချော့သိပ် မှ အိပ်တဲ့အကျင့်နဲ့၊ ညညဆို အခု တော်တော်နဲ့ သိပ်လို့ မရ၊ ဒက်ဒီခေါ်ပေးနဲ့ တဝါးဝါးငို၊ ဂျီကျ၊ သက်လျာ ဘယ်လောက် စိတ်ဆင်းရဲရမလဲ သိရဲ့လား …

ခုလို အပြင်မှာ အချိန်တွေ ကြာနေတဲ့ အတော အတွင်း မတော်တဆ မဟုတ်တရုတ်မိန်းမနဲ့ သွားတွေ့ငြိမိ ပါပြီတဲ့၊ နောက်ပိုင်းပြဿနာတွေ ဧရုပ်ပေဘူးလား၊ အဲလို ဖြစ်သွားမှဆိုရင် ဘယ်လိုလုပ်ပြီး အရင်အတိုင်း ပြန်ဖြစ် အောင် လုပ်လို့ရတော့မလဲ၊ ဘာမှမဖြစ်ခင် ကာကွယ်ရမှာ၊ ပြန်ထိန်းရမှာ၊ ယောကျ်ားကို ချစ်လွန်း မွန်လွန်းလို့ အတင်းလိုက်ဖက်ခေါ်ချင်တာ မှတ်လို့လား၊ သက်လျာလည်း မိန်းမမာနဆိုတာတော့ ရှိတာပဲပေါ့ …



BURMESE CLASSIC .com



အဲဒီ မိန်းမမာနဆိုတာကို ချိုးခြေခေါက်ထားပြီး ကိုယ်မှန်ရက်နဲ့ တောင်းပန်ရလေခြင်းဆိုတဲ့ ရင်နာတာကြီး ကို မျိုချပြီး တောင်းပန်ရမှာ သိရဲ့လား၊ ကိုယ်အညံ့ခံရ တာကို နာနာကျင်ကျင်နဲ့ပဲ အနစ်နာခံပြီး အညံ့ခံမှာ"

သက်လျာက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျ …ကာ အသံလေး တရှိုက်ရှိုက် တဆတ်ဆတ်တုန်လျက် နာနာ …ကျင်ကျင် စိတ်လိုက်မာန်ပါ ပြောနေတာမို့ ခင်သုတရော ခင်မမ …ပါ သက်လျာကို ငေးမောနေမိပါသည်။

"မသက်လျာ ပြောတာလည်း နားလည်ပါတယ်လေ၊ သဘောပေါက်ပါတယ်"

"ဒီမှာ မခင်သုတ၊ မခင်သုတတို့ မမစောတို့က ဘယ်လိုစိတ် ဘယ်လိုအတွေးနဲ့ ဒီယောကျ်ားတစ်ယောက်ကို ယူခဲ့ကြ သလဲ သက်လျာ မသိပေမယ့် သက်လျာကတော့ မယူခင် ကတည်းက သူအမှားလုပ်ရင် ကွဲပစ်လိုက်မယ်လို့ တစ်ခါ မှ မတွေးခဲ့မိဖူးပါဘူး၊ သူ မကောင်းရင် ဘယ်တော့မှ ငုံ့ မခံ သည်းမခံဘူးလို့လဲ တစ်ခါမှ မစဉ်းစားခဲ့ပါဘူး …

သူ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ၊ သူမှန် တာလုပ်သည်ဖြစ်စေ၊ မှားတာလုပ်သည်ဖြစ်စေ ဘယ်လို ချို့ယွင်းချက် ရှိခဲ့ပါစေ ပြုပြုပြင်ပြင် ညှိညှိနှိုင်းနှိုင်းနဲ့ ကိုယ့်ဘက်က လျှော့နိုင်သမျှ တဆုံးလျှော့ပြီး သေတဲ့အထိ အရိုးမြေကျတဲ့အထိ လက်တွဲမဖြုတ်ဘူးဆိုတဲ့ အတွေးနဲ့ ကိုကို့ကို ယူခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်မမစော မျက်ရည်ရစ်လည် လာမိပါသည်။

ကိုယ့်မာန်မာနပဲ ကိုယ်ရှက်ရတော့မလို သက်လျှ
ကိုပဲ လေးစားအတုခိုးရတော့မလို အဖြစ်မျိုးပါလား။ နားထဲကြား
ရတာတော့ ဒီစကားလေးတွေက ရင်ကိုလှုပ်ခတ်တုန်ခါစေနိုင်
စွမ်းပါဘိ။ ဒါပေမဲ့ လက်တွေ့ဘဝမှာ ကိုယ်မမှားပဲ လျှော့နိုင်သမျှ
တစ်ဆုံးလျှော့ဖို့ဆိုတာအထိ ကိုယ်က ပါရမီပါလာသူ ဟုတ်ပါရဲ့
လား။

သူပြောသလိုလေးတော့ ကိုယ်လည်း ပြောချင်သား။
ခံယူချက်လေးကိုလည်း အထင်ကြီး အားကျသား။ သို့သော်
လတ်တလောမှာတော့ မိုးသွန်းကို တွေ့တာနဲ့ တစ်ပြိုင်နက်
နီးရာမာကျောတဲ့ပစ္စည်းနဲ့ ကောက်ထုချင်အောင် ဒေါသဖြစ်နေတာ
ဘယ်လိုလျှော့ချရပါ့။

"အားလုံးချစ်လို့ ယူခဲ့ကြတာချည်း မဟုတ်လား ... အီး...
ဟီး ... ဟီး"

သက်လျှာက အဆုံးပိတ်စကားကို ရှိုက်ကြီးတငင်
အငိုကလေးနှင့် အနားသတ်ပစ်လိုက်ပါသည်။

ခင်သုတက အားလျော့လျော့လေး တစ်ချက်ပြုံးမိ
သည်။ အားလုံးချစ်လို့ ယူခဲ့ကြတာချည်း မဟုတ်လားတဲ့။ ဟုတ်
တယ်လို့ပဲ ပြောရမလား၊ မဟုတ်ဘူးလို့ပဲ ငြင်းရမှာလား။ အင်မ
တန်မှ တိမ်းမူးရူးသွပ်သော ပြင်းထန်တဲ့ ခံစားချက်တစ်ခု ကိုဗညား





ရင်အတွက် လှိုက်လှိုက်ခတ်ခတ် ရှိခဲ့ဖူးပါရဲ့။ သိပ်ချစ်တယ်လို့ပဲ
ဆားလိုက်ပါတော့လေ။ သို့ပေမဲ့ သူကရော ကိုယ့်ကို ချစ်လွန်းလို့
ယူခဲ့တာမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယ စတင်ဝင်ရောက်ချိန်မှစ၍
ခင်သုတသည် ဗညားရင်အပေါ် ချစ်စိတ်သစ်ပင်ကို တစ်နေ့
တစ်ညွှန့် ဆိတ်၍သတ်သလို သတ်ဖြတ်မှန်းမသိ သတ်ဖြတ်နေခဲ့
သည်တည်း။

အချစ်ဆိုတာဟာ တစ်လမ်းသွားပဲ သွားနေလို့
ရိုးတွင် အရာရောက်ပါ့မလား။ သက်ရောက်မှုတိုင်းမှာ တန်ပြန်မှု
ရှိတယ်ဆိုလျှင်ပင် ကိုယ်က သက်ရောက်ရသူထက် တန်ပြန်ရသူ
သာလျှင် ဖြစ်လိုတာ။ အဘယ်အရာက သူတို့နှစ်ယောက်အကြား
သွေးခွဲထားသည်ကို တကယ် နားမလည် ဇဝေဇဝါ ဖြစ်ရပေမယ့်
သွေးကွဲနေခဲ့ကြတာဟာတော့ အိမ်ထောင်ဦးကတည်းကပါ။

အမိက,ကတော့ ခင်သုတနှင့် ဗညားရင်ဟာ စိတ်
ချင်း သဘောချင်း အင်မတန် ဆင်တူသူချင်း ဖြစ်နေတာက
ပြဿနာပင်။ သူလည်း ကိုယ့်လိုပဲ ခံစားနေရတယ် ထင်တယ်လို့
တွေးကြည့်မိသောအခါ ကိုယ့်အပေါ်လည်း သူ နားလည်ကိုယ်
ချင်းစာတတ်ကောင်းရဲ့လို့ မျှော်လင့်ခြင်းကြီးစွာ ရင်ထဲလစ်ဟာ
သည်မှာ ဆွေးနင့်ဖို့ ကောင်းလှ၏။

"ကဲပါလေ ... မသက်လျှာ ပြောတဲ့ ကွဲကွာဖို့ မဖြစ်နိုင်
ဘူးဆိုတာကို ကျွန်မ အကြွင်းမဲ့ထောက်ခံပါတယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိတာပေါ့ မသက်လျာ၊ ရှင်တစ်ယောက်ပဲ မကွဲကွာပဲ ကျွန်မနဲ့ မမစောက အခန့်မသင့် ကွဲကွာသွားနိုင်တာမျိုးကိုတော့ ရှင်လည်း အလိုမရှိဘူး မဟုတ်လား"

"ဟင့်အင်း ... သက်လျာ ဘယ်ဖြစ်စေချင်ပါ့မလဲ မခင်သုတရယ်"

"ဒါဆိုရင်တော့ အားလုံး တိုင်ပင်ညှိနှိုင်းပြီးမှ မိန်းမချင်း စည်းစည်းရုံးရုံး ဖြေရှင်းဖို့ကို မသက်လျာကလည်း ကြိုးစားပေးပေါ့၊ ရှင် တစ်ယောက်တည်း အပြေးတောင်းပန်ပြီး ခေါ်ဖို့ဆိုတာ ကျွန်မတို့ကို ထည့်မတွက်ဘူး ထားဦး ကိုမိုးသစ်ကို ရေရှည် ကြိုးကိုင်နိုင်မယ့်နည်းတော့ မဟုတ်တာ သေချာတယ်"

သက်လျာက ခေါင်းလေးငုံ့ချကာ မပွင့်တပွင့်အသံလေးနှင့် ...

"သက်လျာ တစ်ယောက်တည်း ဘာမှမလုပ်ပါဘူး ကတိပေးပါတယ်"

ခင်သုတာက သက်ပြင်းလေး တစ်ချက်ချလိုက်ရင်း ...

"သူတို့သုံးယောက် အခု ဇန်ကောက်ရောက်နေကြတယ်"

❂ ○ ❂

(၇)

ရေကူးကန်ရဲ့နံဘေးတစ်လျှောက် နေရောင်နွေးနွေးဖြန့်ကျက်လွှမ်းခြုံသော ခန်းမရှည်ထဲက massage bed တွေ တန်းစီခင်းကျင်းထားရာ နေရာကိုပဲ သူတို့သုံးဦးသား သဘောတူရွေးချယ်ခဲ့ကြပါသည်။ ပရိုက်ဗေစီရှိတဲ့ တိတ်ဆိတ်သော သီးသန့်ခန်းကို သူတို့ မရွေးပါ။ ဘာကြောင့်လဲဆိုတော့ မရွေးချင်လို့ပင်။

တိတ်ဆိတ်သော ဆိတ်ငြိမ်သော သီးသန့်ခန်းထဲမှာ အမျိုးသမီးတစ်ဦးရဲ့ နှိပ်နယ်မှုတွင် ဓိမ်ကျယစ်မူး သာယာရတာမျိုးထက် အမျှားနဲ့ရောနှောကာ တစ်ခုတင်နှင့် တစ်ခုတင် စကားစမြည် လှမ်းပြောလို့လည်းရတဲ့ ကိုယ်စိတ်အပန်းပြေမှုဆောက်ကိုသာ သူတို့ဖန်တီးလိုခဲ့ကြတာပါ။

တန်းစီနေတဲ့ အနှိပ်ခံခုတင်တွေပေါ်မှာ အမျိုးသမီးတွေရော အမျိုးသားတွေပါ မလှမ်းမကမ်းလေးတွေ ရှိနေကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်"

"ဘာတုံး"

"ကျွန်တော် သိပ်အဆင်မပြေဘူး"

မိုးသွန်း အသံကြောင့် သူ့ကို တစ်ဖက်တစ်ချက် ခုတင်တွေမှာ ရုံထားသလို နေရာယူထားတဲ့ ဗညားရင်နှင့်မိုးသစ်က စောင်းထားတဲ့ ခေါင်းတွေကို မိုးသွန်းဘက် မျက်နှာလှည့်ကြည့်ကြပါသည်။ သူတို့စကားကို ဘယ်လိုပဲ ကျယ်ကျယ်ပြောပြော သူတို့ကို နှိပ်နယ်နေတာတွေက ထိုင်းအမျိုးသမီးတွေ နားလည်မှာ မဟုတ်ပါ။

"ဘာဖြစ်လို့လဲ ဟေ့ကောင်၊ လူရွေးတော့လည်း သုံး ယောက်ထဲက မင်း အရင်ဆုံး ရွေးတာလေ၊ အငယ်ဆုံး အသွယ်ဆုံးလေး ရွေးထားပြီးတော့"

"အာ ... ကိုကိုလည်း၊ ကျွန်တော် လူရွေးတယ်ဆိုတာက ချောတာ မိုက်တာရွေးထားတာမှ မဟုတ်တာ၊ လူကောင် အသေးဆုံး ရွေးထားတာ၊ နာမှကြောက်လို့၊ မာဆာ့ချ် လည်း ထရက်ဒစ်ရှင်နယ်လ် မယူဘဲ Oil Massage ယူ တာလေ၊ ပိန်ပိန်လေးနဲ့ အားမသန်ဘူး ထင်တာကို ထင် ရွေးထားတာ"

"အခု ဘာဖြစ်လို့လဲ၊ နာနေလို့လား သူနှိပ်တာ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ပြောလေကွာ"





"တစ်မျိုးကြီးပဲ"

"ဘာတစ်မျိုးကြီးလဲ၊ မင်းဟာက"

"အဆင်မပြေဘူးဗျာ၊ တစ်နာရီ တစ်ဆက်ရှင်တောင် နှိပ်မှာကို ဆယ့်ငါးမိနစ်နဲ့ တော်ပြီလို့ ရပ်လိုက်ရင် သူ့ကို များ အားနာစရာ ဖြစ်နေမလားလို့၊ ရပ်ခိုင်းရမှာလည်း အားနာနေဟာမို့လို့"

"ရပ်ချင်ရင် ရပ်ခိုင်းပေါ့၊ မင်း ဘာဖြစ်လို့လဲ ပြောလေ"

မိုးသွန်းက မှောက်ရက်အနေအထားနှင့် လက်သီးဆုပ်ပေါ် မေးတင်ခေါင်းထောင်ထားရင်း ခေါင်းယမ်းနှာခေါင်း ရှုံ့လိုက်ပါသည်။

"သူ့လက်ကြီးတွေက ပူတယ်၊ လက်ပူကြီး"

"ဟော ... မင်းကတော့ကွာ၊ ရာကြဲရစ်ပြီ"

"ဟုတ်တယ် ကိုရင်ရ၊ ကျွန်တော့်ကို ခုလို မှောက်ခိုင်းပြီး မမအောက ပခုံးတွေ ကျောတွေ အမြဲနှိပ်ပေးနေကျဗျ၊ မမဟော လက်ကလေးတွေက နူးပြီး မအေးမနွေးနဲ့ ကိုယ်ပေါ်မှာ အရှမ်းဓိမ်ရှိတဲ့ လက်လေးတွေ၊ သူ့လက်တွေက ပူပူကြီး၊ ဘယ်လိုမှန်း မသိဘူး၊ အထိမခံချင်တော့ဘူး"

"ဟေ့ကောင် ... ဒါ ဟိုတယ်က ပရော်ဖက်ရှင်နယ်လ် ဝန်ထမ်းနော်၊ မင်းအလှည့်ကျမှပဲ လက်ပူတယ်လို့ ရာကြဲ ရစ်စရာတွေ့တော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင် ခံကြည့်ပါလား၊ ပူလို့ ပူတယ်ပြောတာပဲဟာ တော်ပြီဗျာ၊ ကျွန်တော် ရပ်တော့မယ်၊ သူလာနှိပ်မှ မမစောကို သတိရလာပြီ"

"ကျစ် ... မင်းကတော့"

မိုးသစ်က မိုးသွန်းကို မျက်စောင်းရွယ်ပါသည်။ မိုးသွန်းက သူ့ကို နှိပ်ပေးနေတဲ့ ထိုင်းအမျိုးသမီးလေးကို လက်ကာပြပြီး တောင်းပန်စကားဆိုကာ မျက်နှာသုတ်ပဝါကြီးဆွဲပတ်လျက် ခုတင်ပေါ်မှာ ခြေလွှဲချ ထိုင်လိုက်ပါသည်။

ဘယ်သူဘာပဲပြောပြော သူကတော့ အပိုပြောတာမဟုတ်ပါ။ မမစောကို သူ စိတ်တိုတာက တိုတာတခြား။ သူ့ကို ဒီလောက်နှင့် ရက်ရက်စက်စက် နင်ချရက်တယ်ရယ်လို့ စိတ်တိုနေမိတာကတော့ မပျောက်ပျက်သေးပါ။ သို့သော် သတိရတာကလည်း ရတာတခြားပင်။ ရန်ကုန်မှာတုန်းက ကိုရင့် ကွန်ဒိုဆီရွှေ့နေကတည်းကဆိုရင် ငါးရက် ခြောက်ရက် တစ်ပတ်နီးပါး ရှိလာပြီဆိုတော့ ရင်ထဲ ဟာတာတာကြီးလိုလိုနှင့် မမစောကို သတိရစိတ် လွမ်းစိတ်က လှုကို ဖိဖိလာသည်။

မမစောဟာ အိမ်မှာ သူ့ကို မောင်လေးတစ်ယောက်လို ကလေးလေးတစ်ယောက်လို ပြုစုယုယစောင့်ရှောက်တတ်တဲ့ မိန်းမ။ နှိပ်ပေးတာ ခေါင်းလျှော်ပေးတာ မျက်နှာဆေးကြောကြေးချွတ်ပေးတာ ခြေထောက်ဆေးစိမ်ပေးတာ စတာမျိုးတွေကို





ဘော်တန်ရဲ့ Beauty Spa သွားစရာမလိုအောင် အိမ်မှာ တခုတ်တရ လုပ်ပေးတတ်ပြီး လုပ်တော့လည်း ဝတ်ကျေတမ်းကျေမဟုတ်ဘဲ နည်းစနစ်တွေကို အကျအန လေ့လာကာ တကယ့် ပရော်ဖက်ရှင်နယ်လ်လို စနစ်တကျ လုပ်ပေးတာမျိုးဖြစ်သည်။

မမစော လက်ဖဝါးလေးက နုနုမိန်းမလိုမဟုတ်။ ညှော်အိနွေးကာ အထိအတွေ့ကလည်း နူးညံ့လှပြီး မနွေးတဲ့ အေးတဲ့ လက်ကလေးတွေ။ တယုတယ လုပ်ကိုင်ပေးနေတဲ့ အခါမှာ Physically ဇိမ်ကျတာထက် ရင်ထဲကြည်နူးနှစ်သိမ့်ပီတိ ဖြစ်ရတဲ့ ခံစားမှုက ဘာနဲ့မှ ယှဉ်မရအောင် ယစ်မူးမက်မောဖို့ ကောင်းခဲ့တာပဲ။

"ဟေ့ကောင် ... မိုးသွန်း"

"ဘာလဲ ကိုရင်"

"ငါတို့နှစ်ယောက်က Oil massage နဲ့ ဇိမ်ကျသလို လုပ်နေချိန်မှာ မင်းက ငုတ်တုတ်ထထိုင်ပြီး မိန်းမလွမ်းနေတော့ ငါတို့က နေရင်းထိုင်ရင်း guilty ဖြစ်ချင်စရာကြီးလို ဖြစ်လာတယ်ကွာ၊ မင်းဘိုးအေ ... ဖီလင်အောက်လိုက်တာ"

ဗညားရင်က ခေါင်းကို မိုးသွန်းဘက် ခေါင်းထောင်ကာ ပြောလိုက်ပါသည်။

"မဆိုင်ပါဘူးဗျာ ကိုရင်ရာ၊ မိန်းမလည်း မလွမ်းပါဘူး၊ ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗညားရင်က မိုးသွန်းကို တစ်ခုံတစ်ရာ တုံ့ပြန်ဖြေ ဖို့ ပြင်လိုက်ရာက မျက်လုံးများက သူတို့ဘက် မျက်နှာမူ ခန်းမထဲလျှောက်ရင်း နီးကပ်လာသော အမျိုးသမီးနှစ်ယောက် ရောက်သွားကာ စကားမပြောဖြစ်တော့ဘဲ ဆွံ့အသွားပါသည် သေလိုက်စမ်း ... ပြဿနာပဲ။ သူတို့လည်း ဗညားရင်မျက်နှာ တွေ့သွားပြီ။ တစ်ယောက်သောသူက ဗညားရင်မျက်နှာနှင့် တည့် တည့်ဖြစ်အောင် သူ့ဦးခေါင်းကိုပါ လိုက်စောင်းပြီး ကြည့်လိုက် ရာက မျက်နှာက အပြုံးတွေ တဝေဝေနှင့် ပြောင်ချော်ချော် သွားရပြီးလျှင် ချက်ချင်းပဲ လက်ထဲပါလာတဲ့ ဖုန်းထဲက ကင်မ ကိုဖွင့်ကာ မပြောမဆိုနှင့် Massage bed တွေဘက်ဆီ ချိန်ရွယ် ရှပ်ခနဲ ရှပ်ခနဲ ဓာတ်ပုံတွေ သုံး,လေးပုံ ရိုက်ယူလိုက်လေသည်

"ဟာ ..."

ဗညားရင်သည် စိတ်လည်းပျက် စိတ်လည်းတိုသွား ကာ ဘာမပြော ညာမပြောနှင့် ချက်ချင်းလူးလဲထထိုင် မျက်နှာသုတ်ပဝါကြီးကိုလည်း လုံးလုံးဆွဲပတ်လိုက်သည်။

"အာ ... ကိုရင်ကလည်း ကိုယ့်ဟာကိုယ် အနှိပ်ခံမှာခံ ပါ၊ ကျွန်တော်က ဘာမှမဟုတ်ပါဘူး ငြီးငွေ့လာလို့

ဗညားရင်က မိုးသွန်းကိုမကြည့်ဘဲ လျှောက်လာ အမျိုးသမီးနှစ်ယောက်ထံကိုသာ စူးစူးစိမ်းစိမ်းကြည့်ရင်း ...

"မင်း ဘာလုပ်တာလဲ နီလာညို"

"ဟယ်"





နီလာညိုက တအံ့တဩလေးလို အော်ဟစ် လက်ခုပ် တစ်ချက်တီးရင်း ...

"ကိုဗညားပါလား ...၊ ကြည့်စမ်း တိုက်ဆိုင်ပြန်ပြီ၊ မိန်းမရော ဘယ်မှာလဲ၊ မပါဘူးလား၊ ဟိုတယ်ခန်းထဲ ထားခဲ့တာလား၊ သူကျတော့ ဒီမှာလာ အနှိပ်ခံနေတယ်၊ ဒီလိုတော့ မလုပ်နဲ့လေ ... ဟင်း ဟင်း ဟင်း"

"မင်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ခုနဘာလုပ်တာလဲ"

မိုးသွန်းရော မိုးသစ်ပါ ခုမှပဲ ဗညားရင် ဦးတည်ရာ လှည့်ကာ ကြည့်မိကြသည်။ ခေတ်မီမီ နှုအောင်ဆင်ရင်ဝတ် ထားတဲ့ မိန်းမနှစ်ယောက်ကိုမြင်လျှင် စူးစမ်းသလို ငေးကြည့် မိကြပါသည်။ ချောချောလှလှ မိမိမိုက်မိုက် အမျိုးသမီးတွေ။ သူတို့နဲ့ မသိတဲ့သူတွေမို့ ဗညားရင် ဘာကို ဒေါကန်နေမှန်းမသိ အံ့လည်းဩနေမိကြပါသည်။

"နီလာ ဘာလုပ်လို့လဲ"

"ကျစ် ...၊ မင်းပြဿနာရှာတာ တော်တော်ဝါသနာပါလား၊ ဟုတ်လား ... နီလာ"

"ဘာပြဿနာရှာလို့လဲ၊ သြော် ... ဟိုတစ်ခါ ဟန်းနီးမွန်း တုန်းက လင်မယားကျွင်တက်သွားလို့ထင်တယ် ... အဟင်း၊ နီလာက အပျော်စတာပါ၊ ကိုဗညား မိန်းမကလည်း အသည်းနုလိုက်တာ၊ အရေခွံပါးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းကဟာတွေ ဘာမှ ပြန်ပြောမနေနဲ့၊ ခုနက ဘာဖြစ်လို့ ဓာတ်ပုံရိုက်လိုက်ဘာလဲ ... ကိုယ့်ကို"

"ရှင့်ကို ! ၊ ရှင့်ကို ဓာတ်ပုံမရိုက်ပါဘူး ကိုဗညားရယ် ဘယ်တုံးကလဲ"

"မင်း အခုပဲ ဖုန်းနဲ့ ဓာတ်ပုံရိုက်လိုက်ပြီးတော့ ဘာလို့ ပလီပလာ ပြောနေတာလဲ နီလာ"

ဗညားရင် ဒေါကန်နေတဲ့ အကြောင်းရင်းကိုသိသွားကာ မိုးသစ်ပါ ခုတင်မှထ,လိုက်ပါသည်။

"သြော် ... သူငယ်ချင်းတွေနဲ့ပဲ လာတာများလား၊ ကိုဗညားကို ဒီသူငယ်ချင်းတွေနဲ့ တွဲတွဲပြီး စားသောက်ဆိုင်မှာ ကလပ်ဘ်မှာ ခဏ ခဏ တွေ့ပါတယ်၊ နီလာက ရှင့်ခေါ်ချင်မှန်း မခေါ်ချင်မှန်း မသိလို့သာ နှုတ်မဆက်ဖြစ်တာ"

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့၊ မင်း ခုန ဖုန်းနဲ့ ဓာတ်ပုံရိုက်လိုက်တယ်၊ ဘာဖြစ်လို့ ပြောင်ငြင်းနေတာလဲ"

"သြော် ... နီလာ၊ ဒီဟိုတယ် ရောက်ကတည်းက တစ်ချိန်လုံး ဓာတ်ပုံတချပ်ချပ် ရိုက်နေတာပဲ၊ ဒီအခန်းထဲ အခု ဝင်လာတော့လည်း ဟိုးထိပ်က ထိုင်းမလေးလှလို့ ရိုက်တယ်၊ ဒီမှန်နံရံတစ်လျှောက် ချထားတဲ့ စဥ့်အိုးကြီးတွေလည်း ရိုက်တယ်၊ မြင်ကွင်းရှုခင်းကောင်းတာလေးတွေ အကုန်ရိုက်နေတာပဲ၊ ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"





"မင်းဟာမင်း မြင်ကွင်းတွေ ရှုခင်းတွေ ဘယ်လောက်ရိုက်ရိုက် စိတ်မဝင်စားဘူး၊ ခုနက မင်း ကိုယ့်ကို လှမ်းရိုက်လိုက်တယ်"

"ရှင့်ကို ... အဟား ဟား ကိုဗညားရယ်၊ ရှင့်ပုံကို နီလာက အမှတ်တရသိမ်းဖို့ ရိုက်ရမှာလား ... ဟုတ်လား၊ အဓိပ္ပာယ်ရှိရှိ စကားပြောပါနော်၊ လျှောက်ရိုက်နေတာပဲရှိတယ်၊ ရိုက်ပြီးမှပဲ ရှင့်ကို တွေ့လိုက်တာ မှတ်မိလိုက်တာပါ"

"ကျစ် ... ပြောရခက်လိုက်တာ"

ဗညားရင်က ခါးထောက်ကာ ခေါင်းတယမ်းယမ်း ခါမိရင်း ...

"မင်း ငါ့ကိုတွေ့လို့ ငါမှန်းသိပြီးမှ ဓာတ်ပုံရိုက်လိုက်တာပါ"

"ရော် ... ခက်ပဲခက်ရချည့် ... ဒုက္ခပဲ၊ ကိုဗညားက မိန်းမအနားမှာ မရှိတော့ နီလာ့ကို ပြဿနာ လာရှာရဲတာပေါ့လေ၊ ဟိုးတစ်ခါကတော့ အနားမှာ မိန်းမနဲ့ဆိုတော့ နီလာ ကပ်လာရင် ရှောင်ပြေးလိုက်တာ တန်းနေတာပဲ၊ အခုကျတော့ ပြောင်းလဲသွားပါလား"

"ဒီမှာ နီလာညို"

ဗညားရင်က စိတ်မရှည်တော့ဘဲ ခါးနှစ်ဖက် ခပ်သျှာလျှာ ထောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တခြားစကား အပိုတွေ ရှည်ရှည်ဝေးဝေး ပြောမနေ နဲ့တော့၊ ခုနက ငါ့ကိုရိုက်လိုက်တဲ့ ဓာတ်ပုံတွေ ပြန်ဖျက် ပေးပါ"

"ရှင့်ကိုမှ မရိုက်ဘဲ"

"အေး … မရိုက်ဘူးပဲထား၊ မတော်တဆ ငါ့ပုံပါသွားရင် တောင် ပြန်ဖျက်ပေးပါ"

"ဘာဖြစ်လို့ ဖျက်ပေးရမှာလဲ၊ အဓိပ္ပာယ်မရှိတာ၊ နီလာ ခရီးသွားရင် မှတ်တမ်းရိုက်ထားတာတွေကို ဘာကိစ္စနဲ့ ဖျက်ရမှာလဲ"

"မင်း မှတ်တမ်းက ငါပါနေတယ်လေ"

"အို … အဲသလို ဖြတ်သန်းသွားလာ မတော်တဆ လူပုံပါ သွားတဲ့ လူတိုင်းကိုသာ ဖျက်ပေးနေရရင် ဘာပုံကျန်မှာလဲ"

"သူများတွေက မဖျက်ခိုင်းရင် မင်း ဖျက်စရာမလိုဘူးလေ အခု ငါပါတဲ့ပုံကို ငါဖျက်ခိုင်းနေတာ ဖျက်ပေးပါ"

"မဖျက်ပေးနိုင်ပါဘူးရှင်၊ ဖျက်ဖို့ မလိုအပ်ဘူး ထင်ပါ တယ်၊ ရှင်လည်း တောင်းဆိုနေစရာ အကြောင်းမရှိပါဘူး ဘာလဲ ကိုဗညား၊ နီလာ့ကို တွေ့လိုက်တာနဲ့ပဲ မိန်းမပေါ် မလာတဲ့ခရီးမှာ ပြဿနာရှာသလိုလိုနဲ့ စကားအဆက် အစပ် အမျှင်တန်းပြီး လာပြန်ရောနေတာလား၊ ခစ် … ခစ် … ခစ်"

"ဒီမှာ … ခင်ဗျား ဘယ်လိုမိန်းမလဲ"





ကြားသဲက နားခါးကာ မြင်ပြင်းကတ်လာသော [illegible]သွန်းက ဝင်ရန်တွေ့လိုက်တာပင်။

"စကားကို ဘယ်လိုပြောနေတာလဲ၊ အခု ခင်ဗျားရိုက်လိုက် တဲ့ပုံထဲ ကိုရင့်ပုံ မပါရင် ဖျက်စရာ မလိုဘူး၊ ပါရင် ဖျက် ပေးဖို့ တောင်းဆိုခွင့် ကာယကံရှင်မှာ ရှိတယ်၊ ခင်ဗျား အခု လူတစ်ယောက်ရဲ့ ပါဆင်နယ်လ် ပရိုက်ဗေစီကို ချိုး ဖောက်ထိပါးတာပဲ"

"ဘုရားရေ … စကားလုံးကြီးက ကြီးမြင့်လှချည်လား၊ ရှင်က ဥပဒေပုဒ်မတွေတောင် တပ်ပြောချင်နေသေးတာ လား၊ ရှင်က ဘာလဲ၊ ဝတ်လုံတော်ရမင်းလား"

နီလာညို့ ဟန်ပန်က မထီတရီ။ မိန်းမတစ်ယောက် [illegible]ဟုတ်ဘဲ ယောကျ်ားတစ်ယောက်သာဆိုလျှင် ဒီနေရာမှာ ထိုး ကြိတ် ရန်ပွဲဖြစ်တော့မှာ သေချာသလောက်ပင်။ ဗညားရင်ရော [illegible]သွန်းနဲ့ မိုးသစ်ရော သူမကို အသည်းတယားယား ဒေါသဖြစ် [illegible]ကြပြီ ဖြစ်သော်လည်း နီလာညိုက ဂရုစိုက်ပုံမရ။ ကလိပြုံး [illegible]တ်။ သူ့အမူအရာမှာ သူ့တစ်သက်၌ ဘယ်သူ့ကိုမှလဲ ဂရု [illegible]ဖူးခဲ့ပုံ လန့်ကြောက်ခဲ့ဖူးပုံ မပေါ်။ ထာဝစဉ် အပေါ်စီး [illegible]ထက်စီးမှ လူတကာကို ပတ်ချေနေခြင်း၌ အကျွမ်းတဝင်အသား [illegible] ရှိလှပုံ။

"ခင်ဗျား ဖျက်မပေးရင် ခင်ဗျားကို လူတစ်ယောက်ရဲ့ပရိုက် ဗေစီ နှောင့်ယှက်ချိုးဖောက်မှုနဲ့ တိုင်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးသွန်းကို နီလာညိုက မခိုးမခန့်လေး ရယ်ပြရင်း

"တိုင်လေ"

နီလာညိုက ဒါပဲပြောပြီး လှည့်ထွက်သွားပါသည်။ မလှမ်းမကမ်းလေးမှာတင် ရှိနေသည့် အမျိုးသမီးရေချိုးခန်း ဖတ်ခနဲ ချိုးဝင်သွား၍ သူတို့မှာ လိုက်လို့လည်းမရ။ ရှုံး ရှုံး ရှား ဒေါတပွပွသာ ဖြစ်ကျန်ရစ်လေသည်။

"ကိုရင် … လာလေ၊ သွားတိုင်မယ်"

"ကျစ် … တကယ့် စနေဂြိုဟ်မပဲကွာ၊ သွားတိုင် ဟိုတယ်မှာ နေရင်းထိုင်ရင်း ပြဿနာတွေ ရှုပ်ရမှာပေါ့"

"ဘာရှုပ်စရာရှိလဲ ကိုရင်ရ၊ ရှုပ်တာကသူပဲ၊ ဟိုတယ်အ ချုပ်ရေးကို တိုင်မယ်၊ ဒီကိုလာတဲ့ ဧည့်သည် စိတ်အနှော အယှက် အပြုခံရတာကို သူတို့ ဖြေရှင်းပေးရမှာပေါ့"

သူတို့သုံးယောက်လုံးရဲ့ အဝတ်အစားတွေက ပြီးသွ Spa ဝင်ဖို့အတွက် လော့ကာတွေထဲ ရောက်နေပြီ။ အနားရှိ bath-robe ကြီးတွေပဲ ဆွဲခြုံကောက်ဝတ်ကာ နိုပ်တဲ့ ထိုင်းမ တွေထံ အကြမ်းဖျဉ်းပြော၍ ဘယ်ကိုတိုင်လို့ ရသလဲမေး ချက်ချင်းပဲ ထွက်လာခဲ့ကြသည်။

Massaage နှင့် Spa ခန်းများ Gym များရှိတဲ့ ထပ်မှ ဓာတ်လှေကားနှင့် အောက်ထပ် Lobby ကို ဖြတ်သန်း Hotel Inquiry ရှိရာ လျှောက်လာကြရာ ရေချိုးဝတ်ရုံကြီးတွေ





သူတို့သုံးယောက်ကို လမ်းတစ်လျှောက်ကလူတွေ မျက်လုံးပြူး မျက်ဆန်ပြူး တအံ့တသြ ငေးမော အကဲခတ်ကျန်ခဲ့ကြလေသည်။ အင်ကွာရီမှာ အကြာကြီး အခြေအတင် ပြောဆိုပြီးမှပဲ သူတို့ မန်နေဂျာနှင့် တွေ့ခွင့်ရကြပါသည်။

အဖြစ်အပျက်ကို ပြောဆိုကာ သူတို့ရဲ့ ပရိုက်ဗေစီ ကိုယ်ရေးကိုယ်တာ လုံခြုံရေးအတွက် ဒီဟိုတယ်မှာပဲ တည်းခိုပုံ ရသည့် နီလာညို ဆိုတဲ့ အမည်နှင့် ဧည့်သည်ကို ခေါ်ယူပြီး သူတို့ပါတဲ့ ဓာတ်ပုံတွေ ဖျက်ခွင့်ရဖို့ တောင်းဆိုရပါသည်။ နောက်ဆုံးတော့ မန်နေဂျာက သူ့အခန်းထဲမှ ထွက်၍လိုက်ပါ လာကာ ဒီအမည်နှင့် ဧည့်သည်ရဲ့အခန်းကို စုံစမ်းဖို့ ရီဆက်ရှင် ကောင်တာဆီသို့ ရောက်လာကြပါသည်။ နာမည်ပြောကာ အခန်း နံပါတ် ရှာဖွေနိုင်းစဉ်မှာပင် …

"ဟာ … ဟိုမှာ ကိုရင်၊ ဟိုမိန်းမ ထွက်လာပြီ၊ အောက် ဆင်းလာပြီ"

ဓာတ်လှေကားထဲက ထွက်လာသော နီလာညိုကို သူတို့ပြတဲ့အခါ မန်နေဂျာက ကိုယ်တိုင်ပင် နီလာညို့အနီးချဉ်း ကပ် ဦးညွတ်ရင်း ပြုံးပြုံးချိုချို နှုတ်ဆက်စကားနှင့်အတူ ဒီဘက် က ဧည့်သည်သုံးယောက်က တောင်းဆိုသည်ဖြစ်၍ အကယ်၍ သူတို့ပုံ ပါဝင်နေနေတဲ့ဓာတ်ပုံ ရှိခဲ့ရင် ဖျက်ဆီးပေးနိုင်မလား တောင်းပန်ညှိနှိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ ဒါကိုလက်မခံဘဲ ငြင်းပြီး ဂရုမစိုက်သေးပါက ရဲသွားတိုင်မည်လို့ပင် သူတို့သုံးယောက်စလုံး စိတ်ကူးပေါက်မိသည်။

"ဩော် ... ရှင်တို့က တကယ်လာပြီး အတိုင်အတော ထုနေတာကိုး၊ ဒီလောက်တောင် ဖြစ်နေတာလား၊ အဟင်းဟင်း ... ရယ်စရာကြီး ကိုဗညားရယ်"

"မင်း မြန်မြန်သာ ဓာတ်ပုံကို ဖျက်လိုက်ပါ နီလာညို၊ ဒီမှာ အဆင်မပြေရင် ကိုယ် ရဲသွားတိုင်ဖို့ စိတ်ကူးရှိတယ်"

"ရှုပ်ရှုပ်ယှက်ယှက်၊ ဖြစ်နေလိုက်တာရှင်၊ အဲလောက်ဆတ်ဆတ်ထိမခံနိုင်အောင် ဖြစ်နေရအောင် ရှင်တို့ကလူလား မုန့်လေပွေလား။ တစ်ခါတည်းမှပဲ၊ အာရုံနှောက်တယ်ကဲ ... ရော့၊ ရှင်ကိုယ်တိုင် ရှာလိုက်၊ နီလာ့ဘာသာ ဖျက်ရင် ချွန်ရစ်ခဲ့တယ် ဖြစ်နေဦးမယ်၊ မှားပါတယ် လေဝါတယ် ကိုဗညားရယ်"

ဗညားရင်က နီလာညို့ အိုင်ဖုန်းကို ဆွဲယူဖွင့်ရှာကာ သေသေချာချာ ကြည့်ပြီးမှ သူတို့သုံးယောက်ကို သေချာရိုက်ထားတဲ့ ပုံသုံးပုံကို Delete လုပ်ပစ်လိုက်လေသည်။

❂ ○ ❂



(၈)

"တီတီ ... တီတီ"

"ဟယ်လို"

"မမစောလား ... ကျွန်မ ခင်သုတပါ၊ မမစော အခုဆိုင်မှာလား"

"ဟုတ်တယ် ခင်သုတ၊ မ, ဆိုင်မှာပါ၊ ဒီမှာ သက်လျာလည်း ရှိတယ်လေ"

"ဩော် ... ဟုတ်လား၊ မသက်လျာက မမစောဆီ အမြဲရောက်နေတာ ထင်တယ်"

"ဟုတ်တယ်၊ သူ့သားကြီး ဖြိုးက အဖေမရှိလို့ဆိုပြီး ဂျစ်ကျလို့ ကျောင်းကားနဲ့ မလိုက်ဘူးဆိုလို့ သူလိုက်ပို့ လိုက်ကြိုနေရတယ်လေ၊ ကလေးအကြီးလေး ကျောင်းပို့ပြီးတာနဲ့ ဒရိုင်ဘာနဲ့ ကားနဲ့ ဆိုင်ရှေ့ရပ်ထားပြီး သက်လျာက



www.burmeseclassic.com

www.burmeseclassic.com



မ,ရဲ့ဆိုင် ဝင်နေတတ်တာ၊ ကလေးငယ်လေးကတော့ အိမ်မှာ စိတ်ချရတဲ့ နာနီရှိတယ်ဆိုတော့ နေ့တစ်ဝက်လောက် ထားခဲ့တာ ရတယ်လေ၊ နေ့လယ်ကျ သားကြီးကို ကျောင်းပြန်ကြိုပြီးမှ သက်လျာက အိမ်ပြန်တာ"

"နှစ်ယောက်လုံး ရှိနေတာ အတော်ပဲပေါ့၊ ကျွန်မ မမစောဆိုင် ခဏလာခဲ့မလို့ပါ၊ ဒီနေ့ တစ်နေကုန် ကျွန်မလည်း အားနေတယ်လေ"

"ဟင် ... ကောင်းတာပေါ့၊ လာခဲ့ပါ ခင်သုတ၊ အတော်ပဲ မ,တို့သုံးယောက် အတူတူ ထမင်းစားကြတာပေါ့"

"ဟုတ်ကဲ့ ... ဒါပဲနော် ... မမစော"

သက်လျာအေးက ဖုန်းပိတ်လိုက်တဲ့ မမစောကို နှုတ်ခမ်းရွဲ့ကာ ကြည့်လိုက်ရင်း ...

"အဲဒီ မမစောက သက်လျာကိုဆို ပိုးခနဲ ပက်ခနဲ ဟောက်လိုက် ဆူလိုက်နဲ့၊ မခင်သုတကျတော့ အရေးသယ်ပြီး ပျာပျာသလဲ ဆက်ဆံတယ်"

"ဟဲ့ ... ဘာအရေးသယ်ရမှာလဲ၊ သူက တို့နဲ့ အစိမ်းသက်သက်ဖြစ်နေတာဆိုတော့ ခုမှစသိတာ ယဉ်ကျေးသမှုနဲ့တော့ ဆက်ဆံရတာပေါ့၊ ပြီးတော့ သူက လူကြည့်တော့ မထုံတက်တေးနဲ့ သတင်းရတာက မြန်သလားမပြောနဲ့၊ လမ်းကြောင်းပေါက်တယ်လေ၊ ညည်းနဲ့ကျတော့ လင်ညီအစ်မဆိုတာ တကယ်တမ်းက ညီအစ်မပဲ မဟုတ်လား သက်လျာ





ရယ်၊ စိတ်ထဲက ရင်းနှီးနေတော့ တရင်းတနှီး ပြောမိဆိုမိ ပြောထွက် ဆိုထွက်တာပေါ့၊ သက်လျာဆိုလည်း အစ်မရင်းချာရှိတာ မဟုတ်ဘူး၊ ရှိတဲ့အစ်ကိုကလည်း အဝေးမှာလေ၊ အမေကလည်း အစ်ကိုနဲ့ နေတယ် မဟုတ်လား ...

မမ,ဆိုလည်း ညီအစ်ကို မောင်နှမရင်းရှိတာမှ မဟုတ်တာ၊ တစ်ဦးတည်းသမီးဆိုတော့ တို့နှစ်ယောက်က ညီအစ်မတွေပဲလေ သက်လျာရယ်၊ ဒါကြောင့်ပါ"

ခင်မမစောက သက်လျာကို ချော့မော့နှစ်သိမ့်ရသည်။ တစ်ရက်ပြီးတစ်ရက် ညှိုးတိညှိုးနွမ်း မလန်းဆန်းနှင့် ချုံးချုံးကျ သာခွေယိုင်လို ဖြစ်နေတဲ့ သက်လျာကိုလည်း သူတကယ်ပဲ ကရုဏာသက်ရပါသည်။

"အင်းပါ ... မခင်သုတကို မမစော အရေးထားတာ သက်လျာက ဘယ်လိုမှ မနေပါဘူး၊ အရေးလုပ် အစေးမကပ်ကြမှာတောင် စိုးရိမ်ခဲ့တာ၊ သူကလည်း ပုံစံကထုံပေပေ အေးစက်စက် တစ်မျိုးမဟုတ်လား၊ ဒါပေမဲ့ မထင်ရဘူးနော်၊ သူ့ကို မာရေကျောရေနိုင်မယ်ထင်တာ မမာကျောပါဘူး၊ စကားပြောဆိုလိုက်တောလည်း သက်လျာ ထင်ထားသလို မာန်တက်နေတဲ့ မိန်းမမျိုး မဟုတ်ပါဘူး"

"အင်း ... သူက ရတ်တရက် ရင်းနှီးမလွယ်တဲ့ စရိုက်မျိုးလေ၊ အဲလို လူစားတွေက ရင်းနှီးခင်မင်သွားရင်တော့ နိုင်မြဲနွေးထွေးတတ်တယ်၊ အပြုံးအရယ်နည်းပြီး အေးဆေး



www.burmeseclassic.com

www.burmeseclassic.com



စက်နဲ့ဆိုတော့ တော်ရုံလူကလည်း အကားနေ မျက်နှာချို လာသွေးပြီး ပေါင်းမနေဖြစ်တော့ဘူး ထင်ပါရဲ့၊ ဟိုနေ့က ပြောတယ်လေ၊ သူ့မှာ ဟိုးငယ်ငယ်အထက်တန်းကျောင်း တုန်းက ပေါင်းခဲ့တဲ့ သူငယ်ချင်းတွေနဲ့လည်း ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မကျန်ဘူးဆိုတာ၊ ဆေးကျောင်းတက်တုန်းက သူငယ်ချင်းထဲမှာ ရင်းနှီးတာ နှစ်ယောက်ရှိတာကလည်း နှစ်ယောက်လုံး နိုင်ငံခြားအသီးသီး ထွက်သွားကြတော့ ရင်းနှီးတဲ့အပေါင်းအသင်း မရှိဘူးဆိုတာလေ"

"သက်လျာတို့ သူနဲ့ပေါင်းကြရအောင်လေ၊ သူကမဆိုးပါ ဘူး၊ ပေါင်းရကောင်းမှာပါ၊ Bright ဖြစ်ပုံလည်း ရတယ် ထက်တယ် ... မတုံးဘူးပေါ့"

"ပေါင်းပေါင်း၊ မမကတော့ ဗညားရင် မိန်းမဆိုတော့ ခပ် လန့်လန့်ပဲ၊ ဖြစ်နိုင်ရင် မိုးသွန်းကိုတောင် ဗညားရင်နဲ့ သိပ်မပေါင်းစေချင်တဲ့ဟာ"

"သူနဲ့ မခင်သုတကရော ဘာပြဿနာတွေရှိလို့ သိပ်အဆေး မကပ်တာလဲ၊ အိမ်ထောင်သက်တောင် ဘာမှသိပ်မရှိသေး ဘဲနဲ့"

"အင်း ... ဘယ်သိနိုင်ပါ့မလဲ သက်လျာရယ်၊ လူကြီးပေး စားတာမျိုးများလား၊ ကြုံရင် နည်းနည်းမေးစမ်း စနည်း နာကြည့်ပေါ့"

"ဟိုမှာ လာပြီ"





ခင်မမစော ဆိုင်ရဲ့မျက်နှာစာ မှန်ချပ်ကြီးများကို ကျော်၍ ခင်သုတရဲ့ကား ဖြည်းဖြည်းကျော်ရပ်လိုက်တာကို လှမ်းမြင်ရပါသည်။ ကားပေါ်က ဆင်းလာကာ ကားသော့ကို ခလုတ်နှင့် လှမ်းပိတ်လိုက်တဲ့ ခင်သုတကိုကြည့်ရင်း တော်တော်လှ တဲ့ မိန်းမလို့ ခင်မမစော တွေးလိုက်မိသည်။

"မမစော ... သူက တော်တော်ကို လှတာနော်"

"ဟုတ်ပါ့ ... မ,လည်း အခု ဒါပဲ တွေးနေတာ"

"ကိုဗညားရင်လည်းပဲ အရမ်းကြည့်ကောင်းတာပဲ၊ သူတို့ လင်မယားက ရုပ်ချင်းတူတာတော့ မဟုတ်ပေမယ့် သူတို့ ကို စုံတွဲစဉ်းစားလိုက်ရင် ဂျူလီနဲ့ ဘရက်ပစ်လိုပဲ နှစ် ယောက်လုံးက ခပ်မိမိ ခပ်မိုက်မိုက်"

ခင်သုတက အနွယ်အခွေ အလိပ်ကြီးတွေ ပွနေသည့် ဆံပင်လေး တဝဲဝဲနှင့် ဆိုင်ထဲဝင်လာခဲ့သည်။ လှမ်းကြည့်လိုက် တာ ပိပိပြင်ပြင် ပြုံးတာမဟုတ်ဘဲ ခေါင်းတစ်ချက်ညိတ်တဲ့ပုံမျိုး နှင့်သာ လှမ်းနှုတ်ဆက်သည်။ ဖော်ရွေတဲ့ အပြုံးတစ်ခုလောက် နှုတ်ခမ်းမှာ ဘာကြောင့် မတပ်ဆင်ပါလိမ့်။ ခင်မမစော ကဲ့သို့ သော မိန်းမမျိုးပင်လျှင် လိုအပ်လာခဲ့လျှင် အင်မတန် ချိုမြလိုက်လှ စွာ ပြုံးနိုင်ရယ်နိုင်တာပဲ။

"မမစော နေကောင်းတယ်နော်၊ သက်လျာရော ရောက်တာ ကြာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ အတော်ပဲ ဒီနေ့ အိမ်ကထည့်ပေးလိုက်တာ ဟင်းကောင်းတယ်လေ၊ တို့သုံးယောက် ထမင်းတူတူစားကြတာပေါ့၊ အိမ်က မိချိုက ဟင်းချက်တအားကောင်းတာ"

"ဟုတ်တယ် မခင်သုတရဲ့၊ မမစောအိမ်က ဟင်းလက်ရာက သိပ်ကောင်းတာပဲ၊ သက်လျှာအိမ်က မဝင်း တစ်ယောက်ကတော့ ဟင်းသိပ်မချက်တတ်ဘူး။ သက်လျှာကလည်း သိပ်မချက်တတ်ဘူး၊ ဒီတော့ သူ့ကို ဘယ်လိုသင်ပေးမလဲ၊ ဒီနေ့ဆို လူကြီးစာ ချက်ထားတာ ဝက်သားဟင်း၊ အဲဒါကြီးက နနွင်းဝါကြီးနဲ့ ရေချွတ်ဗက်နဲ့၊ ဘာကြီးမှန်း မသိဘူး၊ မြင်တာနဲ့ကို စားချင်စိတ်ပေါက်ဖို့ နေနေသာသာ အန့်တောင်အန်ချင်တယ်"

"ကိုမိုးသစ်က သူချက်တာ စားနိုင်ရဲ့လား"

"ဘယ်စားနိုင်မလဲ၊ ပွစိ ပွစိ ဗျစ်တောက်တောက် လုပ်တာပေါ့၊ မနက်ကို ထမင်းချိုင့် မယူဘူး၊ အပြင်ကဝယ်စားတယ်၊ ညနေကျရင်လည်း သူစားချင်တာကို ဝယ်လာတာများတယ်၊ သက်လျှာလည်း ဟင်းချက်တာ ကျွမ်းကျင်အောင် သင်ယူမလားလို့ စဉ်းစားတာပဲ၊ ခုထိ မသင်ဖြစ်သေးတာပါ၊ မမခင်သုတတို့အိမ်မှာရော ထမင်းချက်က အဆင်ပြေလား"





"ဟုတ် … အဆင်ပြေပါတယ်၊ အဘွားကြီးက ကိုဗညားရင့်လက်စွဲတော်ပဲလေ၊ သူစားချင်တာကို တပင်တပန်း ချွေးတလုံးလုံးနဲ့ ချက်ပြုတ်နေတာပဲ၊ သူကလည်း အဲဒီ ဒေါ်ပုရဲ့လက်ရာကို အရမ်းသဘောကျတာ၊ အဲဒီတော့ ကျွန်မကဝင်ချက်ပြုတ်ဖို့ မလိုဘူးပေါ့၊ ရေသာခိုလို့ရတယ်"

"မခင်သုတလည်း မချက်တတ်ဘူးပေါ့နော်"

"အဟင်း … ကျွန်မရုပ်က ဟင်းမချက်တတ်တဲ့ရုပ် ပေါက်နေသလိုပဲနော်၊ ကျွန်မက ဟင်းချက်တာ အရမ်းဝါသနာပါတာ၊ ချက်လည်း ချက်တတ်ပါတယ်၊ တရုတ်စာ၊ ယိုးဒယားစာတွေလည်း ချက်တတ်တယ်၊ အပျိုဘဝက အမြဲဝင်ချက်နေကျ"

"ဟင် … ဟုတ်လား၊ သက်လျှာက တကယ်ထင်မိတာ၊ မချက်တတ်ဘူးလို့လေ"

ခင်သုတက နှုတ်ခမ်း တင်းတင်းစေ့၍ ပြုံးလိုက်

"အင်း … ကိုဗညားရင်တောင်မှ ကျွန်မ ထမင်းဟင်းကောင်းကောင်းချက်တတ်တာ သိပုံမရပါဘူး၊ ခုထိ …"

"ဟင် … ဘာဖြစ်လို့ မသိရတာလဲ"

"ကျွန်မကလည်း မပြောဖြစ်၊ သူကလည်း မမေး၊ ချက်လည်း မချက်ခိုင်းတော့ …"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ ခင်သုတရဲ့၊ ကိုယ့်အရည်အချင်းကိုတော့ ယောက်ျား သိသင့်တာပေါ့၊ ပြီးတော့ ယောက်ျားဆိုတာ မိန်းမက ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးတာ သိပ်ကြိုက်တယ်လေ၊ မ,ဆိုရင် အိမ်က မိချိုလောက် လက်ရာကောင်းပေမယ့် တစ်ခါတစ်ရံလေး သူစားဖို့ ကိုယ်တိုင်လုပ်ကိုင်ပေးရင် အဲဒါကိုပဲ မိုးသွန်းတို့က ကောင်းလှချည်ရဲ့ ဖြစ်နေတာ၊ အရသာက ကောင်းတာမဟုတ်ဘဲ သူ့ကိုပြုစုတာက ကောင်းတာဖြစ်ပါလိမ့်မယ်"

ခင်မမစောက ပြောရင်း မိုးသွန်းကိုပင် ဖျတ်ခနဲလွမ်းသလို ဖြစ်လိုက်ရပါသည်။ ခင်သုတကတော့ မပြုံးမရယ်လေးနှင့်ပင် ...

"ကျွန်မကိုက မှားနေတာ ထင်တယ်၊ ကျွန်မက ကျွန်မဆီက လိုလိုလားလား နှစ်နှစ်သက်သက် တောင်းဆိုတာမျိုးကိုမှ ပေးချင်တဲ့ အကျင့်ဆိုးရှိတယ်၊ တန်ဖိုးထားပုံ နှစ်သက်ပုံ သိပ်မပြရင် ကျွန်မက ဘာမှ ရက်ရက်ရောရောမပေးချင်ဘူး၊ ဖွင့်တောင်းဆိုစေချင်တယ်၊ မကြည်ဖြူဘူး အဲဒါ အစားအသောက်တစ်ခုမှာပဲ မဟုတ်ဘူး၊ အစစအရာရာ အတွက်ပဲ၊ ကျွန်မတို့နှစ်ယောက်ကြားမှာ တစ်ခုခုကခံနေတယ်၊ ကိုဗညားရင်က အလိုက်တသိ ပေးစေချင်တဲ့သူ၊ ကျွန်မက လိုလိုချင်ချင် တောင်းခံစေချင်တဲ့သူ၊ အဲဒါက ပြဿနာပဲရှင့်"





မမျှော်လင့်ဘဲ ပွင့်ပွင့်လင်းလင်း တရင်းတနှီးလေး ပြောလိုက်တဲ့ ခင်သုတကို ခင်မမစောနှင့် သက်လျာအေးက ငေးကြည့်နေမိလေသည်။

"သူက ကျွန်မကို မာနတက်နေတယ်ချည်းပဲ ထင်နေတယ်၊ ကျွန်မကလည်း သူ့ကို မာနကြီးတယ်လို့ထင်တာ၊ အခု အခြေအနေက ရန်သူတွေ ဖြစ်မနေသေးတာ ကံကောင်းပေါ့၊ မမစောတို့ သက်လျာတို့အတွက်က အခုကိစ္စက အသစ်အဆန်း ဖြစ်ချင်ဖြစ်နေပေမယ့် ကျွန်မအတွက်က ရိုးနေပြီဖြစ်နေတယ်၊ သူက အမြဲပဲ ကျွန်မကို စိတ်မကြည်ရင် နှစ်ရက် သုံးရက် ပြန်မလာဘဲ ဟိုကွန်ဒိုအခန်းမှာ သွားသွားနေတတ်တာလေ ...

အခုဟာက ရိုးနေတဲ့ ကိစ္စတစ်ခုထဲမှာ နည်းနည်းထူးခြားတာလေးတွေ ပါလာတယ်ဆိုတာလောက်ပေါ့ ... အဟင်း ဟင်း၊ အရင်ထက်တော့ နည်းနည်းထူးခြားတယ်လေ၊ သူက ဒီတစ်ခါ နိုင်ငံခြားတောင် ထွက်သွားလိုက်သေးတာ၊ ကျွန်မ စဉ်းစားနေတာက သူတို့ယောက်ျားတွေဆိုတာ အိမ်မှာနေရတာကို မသာယာ မပျော်ရွှင်တတ်ဘူးထင်တယ်"

"အဲလိုတော့ မဟုတ်ဘူး ခင်သုတရဲ့၊ သူတို့ အပြင်မှာ ပိုပျော်ချင်တာ သာယာချင်တာ ဆိုတာက ရံဖန်ရံခါပါ၊



www.burmeseclassic.com

www.burmeseclassic.com



အမြဲမဟုတ်ပါဘူး၊ တကယ်ကတော့ ကိုယ့်အိမ်မှာပဲ ကိုး ပိုအချိန်ပေး ပျော်ချင်ကြမှာပါ၊ အဲဒီအပြင်မှာ ပျော်ချင် တစ်ခါတစ်ရံကို မ,တို့က ရှောရှောရှူရှူ ကြည်ကြည် သာ ခွင့်မပြုလို့ ဖြစ်ခဲ့တဲ့ ပြဿနာပါ"

"အဲဒါများ ခွင့်ပြုလိုက်ပါလား မမစောရဲ့၊ ကိုဗညား ကတော့ အိမ်မှာ သိပ်မပျော်ရွှင် မသာယာတာ ကျွန်မ မိပါတယ်၊ ကျွန်မကလည်း သူ့ကို အပြင်ကိစ္စ ပိတ် တားမြစ်တာ ကန့်သတ်ချုပ်ချယ်တာ မရှိဘူး၊ အဲဒါ မှာ လား မှန်လားတောင် မတွေးတတ်ဘူး ...

ကဲ ... ထားပါလေ၊ ကျွန်မ ဒီနေ့ ကိစ္စလေးရှိ လာတာပါ၊ မမစောနဲ့ သက်လျာ စိတ်ခိုင်တယ်ဆိုရ သိပ်မပေါက်ကွဲဘူးဆိုရင် တစ်ခုပြချင်တာရှိလို့ပါ၊ မမစော ကတော့ သိပ်ပေါက်ကွဲချင်မှ ပေါက်ကွဲလိမ့်မယ်၊ သက်လျာ ကတော့ ဒေါသများ ဖြစ်မလား၊ ငိုများငိုမလား၊ ဘာမှ ဖြစ်ဘူးဆိုမှ ကျွန်မ ပြမှာ"

"ဟင် ... မဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ပြ ... ပြ၊ ဘာပြစရာ ရှိလို့လဲ"

ခင်သုတက အပြုံးလေးနှင့် သူ့ဖုန်းလေးကို ထုတ် ကာ ...

"မမစော ကွန်ပျူတာနဲ့ ခဏသုံးလို့ ရမလား"





"အင်း ... ရတယ်၊ လာ ... လာ၊ ဘာများပါလိမ့်၊ ရင် တောင် ထိတ်လာပြီ၊ မမစောက သိပ်ပေါက်ချင်မှ ပေါက် ကွဲလိမ့်မယ်လို့ မထင်ပါနဲ့ ခင်သုတရယ်၊ သက်လျာ ၅၀ ဖိုးပေါက်ကွဲရင် မမက ၁၀၀ ဖိုးပေါက်ကွဲမယ့်သူနော်"

ခင်သုတက ခင်မမစော ကွန်ပျူတာရှေ့ထိုင်ကာ သူ့ဖေ့စ်ဘွတ်ကို ဖွင့်လိုက်ပါသည်။ ခင်မမစောနှင့် သက်လျာအား က ခေါင်းသုံးလုံးပြူးပြီး ဆိုင်နေတဲ့အထိ နောက်ကရပ်ကာ စိတ် စောစောနှင့် ငုံ့ကြည့်နေကြပါသည်။ ခင်သုတက သူ့ဖေ့စ်ဘွတ် စာမျက်နှာ ပွင့်သွားလျှင် နံမည်တစ်ခုကိုရိုက်ကာ နောက်တစ် ယောက်ရဲ့ Wall ကို ဖွင့်လိုက်သည်။

"နီလာညို ... ! ၊ ဘယ်သူလဲ သူက"

"ကျွန်မလည်း ကိုယ့်ကိုလာ add ကြတဲ့အထဲက တချို့ကို သေသေချာချာ မသိပေမယ့်လည်း ပရိုဖိုင်ပုံအမှန် နာမည် မှန် ဖော်ပြထားတယ်ဆိုပြီး ပြန်လက်ခံခဲ့မိတာလေးတွေ ရှိတယ်၊ အဲဒါလည်း ကောင်းတော့လည်း ကောင်းသွားပါ တယ်လေ၊ ကျွန်မကို လာ add ကြတဲ့ မိန်းကလေး တော် တော်များများထဲမှာ ကိုဗညားရင် ရည်းစားဟောင်းတွေ ပါလာခဲ့တယ်လေ၊ အဟင်းဟင်း ... သူတို့က ကိုဗညားရင် ယူသွားတဲ့ မိန်းမဆိုပြီး ဘယ်လိုမိန်းမမျိုးလဲ အကြောင်း သိချင်လို့ လာ add ကြတယ်နေမှာပေါ့၊ များသောအား ဖြင့်ကတော့ Friend အဖြစ်နဲ့ပဲ ငြိမ်ငြိမ်ပဲ နေကြပြီး စိတ် အနှောင့်အယှက် မပေးကြပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နီလာညို ဆိုတဲ့ တစ်ယောက်ကတော့ ကျွန်မတို့ရဲ့ ဟန်းနီးမွန်းခရီးကတည်းက စိတ်အနှောင့်အယှက်ပေးခဲ့တဲ့သူပါ"

"ဟင် ... Block ပစ်လေ မခင်သုတရဲ့"

"မ Block ပါဘူး၊ မ Block မှလည်း သူ ဘာတွေလုပ်လဲ ပြောလဲ ကိုယ်ပါ မြင်နေရမှာ မဟုတ်လား"

"ဟင်"

နီလာညို wall ပေါ်က Post နှစ်ခု သုံးခု ဆွဲချလိုက်ပြီးလျှင် အောက်မှာပေါ်လာတဲ့ ပုံတစ်ပုံကြောင့် ခင်သုတရော သက်လျာအေးပါ တစ်သံတည်းထွက်အောင် အာမေဋိတ်ပြုလိုက်မိကြပါသည်။ ခင်သုတက နှုတ်ခမ်းစေ့ကာ ပြုံးမဲ့မဲ့နှင့် ဓာတ်ပုံကို Click ပြီး သီးသန့်ပုံကြီးချဲ့လိုက်ပါသည်။

"ဟယ် ... ဒါ ... ဒါ ..."

ပုံအောက်က စာက "ယောကျ်ားတွေ ... ယောကျ်ားတွေ"တဲ့။ လှောင်တောင်တောင် လေသံပင်။ ဓာတ်ပုံထဲမှာ Massage ခုတင်တွေ တန်းစီနေတဲ့ အပေါ်မှာ ဗညားရင်နှင့် မိုးသစ် ထိုင်းမိန်းကလေးတွေနှင့် အနှိပ်ခံနေတဲ့ကြားမှာ အလယ်ခုတင်က မိုးသွန်းကတော့ မျက်နှာသုတ်ပဝါ အညိုနုနုလေးပတ်လျက်သားနှင့် ခုတင်ပေါ် ခြေတစောင်းချထိုင်နေသည်။

"ဟင် ... သူ ... သူက ... အဲဒီပုံ ရိုက်ရအောင် အဲဒီကို..."

"အဲဒီကို သူလည်းရောက်နေလို့ပေါ့ သက်လျာရယ်"





"ဟင် ... ကိုကိုတို့အုပ်စုနဲ့ သူက အတူတူပါသွားတဲ့ သဘောလား"

"အဲလို မဖြစ်နိုင်ပါဘူး၊ အဲလို သဘောတူ အဖော်ပြုသွားကြရင်လည်း ဒီပုံကို သူတင်မယ် မထင်ဘူးလေ၊ သူများယောကျ်ားတွေနဲ့ အတူတူသွားတာကို သူက လူသိရှင်ကြားလုပ်ပါ့မလား၊ တိုက်ဆိုင်ပြီး ကံဆိုးလို့ သူလည်း အဲဒီမှာ ရှိနေတာ၊ တမင်တကာ တင်တာလေ၊ ကျွန်မတွေ့အောင်ပေါ့၊ တမင် စိတ်အနှောင့်အယှက်ပြုတာ ရန်တိုက်တာ"

"တောက်"

ခင်မမစောက တောက်တစ်ချက် ခတ်လိုက်ရင်း...

"မိုးသွန်းက ထိုင်နေလို့ မ,မပေါက်ကွဲဘူးလို့ ခင်သုတက တင်တာကိုး၊ ထိုင်နေနေ ရပ်နေနေ ကင်းမြီးကောက်ထောင်နေနေ ဒီပုံစံ ကြည့်တာနဲ့ သူက အနှိပ်ခံတာ အရင်ပြီးသွားတာ ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် နှိပ်ဖို့လှဲမအိပ်ခင် ရိုက်တာပဲဆိုတာ သေချာတာပဲဟာ၊ ဒီပုံစံကြီးနဲ့၊ တောက်... ဒီမိုးသွန်းတော့ ငါ လုပ်မိရင် သေတော့မှာပဲ"

သက်လျာအေးကတော့ မျက်ရည်တွေ ရစ်လည်လာရာမှ တလိမ့်လိမ့်လျှံကျလာလေသည်။ ကိုယ့်ယောကျ်ားကို ရင်တစ်ပိုင်းပြတ် ရိုးရာဝတ်စုံနှင့် ထိုင်းမိန်းကလေးက အားရပါးရ ကျောကို ဆီလူးပွတ်နှိပ်နေတာလေ။ ရင်ကျိုးပါပြီ ... ရင်ကျိုးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗညားရင် မျက်လုံးက ကင်မရာဆီ ရောက်နေသည်။

"ဒီမှာကြည့် ... ဓာတ်ပုံရိုက်လိုက်တာ ကိုဗညားရင် သိတယ်၊ ကိုမိုးသွန်းနဲ့ ကိုမိုးသစ်က သိပုံမရဘူး၊ နီလာညို ဒီပုံမျိုး ရိုက်လိုက်တာ သူသိကတည်းက ဒါဟာအန္တရာယ် ဆိုတာလည်း သူသိနေပါပြီ၊ ဒါပေမဲ့ ဒီလိုတင်လိုက်လိမ့်မယ်လို့တော့ သူတောင် ထင်မိမှာ မဟုတ်ဘူး"

"အဲဒီ facebook ပေါ်က ဟာတွေလည်း ဘာဖြစ်လို့ အလကားနေရင်း သူများတကာ ပြဿနာတက်စေချင်တာလည်း စဉ်းစားလို့တောင် မရဘူး၊ သူတို့မှာ ဘာအကျိုးအမြတ်များ ရှိတာမို့လို့လည်းနော်၊ အခုလို သူတင်လိုက်လို့ သိရမြင်ရတာ ဆိုပေမယ့် တမင်တကာ မြင်စေချင်တဲ့ သူ့ရဲ့ မကောင်းတဲ့ စိတ်အခြေခံကို အမြင်ကတ်လွန်းလို့ ယောကျ်ားကိုတောင် သိပ်အမြင်မကတ်နိုင်တော့အောင်ပဲ"

"ဟင်း ... ဟင်း ... ဟင်း"

ခင်မမစော စကားကို ခင်သုတက သဘောကျကျ ရယ်မိသည်။

"ကဲ ... အဲဒီတော့ ဒီလူသုံးယောက် ခုလို သုံးယောက်ပူး ယောကျ်ားချည်း ဟန်နီးမွန်း ထွက်သလို ပျော်ပါးဖိမ်ယူနေကြတာကို မ,တို့က ဒီတိုင်းပဲ ငုတ်တုတ်ထိုင်ကြည့်နေကြရတော့မှာလားဟင် ...၊ ဘာမှလုပ်လို့ မရတော့ဘူးလား"





"ဒီမှာ နီလာညိုက တင်ထားလို့ Siam @ Siam Hotel မှာ ဆိုတာတော့ သိနေရတာပဲလေ၊ ဒါပေမဲ့ ဘာလှမ်းလုပ်လို့ ရမှာလဲ၊ သူတို့ကို တစ်ခုခု လှမ်းနှောင့်ယှက်တာ လှမ်းပေါက်ကွဲတာမျိုး လုပ်တာထက်စာရင် သူတို့ပါ အမြင်ကတ်ပြီး ကလိ ကလိ ဖြစ်မယ့်ဟာမျိုး ကိုယ်ကပြန်လုပ်တာကမှ ပိုထိရောက်ဦးမယ်လေ"

"အဲလိုဖြစ်အောင် ဘာပြန်လုပ်ပြရမှာလဲ ခင်သုတရယ်၊ သူတို့လိုမျိုး ကိုယ်တွေက ယောကျ်ားလေးတွေနဲ့ ပြန်အနှိပ်ခံပြဖို့လိုမျိုးကလည်း ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ တကယ်တမ်း စဉ်းစားလိုက်ရင် သူတို့ယောကျ်ားဆိုတဲ့ ဟာမျိုးတွေကသာ ခုလို ရှပိုးထိုးနိုင်တာ။ မ,တို့မိန်းမတွေက သူစိမ်းယောကျ်ားတွေနဲ့ အသားချင်း မတော်တဆ အထိခံဖို့ဆိုတာ တွေးတောင်မတွေးနိုင်ဘူး၊ အထိခံရရင်လည်း ကိုယ်ပဲနစ်နာတာလေ"

"ဟား ဟား ဟား ... အဲလောက် ပြန်လုပ်စရာလည်း မလိုပါဘူး မမစောရဲ့၊ တကယ် ပြန်လုပ်ချင်ရင်တော့ သူတို့စိတ်ထဲ နည်းနည်းတော့ စပ်ဖျဉ်းဖျဉ်းလေး အမြင်ကတ်သွားအောင် ကလိလို့ရတာတော့ ရှိတယ်"

"ဘာလဲ ပြော ... ကလိမယ်"

"သက်လျှာလည်း ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်သုတကာ ဗညားရင်တို့ရဲ့ ဖေ့စ်ဘွတ်ခ်ဝေါလ်တွေကို နည်းနည်းပါးပါး လျှောက်ဖွင့်ကြည့်နေလိုက်ပါသေးသည်။ ဘာလှုပ်ရှားမှုမျှ တင်ထားတာ မတွေ့ရ။ ငြိမ်ချက်သားကောင်းနေကြသည်။ ခရီးလမ်းပန်း အမှတ်တရပုံလေးမျိုးပင် မတွေ့ရ။ ဘယ်တွေ့ရပါ့မလဲ။ သူတို့ ဟစ်ခုခုရေး ပုံတစ်ခုခုတင်လိုက်တာနှင့် သူတို့ ဘယ်ရောက်နေကြတယ်ဆိုတာ ပေါ်သွားမှာလေ။

သူတို့ ဗန်ကောက်ရောက်နေကြတာကို မိန်းမတွေ မသိလောက်သေးဘူးလို့ပင် ထင်နေနိုင်သေးသည်။ ခင်သုတကာ Log out လုပ်လိုက်ရင်း ...

"ဒီနေ့ ညနေ Man Hunt ပွဲ ဘစ်ပွဲရှိတယ်"

"ဘာလဲဟင် ... Man Hunt ဆိုတာ"

"မော်ဒယ်ကောင်လေးတွေ ယောကျ်ားလေးတွေရဲ့ရှိုးပွဲလေ။ Miss ရွေးသလိုမျိုးပဲ Mister ဆိုပြီး title ဆုတွေပေးကြမှာမျိုးပေါ့"

ခင်မမစောနှင့် သက်လျှာအေး တစ်ယောက်မျက်နှာ တစ်ယောက် ပါးစပ်အဟောင်းသား ကြည့်မိလိုက်ကြပါသည်။

❂ ○ ❂



(၃)

မိုးသစ်က ဟိုတယ်ခန်းထဲက တီဗီရှေ့ထိုင်ပြီး လုံးဝ စိတ်ဝင်စားစရာ မကောင်းသော ယိုးဒယားတီဗီလိုင်းတစ်ခုကို မေးထောက်ကာ ငူငူကြီး ထိုင်ကြည့်နေသည်။ မိုးသွန်းကတော့ တစ်နေ့ပြီးတစ်နေ့ ချွတ်ပြီးပစ်တင်ကာ လုံးထွေးနေသော အင်္ကျီများကို စိတ်လက်မပါစွာ ခုတင်ပေါ်မှာ ထိုင်ခေါက်နေရင်းက အတွေးတွေ တဝေဝေ။

ဗညားရင်ကတော့ သူတို့အခန်းပြင် ဝရန်တာသေးသေးလေးကိုထွက်တဲ့ မှန်ချပ်ကြီးနောက်မှာ ငြိမ်ရှဲရပ်ကာ စီးကရက်တစ်လိပ် ရှိုက်ဖွာနေပါသည်။ မနက်က အိပ်ရာထ ဟိုတယ်မှာပဲ ဘရိတ်ဖတ်စ် တက်စားကြပြီးနောက် အခန်းထဲပြန်ရောက်လာကြကတည်းက သူတို့သုံးယောက်လုံး စိတ်တွေမှိုင်းကာ ငူငူငိုင်ငိုင် ဖြစ်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကို ထွက်လာကြတုန်းကတော့ အသက် မတိမ်းမယိမ်း ရွယ်တူတန်းတူ အပေါင်းအသင်းသုံးယောက် စိတ်လွတ်လပ်ပေါ့ပါး ပျော်မြူးရမည့်ခရီးလို့ ထင်မိခဲ့တာ။ ဘာကြောင့်မပျော်မိကြတာပါလိမ့်။ ရှေ့ရက်တွေကတည်းက ပျော်တယ်မဟုတ်ပါ။ ဒီနေ့လောက်တော့ မထိုင်းမှိုင်းသေးတာ။ ဒီနေ့တော့ စိတ်တွေလေးလံ မှုန်မှိုင်းထုံထိုင်းနေပါသည်။

မပျော်တဲ့အပြင် ဒီအရပ်မှာ နေလည်းမနေချင်တော့။

"ဆောရီးကွာ"

ဗညားရင်က လှည့်ဝင်လာရင်း ပြောပါသည်။

"ဘာကို ဆောရီးတာလဲ ကိုရင်"

"ဟိုပုံတက်သွားတာကိုလေ"

"အာ ... အဲဒါ ကိုရင် ဆောရီးရမယ့်ကိစ္စမှ မဟုတ်တာ၊ ကိုရင်လည်း ဘာတတ်နိုင်မှာမို့လဲ၊ ဒီမိန်းမကိုက အကျင့်ယုတ်လို့ လုပ်တာပဲဟာ"

"ခင်သုတကတော့ မြင်ပြီးလောက်ပြီ သေချာတယ်၊ ဗန်ကောက်မှာဆိုတာ သိသွားမှာပေါ့၊ ဒါပေမဲ့ သူကတော့ သူ့အကျင့်အတိုင်း တုံ့ကိုဘာဝေပဲနေမှာ သေချာပါတယ်၊ ကျန်တဲ့ မင်းတို့မိန်းမတွေ သိသွားမှာကိုပဲ ငါကစိုးရိမ်တာပါ"

မိုးသွန်းက အကျီတွေ ပစ်ချကာ ခေါင်းကဆံပင်တွေကို လက်နှစ်ဖက်လုံးနှင့် တဂျစ်ဂျစ်ကုတ်ဖွရင်း ...





"မမစော သိရင်တော့ သေမှာ ... သေမှာ၊ အိမ်ကထွက်လာတုန်းက သူ့ကိုလိမ်ပြီး နိုက်ကလပ်ဘ်သွားတဲ့ တစ်ပြစ်ပဲ၊ ဗန်ကောက် ထွက်လာတာက နှစ်ပြစ်၊ အနှိပ်ခံနေကြတာက သုံးပြစ်၊ သေချင်တာပဲဗျာ"

"ဟေ့ကောင် ... ညည်းတွားမနေနဲ့၊ အလုံခန်းမှာ ပိတ်နှိပ်နေတာ မဟုတ်ဘူး၊ လူမြင်သူမြင်ခန်းမထဲ တန်းစီနေတဲ့ ခုတင်တွေမှာနှိပ်တာ"

"အာ ... ဒါပေမဲ့ ကိုကိုလည်း မမစောအကြောင်း သိသားနဲ့"

"ဟေ့ကောင် ... မင်းက အခြေအနေ အကောင်းဆုံးပါဟ၊ ထထိုင်နေတဲ့ပုံကို"

"ထထိုင်နေပေမယ့် မထူးဘူးလေ၊ မျက်နှာသုတ်ပဝါတစ်ပိုင်းပြတ်နဲ့ နောက်မှာ ယိုးဒယားမက ရပ်နေတာ၊ ကျစ် ... ကိုရင့်မိန်းမက ဒီပုံမြင်လည်း သူ့အထာနဲ့သူ နေမယ့်သူ၊ ကိုကို့မိန်းမက ဝမ်းနည်းပြီး ငိုရင်သာ ငိုနေမှာ၊ ကိုကို ဘာအန္တရာယ်မှ မရှိနိုင်ဘူး၊ မမစောက စိတ်လိုက်မာန်ပါနဲ့ဆိုတာကို သိရက်သားနဲ့ဗျာ"

"ဟေ့ကောင် ... မင်း အဲဒါဆို ဘာဖြစ်လို့ လိုက်လာသေးလဲ"

"ကိုရင်နဲ့ ကိုကိုနဲ့ သွားမယ်ဆိုရင်တော့ လိုက်ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းကွာ၊ ကလေးစတိုင် ကလေးအထာတွေ လုပ်မနေနဲ့၊ ငါတို့ကပဲ သူ့မြှောက်ပေးပြီး ခေါ်လာသလို ခေါင်းပေါ်အပြုံခံကျဦးမယ်၊ ငါ့ဟာနဲ့ငါမှ ညစ်နေတဲ့ကြား ထဲ၊ အဲဒီ ကိုမြဦး တစ်ယောက်က မန်နေဂျာလုပ်စားလာ တာ အိုသေတော့မယ်၊ ခုထိ စိတ်မညင်ရင် သောက်တလွဲ ကလုပ်တုန်း၊ မနေ့က သူ့ဆီဖုန်းဆက်ပြီးကတည်းက အာရုံက နောက်နေတာ ...

မသွားခင် စိတ်ချုပါရစေဆိုတုန်းက အာစရိကလည်း လေးငါးရက်များ အထူးတလည် မှာနေရသေးတယ် ဘာ ညာနဲ့၊ မင်း အဲဒီအလုပ်ကိစ္စတွေ တစ်ချက်မှ မပူဘူးမို့လား ဘယ်ပူမလဲ၊ မင်းအပေါ်မှာ ငါတစ်ယောက်လုံး ရှိနေတော့ မင်းက အချိန်မှန် ရုံးတက်၊ အချိန်မှန် ရုံးဆင်း၊ ငါခိုင်း တာလေးလုပ်ပြီး ဘော်ကြေးဖြစ်နေတာကိုး၊ ငါပူမှာပဲဆို ပြီး ကုမ္ပဏီကိုလည်း မင်း တစ်ချက်တလေမှ လှမ်းမပူဘူး တစ်ဆိတ်ရှိ မမစော ... မမစော၊ ဒီမမစောပဲ ကြောက်နေ တာပဲ ...

ငါ့မှာ အလုပ်ပူရတာတစ်မျိုး၊ သားတွေလွမ်းတာ လည်း သေတော့မယ်၊ အငယ်လေးက ခဏခဏဖျားတတ် တာ၊ ဒီရက်ပိုင်းထဲ ဖျားနေရင်တော့ သက်လျာက အမေ ကြီးရင် ဘာကစလုပ်ရမှန်းမသိ အလွဲလွဲ အချော်ချော်ဖြစ် တတ်တာနဲ့တော့၊ မင်းတို့ မသိလို့၊ အငယ်ကောင်လေးက





အကြီးကောင်လို မဟုတ်ဘူး၊ သူ့အထာလေး ရှိတယ်ကွ၊ နည်းနည်းလေးလွဲတာနဲ့ နေမကောင်းက ဖြစ်ရော"

မိုးသစ် စကားများကို နားထောင်နေရင်း ဇည္ဘားရင်က ပြုံးမိပါသည်။

"အာ ... ကိုကိုပဲ ကလေးရှိလို့ ပူရတာလား၊ မမစောက လည်း ကိုယ်ဝန်ကြီးနဲ့လေဗျာ၊ ကျွန်တော်လည်း စိတ်ပူနေ ရတာပဲ"

"စိတ်ပူရင် မင်း ဘာလို့ အိမ်ကဆင်းသေးလဲ"

"ကိုကိုနဲ့ တူတူပဲပေါ့၊ တစ်ခါတလေတော့ သည်းမခံနိုင် လို့ပေါ့"

"ကဲ ... ကဲ ... ကဲ ... မင်းတို့ညီအစ်ကိုကလည်းကွာ၊ တော်ကြပါတော့ကွာ၊ တစ်ခါတလေတော့လည်း ဒီလိုပဲ စိတ်ပြေလက်ပျောက်လေးများ ဖြစ်မလား လုပ်ကြည့်မိတာ ပေါ့၊ စိတ်မပြေ လက်မပျောက်ရင်လည်းပဲ ကိုယ့်မူရင်း ဌာနေကို ပြန်ဝင်ရတာ လုံးစံပဲပေါ့၊ ငါလည်း အိမ်ထောင် ကျကတည်းက အဲသလိုပဲ အချိန်တွေကို ဖြတ်သန်းလာခဲ့ တာပါပဲကွာ၊ မင်းတို့ညီအစ်ကိုက အိမ်က ခုလို ထွက်မလာ ဖူးလို့ပါ၊ ကိုယ့်အိမ်ကိုယ် ပြန်ရောက်တော့လည်း ဒါတွေ ဒါတွေက အခိုက်အတန့် ပြီးသွားပြန်တာပါပဲ"

"ကိုရင် အိမ်ပြန်တဲ့အခါတိုင်း မခင်သုတက ဘာပြဿနာမှ မရှာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ပြဿနာရှာလိုက်တာကိုမှ ငါက လိုချင်သေးတာပါ"

"ဟာ ... ကိုရင်ကလည်း ပြဿနာမရှာတာ ကောင်းတာပေါ့"

"အချစ်စိတ်ကြောင့် ပြဿနာမရှာတာ ဆိုရင်တော့ ကောင်းတာပေါ့ မိုးသွန်းရာ၊ ဘာစိတ်ဝင်စားမှုမှ မရှိသလို ပြဿနာမရှာတာမျိုးကကျတော့ ခံစားလို့ မရဘူး၊ ဖီလင်အောက်တာပေါ့"

"ကိုရင် မခင်သုတကို ချစ်သလား"

ဗညားရင်က မဖြေဘဲ ခေါင်းငုံ့သွားပါသည်။ မိုးသင်ကပါ စိတ်ဝင်စားလာပြီး ခန္ဓာကိုယ်ကို ဆိုဖာနောက်ဘက် လှည့်ထိုင်လိုက်ကာ လှမ်းကြည့်လေသည်။

"ဟင် ...၊ မခင်သုတကို ချစ်လားမေးတာ၊ မေးခွန်းကခက်နေလို့လား ကိုရင်ရာ၊ ချစ်တယ် ... မချစ်ဘူး နှစ်ခုပဲရှိတာ"

"နှစ်ခုတည်းရှိတော့ ဖြေရခက်တာပေါ့၊ အဲဒီနှစ်ခုလုံးထဲကတစ်ခု ရွေးဖြေရင် ဘယ်ဟာမှ မမှန်ဘူး"

"ဟား ... ကိုရင်ကတော့ စားပြီ၊ အလိုလိုနေရင်းမှ ဂေါက်ချင်နေပါတယ်ဆိုမှ"

"သေချာတာက ငါ့ကို သူ သိပ်ချစ်တာကို ငါလိုချင်တယ်"





"ဒီမှာ ကိုရင်၊ မိန်းမတစ်ယောက်ရဲ့အချစ်ကို လိုချင်ရင် ကိုယ့်ဘက်ကစပြီး အဲဒီအချစ်ကို ပေးရမှာ မဟုတ်လားဗျ"

"တစ်ဖက်သတ်တော့ ငါမပေးချင်ဘူးလေ"

"တစ်ဖက်သတ် ဖြစ်ချင်မှ ဖြစ်မှာပေါ့၊ အရင်ပေးကြည့်ပါဦးလား ကိုရင်ကလည်း"

ဗညားရင်က ခေါင်းကိုငုံ့ငုံ့နှင့် မျက်နှာကိုလည်းလွှဲထားပါသည်။ မိုးသစ်က ကိုရင့်ကို လှမ်းကြည့်နေရာမှ သက်ပြင်းချကာ တီဗီကို လှမ်းပိတ်၍ ထိုင်ရာမှ ထရပ်လိုက်သည်။

"အရမ်းပျင်းနေပြီ ကိုရင်၊ ကျွန်တော် တကယ်အရမ်းပြန်ချင်နေပြီ၊ ဒီတစ်နေကုန်တောင် မနေချင်တော့ဘူး၊ မနက်ဖြန် လေယာဉ်လက်မှတ်ကို ဒီနေ့ညနေ ဒီနေ့ညနဲ့ ချိန်းလို့မရဘူးလား မသိဘူးဗျာ"

"အဲဒါ ဟိုတစ်နေ့က ရီဆက်ပ်ရှင်က ကောင်လေး ကူညီနိုင်တယ် ပြောတယ်လေ၊ ဟိုတိုးရစ်စ်လင်မယားကို သူ လုပ်ပေးတယ်လေ၊ ရှေ့တိုးချင်ချင် နောက်ဆုတ်ချင်ချင် သူ ကူညီပေးမယ် ပြောတယ်လေ၊ ဘယ်လိုမှ မရမှသာ မရတော့မှာ၊ ခရီးသည်မပြည့်ရင်တော့ ရမှာပေါ့၊ ဘယ်လိုလဲ ဒီညနေ ရှေ့တိုးခိုင်းကြည့်ရမလား"

"မင်းကလည်း တော်တော်မပြန်ချင်ဘူးပဲ၊ ဟွန်း ...၊ ကိုရင်ရော ဘယ်လိုသဘောရလဲ၊ ဒီညနေ အဆင်ပြေရင် ပြန်လိုက်မလား၊ ပျင်းစရာကြီး ကောင်းလာလွန်းလို့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သဘောပဲလေ၊ မင်းတို့ ပြန်ချင်လည်း ပြန်တာပေါ့၊ ငါက သိပ်တော့ အရေးမကြီးပါဘူး"

"ဒါဆို မိုးသွန်း ... ဟိုကောင်လေးနဲ့ မင်းသွားညှိကြည့်သွား"

"ဒီညနေရရင် တစ်ခါတည်း ရွှေ့ခဲ့မယ်နော်"

"အေး ... ရွှေ့ခဲ့၊ လက်မှတ်ပါယူသွား၊ ရအောင်လုပ်ခဲ့၊ မင်းအစွမ်းအစ ကြည့်မယ်"

မိုးသွန်းက မိုးသစ်ကို ကလေးလို ဘုကြည့်ကြည့်သည်။ ထို့နောက် အခန်းထဲက ထွက်သွားပါသည်။ ဗညားရင်က မိုးသစ်နံဘေး ဝင်ထိုင်ကာ ရှေ့ကမှန်စားပွဲလေးပေါ်က သူ့လက်ပ်တော့ပ်လေးကို လှမ်းဖွင့်လိုက်သည်။

"သူတို့အသီးသီး ဘာတွေပေါက်ကွဲထားမလဲ ကြည့်ရဦးမယ် ... အဟင်း ဟင်း"

"ကျွန်တော့်စိတ်ထင်တော့ သိပြီးလောက်ပါပြီ၊ ဘားလိုက်ပါဗျာ၊ ဘယ်လိုပေါက်ကွဲပေါက်ကွဲ၊ မပြေးသော်ကန်ရာရှိ ကျွန်တော်တို့က သူတို့ စိတ်တိုမယ့်ကိစ္စတွေချည်း ဆက်တိုက်လုပ်မိပြီပဲ၊ တောင်းပန်ရုံပေါ့ဗျာ ... ဟား ဟား ချော့ရုံပေါ့"

ဗညားရင်က သူ့ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ခင်သုတရဲ့ wall ကို ဖွင့်ကြည့်လိုက်ပါသည်။ wall ရဲ့ထိပ်ဆုံးမှာပဲ ခင်သုတ တင်ထားတဲ့ ဓာတ်ပုံအယ်လ်ဘမ်အတွဲလိုက်ကြီးကို တွေ့လိုက်ကာ





မျက်ခုံးပင့် မျက်လုံးပြူးသွားပြီး အယ်လ်ဘမ်ကို ဖွင့်ကြည့်လိုက်သည်။

"ဟား ... ဒီမိန်းမတွေ"

"ဟင် ... ဒါ ... ဒါ ... ဒါ ..."

မိုးသစ်သည် မျက်စိရှေ့ ပေါ်လာသော ဓာတ်ပုံတစ်တွဲကြီးကို အံ့သြတကြီးကြည့်ကာ စကားပင် ရှေ့ဆက်မထွက်နိုင်အောင် ထစ်အ ထစ်အ ဖြစ်သွားရပါသည်။

ဆယ့်ငါးပုံလောက်သော ဓာတ်ပုံတွေထဲမှာ စင်ပေါ်မှာ ရိုးလျှောက်နေကြသည့် လှုငယ်ပုရိသပျိုလေးများ။ အထစ်အထစ် ကျစ်လျစ်ပုံကျနေတဲ့ ခန္ဓာကိုယ်အလှတွေကို ဖော်ပြနေတဲ့ ဘတ်စုံဆန်းတွေနှင့်။ အလို ... အလို ... ဒီပုံတချို့ကျတော့ အပေါ်ပိုင်းဝတ်စုံပင် မပါတော့ပါလား။ အောက်ပိုင်းမှာ လှပဆန်းကြယ်သော short တွေ quarter တွေနှင့် ဦးထုပ်ခပ်မိုက်မိုက်လေးတွေသာ ဆင်ယင်ထားတဲ့ လှုငယ်ပျိုရွယ်လေးများ။

"ဒါ ... ဘာ ... ဘာပွဲတုန်း"

"ဟက် ... ဟက် ... မိုးသစ်ရာ၊ မင်းကလည်း တုံးတယ်ကွာ"

ဗညားရင် ရှင်းပြတဲ့ ဒီလိုပွဲမျိုးတွေရဲ့ အကြောင်းအရာကို နားထောင်ရင်း မိုးသစ် မျက်လုံးကြီးကပြူးကာ မေးကြောကြီးက တင်းလာသည်။ ဗညားရင်က တစ်ပုံချင်း ဖွင့်ကာ ဖွင့်ကာ ကြည့်လာရာ နောက်ဆုံးနားက သုံးလေးပုံမှာ ခင်မမဇော်



www.burmeseclassic.com

www.burmeseclassic.com



ခင်သုတ၊ သက်လျှာအေးတို့ သုံးယောက်နှင့် ထိုမော်ဒယ်လ်ဘွိုင်
တွေ ရယ်မြူးပျော်ရွှင်စွာ တွဲရိုက်ထားတဲ့ ဓာတ်ပုံများ။

"ဟာ ... ဒီကောင်တွေနဲ့ တွဲတောင်ရိုက်လိုက်သေးတယ်"

ဓာတ်ပုံတွေအောက်က ပုံစာတွေမှာ ထိုကောင်က
လေးတွေရဲ့ နာမည်တွေပင် ရေးထိုးထားလိုက်ပါသေးသည်။

"ဒါတွေက သူတို့ ဘာလုပ်တာလဲ၊ တောက် ...၊ အိမ်မှာ
ကလေးငယ်လေးနှစ်ယောက် ပစ်ထားခဲ့ပြီး သူကဒီမှာလာ
ဟီးနေတယ်၊ သူဝတ်ထားတာလည်း ကြည့်ဦး၊ ဒူးအထက်ထိ
တိုနေတာ၊ ကိုရင် ... ကျွန်တော် တော်တော်ဒေါကန်တယ်
ဗျာ၊ ခုနအထိ စိတ်က စိတ်ကောင်းဝင်နေတာ၊ သူတို့က
ဘာကိစ္စ ..."

"စိတ်လျှော့စမ်းပါ မိုးသစ်ရာ၊ ဒါ သူတို့ တမင်လုပ်တာ
ဆိုတာ မင်း သိရမှာပေါ့၊ မနေ့ကမနက်က နီလာညို တင်
လိုက်လို့ ဟိုပုံတွေ တက်သွားတယ်လေ၊ ဒါကို သူတို့တွေ
ကြမှာပဲလေ၊ အဲဒါကြောင့် တမင်တကာ ခုလို ပြန်လုပ်
တာလေကွာ"

"ဟိုပုံ မြင်ပါစေဦး၊ ခုလို လုပ်စရာလားဗျာ၊ တောက် ...
သူတို့က မိန်းမတွေလေ၊ ကျွန်တော်တို့က ယောကျ်ားလေ"

"မင်းအခုပြောတာ မဟာဖိုဝါဒအယူအဆစကားမျိုး သူတို့
မိန်းမတွေ သိပ်မုန်းတာ မင်း မသိဘူးလား၊ တကယ်ဆို
မင်း တရားမျှမျှတတ စဉ်းစားပေးလိုက်၊ သူတို့ကို ဒီလို





ပွဲမျိုးမှာ ခပ်ကဲကဲပုံစံနဲ့ မင်း မမြင်ချင်ရင် ငါတို့ကိုလည်း
ထိုင်းမတွေ နှိပ်နေတာမျိုး သူတို့ ဘယ်မြင်ချင်ပါ့မလဲ
မိုးသစ်၊ နိုက်ကလပ်သွားပြီး ရှေ့မှာတွေ့တဲ့ မိန်းမတစ်
ယောက်နဲ့ တွဲကလိုက်တာမျိုး သူတို့ ဘယ်လက်ခံချင်ပါ့
မလဲ ...

ယောကျ်ားမှ ဒေါသရှိတာ မဟုတ်ဘူးလေ၊ မိန်းမ
တွေလည်း ဒေါသရှိတာပဲ၊ သူတို့မိန်းမတွေ ရမ်းပြီဆိုရင်မှ
တကယ့်အဆင်ခြင်မဲ့ ရမ်းတော့မှာ"

"ဟာ ... အဲလိုရမ်းလို့ ရမလား။ သက်လျှာအေးက
ကလေးအမေ လုပ်နေပြီး"

"မင်း အဲလိုမပြောနဲ့လေ၊ မင်းလည်းလူ၊ သူလည်းလူလေ
မိုးသစ်၊ မင်းက ယောကျ်ား မင်းလောက် သူ မဆင်ခြင်
နိုင်ဘူး၊ မင်းလောက်တောင် သူ မထိန်းချုပ်တတ်ဘူးဆိုတာ
မင်း သဘောပေါက်ပါ၊ သူတို့ တမင်တကာ အဲဒီကိုသွား
ဓာတ်ပုံတွေရိုက်ပြီး တမင်တကာ ငါတို့မြင်အောင်တင်တာ၊
အဲဒါလည်း ငါ ထင်ပါတယ်၊ ခင်သုတ ခေါင်းဆောင်မှုပါ၊
ခင်မမစောတွောင် ဒီကိစ္စ ဦးဆောင်မှာ မဟုတ်ဘူး၊ ခင်
သုတ အဓိက၊ ဒါ ခင်သုတ လုပ်နေကျ အချိုးမျိုးတွေ"

"ကျစ် ..."

မိုးသစ်က လက်ပ်တော့ပ်ကို သူ့ဘက်ဆွဲလှည့်ကာ
သက်လျှာအေးရဲ့ wall ၊ ခင်မမစောရဲ့ wall တွေကိုပါ ဝင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ သူတို့စာမျက်နှာတွေပေါ်လည်း ဒီပုံတွေပဲ ပလူပျံနေသည်။ အောက်က ကွန်မန့်တွေကလည်း မိန်းမတွေချည်းဝင်ပြီး ဟီးဟီးဟားဟား ဗရာဗိုလ် လုပ်ထားကြတာတွေ။

"ကိုကိုရေ ... ကိုရင်ရေ၊ ရမယ်၊ အဆင်ပြေတယ် သိလား သူတို့ လုပ်ပေးလိမ့်မယ်၊ ကျွန်တော် အဲဒါလာတက်ပြောတာ၊ ကိုကိုတို့ အိတ်ကြိုထည့်ထားနိုင်အောင်လို့၊ ပြန်ဆင်းလိုက်ဦးမယ်၊ မျက်နှာကြီးတွေက ဘာဖြစ်နေတာလဲ"

မိုးသွန်းက အခန်းတံခါးဖွင့်ကာ အခန်းဝကပဲ ရပ်ပြောနေရာမှ သူ့အစ်ကိုရဲ့ ဒေါကန်တဲ့ရုပ်ကြီးကိုကြည့်ကာ အခန်းထဲ ဆက်ဝင်လာပါသည်။ ဘေးမှ ခါးကိုင်းကာ လက်ပ်တော့ပ်ကို ကြည့်လိုက်သည်။

"ဒီမှာ ... မင်းမိန်းမ တွေ့လား၊ ဗိုက်ကပူပြီး လူကနု,ငယ်ဖြစ်နေတာတောင်မှ မလန်း,လန်းအောင်လုပ်ပြီး ဘယ်ကအကောင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ထားလဲ တွေ့လား၊ ရုပ်ကို ကဖြီးလို့"

"ဟင် ... ဒါ ဘာတွေလဲ၊ ဘယ်ကကောင်တွေလဲ၊ ဘယ်မှာလဲ၊ သူတို့လည်း ဗန်ကောက်ရောက်လာတာလား"

"အဲဒါ မင်းဘိုးအေ ရန်ကုန်မှာပဲ လုပ်တဲ့ပွဲကွ၊ ဒါယိုးဒယားတွေ မဟုတ်ဘူး၊ မြန်မာတွေ ... မြန်မာတွေ"

"ဟာ ... ဘာသွားလုပ်တာလဲ၊ ကိုယ့်ဗိုက်မှ ကိုယ်အားမနာ၊ ဓာတ်ပုံတွေကလည်း ပူးကပ်ရိုက်ထားကြတာပါလား၊ ဟာ





ဒုက္ခပဲကွာ၊ ထင်တောင် ထင်မထားဘူး၊ မမစောကို ... တောက် ... အနားမှာရှိရင် ကိုင်တောင်ဆောင့်မိတော့မှာပဲ၊ မမစောကွာ"

"အတူတူပဲလေ ... မင်းမိန်းမက ဗိုက်တစ်လုံးနဲ့ ကဲနေတာ၊ ငါ့မိန်းမက ကလေးနှစ်ကောင်ပစ်ပြီး နွဲ့နေတာ"

ဗညားရင်က ခေါင်းတယမ်းယမ်းနှင့် တကိကိ အသံမြည်အောင် တိုးတိုးရယ်မိသည်။

❂ ○ ❂



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ခင်မမစောက ခါးနားတစ်ဝိုက်ကို လက်ဝါးလေးနှင့် အသာအယာပွတ်ကာ တကျွတ်ကျွတ် စုပ်သတ်လိုက်မိပါသည်။ ခါးကြီးတွေ ထုံထုံကိုက်ကိုက်နဲ့ နေမထိ ထိုင်မသာ ဖြစ်နေတာ သုံး,လေးရက်တောင်ရှိပြီ။ ဟိုတစ်နေ့က အိုဂျီနှင့် ချိန်းထားတာလည်း ခင်သုတဆီ ဝင်ချင်တာမို့ ဖျက်လိုက်ရသည်။ မနေ့ကညနေ ပြနေကျဆေးခန်းမှာ အိုဂျီထိုင်တဲ့ရက် ရက်ချိန်းထပ်ယူထားတာ... ဟိုသုံးယောက်သော လင်တော်မောင်တို့ကို တမင်တကာ ခြေချင်တာနဲ့ပဲ ခင်သုတ ပြောတဲ့ Man hunt ပွဲကို သွားလိုက်တော့ မပြဖြစ်ပြန်။

မနေ့ကပွဲမှာ စိတ်တော့လည်း ပေါ့ပါးသား။ အော်ရှာစ်ရ ရယ်ရနှင့် မကြုံဖူးတဲ့ အတွေ့အကြုံ ပွဲလမ်းဖြစ်တာရော၊ တမင်တကာ ဟိုလူတွေမြင်အောင် ခတ်ပုံပြန်တင်မှာမို့ အမြူးစား အလန်းစားဖြစ်အောင် တကူးတက နေနေတာ။ ဖိနပ်ကလည်း heel အမြင့် စီးသွားခဲ့သေးသည်။





ညကတည်းက ခါးတွေ တော်တော်ပိုနာလာတာ။

"မာလာရေ ... မနက်ဖြန်ပေးရမယ့် မတင်မိမိရဲ့ ချိတ်နှစ်စုံက ပြီးပြီလား"

"ဟုတ်ကဲ့ မမစော၊ ခုပဲ အင်္ကျီရင်ဘတ်မှာ Cup ကပ်ချုပ်နေတယ်၊ အဲဒါပြီးရင် အသင့်ပါပဲ"

"ပြီးရင် မီးပူသေချာတိုက်၊ ဘယ်နားမှ အပ်ချည်စအမျှင်တွေမကျန်စေနဲ့၊ အကုန် သပ်သပ်ရပ်ရပ်ညှပ်နော်၊ ပြီးရင် ဘူးထဲတစ်ခါတည်းထည့်၊ မတင်ဇာ အင်္ကျီက ဘယ်နေ့ယူမှာလဲ ကြည့်လိုက်ပါဦး"

မာလာက မှတ်တမ်းစာအုပ်လေး ဖွင့်ကြည့်ရင်း ...

"သန်ဘက်ခါ မမစော"

"ဘုရားရေ ...၊ အခုညပ်မှ ... အခုညပ်မှ ယူခဲ့၊ ပြီးတာနဲ့ စက်တန်းတင်တော့၊ ညည်းမသွားနဲ့၊ ဒီနားမှာကူ၊ လွှင်လွှင့်ယူခိုင်း"

ရောက်လာတဲ့ အင်္ကျီစနှင့် လုံချည်စကို ညှပ်စားပွဲက ခုံမြင့်မြင့်မှာထိုင်ပြီး ခင်မမစောက ကျွမ်းကျွမ်းကျင်ကျင်ပင် အတိုင်းခဲရာဆွဲကာ ခပ်မြန်မြန် ညှပ်လိုက်ပါသည်။ မတင်ဇာက ငမိုးသွန်းတို့ အမျိုးဝမ်းကွဲလေ။ တော်ကြာ သူနဲ့မတည့်လို့ သူ့အမျိုးအင်္ကျီတောင် ရက်ချိန်းအတိအကျ ချုပ်မပေးဘူး စွပ်စွဲနေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသွန်း ... မိုးသွန်း။ အမြင်လည်းကတ် မုန်းလည်း မုန်းရသလို ချစ်လည်း ချစ်ရပြန်သေးတဲ့အတွက် မနေ့က ဓာတ်ပုံတွေအတွက် ရင်တော့ ထိတ်နေသည်။ စိတ်လိုက်မာန်ပါ စိတ်မြန်မြန်နှင့် သူတို့ မကျေမချမ်း ဖြစ်ပါစေတော့ရယ်လို့ ဓာတ်ပုံရိုက်တင်လိုက်ပေမယ့် ခင်မမစော ဆိုတာ ဘဝတစ်လျှောက်မှာ ဘယ်ယောကျ်ားလေးနဲ့မှ ဟီးဟီးဟားဟား မနေခဲ့ဖူးတဲ့သူဖြစ်၍ ရှက်သလိုလို နောင်တရသလိုလိုလည်း ဖြစ်နေသည်။

မိုးသွန်းလည်း တွေ့ပြီးလောက်ရောပေါ့။ တွေ့ပြီးတဲ့နောက် ဘယ်လောက်တောင် ပေါက်ကွဲမလဲ။ သူလည်း သူ့အတွေးနဲ့သူတော့ ကိုယ့်အပေါ် သဝန်တိုတတ်တာပဲ။ ခင်မမစောအဖို့ရာမှာတော့ တစ်သက်မှာ မိုးသွန်း တစ်ယောက်နှင့်သာ ရည်းစားထားဖူးပြီး သူ့ကိုပဲ လက်ထပ်ခဲ့တာ။ သူ့ကိုပဲ ချစ်ခဲ့တာ။ ဘယ်ယောကျ်ား ကြိုးကြိုးငယ်ငယ်ကိုမှလဲ တစ်ဆံချည်မျှင်စာတောင် စိတ်မဝင်စားဖူးတာ။

ခုတော့ မနေ့ညက မော်ဒယ်ဘွိုင်းလူငယ်လေးတွေနှင့် တွန်းတွန်းတိုက်တိုက် ရယ်ရယ်မောမော ဓာတ်ပုံတောင် တွဲရိုက်ဖြစ်ခဲ့ပြီ။ ခင်မမစောက သက်ပြင်းချရင်း ...

"မာလာရေ ... ရော့ ... ညီမ၊ ဒီဟာ ပခုံးတွဲနှင့်၊ အပေါ်ပိုင်းအပါး၊ အောက်ဖြတ်ဆက်က နှစ်ထပ်ချုပ်မယ်နော်၊ မတင်ဇာ အကြိုက်က ပခုံးထိပ်လေးမှာ အတွန့်သေးသေးလေး ပါတယ်ဆိုရုံ နှစ်ခု သုံးခုနော်၊ လက်ဖောင်းမဟုတ်ဘူး"





"ဟုတ်"

"နေဦး ... ငါ့ကို တစ်ချက်တွဲပါဦး မာလာရဲ့၊ ခုံကမြင့်နေတော့ ခြေချော်ကျမှာ ကြောက်လို့"

မာလာက ခင်မမစောကို စတီးဒေါက်နှင့် ဖိုင်ဘာခုံမြင့်လေးပေါ်မှ ကူညီတွဲပြီး ဆင်းစေလိုက်ပါသည်။

"ဟင် ... မမစော"

"ဘာလဲ"

"သွေး ... သွေးနည်းနည်း ဆင်းတာလား မသိဘူး၊ ဒါမှမဟုတ် မထိုင်ခင်က ခုံမှာတစ်ခုခု ပေနေတာလား၊ နောက်မှာ နည်းနည်းစွန်းနေတယ် မမစော"

"ဟင် ... များလား မာလာ"

ခင်မမစောက ထိတ်ကနဲ ဖြစ်သွားကာ ခုမှပင် ခါးထဲက ဆစ်ခနဲ ဆစ်ခနဲ ပိုဖြစ်လာသလို ခံစားရပါသည်။

"သိပ်မများပါဘူး မမ ... နည်းနည်းပဲ"

ခင်မမစောက ခုံအနိမ့်တစ်ခုမှာ ပြောင်းထိုင်လိုက်ရင်း ချက်ချင်းပဲ ဖုန်းဖွင့်ကာ သူ့ရဲ့အိုဂျီဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း လှမ်းပြောပြလိုက်ပါသည်။ ရင်ထဲမှာလည်း အလန့်တကြား တထိတ်ထိတ် ဖြစ်လာသည်။ အရေးအကြောင်းဆို အနီးအနားမှာ လောက်လောက်လားလား အားကိုးစရာမရှိဘူး မဟုတ်လား။ မိုးသွန်း ဆိုတဲ့ သတ္တဝါလေးပဲ သူ့မှာအားကိုးစရာရှိတာ၊ သူကမှ အဝေးရောက်နေတော့ ဘယ်သူမှ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



ခင်မမစောက ငယ်ငယ်ရွယ်ရွယ်ကပင် အမိမဲ့သူပါ။ ဖခင်က မကြာခင်မှာပင် နောက်အိမ်ထောင်သစ် ထူထောင်သော အခါ ဆတ်ဆတ်ကြဲ ခင်မမစောနှင့် မိထွေးတော်တို့ နှစ်ယောက် ဟာ အစေးမကပ်ပါ။ ဟိုဘက် ဒီဘက် အဒေါ်နှစ်ယောက် သုံး ယောက်ရှိတာဟာလည်း ခင်မမစောရဲ့ ထောင့်မကျိုးလှတဲ့ အချိုး အချိတ်ကို သိပ်ကြည့်မရတာမို့ ချစ်ချစ်ကြည်ကြည်မရှိခဲ့။

ဖေဖေက စင်ကာပူထွက်တော့ ခင်မမစောသည် အဒေါ်တချို့ရဲ့ မလှမ်းမကမ်း စောင့်ရှောက်မှုနှင့် နေခဲ့ရပါသည်။ အသက်နှစ်ဆယ်ကျော် တက္ကသိုလ်ပြီးတော့ စင်ကာပူလိုက်သွား ပြီး ဖက်ရှင်ဒီဇိုင်းသင်တန်းကျောင်း တက်ခဲ့တာ။ .သင်တန်းပြီး တာနှင့် ခင်မမစော ပြန်လာသည်။ ဟိုမှာ ဖေဖေရယ်၊ မိထွေး ရယ်၊ မောင်ညီမ အသစ်လေးနှစ်ယောက်ရယ်နှင့် အတူနေဖို့ထက် ရန်ကုန်မှာ ကိုယ်ပိုင်အကျီချုပ်ဆိုင်ဖွင့်ပြီး ဖက်ရှင်ဒီဇိုင်နာအဖြစ် ရပ်တည်ဖို့ပဲ ပိုမိုစိတ်အားထက်သန်ပါသည်။

အဲဒီနောက် မိုးသွန်းနဲ့တွေ့ ... လက်ထပ်။ ကိုယ့်ခြေ ထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်အားကိုယ်ကိုးနေရခြင်းအပေါ် ခင် မမစောက အားမငယ်တတ်ပါ။ ဒါပေမဲ့ ခုကိစ္စကတော့ တစ်မျိုး မဟုတ်လား။ အတွေ့အကြုံလည်း မရှိတာမို့ နည်းနည်းတော့ ဝမ်းနည်းအားငယ်သလို ဖြစ်မိသည်။ ဒီအချိန်မှာ မိုးသွန်းကို လိုလည်းလိုအပ်မိကာ နာလည်း ပိုနာကြည်းမိလေသည်။ အင်္ဂလန် ကသမီးဆီခြောက်လ၊ ဒီခြောက်လ နေလေ့ရှိသော ယောက္ခမစုံတွဲ





ကတော့ ခင်မမစော မွေးရက်နီးမှ ပြန်လာခဲ့မည်လို့ စီစဉ်ထားသည် ဖြစ်၍ အခု အကူအညီ မရနိုင်။ ဘယ်လိုပင်ဖြစ်ပါစေ နောက်ဆုံး လိုအပ်လာလျှင် မနီးမဝေးမှာ အဒေါ်တွေ ဝမ်းကွဲတွေ ရှိပါသေး သည်။

သက်လျှာအေးလည်း ရှိတာပဲ မဟုတ်လား။ အခုဆို ခင်သုတ တစ်ယောက်ပင်လျှင် အသစ် အဆစ်တိုးလာသေးရဲ့။ သူငယ်ချင်း ရင်းရင်းနှီးနှီး နှစ်ယောက်ရှိပေမယ့် တစ်ယောက်က ကလေးမီးဖွားထားတာ လမပြည့်သေး။ နောက်တစ်ယောက်က ယောက်ျားတာဝန်ကျရာ စစ်ကိုင်းဘက် ရောက်နေသည်။

ကဲ ... အခု အိုဂျီက ဆေးရုံလာခဲ့၊ လိုရင် နှစ်ရက် သုံးရက် တက်လိုက်ပါဆိုတော့ ဘယ်သူ့ဆီစပြီး အကြောင်းကြား အကူညီတောင်းရပါ့။

ခင်မမစောက ယိုင်လုနဲ့လု စိတ်ကိုတင်းလိုက်ရင်း...

"ကဲ ... အားလုံး နားထောင်ကြဦး၊ မမ ဆေးရုံတစ်ရက် နှစ်ရက်တက်ရင် တက်ရမယ်၊ မတက်ရင်လည်း မတက်ရ ဘူး၊ တကယ်လို့များ ဒီညနေဆေးရုံတက်ဖြစ်ခဲ့ရင် ... ..."

ခင်မမစောက ဆိုင်အတွက် မှာစရာ စီမံခန့်ခွဲစရာ တွေ ခေါင်းထဲပေါ်သလောက် ဟတွတ်တွတ် မှာကြားသည်။ ဆိုင်မှာ သူပြီးလျှင် လုပ်သက်အရင့်ဆုံး အားအကိုးရဆုံး မာလာ့ ကို သေသေချာချာ လွှဲရစ်ရပါသည်။ စိတ်လက်မရှည် အခုရု အကြိမ်းသန်၍ အလုပ်ရှင် ခင်မမစောကို ချစ်ဖို့ထက် ချဉ်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြတာများသည့် ဝန်ထမ်းမလေးတို့ဟာ ခုလို ယောကျ်ားနှင့် အဆင်မပြေတုန်း သူတို့မမ ဆေးရုံတက်ရမည် ဘာမည်ဆိုတဲ့ အခါမှာတော့ မျက်နှာလေးတွေ မကောင်းကြကာ ပျာပျာသလဲ ရှိကြရှာပေသည်။

"ဆိုင်ကိုစိတ်ချပါ မမရဲ့၊ အခု ဆေးရုံကို ဘယ်လိုတက်မှာလဲ၊ ကားငှားသွားရမှာပေါ့၊ မသက်လျာကို မခေါ်ဘူးလား၊ နားလည်တဲ့ အဖော်တွေပါမှ ဖြစ်မှာပေါ့၊ မိချိုကို ဒီကို အရင်ခေါ်လိုက်ပါလား"

"အိမ်မှာ ဟိုးတလောကရောက်တဲ့ ချာတိတ်မလေး ဇာဇာ ဆိုတာ ရှိသေးတယ်လေ၊ မိချို လာပြီး သူ့တစ်ယောက်တည်း အိမ်ထားခဲ့ဖို့ စိတ်မချရဘူး မာလာ၊ ခေါ်ရင်လည်း နှစ်ယောက်လုံးခေါ်မှ၊ ဒါပေမဲ့ ဆေးရုံတက်ရမယ် သေချာမှ မိချိုကို လှမ်းခေါ်ပါ့မယ်၊ အဲဒီတော့မှ လိုတဲ့ပစ္စည်းလေးပါ ပြင်ဆင်ပြီး သူတို့ တစ်ခါတည်း လာလို့ရတာပဲ၊ အခု ခေါ်မနေတော့ဘူး ...

သက်လျာက ဒီနေ့ သူ့သား မူကြိုကလေးတွေ တီဗီရိုက်ဖို့ အစီအစဉ်တစ်ခုရှိလို့ ဒီတောင် မလာဖြစ်ဘူး လေ၊ ခုနေ့လယ်ပိုင်းတော့ သူလည်း အားမှာမဟုတ်ဘူး၊ အခု ဆေးရုံအသွားကတော့ ဘာမှမဖြစ်ဘဲနဲ့ဟာ၊ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းပဲ သွားလိုက်မယ်လေ၊ ဖြစ်ပါတယ်"





ခင်မမစောက ဘာမှမဖြစ်သလို ပြောလိုက်ပါသည်။ ဘာမှတော့လဲ ဖြစ်လှတယ် မဟုတ်တာ အမှန်။ ဒါပေမဲ့လည်း တစ်ခုခုတော့ ဖြစ်နေတာလည်း ကိုယ့်ဟာကိုယ် သိနေသည်။ ဘာဖြစ်နေတာလဲ။ ဝမ်းနည်းနေတာလား အားငယ်နေတာလား၊ နာကျင်နေတာလား၊ နာကြည်းနေတာလား၊ ဒေါသဖြစ်နေတာလား။ တစ်စုံတစ်ရာကတော့ ရင်ဝမှာ ဆို့နေသည် အမှန်ပေ။

"ဟို ... ဟို ... ဟိုလေ ... အစ်ကိုကရော ပြန်လာခါနီး ပြီလား မမ"

လင်မယား အဆင်မပြေတာလည်း သူတို့ ရိပ်မိနေကြသည်။ ခင်မမစော တိုက်ရိုက်မပြောပေမယ့် မိုးသွန်း အိမ်မှာ ရှိတာလည်း သူတို့ သိနေကြသည်။ ခါတိုင်းလို ဖုန်းဆက်လိုက် ဆိုင်ဝင်လာလိုက် မုန့်လာပို့လိုက် မရှိတာ တစ်ပတ်လောက် ကြာနေပြီ မဟုတ်လား။ ခင်မမစောက မေးခွန်းထုတ်တဲ့ မာလာ့ ကို မျက်လွှာပင့် စိုက်ကြည့်လိုက်၍ မာလာက ကိုယ်ဟန်လေး ရှို့သွားပါသည်။

ခင်မမစောက ခပ်ငေးငေးငိုင်ငိုင်နှင့် ...

"သူလား ... အင်း ... လာခါနီးပါပြီ"

ခပ်မာမာ အကြိမ်းမခံရဘဲ ခပ်တိုးတိုး ဖြေပုံက မာလာ့ အမြင်၌ ကရုဏာသက်ဖွယ် ဖြစ်ပါသည်။ ခင်မမစော က နည်းနည်းပိုဝမ်းနည်းလာသည်။ အင်း ... တကယ်လာခါနီး ပြီလို့ကို ထင်တာပါ။ ကိုယ်ဖြစ်စေချင်တာလည်း ပါတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့ ဇန်ကောက်ကပုံတွေ ကိုယ်မြင်တွေ့ပြီးတာ သူ သိနေမည်ဖြစ်၍ မိုးသွန်း စိုးရိမ်ပူပန်နေမှာကိုလည်း သိသည်။ မနေ့ညက ကိုယ့်ပုံတွေ မိုးသွန်း မြင်တွေ့ပြီး ဖြစ်နိုင်၍လည်း တစ်ခုခုတော့ ခံစားနေရမှာလေ။ ဒါတွေကြောင့် ပြန်ရောက်လာ နီးပြီလို့ပဲ ခင်မမစောက ထင်နေမိတာဖြစ်သည်။

❂ ○ ❂

"ဟင် ... မာမီခင်"

ခင်သုတက အိမ်ထဲလှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်းမှာ ထိုင်နေသော ယောက္ခမကို လှမ်းမြင်လိုက်ရကာ အလန့်တကြား တအံ့တသြ နှုတ်ဆက်လိုက်ရသည်။ ယောက္ခမသာဆိုတယ် ခင်သုတရဲ့အမေနှင့် ငယ်ငယ်တည်းက သူငယ်ချင်းမို့ ကလေးဘဝထဲက ကိုယ့်အမေလိုပဲ "မာမီခင်"လို့ နာမည်တစ်လုံး ထည့်ခေါ်ကာ ချစ်ခင်ရင်းစွဲ ရှိခဲ့တာ။

ဗညားရင်က ရှစ်တန်းအောင်ပြီးကတည်းက ရန်ကုန်မှာ ကိုးတန်း ဆယ်တန်း သွားတက်တဲ့ အချိန်မှာ ခင်သုတက သုံးတန်းပဲ ရှိသေးတာမို့ ဗညားရင်နဲ့တော့ အသက်အရွယ်ကွာ၍ မရင်းနှီးခဲ့ပါ။ ဗညားရင် ဆယ်တန်းအောင်ပြီး မိုးကုတ်ခဏပြန်လာတော့မှစကာ မှတ်မှတ်ထင်ထင် ဖြစ်မိသည်။





အဲဒီတော့ ခင်သုတက ငါးတန်းလေးပဲ ရှိသေးတာ။ ဟင် ... မာမီခင်သား အစ်ကိုကြီးက ချောလိုက်တာလို့သာ တွေးတတ်ရုံပါ။ ခင်သုတ ဆယ်တန်းမှာ ရန်ကုန်လိပ်ခုံးဆေးတက္ကသိုလ်ကို တက်ချင်တာမို့ ရန်ကုန်ကျောင်းပြောင်းရွှေ့ ဆယ်တန်းဖြေတော့ ဗညားရင်က သင်္ဘောတက်နေပြီဖြစ်ကာ မဆုံစည်းဖြစ်ကြတော့ပါ။

မာမီခင်နှင့် ခင်သုတရဲ့ မာမီသာမက ဒက်ဒီပါ ရင်းနှီးကျွမ်းဝင်ကြသည်။ ဗညားရင်နှင့် ခင်သုတကိုလည်း ဒီလူကြီးသူမတွေကပဲ စတင်ရည်ရွယ် ရည်စူးခဲ့ကြတာပါ။ ဗညားရင်ကို သမက်တော်ချင်လှတဲ့ ခင်သုတမာမီဟာ သမက်တော်ခွင့်မရခင် နှစ်နှစ်လောက်မှာ အသည်းရောဂါနှင့် ကွယ်လွန်ပါသည်။ မာမီကွယ်လွန်ပေမယ့်လည်း မောင်နှမတွေလို ဖြစ်နေတဲ့ ဒက်ဒီနှင့် မာမီခင်တို့က သူတို့ရည်ရွယ်ထားတဲ့ အစီအစဉ်ကို လက်မလျှော့ဘဲ ဆက်လက်အကောင်ထည်ဖော်နေခဲ့ကြတာ။

ဒက်ဒီက ဇာတိဒေသကို မခွာနိုင်သော ရှမ်းအမျိုးသားကြီးတစ်ဦးပါ။ မြို့နဲ့အလှမ်းမဝေးလှတဲ့ ရွာနီးချုပ်စပ်တွေမှာ ဒက်ဒီ့စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ ပိုးမွေးလုပ်ငန်း၊ လက်ဖက်စိုက်ပျိုးရေးတို့ လုပ်ကိုင်ရင်း ရန်ကုန်ကို သုံး,လေးနှစ်နေလို့ တစ်ကြိမ် မရောက်ပါ။ သမီးဖြစ်သူကို ဗညားရင်နှင့် အိမ်ထောင်ချပေးပြီးကတည်းက စိတ်အေးလက်ချနှင့် သူ့ဘဝကို အေးအေးလူလူ ပျော်ပျော်ပါးပါး ကုန်လွန်နေတဲ့သူတစ်ယောက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ မျက်စိခွဲဖို့ လိုမယ်ထင်လို့ လာတာ သမီး"

ဒေါ်ခင်ခင်က ခင်သုတ လက်တစ်ဖက်ကို ဆွဲကိုင်ရင်း သူ့နားကပ်ထိုင်စေကာ ခေ့ခေ့စပ်စပ် ကြည့်သည်။

"ကြိုတောင် ဖုန်းမဆက်ဘူး မာမီခင်ရယ်"

"ဆက်မနေတော့ပါဘူး၊ ရုတ်တရက် ကောက်ထထွက်လာတာဆိုတော့ ကြိုတင်လည်း မစီစဉ်ထားလို့လေ၊ နန်းရီနဲ့ နှစ်ယောက်အတူ ဆင်းလာလိုက်တာပဲ"

"ကားဂိတ်တောင် လာမကြိုရဘူး မာမီခင်ကလည်း"

"ကားငှားလာလိုက်လို့ ရတာပဲဟာ၊ ကဲ ... ဒါနဲ့ နေပါဦး၊ မောင်ရင်က ဘယ်သွားနေတာလဲ"

"ဩော် ... သူ ဧန်ကောက်ခဏ သွားတာပါ မာမီခင်"

"ဘာသွားလုပ်တာလဲ၊ သင်္ဘောပြန်တက်တာ မဟုတ်ဘဲ တခြားဘာအလုပ်ရှိလို့လဲ၊ အလုပ်ကိစ္စမဟုတ်ဘဲ အလည်သက်သက်ဆိုရင် ဘာလို့ မိန်းမကို မခေါ်တာလဲ"

"ဒါက ... ဟို ... သူ့သူငယ်ချင်းတွေ အလုပ်ကိစ္စ ..."

"သုသု ...၊ မာမီ မပုကို တော်တော်များများ မေးပြီးပြီ၊ သူက မဖြေချင့် ဖြေချင်နဲ့ မာမီ မေးနိုင်လွန်းလို့ တစ်ခွန်းစ နှစ်ခွန်းစ ထွက်တာ၊ မပုက သူ့မောင်ရင်ဘက်က သိပ်ကွယ်ချင်တဲ့သူ၊ သူ့ဆီက ဘယ်လောက်ထွက်ရင် ဘယ်အတိုင်းအတာထိ ရှိနိုင်လဲ မာမီ မှန်းနိုင်တယ်၊ တစ်အိမ်လုံးလည်း ပတ်ပြီး မာမီ စစ်ဆေးကြည့်ရှုပြီးပြီ၊ ဒီဘက်





အခန်းလေးထဲ သမီး ခွဲခွဲအိပ်တာ များတယ် ဆိုတာလည်း မာမီ သိပြီးပြီ၊ ဘာတွေ ဘယ်လိုဖြစ်နေကြတာလဲ သုသု"

"ဟို ... ဒီဘက်ခန်းက သမီး စာကျက်ရင်းနဲ့ အိပ်ချင်လာတဲ့အခါမျိုး အဆင်သင့် အိပ်လိုက်လို့ရအောင် ... ဟိုဒင်း"

"မောင်ရင်က ဘယ်တော့ ပြန်လာမှာလဲ"

"ရှင် ...၊ သူ ... ဟို ... ဘယ်နေ့ ပြန်လာမလဲတော့ သမီး သေချာမသိဘူး"

"နောက်လထဲကျမှ သင်္ဘောပြန်တက်ရမှာ မဟုတ်ဘူးလား"

"ဟုတ် ..."

"ကိုယ့်အိမ်ကိုယ် ပြန်နေရတုန်းလေး ကိုယ့်မိန်းမနဲ့မနေဘဲ ဘယ်ကသူငယ်ချင်းနဲ့ ဘာကိစ္စမို့လို့ လိုက်သွားရတာလဲ၊ မိန်းမလုပ်သူကလည်း ပြန်လာမယ့်ရက်တောင် မသိတာက ဘာသဘောလဲ၊ မပု ပြောတဲ့အတိုင်းဆိုရင် လင်မယားဇာ သိပ်အစေးမကပ်ဘဲ တစ်ခါတလေ စကားတောင်မပြောကြဘူး ဆိုပါလား၊ မောင်ရင်ကလည်း တစ်ခါတလေ နှစ်ရက် သုံးရက် အိမ်မှာမကပ်ဘူး၊ ပြန်မလာဘူးဆိုတာက ကော ဘာသဘောလဲ"

ခင်သုတက ရှုံ့မဲ့ကာ ဒေါ်ပုထံ လှမ်းကြည့်မိရင်း...

"အရီးပုကလည်းနော် ... မဖြေချင့် ဖြေချင်မို့သာပဲ၊ တစ်ခါတည်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သုသုရဲ့၊ မပုက မာမီ့ကို လိမ်ရဲ့ညာရဲ့ပါ့မလား သူ့မောင်ရင်ကို သူ ဘယ်လိုပဲ ကာကွယ်ချင် ကာကွယ်ချ မာမီ့ကိုတော့ ညာပြောထွက်ပါ့မလား၊ သူငယ်ငယ်တည်း က မာမီ့ဆီ နေလာတဲ့ဟာ၊ အမှန်အတိုင်းပဲ သူပြော ပေါ့၊ သူ ဒီလောက်ပြောရင် သူပြောတာထက် အခြေအနေ ဆိုးနေမယ်ဆိုတာ မာမီ သိတယ်၊ သမီးလည်း မာမီ့ ဘာမှ ဖုံးကွယ်မနေနဲ့၊ ဖုံးဖိနေလို့ ဘာမှအကျိုးမရှိဘူး သမီးက မာမီ့ချွေးမသက်သက် မဟုတ်ဘူးနော်၊ သမီးတ ယောက်ပဲဟာ၊ အခြေအနေတွေ မာမီ အမှန်အတိုင်း သိ ချင်တယ် သုသု"

ခင်သုတက ခေါင်းကလေးငုံ့ကာ ဘာပြောရမ စဉ်းစားအကျပ်ရိုက်နေရစဉ် ခင်သုတ ပိုက်ဆံအိတ်ထဲက ဖုန်းသံ မြည်လာ၍ ထွက်ပေါက်ရသွားသလို ဖုန်းကိုထုတ်ပြီး ကမန်းကတန်း နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မခင်သုတလား ... သက်လျာပါ"

"ဩော် ... မသက်လျာ ပြောပါ"

"သက်လျာလေ အခု မြန်မာ့အသံ ရောက်နေတာ မခင်သုတ သားကြီးဖြိုးတို့ကျောင်းက ကလေးတွေ တီဗီပရိုဂရမ်လေး တစ်ခု ရိုက်ကြလို့လေ"

"ဩော် ... ဟုတ်ကဲ့ ...၊ အဲဒီတော့ ! "





"မမစောဆီက ဖုန်းလာတယ် မခင်သုတ၊ သူ Bleeding နည်းနည်းရလို့ ဆရာဝန်လာပြရင်း ဆေးရုံတက်ရမယ်ဆိုလို့တဲ့၊ အဲဒါ သူ့အိမ်က ကောင်မလေးတွေရော လိုတဲ့ ပစ္စည်းလေးတွေရော သက်လျာ သွားစီစဉ် ခေါ်ယူလာပေးနိုင်မလား လှမ်းမေးတာ။ မမစော အသံလေးက သနားဖို့ကောင်းလွန်းလို့ သက်လျာ ဟုတ်ကဲ့ ... ဟုတ်ကဲ့ပဲ ပြောလိုက်တယ်၊ သက်လျာ မအားသေးဘူးလို့ မငြင်းရက်လို့ပါ၊ ဒီကနေလည်း သက်လျာ ထွက်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ၊ ဘယ်သူ့ကို လှမ်းအကူအညီတောင်းရမှန်းလဲ မသိဘူး၊ သက်လျာ အသိမိတ်ဆွေတချို့ ရှိပေမယ့် မမစောနဲ့က ခင်လည်းမခင် အဆက်အစပ်လည်း မရှိကြဘူးလေ ...

အဲဒါ မခင်သုတကို သတိရမိလို့ မအားရင်တော့လည်း သက်လျာ တစ်မျိုးထပ်စဉ်းစားပြီး စီစဉ်ပါဦးမယ်၊ မအားရင်တော့ အားမနာပါနဲ့နော်၊ တကယ်လို့များ အပန်းမကြီးရင် ကူညီနိုင်မလားလို့ပါ၊ ပြောရတာ အားတော့နာပါတယ်"

"ဩော် ... အားမနာပါနဲ့ မသက်လျာ၊ ကူညီရမှာပေါ့၊ မမစောအိမ်လည်း ကျွန်မ သိနေတာပဲ၊ အိမ်ကကောင်မလေးတွေဆိုတာကိုသာ ဖုန်းလှမ်းဆက်ပြီး အသင့်ပြင်ထားခိုင်းလိုက်ပါ၊ ကျွန်မကို သူတို့က သိကြမှာ မဟုတ်လို့လေ၊ ကျွန်မ သွားခေါ်ပြီး ဆေးရုံကို လိုက်သွားလိုက်ပါ့မယ်၊ ဆေးရုံက ဘယ်ဆေးရုံလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခွန်း သုံးခွန်း ပြောပြီး ခင်သုတ ဖုန်းချလိုက်လျှင် မာမီခင်က လှမ်းကြည့်နေကာ ...

"ဘယ်သူတွေတုံး သမီး၊ သက်လျှာတို့ မမစောတို့ဆိုတာ မာမီ မကြားဘူးတဲ့ နာမည်တွေ"

"အဲဒါ ... ကို ... ကိုဗညားရင် မိတ်ဆွေတွေရဲ့ မိန်းမတွေပါ"

"ဘယ်မိတ်ဆွေတွေတုန်း"

"ကိုမိုးသစ်နဲ့ ကိုမိုးသွန်း ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ မိန်းမတွေပါ၊ အခု ကိုမိုးသွန်းမိန်းမ ခင်မမစော ဆိုတာ ကိုယ်ဝန်ငါးလကျော်နဲ့ Bleeding ရလို့ သွားပြတော့ ဆေးရုံတက်ရမယ်ဆိုတော့ လူခွဲလည်း မရှိတာနဲ့၊ ဟို ... သမီး သွားကူညီပေးမှတော့ ဖြစ်လိမ့်မယ် မာမီခင်"

"သူတို့ယောက်ျားတွေကရော ဘယ်ရောက်နေလို့လဲ သမီးရဲ့"

"ဟို ... သူတို့နှစ်ယောက် ကိုဗညားရင်နဲ့ ခရီးထွက်သွားကြတာပါ၊ သူတို့ သူငယ်ချင်းမိတ်ဆွေသုံးယောက်သွားကြတာ မာမီခင်"

ဒေါ်ခင်ခင်က ခင်သုတ မျက်ဝန်းများထဲ စေ့စေ့ကြည့်၍ အဖြေရှာနေပါသည်။ ခင်သုတက ယောက္ခမကို စိတ်အေးအေးထားဖို့ အရေးမကြီးပုံလေးနှင့် ပြုံးပြပါသည်။

❂ ○ ❂



(၁၁)

"ငါတော့ ဒီည ဒီမှာပဲ နေဦးမှာ၊ မင်းတို့ကောင်တွေ မင်းတို့သဘောနော်၊ နောက်မှ ငါကဆွဲထားသလိုလို ငါ့ခေါင်းပေါ် ပြဿနာထုပ် မကျစေနဲ့"

အထုပ်တွေချပြီးသည်နှင့် ဗညားရင်က ရေချိုးခန်းဝင်ကာ ရေချိုးတော့ရန် အင်္ကျီချွတ်ရင်းပြောလျှင် မိုးသစ်နှင့် မိုးသွန်းက တစ်ယောက်မျက်နှာ တစ်ယောက် အကဲခတ်သလို ကြည့်လိုက်ပါသည်။

"ငါ့အဖို့ ခင်သုတအဖို့က ဒီကိစ္စက ရှိုးနေပြီ၊ ထူးပြီး ပြဿနာမကြီးဘူး၊ မင်းတို့က ပထမဆုံးအကြိမ် အိမ်က စိတ်ပြေလက်ပျောက်သဘော ထွက်လာတာ မဟုတ်လား၊ ရက်လည်းကြာနေပြီ၊ ငါ့အကြံဉာဏ် ပေးရင်တော့ မင်းတို့ အိမ်ပြန်ကြရင် ကောင်းလိမ့်မယ် ထင်တယ်၊ ဗန်ကောက်ထိရောက်သွားတာတွေ ဘာတွေလဲ မင်းတို့ ထုချေရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသစ်က သက်ပြင်းချရင်း ...

"စိတ်ပြေလက်ပျောက် ထွက်လာတာ မဟုတ်ပါဘူး။ တကယ်လည်း စိတ်လည်းမပြေ လက်လည်းမပျောက်ပါဘူးဗျာ၊ မိန်းမက ကိုယ့်ကိုဖိမရမ်းခင် ကိုယ်က အကန်လုပ်ပြီး ထွက်လာတာ၊ ငါအပြစ်မရှိဘူး၊ လာမရမ်းနဲ့ဆိုတဲ့ အကန်ပေါ့၊ ခုတော့ အရင်က တစ်ကျပ်ဖိုးအပြစ်က ငါးကျပ်ဖိုး တစ်ဆယ်ဖိုး ဖြစ်သွားပြီလားတောင် မသိဘူး"

"အာ ... သူတို့လည်း အပြစ်လုပ်တာပဲ၊ မော်ဒယ်ဘွိုင်းရှိုးပွဲတွေ ဘာတွေ သွားတာပဲ"

"ဟော့ကောင် မိုးသွန်း၊ ခုထိ လေကကျယ်တုန်း၊ သကြိန်အမြှောက်ကောင်၊ ဒီဟာလောက်ကို ငါတို့က အပြစ်သွားတပ်နေလို့ ဖြစ်မလား၊ မင်း အရူးလား၊ နောက်ဒါမျိုးပွဲတွေ မသွားစမ်းပါနဲ့ကွာ ဆိုတာထက် ဘာပိုပြောလို့ရမှာလဲ၊ ရန်ကုန်မြို့ထဲမှာပဲ ဟိုတယ်မှာ လူသိရှင်ကြား တရားဝင် လက်မှတ်ရောင်းပြီးလုပ်တဲ့ ရှိုးပွဲပဲဟာ၊ မင်းက ဒါကိုကိုင်ပြီး ကိုယ့်အပြစ်ကို ချေဦးမယ်။ သောက်ရူး၊ မင်းမိန်းမလား အဲလိုသွားချေလို့ရမှာ၊ မင်း အခုဆုတောင်းရမှာက ငါတို့အိမ်က ထွက်လာပြီး တကယ်လုပ်ခဲ့တဲ့ လုပ်ရပ်တွေထက် ပိုအပြစ်ကြီးမယ့် ကျူးလွန်မှုမျိုးတွေ တကယ်လုံးဝမလုပ်ခဲ့ပါဘူးဆိုတာ သူတို့ယုံဖို့ ဆုတောင်းနေရမှာ"





ဟန်ကိုယ့်ဖို့ လေကျယ်လိုက်တဲ့ မိုးသွန်းက မျက်နှာသေးပျက်သွားရပါသည်။ မိန်းမကို အမြဲနိုင်ဘက်ကရှိတဲ့ အစ်ကိုသုပ်သူကတောင် ဒီလိုပြောနေတော့ သွေးပျက်ချင်လာသည်။ တကယ်တော့ မိုးသွန်း မမစောကို ချစ်လည်းချစ် ကြောက်လည်းကြောက်ပါသည်။ ယောက်ျားတစ်ယောက်က ကိုယ့်မိန်းမကိုကြောက်တယ် ဆိုသည်မှာ အခြေအနေတိုင်းမှာ မဖြစ်နိုင်ပေမယ့် တချို့အခြေအနေတွေမှာတော့ မဖြစ်မနေ ဖြစ်ပေါ်တတ်သည့် ခံစားချက်ပါ။

အားခွန်ဗလအရာ အားဖြင့်လည်း ကြောက်ဖို့မလို။ အော်ဟစ်မှာ ဆူပူမှာ ရန်ဖြစ်မှာတို့ကိုလည်း နားငြီးစိတ်ရှုပ် စိတ်သစ်မခံချင်လို့ မလိုလားတာကလွဲလျှင် တကယ်တမ်းကြောက်ဖို့လေ။ သို့ပေမဲ့ ကိုယ့်အပေါ် အမြဲတမ်းချစ်ခြင်းမေတ္တာအပြည့်နှင့် ယောဝတ္တရားကျေလွန်းတဲ့ အမှားအပြစ်မရှိတဲ့ ကိုယ့်ရဲ့ဇနီးသည်ကို ကိုယ်ကိုယ်တိုင်က အပြစ်မကင်းခြင်း တစ်စုံတစ်ရာလွန်ကျူးခဲ့မိတဲ့ အခါမျိုးမှာ ဝန်ခံချင်သည်ဖြစ်စေ ဝန်မခံချင်သည်ဖြစ်စေ ထိုယောက်ျားရဲ့အတွင်းအဇ္ဈတ္တမှာ ယောက်ျားတစ်ယောက်ရဲ့သတ္တိရပ်တည်မှုတို့ ယိုင်ရွဲ့ပျောက်ဆုံး၍ အလိုအလျောက် စိုးရိမ်မကင်းထိတ်လန့်ခြင်း ဖြစ်ရခြင်းသည်ပင် "အကြောက်"ဖြစ်ပါတော့သည်။

"ကိုကိုပဲ အဲဒီဓာတ်ပုံတွေ မြင်တုန်းက မသက်လျာကိုဒေါကန်နေပြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒေါကန်တာပေါ့၊ ကောင်လေး ငယ်ငယ်ချောချော တွေ အနားကပ်ပြီး ပြုံးဖြီးလို့ ခါတ်ပုံတွဲရိုက်နေတာ၊ ငါ ဒေါမကန်ဘဲ နေမလား၊ ဒါပေမဲ့ အဲဒါကို ငါက ဘယ် လောက်အပြစ်ကြီးကြီးတပ်လို့ ရမှာလဲ အရူးရဲ့၊ ပြီးတော့ ငါ ဒေါကန်တာက ငါ့မိန်းမ ငါချစ်လို့၊ ငါတိုလို့ ဒေါကန် တာ"

"ဟာ ... တစ်မှတ် ဝင်ယူသွားပြန်ပြီ၊ ကိုကိုပဲ ကိုယ့်မိန်းမ ကိုယ်ချစ်တတ်တာလား၊ ကျွန်တော်လည်းချစ်တာပဲ မမစော ကို"

"အာ ... ဒီကောင်တော့ ငါနရင်းအုပ်ချင်အောင် လုပ်နေ ပြန်ပြီ၊ ချစ်ပေါ့ ... မင်းကို ဘယ်သူက တားနေလို့လဲ၊ ဟုတ်တာလည်း မဟုတ်ဘဲနဲ့သာ လျှောက်ဖြီမနေနဲ့၊ မင်း လိုကောင်ပေါ့ အသံကအပေါ်က လူကအောက်ကဆိုတာ ဟစ် ... ဟစ်"

"ကျွန်တော့်ဟာ ကျွန်တော် မမစော စကား နားထောင်နေ ရင် ပြေလည်နေတဲ့ဟာကို ကိုကိုပဲ မိန်းမကြောက်တဲ့ကောင်၊ မယားကြောက် အလကားကောင်နဲ့ လူကိုလာလာဆွတာ လေ၊ အဲဒီတော့ ကျွန်တော်လည်း အပြောခံရတာ ရှက်လာ တော့ မဟုတ်က ဟုတ်ကတွေ လုပ်မိတာပေါ့"

"ဘာ ... ဟော့ကောင် ... မင်းတော့ကွာ၊ ငါ့ကြောင့်ပဲ သူ ပြဿနာတက်ရသလိုနဲ့ ... တောက်"





"ကဲ ... တော်ကြပါတော့ကွာ၊ မင်းတို့ ညီအစ်ကိုကလည်း၊ ဘာတွေ ဘယ်လိုဖြစ်ဖြစ် ကိုယ့်မိန်းမနဲ့ကိုယ် ပြေလည်ဖို့ လိုရင်းမဟုတ်လား၊ ကဲ ... အိမ်ပြန်ကြဖို့ စိတ်ကူးရှိရင် လည်း ကိုယ့်မိန်းမကိုယ် ဖုန်းဆက်ကြဦး"

မိုးသွန်းက မိုးသစ် သက်လျှာထံ အရင်ခေါ်လိုက် မှာစိုး၍ သူ့ဖုန်းကို အပြေးအလွှား ကမန်းကတန်း ဖွင့်လေရာ ကလေးဆန်တဲ့ မိုးသွန်းကို ဗညားရင်ရော မိုးသစ်ပါ စိတ်ပျက် ပျက်နှင့် ရယ်ရပါပေသည်။

မိုးသွန်းက ဝရန်တာဘက် ထွက်လာကာ ခင်မမစော ဖုန်းကို နှိပ်သည်။ ကိုင်လိုက်လျှင် ဘာကစပြောမည်ကိုလည်း မနက်ကတည်းက စဉ်းစားပြီးသား။ တစ်နေ့သောအခါ သူအချိန် တန် အိမ်ပေါ်ပြန်တက်ရမည်သာ။ အဲဒီအခါ အိမ်ပေါ်အသံတိတ် တန်းတက်သွားတာထက် ဘာပဲဖြစ်ဖြစ် မတက်ခင် ဖုန်းတော့ ကြိုဆက်ရဦးမှာမို့ မမစောထံ ဖုန်းဆက်ရင် ဘယ်လိုစကားပြော မည်ဆိုတာ ရှေ့ညတွေကတည်းက အိပ်မပျော်ခင် အမြဲစဉ်းစား စကားလုံးစီနေတာ။

သေသေချာချာ စဉ်းစားစိတ်ကူးလို့ မရခဲ့။ မနက် ကတော့ ဖေ့စ်ဘွတ်မှာ တင်ထားတဲ့ သူတို့အမျိုးသမီးသုံးယောက် ရဲ့ ပုံတွေကိုမြင်ကာ ဖုန်းဆက်ရင် ဘာကစပြောမည်ကို စဉ်းစား လို့ ရသွားပါသည်။ မမစောကို အပြစ်တင်တာက စ,ရမှာပေါ့။ ကိုယ်က အရင်စပြီး အော်ရဖြီရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အော်တာကို မမစောလား ငုံခံမှာ။ သူက နှစ် ဆပြန်ပြီး ကြိမ်းမောင်း အော်ဟစ်မှာကိုလည်း ကြိုမျှော်လင့်ပြီး သား၊ ပြောရင်း ဆိုရင်းကပဲ ကိုယ့်လေသံကို တစ်ထစ်ပြီးတစ် ထစ် လျှော့ကာ လျှော့ကာ နောက်ဆုံးကျတော့မှ တောင်းပန်စကား ဆိုရမှာ။ အဲဒီကျ မမစောလည်း သူပြောချင်တာတွေ ရင်ဖွင့်အော် ဟစ်လိုက်ရပြီး၍ အတန်ငယ် ရင်ပေါ့ ရင်ချောင်လောက်ပြီလေ။

"ဟယ်လို"

မိုးသွန်းက တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်တိုက်ပြန် နှိပ်နေရင်း ဘေးကိုရောက်လာတဲ့ မိုးသစ်ကို ငဲ့ကြည့်မိသည်။ မမစောဖုန်းက စက်ပိတ်ထားပါသည် ဖြေနေချိန်မှာ ကိုကိုကတော့ သက်လျာအေး ဖုန်းကိုခေါ်လို့ ဝင်သွားပြီထင်သည်။

"ဟယ်လို"

မိုးသစ်က မလျော့လွန်း မတင်းလွန်းအသံနှင့် စ, သည်။ သူကတော့ ဘာမှကြိုတင်စဉ်းစားမထား။ သက်လျာအေး ပြောမယ့်စကားပေါ် မူတည်ပြီး နှင်း၍ ပြောသွားရမှာပင်။ ဘာ ကြောင့်လဲဆိုတော့ သူ့ဇနီးသည် သက်လျာအေးရဲ့စိတ်ဟာ တသ မတ်မှန်းဆလို့ မရလို့ပင်။ အညှံ့ခံချင်ရင်လည်း သူတကာအလျှော့ မပေးနိုင်မှာမျိုးကို အညှံ့ခံအလျှော့ပေးနေတတ်ကာ ဘာမဟုတ်ကာ နှင့်လည်း စိတ်ကောက်ပေါက်ကွဲချင် ကွဲတတ်တာမျိုး။

သို့ပေမဲ့ ဘာပဲဖြစ်ဖြစ် သက်လျာဟာ တခြားသော ဇနီးသည်တွေနှင့် ယှဉ်လိုက်လျှင် သူ့အပေါ် အကောင်းမြင်အထင်





ကြီး လေးစားတတ်တဲ့ ဇနီးသည်။ ချစ်ကြောက်ရိုသေရှိရှာတဲ့ ဇနီးသည်ပါ။ ကိုရင့်မိန်းမ မိုးသွန်းမိန်းမတို့နှင့် ယှဉ်ကာတွေးကြည့် လိုက်တိုင်း သက်လျာရဲ့ အရိုးခံသဘောလေးကို သူ တန်ဖိုးပိုထား မိလာရပါသည်။

ဇနီးသည် သက်လျာကို သူချစ်ပါသည်။ သူ့သား နှစ်ယောက်ကိုလည်း သူ အင်မတန် ချစ်ပါသည်။ သူ့ရဲ့မိသားစု လေးကို သူ တန်ဖိုးထား ချစ်ခင်ပါသည်။ တစ်ခါတစ်ရံ လွတ် လပ်ချင်တာမျိုးကလွဲရင် သူဟာ ဘယ်တုန်းကမှ သူ့မိသားစုကို ထိပါးနာကျင်စေမည့် အပြုအမူ အတွေးအကြံ မရှိခဲ့သူပါ။ ဒါကို သက်လျာ နားလည်ပေးနိုင်ရင် သိပ်ကောင်းမှာပါ။

"ဟယ်လို ... ကိုကိုလား"

တစ်ဖက်က အသက်မရှူစတမ်း အမောတကော မေးသံတစ်ခုက ပြတ်တောင်း ပြတ်တောင်း ထွက်ပေါ်လာသည်။ မိုးသစ်လည်း ရင်တဒိတ်ဒိတ် ခုန်လာပါသည်။

"ဟယ်လို ..."

"ကိုကိုလား ... ကိုကိုလားဟင် ..."

ထိုအသံကို ကြားသည်နှင့် ဘာစကားမှ ပြောစရာ ကြားစရာ မလိုပဲ သူ့ရဲ့ပြဿနာက အေးဆေးငြိမ်းချမ်းသည်ဆို တာ သူ သိလိုက်ပါပြီ။ ရင်ထဲက စိုးရိမ်ပူပန်မှုတွေလည်း ပြေ လျော့သွားကာ ရင်ခုန်သံက ကြည်နူးဝမ်းသာတဲ့ဘက်ကို ပြောင်းလဲ ခဲ့ပါသည်။ တကူးတကကြီး တောင်းပန်ဖြေရှင်းဖို့ အခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်အောင် သူ ဖုန်းဆက်လိုက်တာကို ရိုးသားစွာတုန့်ပြန် ပျော်ရွှင်နေသည့် သက်လျှာကို သူ သနားလည်းသနားသွားမိသည်။

"အသံပြတ်တောက် ပြတ်တောက် ဖြစ်နေတယ်ကွ"

"ကိုကို ... ကိုကို အခု ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ"

"အေး ... ကိုကို ရန်ကုန်မှာပါပဲ"

"ဘယ်တုန်းက ပြန်ရောက်တာလဲ ကိုကို၊ ဘာလို့ ချက်ချင်းမဆက်တာလဲ"

"ကိုကို ခုမှ ပြန်ရောက်တာပါ၊ ခုနကပဲ လေဆိပ်ကရောက်ကြတာ သက်လျှာရဲ့၊ ရောက်တာနဲ့ ကိုကို ချက်ချင်းဖုန်းခေါ်လိုက်တာ"

"ဘာ ... ဘာဖြစ်လို့ လေဆိပ်ကနေ အိမ်ကို တန်းမဝင်လာတာလဲဟင်၊ ကိုကို ဘယ်မှာနေဦးမလို့လဲ"

သက်လျှာ အသံလေးက တုန်ခါရာမှ ရှိုက်သံစွက်ကာ ငိုသံလေးပါ ပါလာသည်။

"အဟား ... မသိဘူးလေ၊ သက်လျှာ စိတ်ဆိုးနေတုန်းလား ဆိုတာ အရင်မေးရသေးတာပေါ့၊ ဒီတိုင်း တန်းပြန်လာရင် သက်လျှာက စိတ်ဆိုးနေတုန်းဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟိတ် ... ဘာတွေငိုနေတာလဲ၊ မငိုနဲ့တော့၊ သားတွေရော နေကောင်းရဲ့လား၊ ကျီကျကြသေးလား"

"အရမ်းကျီကျတာပေါ့၊ အဖေကိုပဲ မေးနေတာပေါ့၊ ကိုကို အခု ပြန်ခဲ့တော့လေ၊ ပြန်လာခဲ့တော့နော်"





"အင်းပါ ... အင်းပါ၊ ကိုကို ပြန်လာပါမယ်"

"ကိုကို့ကားနဲ့ပဲ လာမှာမဟုတ်လား၊ သက်လျှာ လာကြိုရမလား၊ ဘယ်လာခေါ်ရမလဲ"

"ကားရှိတယ်လေ၊ ကားက ကိုရင့်အိမ်အောက်ပဲ ထားခဲ့တာ၊ ခဏနေ ထွက်ခဲ့မယ်"

"ကိုကို ... အဲဒီက ထွက်လာရင် အိမ်ကို တန်းမလာခင် '......'ဆေးရုံကို ဝင်ခဲ့ပါ"

"ဆေးရုံကို ဘာလို့လဲ"

"သက်လျှာက အဲဒီကို သွားနေလို့ပါ၊ ကိုမိုးသွန်းရော ကိုကိုနဲ့ရှိလား"

"အင်း ... ရှိတယ်၊ သူလည်း ခင်မမစောဆီ ဖုန်းဆက်နေတယ်ထင်တယ်၊ ဆက်လို့မရသေးဘူး ထင်တယ်"

"မမစော သွေးနည်းနည်းဆင်းလို့ ဒီနေ့ပဲ ဆေးရုံတက်ရတယ်၊ သက်လျှာ ခုမှသွားရမှာ၊ ကိုကိုရော ကိုမိုးသွန်းရော အဲဒီကိုပဲ လာခဲ့လိုက်ပေါ့၊ မစိုးရိမ်ရဘူးတော့ ထင်တာပဲ၊ ဒါပေမဲ့ မမစော အားငယ်နေတာပေါ့"

"ဟုတ်လား ... အိုကေ၊ ကိုကို သူ့ကို ပြောပြလိုက်မယ်"

မိုးသစ်က ဖုန်းကိုပိတ်လိုက်ရင်း မိုးသွန်းဘက် လှည့်ကြည့်လိုက်ပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်အတင်းပဲ လိုက်ပါလာတဲ့ ဒေါ်ခင်ခင်ကို ခင်သုတက တားလည်းမတားချင်တော့ပါ။ လူကြီးသူမ စိတ်ဆင်းရဲအောင် တမင်တကာ ဖွင့်မပြောချင်ပေမယ့်လည်း သူ့ဟာသူရိပ်မိသွားရင်တော့လည်း တကူးတက ဖုံးဖိလို့ ဝှက်မထားချင်ပါ။ သူလည်း စိတ်ထဲဘဝင်မကျ စနိုးစနောင့်နှင့် တမင်ကို လိုက်လာခဲ့တာမှန်း နားလည်ပါသည်။

"ကျေးဇူးတင်ပါတယ် ခင်သုတရယ်၊ အားလည်းနာလိုက်တာ"

"အို ... အားနာစရာမရှိတာ မမစောကလည်း၊ ကျွန်မတို့ သွေးသောက်ညီအစ်မတွေ ဖြစ်နေကြတာလေ ... ဟင်း ဟင်း ဟင်း"

"အန်တီပါလာတာလည်း အားနာလိုက်တာ၊ တခြားဝင်စရာကိစ္စရှိလို့ အတူပါလာတာထင်တယ်၊ သွားစရာရှိရင် သွားပါနော်၊ မိချိုတို့လည်း ရောက်လာပြီဆိုတော့ ကျွန်မ အဆင်ပြေပါတယ်"

"တခြားဝင်စရာ မရှိပါဘူးကွယ်၊ ခုမှ ရောက်လာတာဆိုတော့ သုသု သွားစရာရှိတယ်ဆိုတာနဲ့ ကိုယ်လည်း အိမ်မှာ လုပ်စရာမရှိတဲ့တူတူ လိုက်လာခဲ့တာပါ"





"ဪ ... ဟုတ်ကဲ့ အန်တီ၊ ကျွန်မက အားနာလို့ပါ"

"သမီးမိဘတွေက နယ်မှာပဲလား"

"မေမေ မရှိတော့ပါဘူး အန်တီ၊ ဖေဖေက စင်ကာပူမှာပါ၊ နောက်အိမ်ထောင်နဲ့ပါ၊ အမျိုးတွေက ခပ်လှမ်းလှမ်းဝေးကွဲတွေတော့ ရှိပါတယ် အလှူအတန်း သာရေးနာရေးလောက်မှပဲ ဆုံဖြစ်ကြတာ၊ အမြဲဆက်ဆက်သွယ်သွယ် နီးနီးကပ်ကပ် မဟုတ်ကြတော့ ဒီလောက်နဲ့တော့ စောက လှမ်းအကြောင်းမကြားနေချင်တော့တာပါ၊ ဆေးရုံမှာလည်း တစ်ရက် နှစ်ရက်ပါပဲလို့ ပြောပါတယ်၊ အိမ်မှာတော့ ရက်ကြာကြာလေး Bed rest လုပ်ရမှာပေါ့ အန်တီ"

ခင်သုတရှေ့ယာက္ခမ ပါလာတာကို ခင်မမစောက အံ့အားသင့်နေမိပါသည်။ ခင်သုတနှင့် ချစ်ချစ်ခင်ခင် ရှိလှတာကိုလည်း အံ့ဩသဘောကျနေမိပါသည်။ ခင်သုတကို အကဲခတ်တော့ ခင်သုတဟာ ထုံးစံအတိုင်း let it be ပုံစံပင်။ တကူးတက တိုင်တိုင်ပင်ပင် ပြောဆိုမည့်ပုံလည်းမရ ဖုံးဖိပုံလည်းမရ။ အခြေအနေတွေကို အရှိအတိုင်းသာ လက်ခံပြီး သင့်သလို ဖြေရှင်းသွားလိုက်မည့် Type မျိုး။ စိတ်အေးသူ။ သွေးအေးသူ။

"တီ ... တီတီ"

ခင်သုတက ဖုန်းကိုထုတ်ကြည့်လိုက်ရင်း ...

"မမစော ... မာမီနဲ့ စကားပြောနေဦးနော်၊ သက်လျာ ဆက်နေတာ၊ ခဏစကားပြောလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်သုတကို ခင်မမစောက ခေါင်းညိတ်ပြလိုက်ပါသည်။ ခင်သုတက ခပ်လှမ်းလှမ်း လျှောက်သွားကာ ဖုန်းပြောနေသည်။

"သမီးအမျိုးသားလည်း မောင်ရင်နဲ့တူတူပဲ ခရီးထွက်သွားတာဆို"

"ဟုတ်ပါတယ် အန်တီ"

"ဘယ်နေ့ ပြန်ရောက်ကြမှာလဲ"

"ဘယ်နေ့ ပြန်ရောက်ရောက် ရောက်ချင်သလိုရောက်၊ ခေါင်းထဲမထားတော့ပါဘူး အန်တီရယ်၊ စိတ်လည်းနာတယ်၊ သူတို့ပဲ အမှားလုပ်၊ သူတို့ပဲ အိမ်ကထွက်သွား၊ ကျွန်မကတော့ အိမ်ပြန်မလာနဲ့ ပြောမိတာ မှန်ပါတယ်၊ ပြန်မလာနဲ့ ဆိုတာနဲ့ပဲ တကယ်ပြန်မလာဘဲ ဗန်ကောက်အထိ ကျောကော့ပြီး အပျော်ခရီး ထွက်သွားကြစရာလား၊ ကိုယ့်ဇနီးမယားတွေကို မထေမဲ့မြင်လုပ်တယ်၊ အခု သူမရှိတုန်း ကျွန်မဒီလိုဖြစ်တယ်ဆိုတော့ သူ့ကို ပိုစိတ်နာဖို့ ခွန်အားတောင် ရသေးတယ်၊ အရမ်းရင်နာတယ်"

"ဟင် ... ဪ ... သူတို့သုံးယောက်လုံးက ဒီလိုသဘောနဲ့ ထွက်သွားကြတာလား"

"အန်တီ မသိသေးဘူးလား၊ ကိုဗညားရင်ကတော့ ကျွန်မနဲ့လည်း သိပ်မရင်းနှီးလို့ ကျွန်မ ဘာမှ သိပ်မပြောလိုပါဘူး၊ ခင်သုတနဲ့ အိမ်ထောင်ရေး အနေအထားလည်း ကျွန်မ





အတွင်းကျကျ မသိရိုးအမှန်ပါ၊ ကျွန်မယောက်ျားနဲ့ ကျွန်မခဲအိုကိုတော့ တော်တော်ဒေါသဖြစ်ပါတယ်"

"ဪ ... နောက်တစ်ယောက်က သမီးခဲအိုကိုး"

"ကျွန်မယောက်ျားရဲ့ အစ်ကိုပါ၊ သူ့မိန်းမလေးဆိုလည်း အေးအေးလေးပါ၊ ကလေးလေးနှစ်ယောက်နဲ့၊ စ,မှားတာလည်း သူတို့၊ လုပ်ချင်ရာလုပ်တော့လည်း သူတို့၊ အဲဒါကောင်းသလား အန်တီရယ်"

လူကြီးသူမတစ်ယောက်ကို ပြောနေတာမို့ ခင်မမစောက ပြောရင်း အသံလေးတွေပင် တုန်ကာ မျက်ရည်လည်လာသည်။ ဒေါ်ခင်ခင်က ခေါင်းသာ တညိတ်ညိတ် ပြုနေမိပါသည်။ သူ့သား ဗညားရင် အပေါင်းအသင်း ခင်တွယ်တာလည်း သူသိပါသည်။

ဘယ်လောက်ပဲ အပေါင်းအသင်း ခင်တွယ်တွယ်ယူထားတာ မကြာသေးတဲ့ ဇနီးမယားနဲ့တော့ ချစ်မဝ ခင်မဝကြင်စဉ်း ရွှင်မြူးနေမယ်ပဲ ထင်ခဲ့တာ။

ခင်သုတနှင့် သဘောတူတယ်လို့ ပြောတော့လည်း အတင်းအကျပ် စီစဉ်တာမျိုးတော့ မလုပ်ခဲ့ပါ။ ဗညားရင် ဆိုတဲ့ သူ့သားကလည်း အတင်းအကျပ် မိန်းမပေးစားတာကို လက်ခံမည့်သားမျိုး မဟုတ်ပါ။ သူ့ဟာသူ အကဲခတ်ပြီးမှ သူ့ဟာသူ နှစ်သက်လို့ ခေါင်းညိတ်လက်ခံတာ။ ရည်းစားဖျောက်သောက်တွဲခဲ့ဖူးတဲ့ သူ့သားဟာ ခင်သုတကိုတော့ သူကိုယ်တိုင်ကိုက



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးခဲ့တာ ဆိုတာ ဒေါ်ခင်ခင် သိသွားပါပဲ။ ဘယ်လိုဖြစ်ပြီး အိမ်ထောင်ရေးက အေးစက်စက် အသက်မပါ ဖြစ်ခဲ့ရပါလိမ့်။

"မမစော"

"အင်း ... သက်လျာက ဘာတဲ့လဲ ခင်သုတ"

ခင်သုတက ခင်မမစောကို အကဲခတ်ရင်း ...

"သူတို့ ပြန်ရောက်နေကြပြီ၊ မသက်လျာက ကိုမိုးသစ်နဲ့ ဖုန်းပြောပြီးပြီ"

"ဟင် ... ပြန်ရောက်ပြီ ဟုတ်လား"

ခင်မမစော မျက်နှာက တင်းသွားပါသည်။

"ဟုတ်တယ် မမစော၊ မသက်လျာလည်း အခု ဒီကိုလာနေတယ်၊ ကိုမိုးသစ်နဲ့ ကိုမိုးသွန်းလည်း ဒီဆေးရုံကိုလာနေတယ်တဲ့"

"ဘာ ... သူတို့က ဘာလို့ ဒီကိုလာနေရတာလဲ"

"ဟိုလေ ... မသက်လျာနဲ့ ကိုမိုးသစ်က ဖုန်းပြောပြီးတော့ ပြေပြေလည်လည် ဖြစ်သွားတယ် ထင်ပါတယ်၊ မသက်လျာက ဒီကိုလာနေတဲ့လမ်းမှာမို့ ကိုမိုးသစ်ကိုလည်း ဒီကိုပဲချိန်းလိုက်တာ၊ ကိုမိုးသွန်းကတော့ ကိုမိုးသစ်ဆီကနေ မမစော သတင်းကြားပြီးတော့ စိတ်ပူပြီး လိုက်လာတယ် နေမှာပေါ့"

"အို ... သူ စိတ်ပူစရာလား၊ မလိုပါဘူး။ သက်လျာကလည်း ဘာလို့ ဒီကိုခေါ်လိုက်ရတာလဲ၊ အို ... သူတို့လင်မယား သူတို့ဘာသာ ပြန်ပေါင်းထုပ်ရင် ထုပ်ကြပေါ့၊





မိုးသွန်း ဒီကိုလာစရာမလိုပါဘူး၊ အခန်းထဲကို ခြေတစ်လှမ်းတောင် ဝင်လာပါစေနဲ့၊ သွားချင်တိုင်း ထွက်သွား၊ လာချင်တိုင်း ပြန်လာလို့ ရရိုးလား"

"ဟိုလေ ... မမစောရယ်၊ မမစောလည်း ကျန်းမာရေးမကောင်းဘူး ဖြစ်နေတာမို့လား"

"သူလာရင် ဒီကျန်းမာရေးက ပိုဆိုးမှာပေါ့၊ သက်လျာကလည်း သူ စီစဉ်ချင်တိုင်း စီစဉ်တာ ကောင်းသလား ခင်သုတရယ် ... ကြည့်ပါဦး"

"မသက်လျာကတော့ စီစဉ်မှာ မဟုတ်ပါဘူး မမစောရယ်၊ ကိုမိုးသွန်းက မမစော သတင်းကြားမှတော့ မလာဘဲ ဘယ်နေနိုင်ပါ့မလဲ၊ သူ့ဟာသူ လိုက်လာတာ နေမှာပေါ့"

"လုပ်ချင်သလိုလုပ်တဲ့ ယောကျ်ားတစ်ယောက်ကို သက်လျာက အကြေအေး မလွယ်လွန်းဘူးလား ခင်သုတ ... ဟင်၊ ဖုန်းလေးပဲ တစ်ကြိမ်ပြောလိုက်ရုံနဲ့ အားလုံးပြည်ဖုံးကားချလိုက်နိုင်တာလား"

"သူတို့က ကလေးနှစ်ယောက် ရှိသေးတာ မဟုတ်လား မမစောရဲ့၊ ကလေးတွေ အခြေအနေလည်း ထည့်တွက်ရသေးမှာပေါ့၊ ပြည်ဖုံးကားချနိုင်တယ်တော့လည်း ဘယ်ဟုတ်ပါ့မလဲလေ၊ သူ့နည်းသူ့ဟန်နဲ့ သူ့အနေအထားနဲ့ သူ အကောင်းဆုံးဖြစ်မယ် ထင်တာကို သူ ဆုံးဖြတ်လိုက်တယ်ပဲ နေမှာပါ မမစောရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်သုတရဲ့ အသံခပ်နွမ်းနွမ်းလေးကို နားထောင်ရင်း ခင်မမစောက သတိတရ တွေးမိကာ ...

"ကိုဗညားရင်ရော"

ခင်သုတက အေးစက်စက် အပြုံးလေးနှင့် ပခုံးတစ်ချက်တွန့်ရင်း သူ့ယောက္ခမဘက် တစ်ချက်ကြည့်လိုက်သည်။

"မသိဘူးလေ မမစော၊ သူတို့ ဘာမှမပြောဘူး၊ သူလည်း ကျွန်မဆီ ကိုမိုးသစ်လိုမှ ဖုန်းမဆက်တာ၊ သူဘယ်လိုလဲ ကျွန်မလည်း မသိဘူးပေါ့၊ ကိုမိုးသွန်းကတော့ မမစောဆီ ဆက်တယ်တဲ့၊ မမစော ဖုန်းမကိုင်ဘူးတဲ့"

ခင်မမစောက ခေါင်းအုံးနံဘေး ချထားသော စလင်းဘက်ဂ်အိတ်ထဲက သူ့ဖုန်းကို ထုတ်ကြည့်လိုက်ပါသည်။ မိုးသွန်းခေါ်ထားတာ ဆယ့်တစ်ကြိမ်တောင်မှပဲ။

"တို့ဖုန်းအသံ ပိတ်ထားတာ၊ ကြားလည်းပဲ ကိုင်မှာတော့ မဟုတ်ဘူး၊ သူတို့မပြောချင်တုန်းကတော့ ဖုန်းကိုယ်စီ ပိတ်ထားကြပြီးတော့"

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံကြောင့် ခင်မမစော မျက်ဝန်းများက ဝိုင်းကျယ်သွားကာ ခုတင်နံဘေး စားပွဲလေးပေါ် တင်ထားသည့် ရေသန့်ဘူးကို ဆတ်ခနဲ ကောက်ဆွဲလိုက်ကာ ...

"မိုးသွန်း ဝင်လာလို့တော့ ပစ်အပေါက်ပဲ"

"မလုပ်ပါနဲ့ မမစောရယ်"





ခင်သုတက တံခါးဆီ အပြေးသွားကာ ဟဟလေး ဖွင့်လိုက်ပါသည်။ အပြင်မှာ တစ်ယောက်တည်း ရပ်နေသည့် သက်လျှာအေးကိုမြင်မှ တံခါးကို သေချာဆွဲဖွင့်ရင်း ...

"ကိုမိုးသစ်တို့ရော"

"မရောက်သေးဘူး ထင်တယ်၊ မမစော သက်သာရဲ့လား"

သက်လျှာက ခုတင်အနား အပြေးလေးကပ်သွားရင်း ...

"မမစော ... သူတို့ ပြန်လာပြီ၊ ဒီကို လာနေကြပြီ"

"လာရဲလာကြည့်လေ၊ ခုပဲ တံခါးခေါက်တော့ မိုးသွန်း ပါလာသလားလို့၊ ဒီမှာ ရေဘူးနဲ့ ပေါက်မလို့"

"အာ ... မမစောကလည်း၊ အဲလိုမလုပ်ပါနဲ့၊ အေးအေးဆေးဆေး အိမ်ပြန်လာတယ်ဆိုရင် အသာတကြည်လက်ခံလိုက်ပါ၊ ပြဿနာ မရှည်ပါစေနဲ့တော့ မမစောရယ်၊ ကိုမိုးသွန်းလည်း ကိုကိုဆီက သတင်းကြားလို့ ရယ်မလို ငိုမလို ဖြစ်နေတာတဲ့"

"သေပေါ့၊ ဒီမှာ သက်လျှာ ... တို့ မူနေတာ မဟုတ်ဘူးနော်၊ ဒီအခန်းထဲ မိုးသွန်းရော သူ့အစ်ကိုပါ လုံးဝဝင်မလာစေနဲ့၊ ဝင်လာရင်တော့ တို့အဆိုး မဆိုနဲ့၊ အဲဒီကျမှ ခင်မမစော ကြမ်းတယ် ရိုင်းတယ် မဖြစ်ပါစေနဲ့"

"မမစောကလည်းနော်၊ စိတ်လျှော့လိုက်ပါ မမစောရယ်၊ လျှော့ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လျှော့ပေးရမှာလဲ တစ်သက်လုံး ငါတို့မိန်းမတွေကချည်း လျှော့နေရမှာလား"

သက်လျာကိုကြည့်ကာ သက်လျာစကားတွေ နား ထောင်နေသော ဒေါ်ခင်ခင်က ...

"ဗညားရင်ရော ... ဘယ်မှာလဲ သမီး၊ အန်တီက ဗညားရင် အမေပါ"

"ဪ ... ကိုဗညားရင်တော့ သက်လျာ သေချာမသိပါဘူး အန်တီ၊ အိမ်များပြန်ပြီလား၊ ဟိုကွန်ဒိုမှာပဲလား သက်လျာလည်း မမေးလိုက်မိဘူး၊ အခု ကိုကို့ဆီ ဖုန်းဆက် မေးပေးရမလား အန်တီ"

"နေ ... နေ ... အန်တီ့ဘာသာ ဆက်ပါ့မယ်"

ဒေါ်ခင်ခင်က ဖုန်းထုတ်ကာ နံပါတ်တချို့ နှိပ်သည်။

"မပုလား၊ ဗညားရင် ပြန်ရောက်လာသေးလား၊ ဖုန်းရော ဆက်လား၊ အေး ... အေး ... ပြီးရော ..."

ဒေါ်ခင်ခင်က နောက်နံပါတ်တစ်ခု ထပ်၍နှိပ်သည်။

"ဟယ်လို ... ဗညားရင်လား၊ အေး ... ဟုတ်တယ် မာမီ ဟုတ်တယ် ရန်ကုန်ရောက်နေတာ၊ မင်းက အခု ဘယ်မှာလဲ၊ ဟင့်အင်း ... ဟင့်အင်း ... မလိုဘူး၊ လာစရာ မလိုဘူး၊ အဲဒါပြောမလို့ ဆက်တာ၊ လုံးဝပြန်မလာနဲ့၊ မင်းအခု ရှိနေတဲ့ နေရာမှာပဲနေ၊ ထပ်ပြောမယ်၊ လုံးဝ အိမ်ကိုပြန် မလာနဲ့၊ ဒါပဲ"





ခင်သုတ၊ ခင်မမစောနှင့် သက်လျာအေးတို့ တစ်ယောက်ကို တစ်ယောက် တအံ့တဩ ကြည့်မိလိုက်ကြကာ ဒေါ်ခင်ခင့်ထံကိုလည်း ပါးစပ်အဟောင်းသားလေးတွေနှင့် ပြိုင်တူ လှမ်းကြည့်မိကြသည်။ ခင်မမစောကတော့ သဘောတကျ ပြုံးစိစိ ဖြစ်သွားမိရပါသည်။ ခင်သုတ ယောက္ခမကလည်း ခေသူမဟုတ် ပေပဲ။

ဒေါ်ခင်ခင် ဖုန်းပြန်အပိတ်မှာပဲ ဆေးရုံခန်းရဲ့တံခါး ကို အပြင်ဘက်က ဒရောသောပါးခေါက်သံ ထွက်ပေါ်လာလျှင် သက်လျာအေးက အလန့်တကြား ထရပ်လိုက်သလို ခင်မမစော ကလည်း လက်ထဲကရေဘူးကို လွှဲပေါက်လို့ရအောင် အသင့်ပြင် ပြီးသား။

"သက်လျာ ... မ, တကယ်လုပ်မှာနော်၊ တကယ်လုပ်မှာ"

သက်လျာက တံခါးပေါက်ဆီပြေးကာ ဟစိပွင့်လာ ပြီဖြစ်သောတံခါးမှ လူဝင်မလာအောင် အတင်းပြန်တွန်းရင်း တံခါးအဟလေးကြားမှ အပြင်ကို တိုးထွက်လိုက်ပါသည်။

"ကိုမိုးသွန်း ... မဖြစ်ဘူး ... ဝင်လို့မဖြစ်ဘူး၊ မမစော အရမ်းဒေါသထွက်နေတာ၊ ကျေးဇူးပြုပြီးတော့ အခုမဝင်ပါ နဲ့ဦး၊ သက်လျာ တောင်းပန်ပါတယ်"

"ဟာဗျာ ... သူဒေါသဖြစ်နေလည်း ကျွန်တော် တောင်း ပန်ပါ့မယ်၊ အခုက ဘာဖြစ်တာလဲ၊ ကလေး ... ကလေး ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး၊ ကလေးလည်း ပုံမှန်ပါပဲတဲ့၊ သွေးလေး နည်းနည်းလေးဆင်းလို့ ဆရာဝန်က ခဏအနားယူခိုင်းတာ ပါ၊ စိတ်အေးအေးထားပါ"

သက်လျှာ ပြောနေတဲ့ကြားက မိုးသွန်းက တံခါးကို အားနှင့်ဆောင့်တွန်းဖွင့်ကြည့်လိုက်လျှင် ခုတင်ဘက်ဆီမှ အရှိန် နှင့် ဝှစ်ခနဲ ပျံသန်းထွက်လာတဲ့ ရေအပြည့် ရေဘူးက တံခါးခွန်း နှင့် ဘုန်းခနဲမြည်အောင် ထိခတ်ကာ ဘူးပွင့်ပြီး ရေတွေဖြန်းခနဲ စဉ်ထွက်၍စိုကုန်လေသည်။

❂ ◯ ❂



(၁၂)

ဗညားရင်က ဝရန်တာကျောက်ပြားတွေပေါ် ဖင်ချ ထိုင်ကာ ငူငူကြီး ငိုင်နေတဲ့ မိုးသွန်းကိုကြည့်ပြီး အပြုံးနှင့် သက် ပြင်းချရသည်။

"ဟောကောင် ... မင်းကလည်း၊ မင်းကို သက်လျှာအေးလည်း ရှင်းပြတယ်၊ ခင်သုတာလည်း သေချာရှင်းပြတယ် မဟုတ် လား၊ မင်းရဲ့မမဇော ဘာမှမစိုးရိမ်ရပါဘူး၊ ကလေးလည်း ဘာမှစိုးရိမ်စရာ မရှိဘူး ပြောတယ် မဟုတ်လား၊ ပြီးပြီပေါ့ ကွ၊ စိတ်အေးအေးထားပါ"

"ဘယ်လိုလုပ် ပြီးမလဲ ကိုရင်ရ ..."

မိုးသွန်းက ခြုံးသံပါကြီးနှင့် ညည်းတွားသည်။

"ဘယ်လိုလုပ်ပြီးရော စိတ်အေးအေး ထားနိုင်ပါ့မလဲ"

"မင်း စိတ်မအေးကောရော ခုလို မရှုနိုင် မကယ်နိုင် မှိုင်တွေနေတာနဲ့ ပြဿနာတွေ ပြီးသွားတာ မို့လို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပဲကွာ၊ မင်းကလည်း၊ တစ်နေ့ မပြေလည်မယ့် ပြဿနာမှ မဟုတ်တာ၊ အချိန်တန်တော့ အိုကေသွားမှာပေါ့"

"မမစောက အရမ်းစိတ်ကြီးတာဗျ၊ တကယ်တော့ဗျာ မမစောက ကျွန်တော့်ကို အရမ်းချစ်တာ၊ ကျွန်တော်သိတယ်၊ သူ့အဖေကလည်း နောက်မိသားစုနဲ့ဆိုတော့ သူက သူ့မှာ ကိုယ်ပိုင်မိသားစုဆိုတာ ဒါလေးပဲရှိတာလို့ အမြဲ ပြောခဲ့တာ၊ ကျွန်တော့်ကို တကယ်ဆို မမစောက အဖေ တစ်ယောက်လိုကို ယုယုယယ ချစ်တာပါ၊ မသက်လျာ ကိုကို့ကို ချစ်တယ်၊ ကိုကို့စကား နာခံတယ်ဆိုတာက တစ်မျိုး၊ ကိုကို့အပေါ်မှာ အိမ်ထောင်တစ်ခုရဲ့ တာဝန် ဝတ္တရားတွေ ပုံအပ်ထားပြီး သူက နောက်က ဖေးမယုယ ပြုစုပုံမျိုးပါ ...

မမစောက ရှိသမျှ အိမ်ထောင်တစ်ခုရဲ့ တာဝန် ဝတ္တရားအားလုံးကို သူချည်း ယူထားပြီး သူချည်းအပင်ပန်းခံ ကျွန်တော့်ကိုလည်း မလစ်ဟင်းရအောင် ပြုစုယုယတာ၊ ယုတ်စွအဆုံး ငွေရေးကြေးရေးမှာတောင်မှ ကျွန်တော်တို့ညီအစ်ကိုကုမ္ပဏီက အမြတ်အစွန်း ဝင်ငွေဆိုတာမျိုးတွေ၊ ကျွန်တော့်ဘဏ်အကောင့်ဆီပဲ တန်းသွားတာ၊ တော်ရုံ ထုတ်မသုံးစေဘူး၊ ငွေအင်အားတစ်ခုခု လိုအပ်လာရင် အလုပ်မှာ ပြန်ထည့်သုံးလို့ရအောင် ဆိုပြီးတော့၊ သူ့ဆိုင်





ဝင်ငွေကိုပဲ သုံးစွဲပြီး အိမ်ထောင်ရပ်တည်နိုင်တာမျိုးပါ၊ ကျွန်တော့်ကို ဘာအပူသောကမှ ခေါင်းမစားစေတဲ့ မိန်းမမျိုးပါ"

ဗညားရင်က မိုးသွန်းကို ကရုဏာသက်သလိုကြည့်ရင်း ...

"ဒီလောက်ဖြစ်နေလဲကွာ ဒီလိုမိန်းမမျိုးကို မင်း ဘာလို့ လိမ်ညာခဲ့တာလဲ၊ သူ့ဘက်က ပေးဆပ်တာ ဖြည့်ဆည်းတာတွေ မင်းနားလည်နေရင် ဘာဖြစ်လို့ သူ မကြိုက်ရင် မလုပ်တော့ပါဘူးလေဆိုပြီး တချို့ကိစ္စတွေ ကိုယ့်ဆန္ဒကို မမြိုးမြဲ မဆင်ခြင်လိုက်လဲ"

"ဒါတော့ ယောက်ျားတစ်ယောက်ကိုဗျာ၊ ပြီးတော့ ကျွန်တော် ငယ်သေးတယ်လေ ကိုရင်ရာ၊ ကျွန်တော်လည်း တစ်ခါတလေ လွှတ်လွှတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်သွားလာချင်တာ လုပ်ချင်တာတွေ ရှိတယ်လေ၊ ဒါတွေက မမစောကိုရော အိမ်ထောင်ရေးကိုရော ထိခိုက်စေတာမျိုးလည်း မဖြစ်နိုင်ဘူး မဟုတ်လား၊ ကျွန်တော် လိမ်ထွက်တယ်ဆိုလည်း ကိုရင်နဲ့ ကိုကိုနဲ့ပဲ အတူလေ၊ ကျွန်တော်ရော အားလုံးရော မဟုတ်တာ ဘာမှမလုပ်ကြတာ ကိုရင်လည်း အသိဆုံးပဲဟာ၊ အတူတူချင်းမှာ အခုကြည့်၊ မသက်လျာကကျတော့ ကိုကို့ကို ချက်ချင်းခွင့်လွှတ်တယ်တွေ့လား၊ မမစောက ရက်စက်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဗညားရင်က မိုးသွန်းနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဝရန်တာလက်ရန်းဘက် ကျောမှီထိုင်ချလိုက်ရင်း ...

"ဒါကတော့ အခြေအနေ တူပေမယ့် နောက်ခံကားချပ် မတူတော့ ထွက်လာတဲ့ Result လည်း မတူတဲ့ သဘောပဲ လေ"

"ဘာလဲဗျာ ... ကိုရင်ကလည်း"

"သက်လျာက သက်လျာ၊ ခင်မမစောက ခင်မမစော၊ စိတ်အခံချင်း အတွေးချင်း တူမလား၊ နဂိုဗီဇစိတ်မတူတဲ့ အပြင် ဒီယောက်ျားတစ်ယောက်အပေါ် စိတ်ကိုဘယ်လို ပုံစံပေးဆပ်ထားလဲ ဘယ်လိုမြင်ထားလဲ ဘယ်လို Deal လုပ်သလဲ ဆိုတာတွေလည်း ဘယ်လိုမှ မတူညီနိုင်ဘူးလေ၊ မင်း ခင်မမစော အပေါ် ဆက်ဆံပုံနဲ့ မိုးသစ် သက်လျာ အေးကို ကိုင်တွယ်ပုံကလည်း ဘယ်လိုမှ မတူညီနိုင်ဘူး...

မတူညီနိုင်တဲ့ နှစ်စုံတွဲမှာ အဖြစ်အပျက်ဆင်တူ တစ်မျိုးတည်း ဖြစ်ပျက်ခဲ့ပေမယ့် ဒါကို တစ်ပုံစံတည်း ဖြေရှင်းဖို့ မဖြစ်နိုင်ဘူး၊ ထွက်လာတဲ့အဖြေက ဘယ်လိုမှ တစ်မျိုးတည်း မဖြစ်နိုင်ဘူး မိုးသွန်း၊ ဒါကြောင့် သူများ အိမ်ထောင်ရေးတစ်ခုကိုကြည့်ပြီး သူတို့တော့ ဒီလိုပုံစံနဲ့ ဖြေရှင်းပြေလည်ကြတယ်ဆိုပြီး ကိုယ်လည်းပဲ သူတို့အတိုင်း ထပ်တူဖြေရှင်းလို့ မရဘူး၊ သူတို့ အောင်မြင်တဲ့နည်းလမ်း က ကိုယ်ကျတော့ ဘာလို့မအောင်မြင်သလဲ ဆိုတာလည်း အံ့ဩစရာ မဟုတ်ဘူး ...





တခြားစုံတွဲ တခြားလူတွေရဲ့ အိမ်ထောင်တစ်ခု အပေါ် ဖြေရှင်းကိုင်တွယ်ပုံတွေဟာ ကိုယ့်အသိစိတ်ထဲမှာ ဗဟုသုတတစ်ခု အတွေ့အကြုံတစ်ခု စံနမူနာတစ်ခုအနေ နဲ့ ထည့်သွင်းဆင်ခြင်စရာလောက်ပဲ ဖြစ်တယ်၊ အပ်ချ မတ်ချ ဆင်တူလိုက်လုပ်ရမယ့်ဟာတွေ မဟုတ်သလို လိုက်လုပ်တိုင်းလည်း ဆင်တူအဖြေမထွက်ဘူး၊ မအောင် မြင်နိုင်ဘူး ...

ကိုယ့်လှေနဲ့ ကိုယ်လှော်တက်နဲ့ ဘယ်လိုအချိုး အကွေ့မှာ ဘယ်လိုထိန်းလှော်မယ်ဆိုတာ လှော်နေတဲ့ ကိုယ်တိုင် အသိဆုံးပဲ မိုးသွန်း၊ ဟိုဘက်လှေကို လှမ်းကြည့် ပြီး သူရရင် ငါလည်းရရမယ်၊ သူမျှောလိုက်နေသလို ငါ လည်း မျှောလိုက်မယ်၊ သူက ရေစီးကိုဆန်သလို ကိုယ် လည်းဆန်မယ် ဆိုတာမျိုး မဖြစ်နိုင်ဘူး၊ အိမ်ထောင်ရေး တိုင်းမှာ သူ့'အချင့်'နဲ့သူ ရှိတယ်"

မိုးသွန်းက ဗညားရင်ကို အကြာကြီး စိုက်ကြည့်နေ ပါသည်။ ဗညားရင်က မိုးသွန်း ဒူးကို လှမ်းတွန်းလိုက်ရင်း ...

"ဟေ့ကောင် ... ငါ့ကို ဘယ်လိုကြီး ကြည့်နေတာလဲ"

"ခင်ဗျား ဒီလောက်သိနေရင် ကိုရင်ရာ ... ခင်ဗျားနဲ့ မခင်သုတ ဘာဖြစ်လို့ အစေးမကပ်ဖြစ်နေတာလဲ၊ ခင်ဗျား ညည်းညူနေတဲ့ သာယာမှု မရှိဘူးဆိုတဲ့ အခြေအနေ ဘာ ဖြစ်လို့ ဖြစ်နေရတာလဲ၊ ကိုရင် ဒါတွေ နားလည်နေသား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကိုရင်တို့ အိမ်ထောင်ရေးက ဖတ်စ်ကလပ်စ် ဖြစ်နေသင့်တာ"

ဗညားရင်က ခပ်သဲ့သဲ့ ပြုံးလိုက်ရင်း ...

"ဟင်းချက်နည်းတွေ ဆရာကြီးကျအောင် ဘယ်လောက်သိနေနေ လက်တွေ့ထ,မချက်ဘဲနဲ့တော့ အရသာထူးကဲတဲ့ ဟင်းတစ်ပွဲ ဖြစ်မလာဘူးလေ မိုးသွန်း၊ လက်တွေ့လိုတယ်၊ သားငါးကို ခုတ်ထစ်တုံးတစ်ရမယ်၊ marinade လုပ်ရမယ် နယ်ဖတ်ရမယ်၊ မီးဖိုရမယ်၊ အိုးတင်ပြီး ချက်ရမယ်၊ ကျက်မှ ဟင်းဖြစ်လာမှာ၊ တစ်ခါတလေတော့ ကိုယ်တပင်တပန်း ချက်ပြီးမှ အရသာရှိပါ့မလား၊ ပြီးရင် ဘယ်သူက အားပေးသုံးဆောင်မှာလဲ၊ ဒါတွေတွေးပြီး စိတ်ပါလက်ပါ မချက်ချင်ပြန်ဘူးကွာ"

"အခု ကိုရင့်မာမီက ဘာဖြစ်လို့ ကိုရင့်ကို ..."

"စိတ်ထဲမှာ အလေးအနက်မရှိဘဲ စိတ်ပါဝင်စားမှုမရှိဘဲ အပေးအယူမရှိဘဲ မိန်းမတစ်ယောက်ကို စာရွက်တစ်ရွက်ထဲနဲ့ ချုပ်ကိုင်ထားမနေနဲ့တဲ့၊ ဒုက္ခပေးရာကျတယ်တဲ့"

"အဲဒါ ဘာကိုပြောတာလဲ ကိုရင်"

"ခင်သုတကို တကယ်မချစ်ရင် အချိန်မနှောင်းခင် ကွာပေးလိုက်ပါဆိုတဲ့ သဘောပဲ"

မိုးသွန်း စိတ်မကောင်းသလို ငိုင်သွားရပါသည်။

❂ ○ ❂





၉

"ကျွန်မတို့တစ်တွေက ဒီအိမ်ထောင်အပေါ်မှာ ဒီလင်ယောကျ်ားအပေါ်မှာ ကလေးရှိရင် ဒီရင်သွေးတွေအပေါ်မှာ စိတ်ရောကိုယ်ပါ ပုံနှစ်ပြီး အပ်နှံထားကြတာ၊ ချွင်းချက်နဲ့ မိန်းမမျိုးတွေလည်း ရှိနိုင်တယ်၊ ကိုယ့်အိမ်ထောင်ကို တန်ဖိုးမထားတဲ့ ကိုယ်တိုင်အပြစ်ကျူးလွန်နေတဲ့ မိန်းမဆိုးတွေလည်း ရှိတော့ ရှိပါလိမ့်မယ်၊ ဒါပေမဲ့ မိန်းမများရာစုဟာ ကိုယ်တည်ဆောက်ထားတဲ့အိမ်ထောင် အောင်မြင် သာယာချင်တာပဲ၊ ကျွန်မတို့ ပညာရှိကဝိတွေလည်း မဟုတ်ဘူး၊ အိမ်ထောင်ရေးပါမောက္ခတွေလည်း မဟုတ်ဘူး၊ ဒီတော့ ဒီအိမ်ထောင် ပျော်ရွှင်ဖို့ သာယာဖို့ အောင်မြင်ဖို့ ကိုယ့်ခြေကိုယ့်လက် အားကြိုးမာန်တက် တွေးကြကြိုးစားကြတဲ့အချိန်မှာ ကျွန်မတို့အမှားတွေလည်း အများကြီးလုပ်မိနိုင်တယ်၊ ဝန်ခံပါတယ်၊ ကျွန်မတို့မှ မှန်တယ်လို့ မပြောပါဘူး ...

ဒါပေမဲ့ ရှင်တို့ ဒဏ်ရာပေးရင် နာကျင်ရမှာ၊ ရှင်တို့လှည့်စားရင် ခံရမှာ ကျွန်မတို့ မိန်းမတွေလေ၊ ရှင်တို့ အပြုအမူကို ကျွန်မတို့က မကျေနပ်လို့ အပြစ်ပြောတဲ့ အခါ လုပ်မှာပဲ လုပ်တော့ဘာဖြစ်လဲဆိုပြီး ရှင်တို့စိတ် ရှင်တို့ကိုယ် နေချင်သလို နေပြတော့ ကျွန်မတို့ ဘာတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်လဲ၊ ဘာမှမတတ်နိုင်ပါဘူး၊ ရှင်တို့ကို ကိုယ်ချင်းစာတတ်အောင် ပြန်လည်ထိုးနှက်ဖို့ ဝံ့ပြန်ဖို့ကျတော့ ကျွန်မတို့ မိန်းမတွေမှာ စည်းတွေ ဘောင်တွေက အများကြီး၊ မသင့်တော်တာတွေ အများကြီး ...

အခု ရှင့်ကို သက်လျှာက ချက်ချင်းပြေလည်ကြေအေးလိုက်တဲ့အခါမှာ သူ့ရင်ထဲ သူ့စိတ်ထဲမှာ ဘယ်လိုကသိကအောက် ဝေဒနာမျိုးမှ မကျန်ရစ်ဘူးလို့ ရှင်ထင်လို့လား၊ ချက်ချင်းခွင့်လွှတ်လိုက်ဖို့ သည်းခံမျိုချလိုက်ဖို့ သူ့ရင်တွေ ဘယ်လောက်နာခဲ့ဦးမလဲ ရှင်သိလို့လား၊ ကျွန်မသူ့လောက် ပါရမီမရှိဘူး၊ ရှင်ရထားတဲ့ မိန်းမရဲ့တန်ဖိုးကိုလည်း ရှင် သိထားဖို့ လိုသေးတယ်"

မိုးသဲစ်က သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပါသည်။ သူ့ကို မျက်ရည်လည်တဲ့ မျက်လုံးကြီးတွေနှင့် စူးစူးစိမ်းစိမ်းကြည့်ပြီး တစ်လုံးချင်း ခပ်ပြတ်ပြတ် ပြောနေတဲ့ ခင်မမစောမျက်နှာကိုလည်း စူးစိုက်ကြည့်ကာ နားထောင်နေခဲ့ပါသည်။ ဒီလိုတွေ အပြောခံရမည်ဆိုတာတော့ မလာခင်ကတည်းက သိပြီးသားပါ။ ဒါပေမဲ့သက်လျှာက ကျန်နေစိတ်စုတွဲလည်း ပြေလည်သွားအောင် တတ်နိုင်သလောက် နူတ်အားနှင့်ဖြစ်စေ ကူစေလိုသည်။ ခင်မမစောရဲ့ စကားလုံးကြီးတွေအောက် သူ ပိရဦးမည်ကို သိသိနှင့် သူလာတောင်းပန်ပေးခြင်းမှာ သက်လျှာကို လိုက်လျှောခြင်းအားဖြင့် သက်လျှာအပေါ် လွှန်ခဲ့သော သူ့အလွှန်တစ်ခုကို ကြေ





နိုင်သလောက်လေး ခြေချင်တာလည်း ပါပါသည်။ မိန်းမကို အလိုလိုက်ပြီး ချော့နည်းတစ်မျိုးလည်း မည်ပါသည်။

ဒါ့အပြင် သူကိုယ်တိုင်လည်း ညီဖြစ်သူ မိုးသွန်းကို သူ့မိန်းမနဲ့သူ အမြန်ဆုံး ပြေလည်မှုရစေချင်တဲ့ဆန္ဒလည်း ပါသည်။ နားလည်းညည်းသည်။ စိတ်လည်းရှုပ်သည်။ တကယ်လည်း စိတ်မကောင်းပါ။ ဒါကြောင့်လည်း ဆရာလုပ်တယ်ကြီးကျယ်တယ်ရယ်လို့ သူကိုယ်တိုင် သိပ်ကြည့်မရချင်လှတဲ့ ခယ်မကြီးထံကို ရောက်လာပေးခဲ့ရတာပင်။

"ကျွန်တော် ခင်ဗျားလိုတော့ အရှည်ကြီး စီကာစဉ်ကာ မပြောတတ်ဘူးဗျာ ခင်မမစော၊ ဒါပေမဲ့ ခင်ဗျားပြောသလိုပဲ ချွင်းချက်ယောကျ်ားတွေကိုဖယ်ထား၊ ကျွန်တော်တို့ယောကျ်ားဆိုတာတွေကလည်း ယောကျ်ားသဘာဝ အလျောက် တစ်ခါတစ်ရံ လွတ်လွတ်လပ်လပ်လေး အပေါင်းအသင်းနဲ့ ပျော်ချင်ပါးချင် ပေါလားဟားလား လုပ်ချင်တာကလွဲရင် ကိုယ့်ဇနီးမယား ကိုယ့်သားသမီး မိသားစုကိုတော့ တန်ဖိုးထားကြတာချည်းပဲ၊ အိမ်ထောင်ရေးကိုလည်း ခင်ဗျားတို့မိန်းမတွေလိုပဲ သာယာစေချင်တဲ့သူချည်းပဲပေါ့၊ ကိုယ့်အိမ်ထောင်ရေး မအောင်မြင် မသာယာစေလိုတဲ့ လူရယ်လို့ ရှိမလားဗျ ...

အေး ... ဒါပေမဲ့ဗျာ ခင်ဗျားစကားအတိုင်းပဲပေါ့၊ ကျွန်တော်တို့လည်း ပညာရှိကဝိတွေ ပါမောက္ခတွေ သူ



www.burmeseclassic.com

www.burmeseclassic.com



တော်စင်တွေ မဟုတ်တဲ့ ပုထုဇဉ်ယောကျာ်းတွေဗျ၊ ရည်ရွယ်ပြီးဖြစ်စေ မရည်ရွယ်ဘဲဖြစ်စေ မှားသွားတဲ့ အပြုအမူ ခင်ဗျားတို့ကို စိတ်ဒဏ်ရာပေးမိတဲ့ လုပ်ရပ်မျိုး ဖြစ်သွားခဲ့ရင် ကျွန်တော်တို့လည်း စိတ်ဆင်းရဲတာပဲဗျ၊ အခု ဗန်ကောက်ထွက်သွားကြစာယ် ဆိုတာလည်း အပျော်သွားကဲနေကြတာ မဟုတ်ဘူး၊ စိတ်ဖိစီးတဲ့အလျောက် စိတ်ပြေလက်ပျောက် စိတ်လွတ် ကိုယ်လွတ် တစ်နေရာကို ပြေးတဲ့သဘောပဲ၊ ဒီလုပ်ရပ်ကိုလည်း မှန်တယ် ပြောနေတာတော့ မဟုတ်ဘူးနော်၊ မှားတဲ့အခါလည်း မှားပေမပေါ့ဗျာ...

ဒါပေမဲ့ ဘယ်ယောကျာ်းမှတော့ ကိုယ့်မိန်းမ ကိုယ့်သားသမီးနဲ့ မကွဲချင်ဘူးဗျာ၊ မခွဲနိုင်ဘူးဗျာ၊ ဒါလေးတစ်ခုတော့ ကျွန်တော်တို့ အပြစ်တွေကြားထဲ ထည့်သုပ်ပြီးမြင်အောင် ကြည့်ပေးပါဦး၊ ကျွန်တော် တောင်းဆိုတာပါ၊ မိုးသွန်းက ကလေးစိတ်ဆိုတာ ခင်ဗျားလည်း သိပါတယ် ခင်မမစော၊ ခင်ဗျားကိုလည်း ရှင်းရှင်းပြောရရင် ချစ်ကြောက်ရှိသေဆိုတာ ခင်ဗျားအသိဆုံးပါ၊ ဖွတ်ပြန်တက်လာဖို့တောင် ခင်ဗျားကို ဆန့်ကျင်ပြီး မလုပ်ရဲဘူး ဖြစ်နေတာ၊ ဒီအပြစ်လောက်နဲ့တော့ ခင်ဗျားလည်း မိုးသွန်းကို မကွာရှင်းဘူးဆိုတာ သိပါတယ်၊ ခွင့်လွှတ်မယ့်တူတူ ခပ်မြန်မြန်လေး ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေဗျာ ...





ခုဆိုရင်ပဲ ကျွန်တော်တို့ ခရီးထွက်သွားလိုက်တာ ရော ပြန်ရောက်လာပြီးမှ အခု ခင်မမစော ဆေးရုံကဆင်းလာပြီးတဲ့နောက်ဆိုတော့ နှစ်ပတ်နီးပါးတောင် ရှိနေပါပြီဗျာ၊ ခင်ဗျား စိတ်ကျေနပ်အောင် သူ တောင်းပန်ချင်နေတာပါ၊ ခက်တာက ခင်ဗျားက လာရဲလာကြည့်ဆိုရင် ခင်ဗျားရဲ့မိုးသွန်းက မလာရဲဘူးဗျ"

မျက်လွှာကိုစင်းစိုက်၍ ခင်မမစော ငြိမ်နေမိပါသည်။ နှုတ်ခမ်းလေးတွေကတော့ တင်းတင်းစေ့နေသည်။ ခွင့်လွှတ်လိုခြင်းနှင့် ခွင့်မလွှတ်နိုင်ခြင်းက ငါးဆယ်ရာနှုန်းစီ လွန်ဆွဲနေလေသည်။

❂ ○ ❂

"ဟယ်လို ... ဟယ်လို ... မမစော"

"သက်လျာ ပြောလေ"

"မမစော ဘယ်မှာလဲဟင် ... ဆိုင်မှာလား၊ ခုချက်ချင်း အိမ်ကိုအမြန်လိုက်လာပါ"

"ဘာဖြစ်လို့လဲ"

ခင်မမစောက မျက်မှောင်ကြုတ်၍ သက်လျာရဲ့ အမောတကောအသံကို အံ့သြစိတ်ပူသွားပါသည်။

"ကို ... ကိုမိုးသွန်း၊ သက်လျာတို့အိမ်ရဲ့ သုံးထပ်လေသာလေးမှာ ... ဟို ... ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



သက်လျာတို့အိမ်က ခြံခပ်ကျဉ်းကျဉ်းလေးထဲမှာ မြေပိုလေးရှေ့မှာကျန်အောင် အိမ်ကို သုံးထပ်ထိမြှင့်၍ ဆောက်ထားတာ ဖြစ်သည်။ ဘုံဒေါင်ရှည် သုံးထပ်တိုက်လေး။

"ဘာဖြစ်လို့လဲ"

"လေသာလေးကနေ ခုန်ချမယ်လို့ ခြိမ်းခြောက်နေတယ်"

"ဟင် ..."

"မမစောက ခွင့်မလွှတ်လို့ သူ မနေတော့ဘူးတဲ့၊ ဟိုးအပေါ်ကိုတက်သွားပြီး အခု လေသာဆောင်လေးရဲ့လက်ရန်းဆောင်မှာ၊ ဘယ်လိုမှ ချော့ပြောလို့ တောင်းပန်လို့လည်း မရဘူး မမစောရယ်၊ မြန်မြန်လာခဲ့ပါနော်၊ ခုချက်ချင်းလိုက်လာခဲ့ပါ၊ ကိုကို့ကိုလည်း လှမ်းပြောပြီးပြီ၊ ကိုကိုလည်းအိမ်ပြန်လာပြီး ချော့မော့ဖျောင်းဖျ နားချနေတာ ဘယ်လိုမှမရဘူး၊ ခုန်ချသွားရင် တစ်ခါတည်း အရိုးအသားကြေပြီးသေမှာလေ မမစောရဲ့၊ လာပါနော် ... အခုလာပါ၊ ခွင့်လွှတ်လိုက်ပါ၊ 'ပြန်ချော့ခေါ်လိုက်ပါ"

ခင်မမစော မျက်မှောင်ကြုတ်က တဖြည်းဖြည်းပြေကာ မဲ့ပြုံးသဲ့သဲ့ ဖြစ်လာသည်။

"ဒီမှာ သက်လျာ၊ ဓာတ်လမ်းတွေ ထွင်မနေကြနဲ့ ၊ ဓာတ်လမ်းထွင်တာတောင်မှ တို့က တစ်ပြန်လိုက်လာ ချော့ခေါ်ရမယ့် ဓာတ်လမ်းမျိုး ထွင်တာကတော့ မတရားဘူးပေါ့ကွာ"





"အို ... မမစောကလည်း ဓာတ်လမ်းထွင်တာ မဟုတ်ပါဘူး၊ တကယ်ပြောနေတာပါ၊ တကယ်ခုန်ချသေသွားရင် ဘယ်လိုလုပ်မလဲဟင်၊ လာပါ ...လာတားပါ ... လာချော့ခေါ်ပါ"

"ဒီမှာ သက်လျာ၊ တကယ်ဆိုရင် ကိုမိုးသစ်ကို ပြောလိုက်၊ သူ့အစ်ကိုပဲ၊ ရအောင်တားပေါ့လို့၊ ဒါ စကားအဖြစ်ပြောတာပါ၊ တို့တကယ် စိတ်ရင်းကတော့ အယုံအကြည်ကိုမရှိဘူး၊ အိမ်မှာ မျက်နှာကြက်အမြင့်ကြီးက မီးဆိုင်းဆွဲကြိုးမှာ မီးလုံးလဲဖို့ ကြိုးလာတော့ နှစ်ဖက်ခွ လှေကားနဲ့တက်ရမှာ၊ အဲဒီခွလှေကားရဲ့ ထိပ်ဆုံးထစ်မှာ မရပ်တတ်ဘူး၊ မရပ်ရဲဘူးဆိုလို့ ခင်မမစော ကိုယ်တိုင်တက်ပြီး မီးလုံးကို ဖြုတ်လဲခဲ့ရတာပါနော်၊ ဒီလိုလူက သုံးထပ်တိုက်ရဲ့ ဟိုးအပေါ်လေသာလက်ရန်းမှာ တက်နေတယ်ဆိုတော့ မယုံရေးချမယုံ ... အဟင်း ဟင်း ...

တကယ် အမှန်အကန် ဆိုရင်တော့ ရှင်တို့လင်မယားအိပ်တဲ့ ဒန်းလော့ပ်နှစ်တုံးဆင့် မွေ့ရာကြီးကို အိမ်ပြင်သယ်ထုတ်ပြီး သူ ခုန်ချမယ့်ဘက်က ခံပေးထားလိုက်ပေါ့၊ ဒါပဲ သက်လျာရေ"

ဖုန်းချသွားတာမို့သက်လျာက သက်ပြင်းတစ်ချက်နှင့် နောက်ကို လှည့်ကြည့်လိုက်ပါသည်။ စိတ်စောမှျော်လင့်သော မျက်နှာနှင့် မိုးသွန်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲဟင် ... ဘာတဲ့လဲ"

"ခုန်ချမယ့်နေရာမှာ ဒန်းလော့ပ်နှစ်တုံး ဆင့်ခံထားပေးလိုက်တဲ့"

မိုးသစ်က မိုးသွန်းဘက်သို့ "အစကတည်းက ငါ မပြောဘူးလား"ဆိုတဲ့ အမူအရာနှင့် လှမ်းကြည့်လိုက်လျှင် ဝမ်းနည်းကြေကွဲသွားတဲ့ ညီဖြစ်သူရုပ်ကိုမြင်၍ သူ့မျက်နှာကို ပြင်လိုက်ရပါသည်။

❂ ○ ❂

ဘယ်လိုပိတ်ပစ်ပစ် ဆက်တိုက်ဆက်ခေါ်နေတဲ့ဖုန်းကို ခင်မမစောက နောက်ဆုံးတော့ ဖွင့်ကိုင်လိုက်ပါသည်။

"ကဲ ... ပြော ... မိုးသွန်း၊ မကိုင်ရင် ပြီးမှာမဟုတ်လို့ ကိုင်တာ၊ ဘာပြောမှာလဲ ပြောပြီးရင်ချ"

"မမစော ... မမစောက ငါခွင့်မပြုဘဲ အနားရောက်မလာနဲ့ဆိုလို့ မောင် ဖွတ်ဝင်မလာတာပါ၊ မောင် ဆိုင်အပြင်မှာ ရောက်နေတယ် မမစော"

"နင့်ဟာနင် ဆိုင်ပြင်ရောက်နေတာ ငါက ဘာလုပ်ရမှာလဲ၊ နေပါဦး ... ဟိုတစ်နေ့က သုံးထပ်တိုက် လေသာဆောင်ကနေ ခုန်ချသေမလို့ဆိုတာ ဘယ်သူပါလိမ့်"

"ဟုတ်တယ် ... ခုန်မချတော့ဘူး၊ ခုန်ချလို့ သေသွားရင် မောင် မမစောနဲ့ ဘယ်လိုလုပ် တွေ့ရတော့မလဲ"





"အမယ်လေးဟယ် ... ကြောက်ရင် ကြောက်တယ်ပေါ့ မိုးသွန်းရယ်၊ ခုန်မချရဲရင် မချရဲဘူး ရှင်းရှင်းပေါ့၊ ဒီမှာ... ငါ့ကို နောက်တစ်ခါ အဲလို ပလီစိချောက်ချက် ခြောက်လုံးလှန့်လုံးတွေ လာမလုပ်နဲ့ အယုံအကြည်ကိုမရှိတာ သဘောပေါက်လား"

"မမစော ... ဆိုင်ထဲကနေ အပြင်လောကကို မြင်ရောမြင်ရဲ့လား၊ အပြင်မှာ မိုးတွေတအားသည်းနေတာ သိရဲ့လား၊ မုန်တိုင်းရှိတယ်လို့လည်း ဦးထွန်းလွင်က ကြေညာထားတယ်၊ အခု မောင် မိုးထဲမှာ ရပ်နေတာ မမစော သိရဲ့လား"

"အမယ်လေး... ဟား ဟား ဟား၊ ရယ်လိုက်ရတာမိုးသွန်းရယ်၊ ဦးထွန်းလွင်က မုန်တိုင်းရှိတယ် ကြေညာတာနဲ့ ငါက မိုးထဲရပ်နေတဲ့ နင့်ကို သစ်ပင်ကျိုးပြီး ပိသေမှာစိုးရိမ်ရတော့မှာလား၊ နင့်အဘိုးအေမုန်တိုင်းက ကမ်းရိုးတမ်းကိုတောင် ပါးပါးလေးပဲ ပုတ်သွားမှာ၊ ဒီရပ်ကွက်နဲ့အလွတ်ကြီး၊ နင့်ဟာနင် ရူးလို့ မိုးထဲရပ်နေတာ ငါက ဘာလုပ်ရမှာလဲ၊ ဒီမှာ ငါ အလုပ်တွေရှုပ်နေတယ် ဒါပဲ"

"မမစော ... မောင် ဆိုင်ထဲဝင်လာခဲ့မယ်နော်၊ မောင်ရွှဲစိုနေပြီ၊ အရမ်းလည်း ချမ်းနေပြီ။ ဟပ်ချိုး ...၊ ခဏနေရင် အအေးမိပြီး တုပ်ကွေးဖြစ်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးသွန်း ... နင် ငါ့ကို ဟာသလာလုပ်နေတာလား၊ ငါ အရမ်းအလုပ်တွေ များနေတယ်၊ နင့်ကို ညာပြောနေတာ မဟုတ်ဘူး၊ သိတင်းကျွတ်နီးပြီဆို ငါ့ဆိုင်မှာ ဘယ်လောက် အလုပ်များတယ် နင် သိတယ်မဟုတ်လား၊ ဆရာဝန်ခိုင်းတဲ့ Complete bed rest တောင် ငါ ဘယ်နှရက်မှ မနေနိုင်ဘူး၊ အလုပ်တွေ ချာလပတ်ရမ်းနေတာ ဗန်ကောက်လည်း အပန်းဖြေ အနှိပ်ခံ မထွက်နိုင်ဘူး၊ နင့်ဟာသတွေ ရယ်စရာတောင် အချိန်မရှိဘူး"

"အဲဒီ ... နင် ... နင်နဲ့ ... ငါ ... ငါနဲ့ ... ရက်ရက်စက်စက် သုံးနှုန်းနေတာတွေ မရပ်သေးဘူးလား မမစောရယ်၊ မောင် အရမ်းဝမ်းနည်းနေပြီ၊ နေလို့မရတော့ဘူး၊ ကိုယ့်မိန်းမကိုယ် စိတ်ပူလို့တောင် မျက်နှာလေး တစ်ချက်ကြည့်ခွင့် မရဘူး၊ ခွင့်လွှတ်ပါတော့ဗျာ၊ တောင်းပန်ပါတယ်၊ နောင် ... မမစော မကြိုက်တာ မောင် ဘယ်တော့မှမလုပ်တော့ပါဘူး၊ မမစောကို အရမ်းလည်းလွမ်းနေပြီ၊ မမစော မရှိဘဲ မနေနိုင်ဘူး၊ ခွင့်လွှတ်ပေးပါ၊ ဒီတစ်ကြိမ်ပဲ ခွင့်လွှတ်ပေးပါဗျာ၊ မမစောကို မောင် ဘယ်လောက်ချစ်လဲ မမစော အသိဆုံးပါ"

မိုးသွန်းရဲ့အသံသည် ဝမ်းပန်းတနည်း အဆုံး၌ အက်ကာ တိမ်ကာ ဝင်သွား၍ ခင်မမစောရဲ့ရင်မှာ တစ်ချက်တော့ နင့်သွားရပါသည်။ သိသားပဲ။ ဒီကောင်ကလေး သူ့ကို ဘယ်





လောက်ချစ်တယ်ဆိုတာလည်း သိတာပင်။ ဘယ်လောက်ချွဲနွဲ့ပြီး အယုအယကြိုက်တယ်ဆိုတာလည်း သိတာပင်။ သူ့ကိုလည်း ခင်မမစော ဘယ်လောက် ချစ်မြတ်နိုးယုယလဲ။ ဒါကို မထောက်မထား လှည့်စားရက်တာကို စိတ်နာတာလေ။

လူက ပျော့ပျော့ကလေးဖြစ်၍ "ကိုကိုနဲ့" "မောင်မောင်နဲ့" "ဦးနဲ့" စသဖြင့် အမျိုးမျိုး ကင်ပွန်းတပ်ရတဲ့ ဒီကောင်လေး ဒီလောက် မိုးသည်းထဲ ဒီလောက်ကြာမှတော့ ဖျားတော့မှာ အမှန်ဆိုတာလည်းသိသည်။ စိတ်လည်း ပူလာသည်။ သို့ပေမဲ့ တင်းမိတာများတော့ လျှော့ရလည်း ခက်နေပြီ။

"နင် ... ငါ့စကား နားထောင်မယ်ဆိုရင် ခုချက်ချင်း ကားပေါ်တက်ပြီး ဆိုင်ရှေ့က ထွက်သွားတော့၊ အိမ်ကိုပြန်တော့"

"အိမ် ... ! ဘယ် ... ဘယ်အိမ်လဲဟင် ... မမစော"

"ဘယ်အိမ်ရှိမလဲ၊ နင့်ဆရာသမား ဗညားရင်အိမ်ပေါ့၊ နင် ပျော်တဲ့အိမ်၊ နင်နေချင်တဲ့အိမ်၊ အခုပြန်၊ အခုဖုန်းချ... ဒါပဲ"

✿ ○ ✿



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မလည်း မဟုတ်နိုင်ဘူး ကိုဗညားရင်၊ ရှေ့ဖြစ်ဟောင်းတွေနဲ့ အဲဒီညက လင်းဇော်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဘာဆိုင်လို့လဲ"

"အဲဒီ မိုးမင်းဆက်မကြာခင်လေးကမှ ဂျပန်က ပြန်ရောက်လာတာ ငါ သိတယ် ခင်သုတ၊ ငါမသိဘူး မထင်နဲ့"

"မထင်ပါဘူး၊ ရှင်သိချင်လည်း သိပေါ့၊ ကျွန်မကတော့ သိတောင် မသိဘူး၊ ဒီလူဟာ လင်းဇော်ပါဆိုရက်နဲ့ မိုးမင်း ဆက်လို့ ရှင်ထင်နေရင်လည်း ကျွန်မ ဖြေရှင်းစရာ စကားမရှိဘူး၊ ကျွန်မဘေးမှာ ယောကျ်ားတစ်ယောက်ထိုင်နေတာနဲ့ အဲဒါ မိုးမင်းဆက် ဖြစ်မယ်လို့ ရှင် သံသယဝင်ပေမယ့် ကျွန်မကတော့ ရှင့်ရည်းစားဟောင်းအစစ် နီလာညိုကျွန်မကို ဟန်းနီးမွန်းခရီးမှာ တည့်တည့်ကြီး ရိသဲ့သဲ့လာလုပ်နေတာတောင်မှ ရှင်တို့ ပြန်ငြိနေကြသလားလို့ သံသယမဝင်ပါဘူး"

"ဒါဖြင့် အဲဒီတုန်းကစပြီး မင်း ဘာဖြစ်လို့ ငါ့ကိုအေးစက်စိမ်းကားခဲ့သလဲ"

"သူ့စကားတွေထဲ ပါတာတွေအရ ရှင် သူ့ကို သိပ်ချစ်ခဲ့ဖူးတာ ရိပ်မိလို့ပါ"

"ဟား ... ငါက သူ့ကို သိပ်ချစ်ခဲ့ရဦးမယ်၊ ကိ ... ကိ... ရယ်တောင် ရယ်ချင်တယ်၊ သူက နေရာတိုင်းမှာ သူ့ကိုယောကျ်ားတွေက အင်မတန် ကြွေတာပါဆိုတာကို ဂုဏ်





လုပ်နေကျ မိန်းမပဲ၊ သူ့စကား ယုံနေရင်တော့ မင်းရူးထွက်သွားလိမ့်မယ်"

"သူက ရှင့်ရဲ့ နောက်ဆုံးရည်းစားလေ"

"ဒီတော့ ဘာဖြစ်လဲ"

ခင်သုတက မချိတင်ကဲလေး တစ်ချက်ပြုံးလိုက်မိရင်း ...

"အဲဒီ ဟန်းနီးမွန်းတုန်းက ရှင်မပါဘဲ သူနဲ့ ကျွန်မတစ်ကြိမ် စကားပြောဖြစ်ခဲ့သေးတယ်၊ ရှင်က ဟိုတယ်မှာပဲရေကူးနေတယ်၊ ကျွန်မနဲ့ သူနဲ့ စားသောက်ခန်းမှာ ကော်ဖီသောက်ရင်း သွားဆုံတယ်လေ၊ သူက ကျွန်မကို ပြောသွားတယ်၊ အမေပေးစားတဲ့သူနဲ့ လက်ထပ်ရတော့မှာမို့လို့ သူ့ကို ရှင်က ဖြတ်ရတာပါတဲ့၊ ရှင်က ပြောတယ်တဲ့၊ ယူမယ့်မိန်းမကို လုံးဝလည်း မချစ်ဘူး၊ ချစ်တယ်လို့လည်း ဘယ်တော့မှ တစ်ခွန်းမှ ပြောမှာမဟုတ်ဘူးလို့ သူ့ကိုပြောခဲ့ပြီးသား ကတိပေးပြီးသားတဲ့၊ တကယ်လို့များ ရှင်က ကျွန်မကို ချစ်တယ်လို့ ပြောခဲ့ရင် အရက်မူးနေလို့လားဆိုတာ ဆန်းစစ်ဦးတဲ့၊ ရှင် သူ့ကိုဖြတ်တဲ့နေ့က ရှိုက်ကြီးတငင် ငိုတယ်တဲ့"

ဗညားရင် ပါးစပ်အဟောင်းသားပွင့်ကာ ခင်သုတကို စိုက်ကြည့်နေမိသည်။ အံ့သြရပါဘိ။ ဒါတွေ အဲဒီတုန်းကတော့ ပြန်မပြောပြခဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … ဒါနဲ့ မင်းက အဲဒါကို ယုံခဲ့ရောပေါ့ ဟုတ်လား၊ ငါက ချစ်တဲ့သူကိုစွန့်ပြီး အမေပေးစားတာယူ ရမယ့်အတွက် ရှိုက်ကြီးတငင် ငိုတယ်ဆိုတာကို မင်းယုံ လိုက်တယ်ပေါ့၊ အမယ်လေး … ခင်သုတ … ခင်သုတ"

"သူ့စကားတွေကို ကျွန်မ အကုန်မယုံပါဘူး"

ဗညားရင်က ခင်သုတ မျက်နှာအနား သူ့မျက်နှာကို တိုးကပ်နီးစပ်ကာ …

"ဘယ်ဟာကိုတော့ ယုံသလဲ"

"ကိုဗညားရင် … ဒါ မျက်စိဆေးရုံဆိုပေမယ့် ဒီဆေးရုံမှာ ကျွန်မနဲ့ခင်တဲ့ ဆရာဝန် ဆရာမတွေ ရှိတယ်၊ ရှင့်အပြု အမူကို တစ်ဆိတ်လောက် ဆင်ခြင်စမ်းပါ"

"မဆင်ခြင်နိုင်ဘူး၊ ကိုယ်က မင်းယောကျ်ားလေ"

ဗညားရင်က ပြောရင်း ဆိုရင်း ခင်သုတ ပခုံးလေး ကို ဖွဖွလေး တမင်တကာ လှမ်းဖက်လက်တင်ထားလိုက်ပါသည်။

"ကဲ … ပြော၊ မင်းက အကုန်မယုံဘဲ ဘာကိုတော့ယုံ သလဲ"

ခင်သုတက တဆတ်ဆတ်ဘုန်လာတဲ့ နှုတ်ခမ်းလေး ကို ဆွဲဖြန့်၍ အတင်းပြုံးရင်း …

"ဘယ်တော့မှ ချစ်တယ်လို့ တစ်ခွန်းမှ ပြောမှာမဟုတ်ဘူး ဆိုတာကိုပဲ တဖြည်းဖြည်း ယုံလာတာပါ"

ခင်သုတရဲ့ပခုံးကို ပြောင်ချော်ချော် ဖက်ထားတဲ့ ဗညားရင်ရဲ့လက်က ဖျတ်ခနဲ ပြုတ်ကျသွားပါသည်။ နှုတ်ခမ်း





အစုံကို တင်းတင်းစေ့၊ မျက်ဝန်းတွေ စင်းစင်းမှေးပြီး ခင်သုတ ကို စိုက်ကြည့်နေမိသည်။ ရင်ထဲမှာလည်း ဟာတာတာ ခပ်နင့် နင့်နင့် တဆတ်ဆတ် လှုပ်ရှားယမ်းခါလာသည်။ မပြောမိခဲ့ဘူး။ ဟုတ်တယ်။ သူဟာ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို ဦးရေမ နည်းသော ရည်းစားပေါင်းများစွာကို ရက်ရက်ရောရော ပြောဖူးခဲ့ တဲ့သူ မဟုတ်။ ဘယ်ရည်းစားကိုမှလဲ ချစ်လှပါချည်ရဲ့လို့ ခခ ယယ မတောင်းခံခဲ့ရဖူးတာပဲဟာ။ သူ့နှုတ်က အလွယ်မထွက်ခဲ့ သော မထွက်နိုင်သော စကားလုံးပါ။

ဟန်းနီးမွန်းမှာ စိမ်းတန်းသွားပြီးတဲ့နောက် ခင်သုတ ကိုလည်း သူ မပြောဖြစ်ခဲ့တော့တာပါ။

"အဟင်း … ရှင်က ဘာကြောင့် အေးစက်စိမ်းကားသွား သလဲမေးလို့ ပြောပြတာပါ၊ ကျွန်မ အတေးအမှတ်ကြီး ထားထားတာလည်း မဟုတ်ပါဘူး ကိုဗညားရင်၊ ကိစ္စမရှိ ပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မက ခုချိန်မှာ ရှင့်ကိုပွင့် ပွင့်လင်းလင်း ပြောခဲ့ချင်လို့ပါ"

"ခုချိန်မှာဆိုတာ၊ ပြောခဲ့ချင်လို့ ဆိုတာ ဘာအဓိပ္ပာယ်လဲ"

ခင်သုတက သက်ပြင်းမောလေးတစ်ချက် ချလိုက် ပါသည်။

"မာမီခင်က ပြောတယ်၊ နင်တို့နှစ်ယောက်ကို ဒီပုံစံနဲ့တော့ ဆက်မထားနိုင်တော့ဘူးတဲ့၊ နှစ်ယောက်လုံးက မာန်တွေနဲ့၊ ဘာလုပ်မှာလဲ ကွဲလိုက်တော့တဲ့"

ဗညားရင် မျက်နှာက တင်းမာသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက မာမီနဲ့ ဘာဆိုင်လဲ၊ မာမီ ဝင်ပြောစရာ စီစဉ်စရာ လိုတဲ့ကိစ္စလား"

ခွဲစိတ်ခန်းတံခါးက လှစ်ခနဲ ဟ,လာသည်။ အထဲမှာကူနေတဲ့ နာ့စ်လေးက ခင်သုတထံ အပြုံးလေးနှင့် ...

"ပြီးပြီ မမ၊ အိုကေတယ်၊ အန်တီ ခုပဲထွက်လာတော့မယ်"

ခင်သုတက ဇညားရင်ကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"ကိုဇညားရင် ... ရှင် ပြန်လိုက်ရင် ကောင်းမလားလို့"

"ဘာဖြစ်လို့လဲ"

"မာမီက ရှင့်ကို လုံးဝမတွေ့ချင်ဘူးလို့ ပြောတယ်၊ လုံးဝမလာစေနဲ့လည်း မှာတယ်၊ အခု ခွဲခန်းက ထွက်လာပြီးရှင် ရှိတာသိရင် ဒေါသဖြစ်လာမှာစိုးလို့ပါ၊ မျက်စိခွဲထားတော့ ခုလောလောဆယ် ဒေါသတွေထွက် အော်မိရင် မျက်လုံးထဲ သွေးဖိအား များမှာစိုးလို့"

ဇညားရင်က ခင်သုတကို နှုတ်ခမ်းတင်းတင်းစေ့ စူးစိုက်ကြည့်နေရာမှ ချာခနဲ လှည့်ထွက်သွားပါသည်။

❂ ○ ❂





"အဟိ ဟိ ... ခိ ခိ ခိ"

"ဟဲ့ ... နင်တို့ဘာလုပ်နေကြတာလဲ"

ထမင်းစားခန်းကို မီးမိုတ်အမှောင်ချကာ ထမင်းစားခန်း ပြတင်းပေါက်မှ အပြင်ကိုချောင်းကာ တဟိဟိ လုပ်နေတဲ့ မိချိုနဲ့ ဓာတ်ဓာ့ကို ခင်မမစောက ဆတ်ခနဲ ဟောက်လိုက်ပါသည်။ အောင်မယ် ... ခြံဝနားက ဂစ်တာသံနဲ့ သီချင်းသံသဲ့သဲ့ပါလား။ ဘယ်သူများ ဂစ်တာတီးပြီး လာကြူနေပါလိမ့်။ ဟိုဘက်ခြံက ခုမှတိုက်လာဆောက်နေတာဖြစ်ရာ ပန်းရံတွေ အလုပ်သမားတွေ အချို့ ဟိုဘက်ခြံမှာ ညအိပ်ကြတာရှိသည်။ အဲဒီအိမ်လာဆောက်တဲ့ အလုပ်သမားအဖွဲ့ ရှိလာတဲ့ လွန်ခဲ့တဲ့ တစ်လကစပြီး အိမ်က အပျိုနှစ်ကောင်ကို ထိန်းရသလား မမေးနဲ့။

မိချိုက အစိတ်လောက်၊ ဓာဓာက ခုမှ ဆယ့်ခုနစ် ဆယ့်ရှစ်။ နှစ်ယောက်လုံး ရုပ်လေးတွေက သနားကမား သန့်သန့်ပြန့်ပြန့်လေးတွေ။ သူတို့နှစ်ယောက် အိမ်မှာထားရစ်ပြီး ဆိုင်သွားရတာမို့ ခင်မမစောမှာ သူတို့အိမ်ထဲ သေသေဝပ်ဝပ်ရှိရဲ့လား၊ အပြင်ပဲ ထွက်လမ်းသလားမလား။ ခြံထဲပဲဆင်း လူလုံးပြမလားနှင့် စိတ်တပူပူဖြစ်ရကာ တစ်နေ့ ဆယ့်ခြောက်ကြိမ်လောက် အိမ်ကို ဖုန်းလှမ်းဆက် ချက်ကင်ဝင်ရတာလည်း အလုပ်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေနှင့် ငြိစွန်းသွားမှာ စိုးရိမ်ရသည်လေ။ အကြာခံနဲ့ ချစ်ကြရင် တော်သေး။ အိမ်ထဲဖောက်ထွင်းဝင်ချင်လို့ အိမ်ခဲအလုပ်သမကို ချစ်ဟန်ဆောင် တံခါးဖွင့်ခိုင်းတဲ့ ဓာတ်ယမ်းမျိုးက မရှိအောင် ရှိတတ်တာမို့ အမြဲစိုးရိမ်တကြီး အကဲခတ်နေရသည်။

"ကြည့်စမ်း ... နင်တို့က ဂစ်တာလာတီးနေတာကို ချောင်းကြည့်ပြီး သာယာနေတယ် ဟုတ်လား၊ တော်တော်မလွယ်တဲ့ဟာတွေ၊ ကိုယ့်ဣန္ဒြေနဲ့ ကိုယ်နေပါဆို ပြောရတာ အာပေါက်လှပြီ၊ ဘယ်ကောင်လဲ လာဆိုနေတာ ငါနဲ့တော့ တွေ့တော့မယ်"

ခြံဝက သီချင်းသံက အထဲကို ပီပီသသ လွင့်ပျံ့ဝင်လာသည်။ ဘာတဲ့ ... မ, မချစ်လို့တော့ သေနိုင်တယ် ဆိုပါလား။ ကြည့်စမ်း။ သေချင်ရင် သေရပေမပေါ့။ တွေ့မယ်။

"မမ ... မမ"

အိမ်ရှေ့ဘက် ခြေလှမ်းပြင်လိုက်သော ခင်မမစောကို မိချိုက အလောတကြီးတားလျှင် ...

"ဘာလဲ"

"အဲ ... အဲဒါ ... အစ်ကိုမိုးသွန်း ... ဟီ ဟီ ဟိ"

"ဘာ ..."

"အဲဒါလေ အစ်ကိုမိုးသွန်းပါ မမ၊ ရောက်နေတာ ကြာတောင်နေပြီ၊ မိချိုတို့က မမကို လာပြောရကောင်းမလား၊





မပြောရကောင်းမလား စဉ်းစားနေတာ၊ လာပြောရင်လည်း မမ အော်ထုတ်မှာကြောက်လို့ပါ ... အဟီး"

"အဲဒါ ... မိုးသွန်း ... ဟုတ်လား ! နင်တို့အစ်ကို သေချာလား"

"သြော် ... သေချာပါတယ်ဆို မမကလည်း၊ အပေါ်ထပ်ဘုရားခန်းကကြည့်ရင် ကားရပ်ထားတာပါ မြင်ရတယ်လေ၊ အစ်ကိုမိုးသွန်း ကားပဲလေ"

ခင်မမစောသည် ရှက်စိတ်လေး မွန်ထွန်သွားသလို မျက်နှာလေး ရဲလာသည်။ သူကဖြင့် မိချိုတို့ ဂျိတ်ဆက် အကြံဖြယားလားလို့။ ခုတော့ ကိုယ့်ဂျိတ်ဆက် ကိုယ့်အကြံဖြယားတဲ့။ ကလေးကလားနဲ့။ ဘေးအိမ်ခြံတွေ မျက်နှာချင်းဆိုင်ခြံတွေလည်း ကြားသိ တွေ့မြင်နေမှာ။ အမယ်လေး ... ရှက်ဖို့ကောင်းလိုက်တာ။ ကျိတ်ရယ်နေကြတော့မှာပဲ။

ခင်မမစောက ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို နှိပ်ခေါ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... ကိုမိုးသစ်၊ ခင်မမစောပါ"

"ဟုတ်ကဲ့ ... ပြောပါ"

"ရှင့်ညီကို မပြောတော့ဘူးလား၊ လာမခေါ်တော့ဘူးလား၊ ခြံဝလာထိုင်ပြီး မ,မချစ်လို့တော့ သေနိုင်တယ် လုပ်နေတယ်လေ၊ ဂစ်တာတစ်လက်နဲ့၊ ကျွန်မ ရှက်လို့သေတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ လူကြီးမဟုတ် ကလေးမဟုတ်၊ ဘာတွေထင်ရာလုပ်မှန်းမသိဘူး ... ကျွတ်"

"အဟတ် ... ဟား ဟား ဟား"

မိုးသစ်က တခဏ ကြောင်အတိတ်ဆိတ်နေပြီး၊ တရဟော ရယ်ချလိုက်တာမို့ ...

"ဟင် ... ရှင်က ဘာရယ်နေတာတုန်း ကိုမိုးသစ်ရဲ့"

"ခင်မမစောရယ် ... ကျွန်တော့်ကို တဝေးတလံ ပြောခိုင်းမယ့်အစား ခင်ဗျား ထွက်ပြောလိုက်တော့ ပိုမလွယ်ဘူးလားဗျာ၊ ကိုယ့်ဟာကိုယ် ထွက်ပြောပေါ့"

"ရှင် ... ရှင် အစ်ကိုလုပ်နေပြီး ကိုယ့်ညီကိုယ် တာဝန်မယူဘူးလား"

"ညီဖြစ်ပေမယ့် ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်သွားကြတော့ သူ့ကိစ္စက ကျွန်တော့်တာဝန် မဟုတ်တော့ဘူးလေဗျာ၊ သူ့ကိစ္စက ခင်ဗျားတာဝန် ခင်ဗျားကိစ္စက သူ့တာဝန်ဖြစ်သွားပါပြီ၊ ခင်ဗျား ကိုယ့်ဟာကိုယ် ဖြေရှင်းတာပဲကောင်းပါတယ်ဗျာ"

"ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်မ ရဲခေါ်လိုက်မယ်"

"အဟင်း ဟင်း ... ရဲခေါ်ရအောင် သူက ခြိမ်းထိပ်ကနေ မအေနှမ ဆဲတာမို့လို့လား၊ ခင်ဗျားအိမ်ပေါ် ခဲမိုးရွာနေတာမို့လား၊ ခင်မမစော ထွက်ခဲ့ဆိုပြီး ဓားကြိမ်းကြိမ်းနေတာမို့လို့လား၊ မိန်းမကိုလွမ်းလို့ သီချင်းလေးဆိုပြီး လာကြူ





နေတာပါဆိုရင် ရဲက ဘာမှုနဲ့ ဖမ်းမှာလဲ၊ ပတ်ဝန်းကျင်ခြံတွေကလည်း တိုင်သံတောသံ မထွက်တော့ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက် ဖြစ်စေတာမျိုးမရှိလို့နေမှာပေါ့၊ ခင်ဗျား ကြိုက်တာလုပ်လေ၊ ပြည်သူ့ရဲကိုတော့ အလကားနေရင်း အလုပ်ပိုတွေနဲ့ ဝတ္တရားမနှောင့်ယှက်နဲ့ပေါ့ဗျာ"

"ရှင် ... ရှင် ... အဲလိုဝင်ကူမထိန်းလို့ သူက ထင်ရာလုပ်နေတာ"

မိုးသစ်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ခင်မမစော ... မိုးသွန်းက ကျွန်တော့်စကားနဲ့ ခင်ဗျားစကားဆိုရင် ခင်ဗျားစကား ပိုနားထောင်မှာ မသိဘူးလား၊ ခုချိန်မှာ ခင်ဗျားက သူ့ဇနီးဖြစ်သလို အုပ်ထိန်းသူနေရာမှာတောင်ရှိတယ်၊ သူ့ရဲ့ရှေ့ဘဝ အနာဂတ်ဟာလည်း ခင်ဗျားလက်ထဲမှာနော်၊ အခု ရုံးမလာ အလုပ်မလုပ်၊ ပျက်ကွက်နေတာကြာပြီ၊ သူ့တာဝန်ပိုင်းတွေပါ ကျွန်တော်လုပ်လိုက်လို့ရပေမယ့် သူ့စိတ်တွေ လေတော့မယ်ဆိုတာမြင်ယောင်နေတယ်၊ ပြီးတော့ သူ စိတ်ဓာတ်လည်းကျစပြုနေပြီ၊ ခုလောလောဆယ်မှာတော့ သူ ဟိုတစ်နေ့က မိုးမိလို့ အကြီးအကျယ် ဖျားနေတယ်"

"ရှင် ကျွန်မကို စိတ်ညစ်အောင် ခြိမ်းခြောက်နေတာလား ကိုမိုးသစ်၊ တစ်ခုပြီးတစ်ခု"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ခြိမ်းခြောက်လို့ ဘာအကျိုးရှိမှာလဲ၊ အခု တကယ်ဖျား မဖျားတော့ ခင်ဗျား လက်တွေ့ထွက်ကြည့်လိုက်ရင် သိရမှာပဲဟာ၊ လိမ်ပြောနေစရာလားဗျာ၊ ညနေက ကျွန်တော်ပဲ ဆေးခန်းကို ဖွတ်ခေါ်သွားပြီး ပြထားတာပါ"

"ဒါ သူ့ဟာသူ မိုက်မဲလို့ သူ့ဟာသူ ဖျားတာလေ"

"ကောင်းပြီ၊ ဒါဆို ခင်ဗျားကို ကျွန်တော် တစ်ခုပဲမေးမယ်၊ ခင်ဗျား မိုးသွန်းကို လုံးဝပြန်မပေါင်းတော့ဘူး သေချာလား၊ သေချာရင် ကွာရှင်းဖို့ ကျွန်တော်ကိုယ်တိုင် စီစဉ်ပေးမယ်၊ ခင်ဗျား ဒီတစ်ခွန်းပဲ ဖြေပါတော့ဗျာ"

ခင်မမစောက ဒိတ်ခနဲ ရင်တုန်ကာ နှုတ်ဆွံ့သွားပြီးမှ ...

"အဲဒါကို ကျွန်မ ဖုတ်ပူမီးတိုက် ခုချက်ချင်း ပြေးရမလား ပြော"

"ဟင်း ဟင်း ဟင်း ... ခင်ဗျားက ပြန်ခြောက်နေပြန်ပြီ၊ ကျွန်တော်က ခင်ဗျားကို ခြောက်နေတာမဟုတ်ဘူးနော်၊ ခင်ဗျား မသိသေးတဲ့ အခြေအနေတစ်ခုကိုတော့ ကျွန်တော် ပြောပြချင်ပါသေးတယ်၊ ဒါဟာလည်း ခင်ဗျားကို ကျွန်တော် တောင်းပန်ဖျောင်းဖျတဲ့ စကားတွေထဲမှာ နောက်ဆုံးစကား ပါပဲ ဒီအခြေအနေကိုမှ ခင်ဗျား မျက်ကွယ်ပြုတယ်ဆိုရင်တော့ ကျွန်တော် နောက်ကို ခင်ဗျားဆီ ဆက်လည်းမဆက်သွယ်၊ ဘာမှလဲ မပြောတော့ပါဘူး"





ခင်မမစော ရင်ထဲတွင် အထိတ်တလန့် ခံစားမှုနှင့် အနည်းငယ် တုန်လှုပ်လာသည်။

"ဘာအခြေအနေလဲ ကိုမိုးသစ်"

"ကိုရင်နဲ့ ခင်သုတရဲ့ အိမ်ထောင်ရေး အခြေအနေကို ကျွန်တော်လည်း အတွင်းကျကျတော့ မသိပါဘူး၊ ဒါပေမဲ့ ကိုရင်က ခင်သုတကို ချစ်တယ်ဆိုတာတော့ ကျွန်တော် ယောကျ်ားချင်း အကဲခတ်ပြီး သိပါတယ်၊ သူတို့ကြားမှာ ခံစားချက်လေးတွေက အလွဲလေးတွေ ဖြစ်နေတာပါ၊ အခု သူတို့အနေအထားကို ကိုရင့်အမေက လုံးဝသဘော မကျဘူးဆိုပြီး ဒီလိုပဲ ဖြစ်နေမယ့်အစားတော့ ကွဲလိုက်တော့ဆိုပြီး အခု သူတို့နှစ်ယောက်ကို ကွာရှင်းခိုင်းတယ်"

"ဟင်"

ဘာတွေပြောနေတာပါလိမ့်လို့ ဇဝေဇဝါ နားထောင်နေရာက ခင်မမစောက အလန့်တကြား မနှစ်မမြို့ ဖြစ်သွားရကာ ...

"အဲလိုကွာရှင်းဖို့တော့ ဘယ်ဖြစ်မလဲရှင့်၊ ရှင်ပြောပုံက ကိုရင်ကတော့ ခင်သုတကို ချစ်တယ်ဆိုတော့ ခင်သုတက သာ အသည်းနှလုံးမပါဘဲ ကိုဗညားရင်ကို မေတ္တာမရှိလို့ ဒီလိုအေးစက်စက် အခြေအနေ ရောက်လာရသလိုဖြစ်နေပြီ၊ ခင်သုတအပြစ် လုံးလုံးကျနေတာပဲ၊ ကျွန်မလည်း ဘာမှ သိပ်အတွင်းကျကျ မသိပေမယ့် ခင်သုတ မျက်လုံးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရုံနဲ့ သူ ကိုဗညားရင်ကို ချစ်တယ်လို့ ကျွန်မရိပ်မိတယ်"

"ခင်ဗျား ဆိုလိုတာက သူတို့နှစ်ယောက် မကွဲသင့်ဘူးပေါ့"

"ဘယ်ကွဲသင့်မလဲရှင့်၊ ညှိနှိုင်းဈေးစပ်နိုင်ဖို့ပဲ လိုတာ"

"ဒါဆိုရင် ခင်ဗျား မိုးသွန်းကို အိမ်ပြန်ခေါ်လိုက်ပါတော့ဗျာ"

"ဟင် ... ရှင် ဘယ်လိုဆွဲဆက်စပ်နေတာလဲ"

"ခင်ဗျား ယုံပါဗျာ၊ မိုးသွန်းက ကလေးတစ်ယောက်လိုပဲလေ၊ ဟိုမှာ ငိုဟယ် ရယ်ဟယ်ဖြစ်လိုက် အရက်တွေ အလွန်အကျွံမူးလိုက်၊ စိတ်လေ စိတ်ဓာတ်ကျနေတာကို ကိုရင် အနီးကပ်အားပေးပြီး ထိန်းနေရတယ်၊ သူ့အမေက ပြန်မလာနဲ့ ဆိုပေမယ့် ဒီအချိန်မှာ အိမ်ကိုဇွတ်ပြန်တက်ပြီး ဖြေရှင်းရ ညှိရမယ်၊ အဲဒီအစား သဲသဲမဲမဲ ဖျားနေတဲ့ မိုးသွန်းကို ကိုရင် အခု ပြုစုစောင့်ရှောက်နေရတယ် ...

ကျွန်တော် ပြောပါတယ်၊ ကိုရင် အိမ်ပြန်ပါ၊ မိုးသွန်း ငါ့အိမ်လာခဲ့လို့၊ ဒီမှာ ကျွန်တော်တို့လင်မယားက ပြေလည်နေလို့ဆိုပြီး မိုးသွန်းက လုံးဝမလာဘူး ငြင်းတယ်၊ ခုချိန်မှာ မိုးသွန်းက ကိုရင့်အတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်နေတယ်၊ မိုးသွန်းကို ကိုရင်က ညီကလေးလို သဘောထား ချစ်တော့ မိုးသွန်း ခုလို စိတ်ဓာတ်တွေပြိုလဲ





ဝမ်းနည်းကြေကွဲ မူးရူးနေတာကြီးကို သူ ပစ်မထားခဲ့ဘူးလို့ ပြောတယ်၊ မိုးသွန်းကို သနားပြီး လိုက်ထိန်းပေးနေတယ်၊ ခင်ဗျားဆိုင်ရှေ့ ဟိုကောင် မိုးရွာထဲ လာအရူးထတော့လည်း နောက်ကားနဲ့ ကိုရင်ပါတယ်၊ အခုလည်း ခြံရှေ့ကို သူပါပါနိုင်တယ် ...

မိုးသွန်းက စိတ်ပျော့တယ်၊ တစ်ခုခုဆို သူ့အနီးကပ်စောင့်မထိန်းနိုင်ရင် စိတ်လွှတ်လက်လွှတ် ထင်ရာမြင်ရာ လျှောက်လုပ်တာမျိုးနဲ့ ဖြေရှင်းလို့ရတဲ့ ပြဿနာကနေ ဖြေရှင်းလို့မရတဲ့ပြဿနာ ဖြစ်သွားမှာ စိုးတယ်တဲ့၊ သူ့အိမ်ထောင်ရေးက မသာယာခဲ့တော့ သာယာခဲ့တဲ့ မိုးသွန်းအိမ်ထောင်ရေးကို အပျက်မခံနိုင်ဘူးဆိုပြီး ဒီကောင့်နားမှာပဲ ကလေးထိန်းလို လိုက်လုပ်နေတာ၊ မိုးသွန်း ကိုယ့်အိမ်ကိုယ်ပြန်ရင် သူလည်း သူ့အိမ် ပြန်ချင်ရင် ပြန်ခွင့်သာတာပေါ့ဗျာ၊ ခုချိန်မှာ စိုးရိမ်ရတာက ကိုရင်နဲ့ ခင်သုတ အိမ်ထောင်ရေးပါ ခင်မမစော ...

သူတို့နှစ်ယောက် မထင်မှတ်ဘဲ မရည်ရွယ်ဘဲ ကွဲသွားနိုင်တယ်၊ ကြေကွဲစရာ ဖြစ်သွားနိုင်ပါတယ်၊ ခုချိန်မှာ ကျွန်တော်ရော သက်လျာရော မိုးသွန်းရော ခင်ဗျားရော ကိုရင်နဲ့ ခင်သုတအတွက် ဝိုင်းပြီးကြိုးစားအဖတ်ဆယ်ပေးသင့်တာလို့ ထင်တယ်ဗျာ၊ သူတို့အနေအထားကမှ တကယ်စိုးရိမ်ရေမှတ်ပါ၊ ခုချိန်မှာ မိုးသွန်း ခင်ဗျားဆီ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုရင် အဲဒါကလည်း သူတို့အတွက်ပါ တွန်းအားတစ်ချက် ဖြစ်မှာပါ ...

အဲဒါ တစ်ခုကိုပဲ ခင်ဗျား နည်းနည်းစဉ်းစားလိုက်ပါဗျာ ခင်မမစော"

ခင်မမစောက လက်ထဲမှာ ဖုန်းကိုကိုင်လျက်သား ငိုင်နေမိပါသည်။ တစ်ဖက်ကတော့ ဖုန်းချသွားပြီ။ သက်ပြင်းကြီးကြီးချရင်း ခင်သုတရဲ့ မထုံတက်တေးရုပ်လေးကို မြင်ယောင်မိသည်။ ဘာမှမဖြစ်သလိုလိုနဲ့ အမြဲပဲ သူ့ခံစားချက်ကို ရေခဲထဲ မြှုပ်ထားတဲ့ မိန်းမတစ်ယောက်လေ။ အဲလို အေးတိအေးစက် ထုံပေပေလုပ်နေတာနဲ့ပဲ သူတို့နှစ်ယောက် တကယ်ကွဲသွားကြတော့မှာပဲလို့လည်း စိတ်မကောင်းကြီးစွာ စိုးရိမ်မိပါသည်။

လိုက်ဖက်တဲ့ စုံတွဲကလေးလေ။ ချို့ယွင်းချက်အပြစ်အနာအဆာလည်း မရှိကြဘဲနဲ့။ နှစ်ယောက်အတူ ဖန်တီးဆောက်တည်ထားတဲ့ အသိုက်အမြုံတစ်ခုကို ဘာကြောင့် အလွယ်ကလေး ဖျက်သိမ်းရမှာလဲ။ အဲဒီအသိုက်အမြုံဟာ သာမန်အသိုက်အမြုံမို့လို့လား။

ဒီအသိုက်အမြုံ အဆောက်အအုံကို ခွန်အားတွေ မျှော်လင့်ချက်တွေ နားလည်မှု ခွင့်လွှတ်မှုတွေ ကိုယ့်ရဲ့အတ္တတွေမာနတွေ သံယောဇဉ်တွေ ချစ်ခြင်းမေတ္တာတရားတွေ ယုံကြည်ချက်တွေ သစ္စာတရားတွေ ငဲ့ညှာထောက်ထားမှုတွေ ပေးဆပ်မှုအလုံးစုံ ထည့်သွင်းမြှုပ်နှံ အုတ်မြစ်ချခဲ့ရတာ မဟုတ်လား။





ခင်မမစောက ခြံထဲဆင်းလာကာ ခြံတံခါးဝဆီ ရောက်လာပါသည်။ မိုးသွန်းကတော့ "မ,မချစ်လို့တော့ သေနိုင်တယ်" လုပ်လို့ ကောင်းတုန်းပင်။ ခင်မမစောက ခြံတံခါးတစ်ဖက်ကို ဆွဲဖွင့်လိုက်သည်။

"ဒီမှာ ... သေချင်ရင်လည်း ကိုယ့်အိမ်ထဲ ကိုယ်ဝင်သေတော့ မိုးသွန်း၊ အများပိုင် လမ်းမမှာတော့ မသေနဲ့၊ စိတ်ရှုပ်စရာ မုန်းစရာ ကောင်းလိုက်တာ"

မိုးသွန်းက အုတ်ခုံမှ ဝုန်းခနဲ ခုန်ထကာ ပူခြစ်နေတဲ့ ခန္ဓာကိုယ်နှင့် ခင်မမစောကို ကျုံးဖက်လိုက်ပါသည်။

◌ ○ ◌



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ရန်ကုန်လာလိုက်တာ မွေးစားသမီးတွေ ရသလို ဖြစ်နေတယ်၊ နဂိုကမှ အန်တီက သမီးချစ်တတ်တာ၊ သားဆိုတာက ဘယ်တော့မှ ကိုယ့်အတွက် ရှိတာမဟုတ်ဘူး၊ ဟိုးငယ်ငယ်ကတည်းက အနားမရှိတဲ့ သားထက် ဟောဒီ သုသုကို သမီးအမှတ်နဲ့ ချစ်ရတာ၊ သုသု ဆေးတက္ကသိုလ် ရန်ကုန်မှာ သွားတက်တော့ လွမ်းလိုက်တာ၊ တစ်နှစ် နှစ်ခေါက်တော့ လိုက်လာတွေ့ရတယ်၊ မောင်ရင် သင်္ဘောတက်သွားရင်ကျတော့ ဒီလောက်ကို မလွမ်းဘူး"

ခင်မမစောက ပြုံးပြုံးလေးငြိမ်နေတဲ့ ခင်သုတကို ငေးကြည့်နေမိသည်။ ခင်သုတဟာလည်း အမေမရှိတော့တော့ ဒေါ်ခင်ခင်ကို အတော်ချစ်ပုံရကာ ဒေါ်ခင်ခင်ကလည်း ခင်သုတကို နှုတ်ဖျားနဲ့တင်မဟုတ်၊ တကယ်ချစ်ခင်လှတာ မြင်ရုံနှင့်သိသာသည်။ တစ်ဖက်ကသားရင်း တစ်ဖက်က သမီးရင်းချာအတိုင်း ချစ်တဲ့ ချွေးမ ဖြစ်ပါလျက် ဘာကြောင့်များ ကြားက စေ့စပ်ပျောင်းဖျဖို့ မစဉ်းစားဘဲ ပြတ်စဲကွာရှင်းဖို့ကို အားပေးတိုက်တွန်းနေရပါလိမ့်။

အန်တီ့ချွေးမ ခင်သုတ မျက်နှာရိပ် မျက်နှာကဲကို အကဲလေးများ ခတ်စမ်းပါဦးတော့ အန်တီရယ်လို့ ပြောချင်လှသည်မှာ ပါးစပ်တွေပင် ယားလာပါသည်။ မာန်ကလေးနှင့် အရာရာကို ထိမထင် ဂရုမထား ကျော်လွှားနိုင်တဲ့ ဟန်မူရာကို ဆောင်သော ခင်သုတ မျက်နှာကလေးဟာ တစ်ဆိတ် နွမ်းဖျော့နေတယ် မထင်ဘူးလား။



(၁၄)

တိမ်တစ်ဖက် ခွဲထားတဲ့ မျက်စိကို ပုတ်တီးစအုပ်ကာ ပိတ်ထားလျက် နောက်တစ်ဖက်နှင့်ပဲကြည့်ကာ ရွှင်ရွှင်လန်းလန်း ရှိနေတဲ့ ဒေါ်ခင်ခင်က ...

"အမယ်လေး ... လူမမာကြီး ကျနေတာပဲ၊ သတင်းမေးလာကြရတယ်လို့ကွယ်"

ဗညားရင်နှင့်သာ မရင်းနှီးကြပေမယ့် ဗညားရင်အမေနှင့်တော့ တစ်ကြိမ်တည်းအတွေ့မှာပင် ရင်းနှီးသွားကြတဲ့ ခင်မမစောနှင့် သက်လျာအေးက နေ့လယ်ဘက် အိမ်ကို သတင်းမေးလာကြတာဖြစ်သည်။

"မနေ့ကတည်းက လာချင်တာလေ အန်တီ၊ ကျွန်မဆိုင်က တနင်္လာနေ့မှ ပိတ်ရက်မို့ပါ၊ ဒါကြောင့် သက်လျာကိုပါ ဒီနေ့သွားဖို့ ဆွဲထားတာ"

"အမယ်လေး ... အသီးတွေရော ဘာတွေရော၊ မုန့်ပဲတွေ ဝယ်လာရသေးတယ်၊ မလိုပါဘူးကွယ်၊ ဘာပဲဖြစ်ဖြစ် ဒီ

www.burmeseclassic.com



"အန်တီ နောက်တစ်ဖက်လည်း ခွဲရဦးမှာဆို"

"ဟုတ်တယ် သက်လျာရဲ့၊ နောက်နှစ်လ သုံးလနေမှ နောက်တစ်ဖက်ခွဲမယ်၊ အန်တီ ဒီကြားထဲတော့ မိုးကုတ်တစ်ခေါက် ပြန်ဦးမယ် ပြန်ဖို့ရက်က နည်းနည်းတော့လိုပါသေးတယ်၊ မပြန်ခင် သူတို့ကိစ္စလည်း အပြတ်ဖြတ်ပေးသွားရဦးမယ်"

သက်လျာရော ခင်မမစောပါ ခင်သုတကို ဖျတ်ခနဲ ကြည့်မိကြပါသည်။ ခင်သုတက ခေါင်းကလေး အနည်းငယ်ပိုင့်ကာ သူနှင့်သက်ဆိုင်တဲ့စကား မဟုတ်သယောင် မကြားသယောင်နှင့် ဒေါ်ခင်ခင် ခုတင်နံဘေးက စားပွဲလေးပေါ်မှ ပစ္စည်းတချို့ကို ကောက်ကာငင်ကာ သပ်သပ်ရပ်ရပ် လုပ်စီနေသည်။

ခင်မမစောက မကျေမချမ်း ရင်တလှပ်လှပ် ဖြစ်လာရကာ ...

"အန်တီ ... ဟို ... ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့တော့ ဘာမှမရှိသေးတဲ့ အိမ်ထောင်သက်လေးမှာ အိမ်ထောင်တစ်ခုကို ဖျက်သိမ်းမပစ်သင့်ဘူး ထင်ပါတယ်၊ အန်တီက ကြားထဲက နည်းနည်းဖျောင်းဖျပေးပါဦးလားဟင်"

"ဘာမဟုတ်တာ မဟုတ်တော့ဘူးလေ၊ သူတို့ မင်္ဂလာဆောင်ပြီး ဟန်းနီးမွန်းသွားကြတော့ အန်တီက အိမ်စောင့်ပြီး နေခဲ့ပေးတယ်၊ အဲဒီက ပြန်လာကတည်းက သူတို့နှစ်ယောက် အနေအထား အပြောအဆိုတွေကို အန်တီစိတ်





မချမ်းသာလို့ ညှိညှိနှိုင်းနှိုင်း ဖျောင်းဖျ နားချပေးခဲ့ပြီးပြီ၊ ဒီကြားထဲမှာ လွန်ခဲ့တဲ့ ခြောက်လလောက်က မောင်ရင်သဘောက ပြန်လာတဲ့တစ်ခေါက် အန်တီ ရန်ကုန်ကို တစ်ကြိမ် လာသေးတယ်၊ သူတို့အချိုးအချိတ်တွေက ထူးမခြားနားပဲ၊ ယောကျ်ားကလည်း ယောကျ်ားအလျှောက်၊ မိန်းမကလည်း မိန်းမအလျှောက် အိမ်ထောင်ရေးကို မလေးစားကြဘူးလို့ပဲ မြင်တယ်၊ အဲဒီအထဲက အန်တီပြောတယ်၊ မင်းတို့က ဘာလဲ၊ မပေါင်းချင်ကြဘူးလားလို့၊ မမြဲတစ်မလှုပ်မယှက်နဲ့၊ ကဲ ... အခုလည်းတစ်ခါလေ၊ အန်တီအိမ်ကလူတွေပဲ မေးမြန်းကြည့်ပြီးပြီ၊ ဒီလို ဖရိုဖရဲ ဖွယ်တယ်တယ်နဲ့ အနှစ်သာရလည်း ဘာမှမရှိတဲ့ အိမ်ထောင်ရေးမှာ ကိုယ့်ဘဝကြီးတွေ သတ်ဖြတ်မြှုပ်နှံပြီး ဘာလုပ်မှာလဲ ...

နှစ်ယောက်လုံး နှစ်လည်းနှစ်နာတယ်၊ အချိန်တွေလည်း ပုပ်တယ်၊ အစိက သုသုပေါ့၊ ယောကျ်ားလေးကတော့ ထောင်ကျကျ ပြားကျကျပါ၊ သုသုက အသက်လည်း ဘာမှ သိပ်မကြီးသေးဘူး၊ သူ့ပညာဂုဏ်ဒြပ် သူ့အလှအပလေးနဲ့သူ၊ ဒီလို အသက်မပါတဲ့ အိမ်ထောင်ရေးထဲ ရေစုန်ကြီး မျောနေကြမယ့်အစား သိပ်အချိန်မလွန်ခင် ပြင်ကြပေါ့၊ နေဖို့သက်တမ်းက အများကြီးရှိသေးတာ၊ ပျော်ပျော်ရွှင်ရွှင် သာသာယာယာ လူလုပ်ရမယ်လေ၊ ဘာမှအကျိုးမရှိဘူးဆိုရင် ဒီအခြေအနေကို အမြန်ဆုံး ပြင်ရမှာပေါ့...



www.burmeseclassic.com

www.burmeseclassic.com



စီစဥ်တုန်းကလည်း အန်တီပဲ ဦးဆောင်တာပဲ၊ ဒီတော့ ပိုစိတ်မကောင်းဖြစ်ရတယ်၊ အဲဒါကြောင့် ဖျက်သိမ်းတော့လည်း အန်တီပဲ ဦးဆောင်ရမှာပဲ၊ ရွေးစရာမရှိဘူးလေ၊ အဓိပ္ပာယ်မရှိတဲ့ ဘဝကို မြန်မြန်နိဂုံးချုပ်လိုက်တာ နှစ်ယောက်စလုံးအတွက် ကောင်းတယ်လေ၊ အန်တီ သူတို့နှစ်ယောက်ကို ကွာရှင်းပေးပြီးမှ တစ်ခေါက်ပြန်မယ်"

"အန်တီ ... အဲဒီဆုံးဖြတ်ချက်က မမှန်ဘူးထင်တယ်"

ခင်မမစောက သည်းမခံနိုင်သလို ပြောလိုက်မိပါသည်။ ခေါ်ခင်ခင်က ပြုံးရင်း ...

"သမီးက သူတို့အိမ်ထောင်ရေးအကြောင်း ဘယ်လောက်ရေရေရာရာ ဂဃနဏသိလို့လဲ၊ ခရေစေ့တွင်းကျသိလို့လား"

"မသိပါဘူး အန်တီ၊ အတွင်းရေးတွေ ဘာတစ်ခုမှ အသေးစိတ် မသိပါဘူး၊ ဒါပေမဲ့ စော သိတာတစ်ခုက စောကိုယ်နဲ့ ကိုယ်ချင်းစာနိုင်တာလေးပါ၊ မိန်းမတစ်ယောက်က တစ်ခုလပ်ဖြစ်ဖို့အတွက် တော်ရုံနာကြည်းမှုလောက်နဲ့ သတ္တိမမွေးနိုင်ပါဘူး အန်တီ၊ ခင်သုတရော ကိုဗညားရင်ရော နှစ်ယောက်လုံးက ခါးခါးသီးသီး ကွာရှင်းချင်နေကြတာမျိုး မဟုတ်ရင် ဒီကိစ္စက ဖြစ်ကိုမဖြစ်သင့်ပါဘူး"

"သူတို့နှစ်ယောက်လုံးက ကိုယ့်အပြစ် မဖြစ်ချင်တာနဲ့ပဲ မကွာရှင်းချင်ယောင် ဆောင်နေကြတာ မဟုတ်လား"

"အန်တီ မှားနေပြီ ထင်တယ်"





ဒေါ်ခင်ခင်က ခေါင်းတညိတ်ညိတ်သာ ပြုံးနေလိုက်ရာက ...

"သုသု ... သမီး၊ အရီးပုကို ထမင်းပြင်ဖို့ ပြောပါဦး၊ ခင်မမစောတို့ သက်လျာတို့ အားလုံးနဲ့ပါ ထမင်းတူတူစားရအောင်လေ၊ ထမင်းစားချိန်ရောက်နေပြီပဲ"

"ဟုတ်ကဲ့ ... မာမီခင်"

ခင်သုတက စိတ်ကျဉ်းကျပ်မှုမှ လွတ်မြောက်သွားသလို ခပ်သွက်သွက်လေး ထွက်သွားပုံမှာ ကလေးတစ်ယောက်ကဲ့သို့ပင်။ တကယ်တော့ ခင်သုတဟာ အပြင်ပန်းမြင်ရတဲ့ အပေါ်ယံ ဟန်ပန်နှင့် ဆုံးဖြတ်ဖို့ မဖြစ်နိုင်သော ပကတိနူးညံ့တဲ့ နှလုံးသားပိုင်ရှင်မျိုးလေးဆိုတာ တစ်ကြိမ်ထက် တစ်ကြိမ် ခင်မမစော ထွင်းဖောက် မြင်လာသည်။ သူဟာ ဗညားရင်ကို အံတုနေတာ။

ခင်မမစောက အဲသလို ပြောတော့ မိုးသွန်းက အကြောက်အကန် ငြင်းခဲ့သည်။ ဗညားရင်ကသာ ခင်သုတရဲ့ အေးစက်မှုဒဏ် မကျရှုံးအောင် ဟန်ဆောင်အံတုနေတာတဲ့။ ဗညားရင် နှလုံးသားဟာ အင်မတန် နူးညံ့ပျော့ပျောင်း ဖြူစင်သတဲ့။ ကိုယ်က တရင်းတနှီး မသိသူမို့ မယုံဘူးလည်း မငြင်းနိုင်။ ခင်သုတတောင်မှ ထင်ရတာတစ်မျိုး၊ သိရတာတစ်မျိုး မဟုတ်လား။

"အန် ... အန်တီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ပြောပါ သက်လျာ"

"သက်လျာက ကြားထဲက တောင်းပန်ပါရစေ၊ မခင်သုတနဲ့ ကိုဗညားရင်ကို ဒီနည်းနဲ့တော့ အဆုံးမသတ်ပါနဲ့၊ မကွဲကွာကြပါစေနဲ့၊ သက်လျာတို့လည်း ကိုယ်တတ်နိုင်သလောက် ကြားကဝင်ဖျောင်းဖျ ညှိနှိုင်းပေးပါရစေ"

"အချိန်တွေကုန် အကျိုးမရှိ ကြာလေ နစ်နာလေ ဘာလုပ်မှာလဲ သမီး၊ သူတို့ကံကြမ္မာကို ဘယ်သူကမှ ကြားကဝင် ပြင်ဆင်ပြောင်းလဲပေးလို့ မရပါဘူး၊ သူတို့ထိုက်နဲ့သူတို့ ကံပဲ"

ခင်မမစောသည် အသားတွေပင် တဖျဉ်းဖျဉ်းဖြစ်လာသလို မကျေမနပ် ဗလောင်ဆူလာရပါသည်။ ဒီအမျိုးသမီးကြီးဟာ တစ်ယူသန်ကြီး။ ခင်သုတတို့ ဟိုတစ်နေ့ကပြောသလို အမေရင်းကဲ့သို့ ကောင်းသောယောက္ခမ ဆိုတာကိုပင် မယုံချင်တော့ပါ။ ဖွတ်အတင်း ကွဲကွာဖို့ပဲ တွန်းအားပေးနေတဲ့ ဒေါ်ခင်ခင်ကို အတော် မခံမရပ်ချင် ဖြစ်လာသည်။

"တီ တီ … တီ တီ"

ဒေါ်ခင်ခင်က ခေါင်းအုံးနားက သူ့ဖုန်းကို ကောက်ကာ သေချာကြည့်ပြီးမှ ဖွင့်၍ထူးလိုက်ပါသည်။

"အင်း … ပြော၊ မောင်ရင်"

"………"





"မင်းကို မာမီ ဘာပြောလဲ၊ အကြောင်းမှ မထူးတာ၊ မျက်စိဖြုတ်ပြီးတာနဲ့ မင်းဦးလေးသူငယ်ချင်း ရှေ့နေဦးစိုးမြတ်နဲ့ တွေ့မယ်၊ မာမီမပြန်ခင် မင်းတို့လက်မှတ်ထိုးကွာရှင်းလိုက်တော့၊ အီးလေးဆွဲနေလည်း ဘာမှမထူးဘူးဒါကဒါပဲ၊ ဒီရက်ပိုင်းပဲ အပြီးအပြတ် လုပ်တော့မယ်ဟား၊ အိမ်လာမနေနဲ့တော့၊ မင်းအခန်းဆိုတဲ့ နေရာမှာပဲ မင်းနေတော့လေ၊ ဘာထူးတာမို့လို့လဲ"

"………"

"ဟဲ့ … မောင်ရင်၊ မင်းတို့လင်မယားကို ငါက ကြားကဝင်ခွဲထားစရာလား၊ မင်းတို့ဘာသာ မင်းတို့ချင်း စိတ်ချင်းကွဲနေတာ ကြာပြီပဲ၊ မင်းပဲ မတွေ့ချင်လို့ တခြားသွားနေလိုက်၊ နိုင်ငံခြားထိတောင် ထွက်သွားလိုက်၊ ပစ်ထားတဲ့မိန်းမပဲမို့လား၊ ဘာခုမှ ခဏတဖြုတ် တွေ့ချင်နေစရာအကြောင်းရှိလို့လဲ၊ တော်ပြီ တော်ပြီ မောင်ရင်၊ မင်း ဘာမှလျှာရှည်မနေနဲ့၊ မာမီ အာရုံနောက်တယ်၊ ကွဲလိုက် … ပြီးရင် မင်းကြိုက်သလိုနေ၊ မင်းကြိုက်တာလုပ်"

"………"

"ဟဲ့ … မအေကို ဒီလေသံနဲ့ ပြောစရာလား ဗညားရင်၊ မိန်းမကိုလည်း ဘယ်လောက်များ တောက်လျှောက် သဲဟိန်းသယောင်က် လုပ်နေလိုက်မလဲဆိုတာ၊ အဲဒါကြောင့် သူသူလည်း မင်းနဲ့ပေါင်းရတာ စိတ်ဆင်းရဲနေမှာပေါ့"

"………"



www.burmeseclassic.com

www.burmeseclassic.com



"သုသုကလား ... မငြင်းပါဘူး တစ်ခွန်းမှ၊ မင်းနဲ့ကွဲရင် ဝဋ်ကျွတ်တယ် ထင်မှာ၊ ဒါပဲ ... ဒါပဲ၊ မာမီ ထမင်းစား တော့မလို့"

ခင်မမစောသည် ဒေါ်ခင်ခင် ဖုန်းပိတ်လိုက်တာ ကြည့်ရင်း ဆက်လက် ကြံ့ကြံ့မခံနိုင်ကာ ထိုင်ရာမှ ထရပ်လိုက် ပါသည်။

"အန်တီလည်း ထမင်းစားပါတော့၊ စောတို့လည်း ပြန်လိုက် ပါဦးမယ်"

"ဟင် ... အတူတူ တစ်ခါတည်း ထမင်းဝင်စားသွားကြပါ သမီးတို့ရဲ့"

"မစားတော့ပါဘူး အန်တီ၊ ဒီကအပြန် ကျွန်မ ဝင်စရာလေး ရှိသေးလို့"

"ဟင် ... ချက်ချင်းကြီး ပြန်ကြတယ်ကွယ်၊ အေးလေ၊ အားရင် လာခဲ့ကြဦးနော်"

ခင်မမစော ထထွက်လာ၍ သက်လျှာလည်း နှုတ် ဆက်ကာ နောက်မှ အပြေးလိုက်ထွက်လာပါသည်။ အိမ်တံခါးဝ ရောက်လာသော ခင်မမစောနှင့် သက်လျှာကိုမြင်ကာ ခင်သုတက ထမင်းစားခန်းမှ ထွက်လာရင်း ...

"ဟင် ... ပြန်ကြတော့မလို့လား၊ ထမင်းပြင်နေတာလေ"

ခင်မမစောက ခင်သုတကို ကားနားရောက်မှပဲ လှည့်ကြည့်လိုက်ပါသည်။





"ခင်သုတ ... တစ်ခွန်းပဲ မကွယ်မဝှက် မညာဘဲ ပြောပြ ပေးပါ၊ တောင်းဆိုပါတယ်၊ ကိုဗညားရင်ကို တကယ်ပဲ ကွာရှင်းချင်နေခဲ့လို့လား"

"………"

"ဘာကို သတ္တိမရှိတာလဲဟင်၊ ဘာကိုဂုဏ်ငယ်တယ် အောက်ကျတယ် ထင်နေတာလဲ၊ ဆေးခန်းမှာ တစ်ခါ ပြောတုန်းကတော့ သက်လျှာ ပြောသလိုပါပဲ ကွဲဖို့မဖြစ် နိုင်ပါဘူးဆို၊ သက်လျှာကိုတောင် တစ်ယောက်တည်းအပြေး ဒူးမဖက်ဖို့၊ တိုင်တိုင်ပင်ပင် စည်းစည်းရုံးရုံးရှိဖို့ဆိုပြီး သွန်သင်နေသေးတာ၊ ခင်သုတ ဒီအိမ်ထောင်ကို ဒီနည်းနဲ့ အဆုံးမသတ်ချင်လောက်ပါဘူး၊ တို့ သိတယ်၊ ယုံတယ်၊ ဒီလိုမဖြစ်ချင်ပါဘူး၊ ဘာဖြစ်လို့ ဒီလိုမဖြစ်ချင်ပါဘူးလို့ မငြင်းရတာလဲ၊ ဘာလို့ နှုတ်ပိတ်နေတာလဲ၊ ဒါကိုအဖြေ လို့ ထင်နေတာလား၊ ထွက်ပေါက်လို့ ယုံနေတာလား၊ အန်တီ့စကားကို ခင်သုတ ငြင်းမှ မဟုတ်လား"

ခင်မမစော ရဲ့ စိတ်လိုက်မာန်ပါ အပြောကို နား ထောင်ရင်း ခင်သုတက ခင်မမစောရဲ့ လက်တစ်ဖက်ကို သူ့လက် နှစ်ဖက်နှင့် ဆုပ်ကိုင်လိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် မမစောရယ်၊ ခုမှပဲ ကျွန်မလည်း သူငယ်ချင်းကောင်း မိတ်ဆွေကောင်း အသစ်တွေ ရတော့ တယ်၊ အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်သုတ၊ အန်တီ ဘာပြောပြော ကိုဗညားရင်နဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့ပါ၊ သေသေချာချာ စကားပြောဆွေးနွေးပါ၊ နှစ်ယောက်တိုက်ရိုက် မတိုင်ပင်ဘဲ ဆုံးဖြတ်စရာ ဘာအကြောင်းမှ မရှိဘူး၊ ရှင်တို့ဆုံလို့ရဖို့ ကျွန်မ ပွဲလေးတစ်ပွဲ စီစဉ်လိုက်မယ်၊ စောင့်နေပါ"

❂ ○ ❂

ခေါင်းငုံ့ငုံ့လေးနှင့် ငြိမ်သက်ကာ နီးရာဂျာနယ်လေးတစ်စောင် ဖြန့်လှန်ဖတ်နေသော ခင်သုတ အာရုံက ဂျာနယ်ထဲ လုံးဝမရှိဘူးဆိုတာ ခင်မမစောက ကျိန်တောင်လောင်းရဲပါသည်။ ဘာပြောရမှန်းကို မသိတော့၍ မီးဖိုထဲဝင်လိုက်၊ အလုပ်များချင်ယောင်ဆောင်လိုက် ဗိုက်ကြီးတကော့ကော့နှင့် ပျာလောင်ခတ်နေသည်။

"မမစော ဟိုလူကြီးက ဘယ်လိုတုန်း၊ မလာလည်းမလာသေးဘူး"

"အေး ... ရောက်မလာလို့ကတော့ မိုးသွန်းကိုပါ သူနဲ့တစ်သက်လုံးမပေါင်းဖို့ သေခန်းပြတ်ခိုင်းမှာ၊ ကိုယ့်ယောကျ်ားနဲ့တုန်းကတောင် မကွဲဘူးဆိုတာ ကိုယ့်ဟာကိုယ်သေချာနေတော့ ဒီလောက် နှလုံးရောဂါမရဘူး၊ ခုတော့ လူပါနေမကောင်း ဖြစ်တော့မယ်၊ သွားပါ သက်လျာရယ်၊ ကိုမိုးသစ်ကို ဖုန်းဆက်ခိုင်းစမ်းပါ၊ ဖုန်းဆက်ခေါ်နေတာ ခင်သုတ





လည်း မသိစေနဲ့ဦး၊ မင်းသမီးက ရှက်ပြီးတစ်ပြန်စီးအထာကိုင်နေဦးမယ်"

"ဟုတ် ... ဟုတ်"

သက်လျာအေးက ဧည့်ခန်းကို ထွက်လာသည်။ စားပွဲလေးပေါ်မှာ အမြည်းပန်းကန်နှင့် ညီအစ်ကိုနှစ်ယောက်သားက ဘာလူးလေဘယ်လ်ကို ဖောက်နေပြီ။ ဗညားရင်နှင့် ခင်သုတကိစ္စအတွက်မို့ ခင်မမစောက ရှားရှားပါးပါး ရက်ရက်ရောရောဝယ်ပေးတဲ့ ပုလင်းလေး။

"ကိုကို ... ကိုယ့်ဘာသာ အေးရာအေးကြောင်း သောက်မနေနဲ့ဦးလေ၊ ကိုဗညားရင်က ဘယ်လိုလဲ၊ ဖုန်းဆက်စမ်းပါဦး၊ မခင်သုတ သနားပါတယ်၊ သူ့မှာတော့ အစောကြီးရောက်နေရတယ်၊ ကိုကိုသူငယ်ချင်းကြီးက တော်တော်ခြေတယ်နော်၊ အရမ်းစိတ်တိုလာပြီ"

"အေးပါကွာ၊ ကိုယ်တို့လည်း အခု ဒါပဲပြောနေတာပါ"

"ကိုယ့်ဘာသာပဲ ပြောမနေနဲ့ ဖုန်းဆက်ဦး"

"အေးပါ ... အေးပါ"

မိုးသစ်က စိတ်ရှုပ်ရှုပ်နှင့် ဖုန်းခေါ်ပါသည်။ မိုးသွန်းလည်း မျက်နှာမကောင်းပါ။

"ဟယ်လို ... ဟယ်လို ... ကိုရင်၊ ဟား ... ခင်ဗျားကြီးကလည်းဗျာ၊ ဘာလုပ်တာလဲဗျာ၊ ဒီမှာ ကျွန်တော်နဲ့ မိုးသွန်း ဘယ်လိုနေရမှန်းတောင် မသိဘူး၊ မခင်သုတကို မျက်နှာချင်းမဆိုင်မိအောင် ရှောင်နေရတယ်ဗျာ၊ ခု ဘယ်အချိန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေပြီလဲ၊ အပြင်မှာ မှောင်နေပြီဗျ ကိုရင်ရ၊ ဘာတွေလုပ်နေတာလဲ၊ အရမ်းနောက်ကျနေပြီလေဗျာ၊ ခင်ဗျားကတော့ ရောဂါပဲ"

"ခင်သုတ ရောက်တာကြာပြီလား ဟုတ်လား၊ သူဘာလုပ်နေလဲ၊ အေးအေးဆေးဆေးပဲလား မိုးသစ်"

"အေးဆေးပါပဲ၊ ဂျာနယ်ဖတ်နေတယ်လေ၊ ကိုရင်ကရောက်မလာသေးတော့ သူလည်း ဖီးလ်ငုပ်လာမှာပေါ့၊ မျက်နှာတော့ မကောင်းရှာဘူးပေါ့ဗျ"

"မိုးသစ် ... ကိုယ် ခြံပြင်မှာ ရှိနေတာ ကြာလှပါပြီ"

"ဟာ ... ခင်ဗျား ဘာလုပ်နေတာလဲ၊ ကားပေါ်တစ်ယောက်တည်း"

"ကိုယ် ကားပေါ်မှာပဲ သောက်နေတယ်"

"ဟာ ... ခင်ဗျားတော့ ...၊ လေပါတယ်ဗျာ"

"ကိုယ် ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေတာပါ မိုးသစ်ရာ"

ဗညားရင်အသံက ဂျုံးဂျုံးကျနေသည်။ လေသံက အတော်ကို ရွဲနေသည်။ စိတ်ဓာတ်တွေပါ အောက်ပြုတ်ကျနေသလိုပင်။

"ကိုရင်ကလည်းဗျာ၊ ဝင်ခဲ့ပါ၊ မခင်သုတနဲ့ စကားပြောကြည့်လိုက်လေ၊ ညှိလိုက်ပါ"

"........"

"ကိုရင် လာဗျာ၊ ကျွန်တော် ထွက်ခေါ်ရမလား"





"အင်းပါကွာ၊ ကိုယ် ဝင်လာပါပြီ"

မိုးသစ် ဖုန်းပိတ်ပြီး သက်လျှာဘက် လှည့်လိုက်လျှင် သက်လျှာရဲ့နောက်မှာ ခင်သုတက တိတ်တိတ်ဆိတ်ဆိတ် ငူငူလေး ရပ်နေရာက ...

"ဘာတဲ့လဲဟင် ... သူ မလာဖြစ်ဘူးလား ကိုမိုးသစ်"

"ဟာ ... မဟုတ်ဘူး မခင်သုတ၊ မဟုတ်ဘူး၊ ကိုရင်က ခြံပြင်မှာ ရောက်နေတာ ကြာလှပြီဗျ၊ ကားပေါ်မှာ ထိုင်နေတယ်၊ ကြာလှပြီတဲ့ဗျ"

ခင်သုတ မျက်နှာလေး သွေးရောင်လျှမ်းသွားကာ ခင်မမစောက နောက်ဘက်မှ ခလုတ်တိုက်မတတ် ပြေးထွက်လာသည်။ ချောင်းနားထောင်နေတာမို့ ...

"ဟင် ... ဘာလဲ၊ ကိုဗညားရင်က ခြံဝရောက်နေတာ ကြာပြီ ဟုတ်လား၊ မောင် ... ထွက်ခေါ်လေ၊ ထွက်ခေါ်လိုက်လေ"

"ဟား ... မမစော ... ချော်လဲတော့မှာပဲ၊ ကားဝင်လာနေပြီလေ၊ ကားသံကြားရပြီလေ"

သူတို့လင်မယား နှစ်စုံတွဲ လူအလုံးအထွေးသည် အိမ်တံခါးဝ၌ ပြူတစ်ပြူတစ်ဖြစ်အောင် ထွက်ကြည့်မိကြသည်။ ဗညားရင် ကားက ပေါ်တီကိုအောက်၌ စက်မသတ်ဘဲ ရပ်လိုက်ကာ သူ့ပုံစံအတိုင်း လေးတိလေးကန်ဆင်းလျက် လှောင်သလို အပြုံးလေး နှုတ်ခမ်းမှာ တွဲချိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်း ... ငွဒ်အီးဗနင်း"

"ဟာ ... ကိုရင့် မှန်နေပြီလား၊ လာလေ ကိုရင် ဝင်၊ ကားကို စက်ရပ်ဦးလေဗျာ"

"စက်ကို မရပ်ဘူး ... မသတ်ဘူး ... မဖြုတ်ဘူး။ သော့ပိတ်လိုက်ရတာမျိုး မလုပ်ချင်လို့လေ ... အဟက် အဟက်"

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြရင်း မိုးသစ်က တီးတိုးနှင့် စိတ်မကောင်းသလို ...

"ဘဲကြီးက တော်တော်မှန်နေပြီ"

မျက်နှာနီမြန်းကာ ပြုံးစပ်စပ် လုပ်ထားတဲ့ နှုတ်ခမ်းက ကော့နေပေမယ့် ဗညားရင်ရဲ့မျက်ဝန်းများက တဖျပ်ဖျပ်အရည်လည်ကာ ပြိုကွဲသောအရိပ်အယောင်နှင့် ဆွေးမြည့်နေပါသည်။ ဗလာသက်သက်မဟုတ်၊ ခံစားချက် နင့်သည်းနေတဲ့ မျက်ဝန်းများ။ ခင်မမစောနှင့် သက်လျာပင် ငေးစိုက်ကြည့်ရင်း ရင်ထဲ၌ဝမ်းနည်းသလို ခံစားလာရသည်။

"ခင်သုတရော ... ရောက်ပြီဆို"

ဗညားရင်က ကားကို တစ်ပတ်ပတ်ကာ ဖြည်းဖြည်းလျှောက်လာသည်။ စိတ်မပါ လက်မပါသလိုလို ခြေမသယ်ချင် လက်မသယ်ချင်သလိုလို။ ခင်မမစောက နောက်နား၌ တောင့်တောင့်လေး ရပ်နေသော ခင်သုတလက်ကို ဆတ်ခနဲဆွဲ၍ ပခုံးလေးမှဖက်ကာ တွန်းကာ ရှေ့ကို တိုးထုတ်လိုက်ပါသည်။





ခင်သုတရဲ့ပါးပြင်များက နီမြန်းနေသည်။ နှုတ်ခမ်းလေးတွေက ဂရုတစိုက်ကြည့်မှသာ တုန်ယင်နေတာ မြင်နိုင်ပါမည်။

"ဆောရီး ... ကိုယ်ရောက်နေတာ ကြာပြီ အပြင်မှာ"

"ဩော် ... အင်း၊ ဘာလို့ ဝင်မလာလဲ၊ ဒီမှာ အားလုံးရှင့်ကို စောင့်နေကြတာ၊ အားနာစရာ ကိုဗညားရင်ရယ်၊ ဆာကြရောပေါ့"

ဗညားရင်က ရှေ့တစ်လှမ်း ခပ်ယိုင်ယိုင် တိုးလိုက်လျှင် ...

"ရှင် ... ဖြစ်ရဲ့လား၊ ကြည့်စမ်း၊ တစ်ယောက်တည်းများသောက်နှင့်စရာလား"

ခင်သုတက လေ့ကားနှစ်ထစ်စာကို ခပ်သွက်သွက်ဆင်းလိုက်ပြီး ဗညားရင်ရဲ့လက်မောင်းတစ်ဖက်ကို လှမ်းဆွဲတွဲလိုက်သည်။ တွဲကိုင်လိုက်တဲ့ လက်နှစ်ဖက်လုံးကို ဗညားရင်ကရုတ်တရက် ဖြုတ်ချလိုက်ပြီး သူ့လက်ဖဝါးများနှင့် ခင်သုတရဲ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဖက်ကိုင်လိုက်ပါသည်။

အဲဒီနောက် ဆတ်ခနဲ ခတ်ကြမ်းကြမ်း ရှေ့ကိုဆွဲလိုက်တာ၊ အရှိန်နှင့် သူ့ရင်ခွင်ဆီ တိမ်းငိုက်ပူးကပ်ဝင်လာတဲ့ခင်သုတ ကိုယ်လုံးလေးကိုပါ တစ်ဆက်တည်း ထွေးဖက်လိုက်တာ၊ သူ့ရင်ခွင်ထဲက ခင်သုတရဲ့ဦးခေါင်းဆီ သူ့ဦးခေါင်းက ငုံ့ငိုက်

www.burmeseclassic.com



တိုးကပ်သွားတာ။ အဲဒီနောက် ဖရိုဖရဲ ဆံနွယ်လေးတွေ ယိမ်းနွဲ့ဖုံးကာသွားတဲ့ ခင်သုတ မျက်နှာထက်က ဆံပင်စတွေကို သူ့ပါးပြင်နဲ့ပဲ ပွတ်တိုက်ဖယ်ရှားပစ်ပြီးတဲ့နောက် ... ... ...။

"ဟဲတော့ ..."

"အို ... ဟို ... ဟိုဒင်း"

"ဟား ... ကိုရင်ကတော့ ..."

"ဝင်လေ ... ဝင်လေ ... ဘာကြည့်နေတာလဲ"

စုံတွဲနှစ်တွဲ လူလေးယောက်တို့ ဟိုဘက်ရှောင် ဒီဘက်ရှောင် အချင်းချင်းတိုက် ရှုပ်ယှက်တွေ ခတ်ကုန်ကာ တံခါးပေါက်ဝမှာတင် ယောက်ယက်ခတ် ခြေချင်းတွေ ခလုတ်တိုက်ကုန်သည်။ ပြုံးစိစိ ဖြစ်ရတော့မလို မျက်နှာတွေ ဖြန်းဖြန်းပူကာကိုယ်ပဲ ရှက်ရတော့မလို၊ ကြည်နူးမျက်ရည်ဆိုတာမျိုးပဲ ရစ်ဝဲရတော့မလို အိမ်ထဲပြေးဝင် ရှောင်ပေးရတော့မှာလိုလို။ တစ်ယောက်မျက်နှာ တစ်ယောက် ဟိုကြည့်ဒီကြည့် ဖြစ်ကြရင်းက ...

"အဟင်း ... ဟင်း ... ခိ ခိ"

"တကယ်ပဲတော့ ... ဘာကြီးမှန်းလဲ မသိဘူး"

"မူးနေပြီ ... ဒီလူ ..."

"ကိုရင်တို့ကတော့ လုပ်ချလိုက်ရင် ရာဇဝင်ကို တွင်တယ်"

မှောင်ရီဝေတဝါးထဲ ပေါ်တီကိုမီးလုံးနီနီအောက်က ဗညားရင်ထံမှ အသံထွက်လာသည်။





"ဆောရီးဗျာ"

လေးယောက်သား သူတို့စုံတွဲဘက် ပြန်လှည့်ကြည့်မိသည်။ ဗညားရင်က တင်းကျပ်သော အထွေးအဖက်ကို မဖြေသေး။ မဖြုတ်သေး။ သူ့ရင်ခွင်ကျယ်ကျယ်ထဲ ခင်သုတ ခများမရုန်းနိုင် မကယ်နိုင် မရုန်းနိုင်လို့ နစ်မြုပ်နေတာလား၊ ရှက်ရှက်နှင့် ဖွတ်ပဲ မျက်နှာဆက်အပ်နေတာလားကတော့ မသဲကွဲပါပေ။

"အားလုံးပဲဗျာ ... ဆောရီးပါ"

"ကဲပါဗျာ ... ဆောရီးမနေပါနဲ့၊ ဝင်တော့ဗျာ၊ စားကြစို့"

"မဝင်တော့ဘူးဗျာ၊ ကျွန်တော် မဝင်တော့ဘူး၊ ဆောရီးပါ၊ သူ့ ... သူ့ကိုလည်း ကျွန်တော် ခေါ်သွားလိုက်မယ်၊ ကျွန်တော့်အိမ်ပဲ ခေါ်ထားလိုက်တော့မယ်၊ မာမီ့ကိုသာ အကြောင်းကြားပေးပါဗျာ၊ ကျွန်တော် ... ကျွန်တော် ... ခိုးပြေးသွားတယ်လို့သာ ပြောလိုက်ဗျာ"

ဗညားရင်က ဒီဘက်ကားတံခါး ဆွဲဖွင့်ကာ ခင်သုတကို ပခုံးမှကိုင်၍ ဝင်စေလျှင် ခင်သုတက ခွေသော နွယ်သော သူ့ဆံပင်ကြီးတွေနှင့် မျက်နှာကိုကွယ်ကာ ငုံ့ကာ ဘယ်သူ့ထံမှ လှည့်မကြည့်တော့ဘဲ ကားပေါ်တက်ထိုင်လိုက်ပါသည်။ အားလုံးပါးစပ်အဟောင်းသား ကြောင်ငေး ဖြစ်နေစဉ် ဗညားရင်က ဟိုတစ်ဖက်ကို ကွေ့လျှောက် ကားပေါ်တက်လေသည်။

ခင်မမစောက ပထမဆုံး လှုပ်ရှားလာကာ ...

"အန်တီ့ဆီ ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

www.burmeseclassic.com



လေသံက တက်ကြွလှုပ်ရှားနေသည်။ ချက်ချင်းပဲ အိမ်ထဲပြေးဝင်ကာ ခင်မမစောက ဖုန်းကို ကောက်ယူနှိပ်ခေါ်လိုက်ပါသည်။ မျက်နှာထားက ကျေနပ်ဝင်းပ ပြုံးမြမြနှင့် လေသံက ပိုင်နိုင်လှတယ် ကိုယ့်ကိုယ်ကိုယ် ထင်မိကာ ...

"အန်တီလား ... ဩော် ... အန်တီရေ ... စောပါ ... ခင်မမစောပါ၊ အန်တီ့ကို တစ်ခုလေး အကြောင်းကြားတာပါ၊ ခုပဲလေ ကိုဗညားရင်က ခင့်သုတကို ကျွန်မအိမ်က နေ ခိုးပြေးသွားပြီ ဆိုတာ ...၊ အဲဒါလေး ..."

"အဟင်း ဟင်း ဟင်း ... အေး ... အေး ... သမီး၊ ကျေးဇူး တင်ပါတယ် သမီးရယ်၊ ကျေးဇူးအများကြီး တင်ပါတယ် ကွယ်၊ သမီးတို့အားလုံးပဲ ကိုယ့်အိမ်ထောင်လေးကို ကိုယ့် နည်းကိုယ့်ဟန်နဲ့ စောင့်ရှောက်ပြီး သေတစ်ပန် သက်တစ် ဆုံး ပေါင်းကြပါ၊ ဝမ်းသာလိုက်တာ သမီးရယ်၊ ဝမ်းသာ လိုက်တာ"

မျက်နုံးကလေးသာ မြင့်တက်ပြီး ခင်မမစော တစ်ယောက် စကားမဆက်နိုင်၊ ဝမ်းသာ ဝမ်းနည်း ငိုင်တွေတိတ်ဆိတ် သွားခဲ့ရပါသည်။

❂ ◯ ❂

လမင်းမိုမို